
www.burmeseclassic.com



လုံးချင်းဝတ္ထုသစ်

# ရင်ပြွတ်ဝန်း

ဆန္ဒလွှန်အိပ်မက်

ပန်းချီသိန်းရွှေကြည်

2011

www.burmeseclassic.com

www.burmeseclassic.com

# ရှင်မြတ်နိုး

ဆန္ဒလွှန်အိပ်မက်

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၈၁၀၃၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၂၁၀၃၁၁
ထုတ်ဝေသူ ● ဦးကျော်ဆန်း (မြဲ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊
ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
အတွင်းပုံနှိပ်သူ ● ဦးကျင်ရင်(ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ် ၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။
အဖုံးပုံနှိပ်သူ ● ဦးကျင်ရင်(ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ် ၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။
ပုံနှိပ်ခြင်း ● ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊ မေလ။
အုပ်ရေ ● ၅၀၀ အုပ်
တန်ဖိုး ● ၁၀၀ ကျပ်
ဖြန့်ချိရေး ● ဗိုလ်ပြည့်စာပေ
အမှတ် (၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
**ဖုန်း** - 095163764. 095162031

'ထုတ်ဝေသည့်စာအုပ် ကတ်ကလောက်အညွှန်း' (CIP)

၈၉၅.၈၃
ရှင်မြတ်နိုး
ဆန္ဒလွန်အိပ်မက် / ဒေဝီ ။- ရန်ကုန် ။
ရဲအောင်စာပေ၊ ၂၀၁၁။
(၂၇၂) စာ၊ ၁၂ စင်တီမီတာ x ၁၇.၇ စင်တီမီတာ
(၁) ဆန္ဒလွန်အိပ်မက်

## အခန်း (၁)

'ရွက်စိမ်း'

ခေါ်သံက ပြတ်တောက်တောက်။

ကြားပေမယ့် ခေါ်လှမ်းတွေကိုတော့ ရပ်ပစ်ဖို့ မစဉ်းစားမိပါ။ သို့သော် ကျဲကျဲနှင့် သွက်သွက်လေးလှမ်းနေသော ခေါ်လှမ်းကိုတော့ အရှိန်လျှော့လိုက်မိသည်။

ရွက်နု။

တစ်နည်းအားဖြင့် သစ်ရွက်စိမ်းဆိုတဲ့ သူမထက် ဆယ့်ငါးမိနစ်သာခြားပြီး ရှေ့ကနေ ဦးဆောင်ထွက်သွားတဲ့သူ။ နာမည်အပြည့်အစုံက သစ်ရွက်နု။ အမြွှာညီအစ်မတွေရယ်ပါ။ အမေ ကျွန်မတို့ညီအစ်မကိုမွေးတော့ ခြံရှေ့က ကံ့ကော်ပင်လေးအောက်မှာ သစ်ရွက်စိမ်းတွေပေါ် သစ်ရွက်ရဲရဲလေးတွေက စုံပြီး ဖြာဝေနေ ကြတဲ့လေ။

လင်းလက်အိမ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်…

သမီးကြီးကို အထက်မှာရှိတဲ့ သစ်ရွက်နုနုလေးတွေနဲ့ နှိုင်းပြီး ထိုနာမည်မှည့်ခဲ့သလို အငယ်မကိုလည်း အောက်မှာရှိတဲ့ သစ်ရွက်စိမ်းလေးတွေနဲ့ နှိုင်းယှဉ်ပြီး ပေးထားခဲ့သည်။

အမြွှာညီအစ်မသာ ဆိုတယ်။ ရုပ်ချင်း လုံးဝမဆင်။

ဝါသနာချင်း၊ နေ့ထိုင်ပြောဆိုပုံချင်း အစစအရာရာ ကွာခြားလွန်းသော သူမတို့နှစ်ယောက်ကို ဘယ်သူကမှ အမြွှာပူး ညီအစ်မတွေဟု ပြောလျှင် မယုံချင်ကြချေ။

ပိုဆိုးတာက…

သစ်ရွက်နု။

နေတာ ထိုင်တာ တည်ငြိမ်အေးဆေးပြီး အဝတ်အစား ဆိုလျှင်လည်း ပုံစံခပ်တုံးတုံးများကို ဝတ်ဆင်တတ်တာမို့ သစ်ရွက်စိမ်းထက် အနည်းဆုံး နှစ်နှစ်လောက်ကြီးသည်ဟု ထင်ရသည်။

သစ်ရွက်စိမ်းကတော့ လန်းသလားမမေးနဲ့။ တစ်နေ့တစ်နေ့ လှပပူးရှုနေအောင် ပြင်ဆင်ခြယ်သနေတော့တာပဲ။ သစ်ရွက်စိမ်းဆိုတဲ့နာမည်နဲ့ ဆန့်ကျင်လောက်အောင်ကို နုရွှချော မောနေတော့တာလေ။

မြင်တဲ့သူတိုင်း သမင်လည်ပြန်မငေးရရင် မနေနိုင်လောက်တဲ့အထိကို သစ်ရွက်စိမ်းတို့က ဆွဲဆောင်မှုရှိတာပါ။

'ရွက်စိမ်း… ခေါ်နေတာ မကြားဘူးလား'





'ကြားသားပဲ'

ဟင်…

ကြားပါလျက်နဲ့ ဆက်လျှောက်သွားတာဆိုတော့ သူမ ခေါ်တာကို အရေးမစိုက်ဘူးဆိုတဲ့သဘောပေါ့လေ။

ထားလိုက်ပါ။

ဆယ့်ငါးမိနစ်ပဲခြားတဲ့ ညီအစ်မတွေဆိုတော့ သူမ အခုလိုဆက်ဆံတာကို အာရုံထဲကနေ ထုတ်ပေးလို့ရသည်။

အာရုံထဲမှာ ထုတ်မရတာက သစ်ရွက်စိမ်းရဲ့လုပ်ရပ်။

ဈေးထဲကနေ ရယ်ဒီမိတ်အထည်များ အကြွေးနှင့်ဝယ်ပတ်ထားတာ ဆိုင်ရှင်က သူမကို လူကြားသူကြားထဲ တောင်းခံရတာပဲ။ ညီအစ်မတွေဆိုတော့ ပိုက်ဆံလာမပေးတာကြာတော့ ဘာစ်ဆင့်ပြောနိုင်းတာပေါ့လေ။

သို့ပေမဲ့…

ဘေးမှာ ဈေးလာဝယ်တဲ့သူတွေနဲ့ဆိုတော့ သစ်ရွက်နု ရှက်တာပေါ့။ ဆိုင်ရှင်က ကောင်းကောင်းမွန်မွန်တောင်းရင် တော်သေးတယ်။ ခုတော့ ညည်းညီမက၊ ညည်းညီမကနဲ့ ပြောလိုက်တာ ခေါင်းတောင်မဖော်ရဲလောက်အောင်ပါပဲ။

'ကြားရဲ့သားနဲ့ ဘာဖြစ်လို့ မရပ်ဘဲဆက်လျှောက်နေရတာလဲ ရွက်စိမ်း'

'နင့်ကိုမစောင့်လည်း အမီလိုက်လာမှာပဲဟာ'



www.burmeseclassic.com

www.burmeseclassic.com



တွေ့လား။

ရွက်စိမ်းတို့က အဲဒီလိုပဲ အကြောတင်းတာ။

မျက်နှာထားက တစ်စက်ကလေးမှ မလျှော့။ လှပတဲ့ မျက်နှာလေးက တင်းပြီး ခေါင်းလေးကိုမော့ကာ ရင်ကလေး ချီကာ ခပ်မှန်မှန်ပဲ ဆက်လျှောက်သွားသည်။

'ရွက်စိမ်း'

'ပြောလေ'

'နှင် ဈေးထဲမှာ ဘာတွေရှုပ်ထားလဲ'

ရွက်နု အမေးကြောင့် ရွက်စိမ်းရဲ့ လှပတဲ့မျက်မှောင်လေးက ဆတ်ခနဲ တွန့်ကျုံ့သွားရ၏။ ဘာတွေလာပြောနေတာလဲဆိုပြီး စိတ်ရှုပ်သွားဟန်အပြည့်နဲ့ပါ။ ဈေးထဲမှာ ဘာရှုပ်ထားလို့လဲ။

'ဖြေလေ ရွက်စိမ်း'

'ငါက ဘာရှုပ်ထားလို့လဲ'

'ဟဲ့… သရဖူအထည်ရောင်းတဲ့ဆိုင်ကနေ အထည်တွေ အကြွေးနဲ့ဝယ်ဝတ်ထားတာလေ၊ နှင် မေ့နေပြီလား'

'အဲဒါ ရှုပ်ထားတာမှ မဟုတ်တာ၊ အကြွေးရောင်းတယ် ဆိုလို့ ဝယ်ထားတာပဲ၊ ဘာဖြစ်လို့လဲ'

'ဘာဖြစ်ရမှာလဲဟဲ့… ဆိုင်ရှင်အန်တီသန်းသန်းက ငါ ဈေးကိုသွားတော့ ညည်းညီမ အကြွေးဝယ်သွားတဲ့ အထည်ဖိုးတွေ လာပေးဖို့ပြောလိုက်ဦးတဲ့၊ ယူသွားတာ ဘယ်လောက်ကြာ





ပြီလဲ၊ ခုထိလာမပေးဘူးဆိုပြီး ငါ့ကို လူကြားသူကြားထဲ ပြောတာ လေ၊ ကျွန်မ ပြောလိုက်ပါ့မယ်လို့ ပြောတာတောင် သူများပစ္စည်း ယူသွားပြီး အမေ့ခံတယ်တို့ ဘာတို့ညာတို့နဲ့ ပွစိထိုးနေတာလေ၊ ငါနဲ့လည်း ဘာမှမဆိုင်ဘဲ နှင့်ကြောင့် အပြောအဆိုခံလိုက်ရတာ'

ရွက်စိမ်းက နားထောင်ပြီး ခပ်အေးအေးပဲ ဆက်လျှောက် နေသည်။ ဒေါသတွေ အတုံးလိုက် အတစ်လိုက်ထွက်ပြီး ပြောနေတဲ့ သစ်ရွက်နုပင် ကြောင်အအဖြစ်ရတဲ့အထိ။

'ဟဲ့… ငါပြောတာ ကြားရဲ့လား'

'ကြားသားပဲ'

'ကြားရင် နှင် သွားရှင်းလေ'

'ဒါက ဘာကိုရှင်းရမှာလဲ'

'ယူထားတဲ့တန်ဖိုးအတိုင်း နှင်သွားပေးပေါ့'

'ငါ့မှာမှ ပိုက်ဆံမရှိတာ၊ ထားလိုက်ပါ၊ နောက်မှရှင်း မယ်'

'ရမလား… နှင်က တစ်လနေလို့တောင် ဈေးကို တစ် ခေါက်သွားတဲ့သူမဟုတ်ဘူး၊ ငါက နေ့တိုင်းဈေးဝယ်ရတဲ့သူ၊ မျက်နှာပူတယ်၊ ပြီးရင် အကြွေးရှင်တွေကလည်း ခသည်းတာ မဟုတ်ဘူး၊ တစ်ဈေးလုံးကို ပွထနေတာပဲ၊ ဟိုနေ့ကလည်း အငေ့ ကုန်ပစ္စည်းရောင်းတဲ့ မအိစံက ခေါ်ပြီး သတိဆးသေးတယ် မိတ်ကပ်ဖိုး လာပေးဦးဆိုလား ဘာလား၊ မိန့်ပ်ရောင်းတဲ့ မသင်း



www.burmeseclassic.com

www.burmeseclassic.com



သင်းကလည်း ဖိနပ်ဖိုးသုံးထောင့်ငါးရာဆိုလား သတိပေးလိုက်ပါဦးတဲ့၊ နင် တော်တော်ဆိုးပါလား ရွက်စိမ်း၊ ဘယ်ကဝင်ငွေရှိလို့ အာမပြင်းပြင်းခံပြီး အကြွေးတွေယူထားရတာလဲ၊ အခု နင် ဘယ်လိုလုပ်မှာလဲ၊ ငါ့ကို လာလာပြီးအမှုပတ်နေတာကိုတော့ ရှင်းနော်'

'ခေါင်းစားလိုက်တာဟာ'

ရွက်စိမ်းက နှုတ်ခမ်းကို တစ်ချက်တွန့်ကာ ညည်း၏။

ရွက်နုမျက်နှာလေး ကွက်ခနဲပျက်သွားရသည်။

သူကပဲ ပြောရတယ်ရှိသေးတယ်။

သူ့ကြောင့် မဆီမဆိုင် သစ်ရွက်နု အကြွေးတွေဝိုင်းတောင်းခံရတာကျတော့ ထည့်မပြော။ ဒီက သူ့ထက်တောင်ပိုပြီးခေါင်းစားရတာပါ။ မျက်နှာလည်းပူရ၊ အားလည်း နာရ။ တစ်ခါတလေ အကြွေးတောင်းမယ့်ဆိုင်ရှေ့ကနေ ကွေ့ရှောင်ပြီး ဈေးဝယ်ရတာ ဘယ်လောက်စိတ်မောရသလဲ။

ဒါကို သစ်ရွက်စိမ်း နားမလည်။

ကိုယ်ချင်းစာရကောင်းမှန်း မသိ။

သူမှ လုပ်ချင်တာ၊ သူမဖြစ်ချင်တာပဲ သိတာ။ မစဉ်းစား မဆင်ခြင်ဘဲ ဖွတ်လုပ်ဆောင်တတ်သည်။ ပြောရင်လည်း ပြောတဲ့သူက မလွန်။ သူမကပဲ အမှန်တရားဘက်မှာ ရှိနေ၏။

ကိုယ့်ဘဝ ကိုယ့်အခြေအနေကို လုံးဝမသိချေ။





တကယ်ဆို သစ်ရွက်နုတို့ညီအစ်မတွေမှာ မိဘတွေမရှိတော့ပါ။ အဒေါ်တစ်ယောက်အိမ်မှာ ကပ်နေကြသည်။ အဒေါ်က အရင်းအချာမဟုတ်တော့ သူတို့ညီအစ်မတွေအပေါ် စေတနာက သိပ်မရှိ။ အိမ်မှာ အကူအညီနိုင်းစေရအောင်သာ ခေါ်ထားတာလေ။

ပြီးတော့ ထိုအဒေါ်ကလည်း ပြေလည်တာမဟုတ်ချေ။

ယောက်ျားက နိုင်ငံခြားမှာ အလုပ်သွားလုပ်နေတယ်ပြောတာ။ ပြန်မလာ။ ငွေမပို့တာ ဘယ်နနှစ်တောင်ကြာနေပြီလဲ။

သားကြီးက အိမ်ထောင်သာကျတာ၊ မအေက ထောက်ပံ့ရေး မလွတ်ရချေ။ အငယ်မလေးက အခုမှ ခုနစ်တန်းကျောင်းသူ။ စရိတ်က ထောင်းလှတာမို့ အမြဲတမ်း ခေါင်းကိုက်နေတတ်တဲ့ ဒေါ်လေးပါ။

ဒီကြားထဲ သူမတို့နှစ်ယောက်ကိုပါ အိမ်ပေါ်တင်ထားရတာဆိုတော့ ညည်းညူလို့မဆုံးတော့ဘူးပေါ့။ အခုတော့ အလုပ်တွေကိုယ်စီဝင်ပြီး အိမ်အတွက် လိုတာလေးတွေ ဝယ်ခြမ်းပေးတော့ ဒေါ်လေးအသံက အရင်လောက်မဆိုးပေမယ့် အမြင်ကတော့ ကြည်လင်သည်ကို မရှိချေ။ သူမတို့နှစ်ယောက်ကို အိမ်ပေါ်ခေါ်တင်ထားရတာများ ဝန်ထုပ်ဝန်ပိုးကြီးလို့ ထင်နေတာတဲ့သူပါ။ တကယ်ဆိုရင် ထမင်းနှစ်နပ်ကျွေးထားတာကလွဲပြီး အခြားခေးစရိတ်ကို သူမတို့ဘာသာ ရှာဖွေရ၏။



www.burmeseclassic.com

www.burmeseclassic.com



ရွှက်နုက ရပ်ကွက်ထိပ် စာအုပ်အငှားဆိုင်မှာ လခစား နှင့် ဆိုင်ထိုင်ရသည်။ တစ်လကို သုံးသောင်းရ၏။ ညနေခြောက် နာရီက ဆယ့်တစ်နာရီအထိ ဆိုင်စောင့်ရတာလေ။ ရွှက်စိမ်းက တော့ ရှုပါမားကက်တစ်ခုမှာ အရောင်းဝန်ထမ်းလုပ်၏။ တစ်လ ခြောက်သောင်းလောက်ရသည်။ ဒေါ်လေးက ငွေကိုတော့ မတောင်း။ အလိုက်တသိ ပေးကမ်းလျှင်တော့ မျက်နှာပိုပြီး ကြည်လင်တာပေါ့လေ။ ရွှက်စိမ်းက အနည်းအကျဉ်းတော့ ပေး၏။ ဒါကြောင့် ဒေါ်လေးက ရွှက်စိမ်းကို သူမထက်တော့ မျက်နှာသာပိုပေးသည်။

ရွှက်နုမှာလည်း ကိုယ့်အခက်အခဲနဲ့ ကိုယ်ပဲ။ ရတဲ့လစာ က နည်းနေတာကို ငွေတော့မပေးနိုင်ပါ။ ရွှက်စိမ်း သွားစရိတ် လာစရိတ် သုံးစရိတ်အပြင် သူမဝတ်စားစရိတ်က ရတာမလောက် ဘဲ အကြွေးက အမြဲလိုလိုပတ်ချာဝိုင်းနေတတ်၏။ လူပုံစံလေး ကြည့်လိုက်လျှင်တော့ အမိုးတန် နောက်ဆုံးပေါ်ဒီဇိုင်း အဝတ် အစားနဲ့ နှစ်လက်မလောက်ရှိတဲ့ ဒေါက်မြင့်ဖိနပ် မပြတ် စီးထား တတ်၏။ လွယ်သွားတဲ့အိတ်တွေကလည်း တစ်နေ့တစ်မျိုး ရိုး သည်မရှိချေ။ ဘယ်လောက်သုံးဖြုန်းနေနေ ဒေါ်လေးကိုတော့ တစ်လနှစ်သောင်းပေး၏။ သစ်ရွှက်စိမ်းကို သတိပေးပေမယ့် သူမစကားဆို သစ်ရွှက်စိမ်းက အရေးမှမစိုက်တာ။ သူမ နေထိုင် မြဲပုံစံအတိုင်းသာ နေသည်။ ကြာလျှင် ရွှက်စိမ်းတစ်ယောက်





ဒုက္ခလှလှတွေ့တော့မှာ သေချာ၏။ သို့သော် ရွှက်စိမ်းကတော့ အေးဆေးပါပဲ။ နေမြဲတိုင်း နေထိုင်လျက်ရှိသည်။ [illegible] ကြွကြွရွရွလေးနေရတဲ့ သူဌေးသမီးလေးတစ်ယောက်သို့ပင် [illegible] မောနေတဲ့ သစ်ရွှက်စိမ်းက တကယ်တော့ ဘဝက သူညာအဆင့် မှာပဲ ရှိသည်။

'ရွှက်စိမ်း'

'ဘာလဲဟ'

'အဲဒီဆိုင်တွေကို နင်သွားတွေ့ပြီး ရှင်းဦးလေ၊ နင့်ကို မလာမချင်း ငါ့ကိုချည်းပဲ ဝိုင်းမှာနေကြတာ၊ ကြာတော့ ဖြေရတဲ့ ငါလည်း မျက်နှာပူလာပြီ၊ ဒီနေ့တော့ ဒေါ်သန်းသန်းက သားငါး တန်းမှာ မျက်နှာချင်းဆိုင်တွေ့တုန်း ပြောတာ၊ ငါ ရှက်လိုက်တာ၊ နောက်ဖြန် ဈေးသွားရမှာတောင် မသွားချင်တော့ဘူး'

'နင်ကလည်း နည်းနည်းဖြစ်တာကို ပုံကြီးမချဲ့စမ်းပါနဲ့၊ ထားလိုက်၊ ငါ ရှင်းမယ်'

'နင်က ဘယ်တော့ရှင်းမှာမို့လဲ၊ အခုတောင် မပေးနိုင် သေးလို့ ရှောင်နေတာမဟုတ်ဘူးလား၊ မပေးနိုင်ရင်လည်း အကျိုး အကြောင်းလေးရှင်းပြပြီး တောင်းပန်ထားပါလားဟာ၊ ငါ့ကို သာလာပြီး ပြဿနာလုပ်တာကိုတော့ နင် တာဝန်ယူသင့်တယ်'

'အင်းပါ… ပြောစရာရှိတာ ဒါပဲမဟုတ်လား၊ [illegible] ဒေါ်လေး ကြည့်နေတယ်၊ ပေါက်ကတွေတော့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ခထောင်မလုပ်နဲ့နော်၊ ပါးစပ်ပိတ်ပြီး အေးဆေးနေ၊ နောက်တစ်ခါ ၄်ကိုလာပြောရင် အပြတ်ပြောလိုက်၊ သူနဲ့လုပ်ထားတဲ့ကိစ္စ သူ ပဲရှင်းလို့'

တွေ့လား။

ပြောလိုက်လျှင်တော့ အလွယ်ချည်းပဲ။

အဲဒီ သစ်ရွက်စိမ်းဟာလေ ဘယ်တော့မှကို အမြင်မှန် မှာ မဟုတ်ဘူး။ သင်း ဒုက္ခလှလှတွေ့ဦးမှာပဲ။ ဒီလောက် ခါင်းမာတဲ့ဟာမလေး။

သစ်ရွက်နုတစ်ယောက် ညီမဖြစ်သူကို မျက်စောင်းလေး ကစ်ချက်ထိုးရင်း ပါးစပ်လေးကို တင်းတင်းသာစေ့ပိတ်ထား ပိုက်မိသည်။

ဒေါ်လေးကျင်မြ ရှိနေတယ်မဟုတ်လား။

ညီအမနှစ်ယောက်ကို နိတာရဲလေးဘဝကတည်းက အိမ်ပေါ် မဖြစ်မနေခေါ်တင်ထားရလို့ စိတ်ပူနေတဲ့ ဒေါ်လေး က အခုလိုရှုပ်ရှုပ်ယှက်ယှက်သတင်းမျိုး ကြားပါက အိမ်ပေါ်က နေ ချက်ချင်း ခေါင်းနဲ့ဆင်းခိုင်းမှာ သေချာသည်။

ရွက်နုရော ရွက်စိမ်းပါ ဒီနှစ် ကျောင်းပြန်တက်လျှင် ဘဏ္ဍာသိုလ်ပထမနှစ် တက်ရမည်။ ဒါကြောင့်လည်း ညီအစ်မ နှစ်ယောက်စလုံး ပိုက်ဆံကိုရအောင်ရှာပြီး စုဆောင်းနေရ၏။ သူမကတော့ စုဆောင်းနိုင်၏။ ရွက်စိမ်းကသာ ရရသုံးသုံးနှင့်





အကြွေးဝိုင်းနေသည်။ သူလုပ်ထားသမျှလည်း ရွက်နု လိုက်မရှင်း ပေးနိုင်ပါ။

အရင်ချိန်တုန်းကတော့ ဒေါ်လေးသိမှာစိုးပြီး ကြိတ်ရှင်း သေးသည်။ ရွက်စိမ်းကိုလည်း နောက်မလုပ်ဖို့သတိပေးသေး၏ မရချေ။ ရွက်နုစကားဆိုလျှင် လုံးဝနားမထောင်။ တစ်ခါတလေ ရွက်စိမ်းကို အမြင်ကတ်မိသည်။ သူမမှာတော့ ကိုယ့်ညီမလေးရဲ့ အလုပ်က မနက်ပိုင်းကနေ ဆင်းရတာ တစ်နေ့လုံးမို့ ဒေါ်လေး စိတ်မငြိုငြင်အောင် ဖာဖာထေးထေးနှင့် ပြောစမရာမရှိအောင် အိမ်ရဲ့ဝေယျာဝစ္စအားလုံးကို လုပ်ကိုင်ပေး၏။

မနက်ဆိုရင် ဈေးဝယ် ဟင်းချက် တစ်အိမ်လုံးရဲ့ အဝတ် အစားတွေ လျှော်ဖွပ်၊ သန့်ရှင်းရေးလုပ်ရ။

တစ်နေ့လုံး တလှုပ်လှုပ်နဲ့လုပ်ရတာ နားရသည့်အချိန်ပင် ရှိချေ။ ရွက်စိမ်း တာဝန်မကျေပေမယ့် အလိုက်သိပြီး အလုပ် ကို လာဘ်မြင်တဲ့ ရွက်နုရဲ့ဖုံးလွှမ်းမှုကြောင့် အနေချောင်ခဲ့သည်။

ဒါကို ရွက်စိမ်းတစ်ယောက် ကျေးဇူးတင်ရကောင်းမှန်း သေး။

အကြီးဆိုပြီး အာဏာပါဝါပြတယ်ဆိုပြီးသာ အထင် မြင်လွဲမှားနေသည်။ တစ်ခုခုသတိပေးရင်လည်း ဆရာသာ လုပ်နဲ့တဲ့။ ဆတ်ဆတ်ထိမခံတဲ့ သစ်ရွက်စိမ်းကို ကြာတော့ ဒီအတိုင်းပဲ လွှတ်ထားလိုက်တော့၏။

www.burmeseclassic.com



ပြောမရတော့ ရွက်နုလည်း ဒေါသထွက်တာပေါ့။

ရှယ်တူဆိုတော့လည်း သူတင်ကိုယ်တင်ပဲ။

ဒေါ်လေးရှေ့မှာသာ ရန်မဖြစ်ဘဲနေကြတာ။ ကွယ်လျှင်တော့ သူတစ်ခွန်း၊ ကိုယ်တစ်ခွန်းပဲ။

ခုလည်း ပြောစရာစကားကို လမ်းထိပ်ခဏထွက်စောင့်ပြီး အလုပ်ကဆင်းအလာတွင် ပြောခဲ့သည်။ မဟုတ်လျှင် ထိုအမှာစကားကို သစ်ရွက်နု ပြောဖြစ်မှာမဟုတ်ချေ။ သူမ အလုပ်သွားရတော့မယ်လေ။ စာအုပ်ဆိုင် သွားထိုင်ရမှာ။ ရွက်စိမ်းက သူမပြန်လာလျှင် အိပ်နှင့်နေပြီ။ မနက်ကျတော့လည်း ထမင်းချိုင့်အတွက် သူက ချက်နေတာနဲ့၊ ဒေါ်လေးဘုရားရှိခိုးဖို့ ဝေယျာဝစ္စလုပ်ပေးရတာနဲ့ မနက်စာသွားဝယ်ပေးရတာနဲ့ စကားပြောဖို့အချိန်ပင် မရ။

လွဲလွဲနေတာ တစ်ပတ်လောက်ကြာမှ ပြောနိုင်ခဲ့သည်။

ပြီးပြီလေ။ သတိပေးထားပြီးပြီ။

ရှင်းရင်တော့ ရှင်း။

မဟုတ်လို့ကတော့ သစ်ရွက်နုနဲ့ တွေ့ပြီသာ မှတ်။

သစ်ရွက်စိမ်းကို စောင်းငဲ့ကာ တစ်ချက်ကြည့်ပြီး ရင်ထဲကနေသာ ကြိမ်းဝါးနေမိတော့သည်။

✿ ✿ ✿



## အခန်း (၂)

မနက်မိုးလင်းလို့ အိပ်ရာနိုးသည်နှင့် ထမင်းပေါင်းအိုးသဲ ဆန်သုံးဘူးမျှထည့်ကာ ဆေးကြောပြီး အရင်တည်လိုက်သည်။ ဆေးစရာရှိသော ပန်းကန်ခွက်ယောက်တွေ ယူဆေးလိုက်၏။

'ရွက်စိမ်း'

'ရှင်…'

ဒေါ်လေးကျင်မြက သူမအနီးတွင် ဆောင့်ကြောင့်လေးထိုင်ချကာ မျက်နှာကို စေ့စေ့ကြည့်သည်။ သစ်ရွက်စိမ်းတွေ့ဝေလေခံစားလိုက်ရ၏။ စောစောစီးစီး သစ်ရွက်နု အဆင်သင့်ပြင်ပေးတဲ့ ဘုရားစင်ရှေ့မှာ ဘုရားရှိခိုးနေတတ်တဲ့ ဒေါ်လေးကျင်မြက အခုတော့ အိမ်ရှေ့ခန်းမှာမဟုတ်ဘဲ သူမ ပန်းကန်ဆေးနေသည့်နေရာလေးဆီ ရောက်လာတာမဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ အကြောင်းအရင်းတစ်ခုခုရှိလို့သာပဲ ဖြစ်မည်။ သစ်ရွက်နုများ မဟုတ်မဟုတ်တွေ သွားတို့ထောင်လိုက်လို့လား။ ဈေးထဲမှာ အကြွေးယူထားတဲ့ဆိုင်က ပေါက်စေ့လေ။ ထို အကြောင်းကြားလို့ ရွက်စိမ်းဆီ ရောက်လာတာများလား။

ရွက်စိမ်း ရင်တွေက ထိတ်ထိတ်ခုန်နေရ၏။ စိတ်တွေ လှုပ်ရှားလွန်းလို့ ပန်းကန်ဆေးနေတဲ့ လက်ကလေးတွေပင် တုန်ယင်နေတော့သည်။

'ရွက်စိမ်း'

'ဟုတ်ကဲ့… ပြောပါ ဒေါ်လေး'

'ညည်းမှာ ရည်းစားတွေဘာတွေများ ရှိနေပြီလား'

'ရှင်…'

ရည်းစားရှိလားတဲ့။

ဒေါ်လေးကျင်မြ အမေးကြောင့် သစ်ရွက်စိမ်းပင် မျက်လုံးလေးတွေ ပြူးဝိုင်းသွားရသည်။

'ဟဲ့… မေးနေတာဖြေလေ၊ ဘာမျက်လုံးပြူးကြီးနဲ့ ကြည့်နေတာလဲ'

'ဟင့်အင်း… မရှိပါဘူး ဒေါ်လေး၊ ဘာဖြစ်လို့လဲ'

'ရှိရင် ဖြတ်နိုင်းမလို့'

'ရှင်…'

'ဟုတ်တယ် ရွက်စိမ်း၊ ညည်းကို ဟိုဘက်လမ်းက





မောင်စိမ်းမောင်က စိတ်ဝင်စားနေတယ်၊ ငွေတိုးချေးစားတဲ့ မောင်စိမ်းမောင်လေ၊ ညည်း သိတယ်မဟုတ်လား'

သိသမှ သိပ်သိ။

ငွေတိုးပေးစားတဲ့ ကိုစိမ်းမောင်။

မိန်းမက နှလုံးရောဂါနဲ့ဆုံးသွားလို့ ငါးနှစ်အရွယ်သမီးလေးတစ်ယောက်နဲ့ ကျန်နေခဲ့တဲ့ မုဆိုးဖိုကိုစိမ်းမောင်။ အသက်အရွယ်က သုံးဆယ့်ငါးနှစ်လောက် ရှိသည်။

တစ်နည်းအားဖြင့် သစ်ရွက်စိမ်းတို့ ဦးလေးတော်စပ်သူ ဒေါ်လေးကျင်မြရဲ့ယောကျ်ား နိုင်ငံခြားသွားဖို့ ငွေလိုသည့်အခါ သိန်းအပ်သလောက်ကို သဘောမနောကောင်းကောင်းနဲ့ ငွေထုတ်ချေးခဲ့သူပဲ ဖြစ်သည်။

သူက သစ်ရွက်စိမ်းကို စိတ်ဝင်စားသတဲ့လေ။

ဝေါ့…။

ရွံစရာကောင်းလိုက်ပါဘိ။

ငွေကြေးပြည့်စုံချမ်းသာတာကို သေမတတ်မက်မောမယ့် မုဆိုးဖို ကလေးတစ်ယောက်အဖေကိုတော့ စိတ်ကူးဖို့ရာသာသာ အိပ်မက်ထဲပင် ထည့်မမက်ပါ။ ရုပ်ဆိုးတာ လက်ခံနိုင်သေးမယ့် ပတ်ဝန်းကျင်မှာ မသင့်တော်တဲ့လူမျိုးကိုတော့ ရွေးချယ်ချင်တာ ရွက်စိမ်းရဲ့ဆန္ဒအမှန်ပဲ ဖြစ်သည်။

'ရွက်စိမ်း'



www.burmeseclassic.com

www.burmeseclassic.com



'ရှင်...'

'ကျုပ်ပြောနေတာရော ညည်း ကြားရဲ့လား ရွှက်စိမ်း၊ ဘာတွေတွေးပြီး ငြိမ်နေတာလဲ'

'ကြားပါတယ် ဒေါ်လေး'

ကြားတယ်ဆိုမှ ဒေါ်လေးမျက်နှာက ကျေနပ်စွာပြုံးသွား၏။

'အေး... ဒါကြောင့် ညည်းခေါင်းထဲမှာထည့်ထားဖို့ ကျုပ် စေတနာနဲ့သတိပေးတာ၊ ညည်းရဲ့ ကံဇာတာတက်လာတာပဲ ရွှက်စိမ်း၊ မောင်စိမ်းမောင်ရဲ့ စိတ်ဝင်စားခံရတာ တော်ရုံကုသိုလ် မဟုတ်ဘူးအေ့၊ မနေ့က ကျုပ် လမ်းထိပ်ကို ကော်ဖီမစ် ထုပ်ကုန်လို့ ထွက်ဝယ်တာ သူနဲ့တွေ့တယ်လေ၊ ခဏနေပါဦး... ပြောစရာစကားလေးရှိလို့ပါဆိုပြီး လမ်းထိပ်လက်ဖက်ရည်ဆိုင်မှာ ထိုင်ဖြစ်ကြတာ။ အဒေါ်ဆိုတော့ တလေးတစားနဲ့ ခွင့်တောင်းတဲ့ သဘောပေါ့အေ၊ ညည်းကို သူက လက်ထပ်ချင်တယ်တဲ့ ရွှက်စိမ်း၊ အဲဒီအတွက် သူ့ဘက်က ဘာတွေလိုက်လျော‌ပေးရမလဲ ကြိုက်တာကို တောင်းဆိုပါတဲ့အေ့၊ ကျုပ်ကတော့ အဲဒီမင်္ဂလာ စကားကြားရတာ သိန်းတစ်ထောင်ထီပေါက်တာထက်တော့ ဝမ်းသာနေမိတော့တာပဲ၊ ဒါက သေချာတဲ့ဝင်ငွေအေ့၊ ညည်း စိတ်ကူးမလွဲနဲ့နော် ရွှက်စိမ်း'

'ဒေါ်လေး'





'ပြော'

'အဲဒီလူကြီးက ကလေးတစ်ယောက်အဖေ မုဆိုးဖိုကြီး မဟုတ်ဘူးလား'

'ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်လို့လဲ'

ရွှက်စိမ်း ဘာမှမပြောဘဲ နှာခေါင်းလေးရှုံ့ကာ ဆေးထားပြီးသားပန်းကန်တွေ စင်ပေါ်တင်ဖို့ ထိုင်ရာကနေ ထရပ်လိုက်သည်။

'မိရွှက်စိမ်း'

သူမ မျက်လုံးလေးပဲဝှေ့ကာ ဒေါ်လေးကျောင်မြကို ကြည့်လိုက်သည်။

'ဘာလဲ... ညည်းက မုဆိုးဖိုဆိုပြီး နှာခေါင်းရှုံ့ချင်တာလား၊ အတွေးမတိမ်စမ်းပါနဲ့အေ၊ မောင်စိမ်းမောင်က တကယ့်ငွေတွင်းကြီးအေ့၊ တစ်ရပ်ကွက်လုံး သူ့အကြွေးနဲ့ ကင်းတဲ့သူဆိုတာ မရှိဘူး၊ အပေါင်ခံထားတဲ့ ဆိုင်ခန်းတွေ၊ အိမ်တွေကလည်း ဘက်ညီုးထိုးမလွဲဘူးအေ့၊ ညည်းကသာ အင်တင်တင်လုပ်ချင်နေတာ၊ မောင်စိမ်းမောင်အနားကပ်ချင်နေတဲ့ မိန်းကလေးတွေက ဘက်ချိုးရေတွက်လို့တောင် မရဘူး၊ အခုခေတ်ကအရေးကြီးတာက ငွေပဲအေ့၊ ငွေရှိရင် ဘာမဆိုဖြစ်တယ်၊ အရာဝတ္ထုတော်တော်တိုင်း ငွေကပဲ အလှဆုံးဖန်တီးနိုင်တာ သစ်ရွှက်စိမ်း၊ ညည်းသာ ဘီကြီးထဲမှာ ရွှေငွေအပြည့်နဲ့ စည်းစိမ်ခံစားကြည့်စမ်း၊ ကားကောင်းစားကြီးမောင်းပြီး ထွက်သွားကြည့်စမ်း၊ ဘယ်သူမှ



www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးထိုးကဲ့ရဲ့ရဲမှာ မဟုတ်တော့ဘူး။ ပြီးတော့ မောင်စိမ်းမောင်မှာ မှုဆိုးဖိုဖိုတဲ့ အားနည်းချက်ရှိနေတဲ့သူ၊ ညည်းကို အလျှော့ပေးပြီး ချစ်မြတ်နိုးမှာအေ့’

တော်ပါ။

ရပ်ကွက်ထဲမှာ နှစ်ထပ်တိုက်လေးတစ်လုံးနဲ့ ဆလွန်းကားလေးတစ်စီး ပိုင်ဆိုင်ထားတာ အထင်ကြီးမက်မောစရာမှ မဟုတ်တာ။ အနူတောမှာ လူချောဖြစ်နေတာလေးလောက်ကို သစ်ရွက်စိမ်း ခေါင်းစားခံပြီး စဉ်းစားနေရဦးမှာလား။

ပြောလို့ပြောတာ မဟုတ်။

ရွက်စိမ်း ရရှိပိုင်ဆိုင်ထားတဲ့ အလှတရားတွေက ဒီထက်တန်ဖိုးမက ထိုက်တန်သည်ဟု ထင်မိသည်။

သူမလည်း အိမ်ထောင်ပြုမှာပါပဲ။

ငွေကြေးပြည့်စုံချမ်းသာတဲ့ သူဌေးသားတစ်ယောက်ကို ရှာပြီး ယူမှာ။ တော်ရုံချမ်းသာလို့ မရဘူးနော်။ ရှယ်ချမ်းသာမှ ရမှာ။ ရုပ်ရည်ကတော့ ခေါင်းထဲသိပ်မထည့်ပါဘူး။ ရုပ်ရည်လှပ ချောမောမှုက ဗိုက်ဝအောင်ပြုတ်သုပ်စားလို့ရတာမှ မဟုတ်တာ။

အဓိက ငွေပဲ။

ချမ်းသာပြည့်စုံရမည်။

တစ်ဦးတည်းသောသား ဖြစ်ရမည်။

ဒါမှ အမွေပစ္စည်းတွေ ဘယ်သူ့ကိုမှ ခွဲမပေးရမှာ။

သစ်ရွက်စိမ်းရဲ့ စိတ်ကူးယဉ်အိပ်မက်တွေကို ဒေါ်လေး





ကျင်မြက ရုပ်ထွေးအောင် လာနှောင့်ယှက်ချင်နေသည်။ သူ့အိမ်မှာ ခေါ်တင်ထားရသည်ဆိုသည့် အရှိန်အဝါနှင့် ဖုံးလွှမ်းဖို့ကြိုးစားချင်နေ၏။

‘ရွက်စိမ်း’

‘ရှင် ဒေါ်လေး’

‘ကျုပ်စကားကို အလေးအနက်နားထောင်စမ်းပါအေ၊ ကျုပ်က ညည်းဘဝရေ့ရေးအတွက် ပြောနေတာ’

‘ရွက်စိမ်း နားလည်ပါတယ် ဒေါ်လေးရယ်၊ ဒါပေမဲ့ အခုမှ ပညာသင်တုန်းရှိနေသေးတာ၊ အိမ်ထောင်ရေးနဲ့ပတ်သက်ပြီး ခေါင်းထဲထည့်ကိုမစဉ်းစားချင်သေးဘူး ဒေါ်လေး’

သစ်ရွက်စိမ်းတစ်ယောက်။

ဒေါ်လေးကျင်မြကို အလိမ္မာလေးနှင့်ပဲ ငြင်းလိုက်မိသည်။ သူမတို့ညီအစ်မနှစ်ယောက်မှာ ခိုကပ်နေစရာဆိုလို့ ဒီအိမ်လေးပဲရှိတာ မဟုတ်လား။ ကိုယ့်အခြေကိုတော့ ယိုင်အောင်လုပ်လို့ မဖြစ်သေးပါ။

‘ညည်းကလည်းအေ၊ အခွင့်အရေးဆိုတာ ကိုယ့်ဆီကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာတုန်း ရယူထားရတာအေ့၊ ပညာရေးက ယောကျ်ားယူပြီးလည်း ဆက်သင်လို့ရတာများ ရှေ့တန်းတင်လို့အေ’

ဒေါ်လေးကျင်မြက တကယ့်ဇွတ်ကြီးပါလား။

ဧကန္တ ကိုစိမ်းမောင်ဆိုတဲ့လူက မက်မောစရာ အပေး



www.burmeseclassic.com

www.burmeseclassic.com



အယူတစ်ခုခုတော့ ပြုလုပ်ထားပြီထင်သည်။ ဒေါ်လေးကျင်မြ မျက်ဝန်းတွေထဲမှာ မင်္ဂလာကိစ္စအတွက် စိတ်အားတွေထက်သန် ပြင်းပြနေတာ တွေ့ရ၏။

'သစ်ရွက်စိမ်း'

'ရှင်…'

'ညည်း အပြတ်ကြီးတော့ ခေါင်းမခါနဲ့အေ၊ ညည်းသိတဲ့ အတိုင်း ကျုပ်တို့အိမ်က ဂရန်က မောင်စိမ်းမောင်ဆီမှာ ပေါင်ထားရတာအေ့၊ ညည်းဦးလေးက လည်ထွက်သာသွားတာ၊ လစဉ် ငွေပို့ပေးတယ်ဆိုတာ ရှိတာမဟုတ်ဘူး၊ ပြန်ရွေးနိုင်ဖို့နေနေသာ သာ အတိုးတောင် မနည်းပေးနေရတာ၊ အခု ညည်းကြောင့် မျက်နှာလေးနည်းနည်းရနေလို့ အနေချောင်နေတာ သစ်ရွက်စိမ်း'

'ဒါပေမဲ့လည်း ဒေါ်လေးရယ်၊ သစ်ရွက်စိမ်းကမှ စိတ်မဝင်စားတာ'

ဒေါ်လေးကျင်မြ ကွက်ခနဲမျက်နှာပျက်သွား၏။

မတတ်နိုင်။

ပြတ်ပြတ်သားသား ပြောသင့်တဲ့စကားကိုတော့ ပြတ်ပြတ်သားသား ပြောလိုက်တာသာ အကောင်းဆုံးပဲလေ။

လူတစ်ယောက်က မျှော်လင့်တကြီးနဲ့ စောင့်စားနေရတာမျိုး သစ်ရွက်စိမ်း မလုပ်ချင်ပါဘူး။ အထူးသဖြင့် ဒေါ်လေးကျင်မြနဲ့ ပတ်သက်တဲ့သူတွေကိုပဲ ဖြစ်သည်။

သူ့အိမ်မှာ ကပ်နေကြတယ်ဆိုပေမယ့် အလုပ်ကိုယ်စီ





ဝင်ပြီး အိမ်စရိတ်အတွက် မျှဝေဝယ်ခြမ်းပေးနေကြရတာလေး အိပ်တာတစ်ခုပဲ ရှိသည်။

'ပြီးရောအေ… စိတ်မဝင်စားဘူးဆိုလည်း ဘာတတ်နိုင်မှာလဲ၊ ဟွန်း… မွဲချင်တဲ့ခွေး ပြာပုံတိုးဆိုတာ ဒါပဲနေမှာ။ ကိုယ်ကသာ ဘာမှမဟုတ်တာ၊ ခေါင်းကြော မာချင်တယ်၊ ဒီလောက်ကောင်းတဲ့အခွင့်အရေးကိုများ လက်လွှတ်ခံရတယ်လို့၊ ပြီးရင် လမ်းဘေးက ကလေကချေတွေ အလုပ်အကိုင်မရှိ လတ်လျားလတ်လျားသွားနေတဲ့ကောင်တွေ ဆွဲယူကြဦးမယ်၊ လူကြီးက စေတနာနဲ့ လမ်းညွှန်ပြတာကို မလိုက်နာချင်တဲ့ဟာတွေ၊ နေကြ… နေကြ… ဒီအတိုင်းပဲ သူတစ်ပါးအခိုင်းခံဘဝနဲ့ နေကြ'

ပြောပြောဆိုဆို ဒေါ်လေးကျင်မြက ခြေလေးဆောင့်နင်းပြီး အိမ်ရှေ့ခန်း ပြန်ထွက်သွား၏။ ဒေါသတွေ အကြီးအကျယ်ထွက်သွားပြီဆိုတာ အမူအရာကိုကြည့်တာနှင့် သိသည်။ ရွက်စိမ်းနှုတ်ခမ်းလေးတွေ ရဲခနဲ မဲ့ပြုံးလေးတစ်ချက်ပြုံးပြီးသာ ကျန်ရစ်ခဲ့သည်။

'ရွက်စိမ်း'

'ဘာလဲ'

'ဒေါ်လေး ဘာဖြစ်နေတာလဲ၊ စောစောက နင်နဲ့ စကားပြောစရာရှိတယ်ဆိုပြီး အိမ်နောက်ဖေးထဲဝင်သွားတာ မျက်နှာကြီး ပုပ်သိုးပြီး ပြန်ထွက်လာလို့'



www.burmeseclassic.com

www.burmeseclassic.com



'မနက်စောစောစီးစီး လူကို မင်္ဂလာမရှိတဲ့အကြောင်းတွေ လာပြောတာလေ၊ ငါက ခပ်တင်းတင်းနဲ့ ငြင်းလိုက်လို့ ဒီလို မျက်နှာဖြစ်ပြီး ပြန်ထွက်သွားတာ'

'ဘာအကြောင်းမို့လို့လဲ'

'ငွေတိုးချေးစားတဲ့ ကိုစိမ်းမောင်က ငါ့ကို သဘောကျနေတယ်ဆိုပြီး လာပြောနေတာလေ'

'ဟိုဘက်လမ်းက ကိုစိမ်းမောင်လား'

'အေး'

'ဟွန်း... ကလေးအဖေ မုဆိုးဖိုကြီး'

သစ်ရွက်နု မျက်နှာလေးပင် ရှုံ့မဲ့သွားရသည်။

'အဲဒါကြောင့် ပြောတာပေါ့၊ သစ်ရွက်စိမ်းတို့က ငွေမျက်နှာကို ဘယ်လိုပဲကြည့်တယ်ပြောပြော မုဆိုးဖို တစ်ခုလပ်တော့ ဘယ်တော့မှမယူဘူး၊ လူပျိုသူဌေးတွေပဲ ရအောင်ရှာယူမှာ'

အဲ...

သစ်ရွက်စိမ်းကတော့ ပြောင်ပြောင်တင်းတင်းပြောကာ ရေမိုးချိုးဖို့ ထွက်သွားတော့သည်။

လှပတဲ့ခန္ဓာကိုယ်လေးကို ယိမ်းနွဲ့ပြီးထွက်သွားတဲ့ သစ်ရွက်စိမ်းကိုကြည့်ပြီး သစ်ရွက်နုတစ်ယောက် သက်ပြင်းမောလေးသာ ကြိတ်ချလိုက်မိပါတော့သည်။

✿ ✿ ✿



## အခန်း (၃)

ဒေါက်... ဒေါက်...

အခန်းတံခါးခေါက်သံ ကြားပေမယ့် မကြားချင်ဟန်ဆောင်ပြီးသာ ငြိမ်သက်နေလိုက်သည်။ မျက်လုံးတွေကို တင်းတင်းမှိတ်ပြီး စောင်ကိုပင် ခေါင်းမြီးခြုံလိုက်သေး၏။ ပြီးနောက် ဆက်လက်၍သာ အိပ်နေလိုက်သည်။

ဒေါက်... ဒေါက်...

'အစ်ကိုလေးနည်းသစ်... အစ်ကိုလေးနည်းသစ်၊ အိပ်ရာက ထပါတော့၊ ဘွားဘွားသစ္စာက နှိုးခိုင်းလို့ပါ၊ အစ်ကိုလေး'

သိတယ်။

ဘွားသစ္စာ နှိုးခိုင်းတယ်ဆိုတာ သိသားပဲ။

တမင် မထတာ။

ဘယ့်နှယ်။



www.burmeseclassic.com

www.burmeseclassic.com



သူများတွေ အိပ်စက်အနားယူလို့ကောင်းတဲ့အချိန်ဆို လာနိုးပြီ။ ဘုရားရှိခိုးဖို့တဲ့လေ။ အိမ်သားတွေ တစ်ယောက်မကျန် မနက်ငါးနာရီတိတိတွင် ဘုရားခန်းထဲရောက်နေရမည်။ ဒါဟာ ဘွားဘွားဒေါ်သစ္စာဦးရဲ့ အမိန့်။ ဘယ်သူကမှ မဆန့်ကျင်ရ။ အားလုံးနာခံကာ လိုက်ပါလုပ်ဆောင်ရသည်။ ဘုရားရှိခိုးပြီးပါက ကျန်းမာရေးအတွက် ခြံထဲဆင်းပြီး အားကစားလုပ်ရသည်။ ပြီးမှ မနက်စာစားပွဲဝိုင်း ထိုင်ရ၏။

ဒါဟာ အိမ်မှာရှိနေတဲ့ မိသားစုဝင်ငွေကို မဖြစ်မနေလုပ်ရတဲ့ တာဝန်တစ်ခုပဲဖြစ်သည်။ ဘွားသစ္စာဦးရဲ့ တစ်နေ့တာ လိုက်ပါလုပ်ဆောင်ရမည့် စည်းကမ်းတွေက အများကြီးပဲလေ။ နှည်းသစ် စိတ်ညစ်တာ အဲဒီအချက်တွေပဲ။

တစ်ခါတလေ အားလုံးရဲ့ ချစ်ခြင်းမေတ္တာတွေ ခံယူနေရတာပင် စိတ်ကုန်ခန်းငြီးငွေ့လာရသည်။ ဖေဖေ မေမေတို့ရဲ့ တစ်ဦးတည်းသောသား၊ ဘွားသစ္စာဦးရဲ့ တစ်ဦးတည်းသော အချစ်ဆုံးမြေးကလေးအဖြစ် ရှင်သန်ရတာကို အကြောက်ကြီး ကြောက်နေမိ၏။

မွန်းကျပ်လွန်းလို့ပါ။

စိုးရိမ်ပူပန်တတ်လွန်းတဲ့ လူကြီးတွေရဲ့ မျက်စိအောက်မှာ နေထိုင်ကြီးပြင်းလာရတာကို မုန်းတီးလွန်းလို့ပါ။ မလိုက်နာချင် လို့လည်း မရ။ စည်းကမ်းကိုဖောက်ဖျက်လျှင် ဘွားသစ္စာဦးက ပြင်းပြင်းထန်ထန်ဒဏ်ခတ်တတ်သေးသည်။





ခုပဲကြည့်လေ။

နှည်းသစ် မနက်အိပ်ရာနိုးတာနဲ့ နှည်းသစ်အတွက် ဝေယျာဝစ္စလုပ်ကိုင်ပေးမယ့်အကူက အခန်းရှေ့ရောက်နေပြီ။ ထိုလူက သူ့ မျက်နှာသစ်သန့်စင်ပြီးတာနဲ့ မျက်နှာသုတ်ပဝါပိုင်းနဲ့ သူကိုယ်တိုင် ရေသုတ်ပေး၏။ အသင့်ထုတ်ထားတဲ့ အဝတ်အစားကိုသာ ဝတ်ဆင်ရသည်။

ပြီးလျှင် ဘုရားခန်းထဲသွား၊ လူကြီးတွေနဲ့အတူ ဘုရားရှိခိုး၊ တရားထိုင်။ ဘုရားရှိခိုးပြီးမှ ခြံထဲဆင်း၊ ကြိုက်တဲ့ ကိုယ်ကာယလေ့ကျင့်ခန်းလုပ်။ နာရီဝက်လောက်ဖြစ်ဖြစ် လုပ်ဆောင်ပြီး အခန်းထဲပြန်ပြီး အနားယူချင်ယူ၊ ခုနစ်နာရီထိုးလျှင်တော့ နံနက်စာစားဖို့ ထမင်းစားခန်းထဲကို သွားရသည်။

ပြီးမှ နံနက်စာစား။

အားလုံးစားပြီးလျှင် အလုပ်သွားမည့်သူက သွားဖို့ပြင်ဆင်၊ ကျောင်းသွားမယ့်သူက သွားဖို့ပြင်ဆင်။ ဖေဖေနဲ့ မေမေကတော့ ဘွားသစ္စာရဲ့ အရှိန်အဝါတွေနဲ့ ရှင်သန်နေကြသူတွေဆိုတော့ ဘွားအမိန့်အတိုင်း လိုက်နာဆောင်ရွက်နေထိုင်ကြတာ ပြဿနာမဟုတ်။

သူ့မှာသာ ပထမနှစ်တက္ကသိုလ်ကျောင်းသားကြီးဖြစ်နေပြီး မူကြိုကျောင်းသားကလေးတစ်ယောက်လို ရှိနေရသည့်အဖြစ်က စိတ်ပျက်စရာကြီးပါ။



www.burmeseclassic.com

www.burmeseclassic.com



သွားလျှင်လည်း နံဘေးမှာ အထိန်းတော်တွေနဲ့ ကား ဒရိုင်ဘာနဲ့။ သူ့အထိန်းတော်က ကျောင်းလွယ်အိတ်ကိုသယ်ကာ အခန်းထဲက စားပွဲခုံအထိ လိုက်ပါပို့ဆောင်ပေးသည်။

နည်းသစ်က အခန့်သားထိုင်ပြီး စာသင်ရုံပဲ။ သူတို့က အချိန်ပြည့် အခန်းအပြင်ဘက်က ကော်ရစ်ဒါတွင် ရပ်စောင့်နေကြသည်။ စာသင်ချိန်တစ်လျှောက်လုံး အခုလိုပဲ စောင့်ရှောက်နေကြတာပါ။ ကျောင်းဆင်းလျှင် ထိုနည်းအတိုင်းပင် သူ့အား ခေါ်ဆောင်၍ ကားဆီခေါ်သွားပြီး အိမ်ကိုပြန်ခေါ်လာတတ်ကြသည်။

စာသင်ခန်းထဲမှာရှိတဲ့ မည်သည့်သူငယ်ချင်းနဲ့မှလည်း မရင်းနှီး မပေါင်းသင်း မဆက်ဆံရပါ။ အပြင်က လမ်းဘေး အကျင့်စရိုက်ဆိုးတွေ ကူးလာမှာကြောက်တတ်တဲ့ ဘွားသစ္စာက ထိုချက်ကိုတော့ ပြင်းပြင်းထန်ထန် တားဆီးပိတ်ပင်ထားသည်။

အမိန့်တစ်ခုကိုထုတ်ထားပြီဆိုလျှင် လိုက်နာကျင့်သုံးမှ ကြိုက်တတ်တဲ့ ဘွားသစ္စာဦး စိတ်ဓာတ်ကြောင့်လည်း နည်းသစ်တို့မိသားစုတွေအားလုံးကလည်း ဆင်ဆင်ခြင်ခြင်နေကြရ၏။ ကိုယ့်ကိုယ်ကိုယ် မပိုင်။ ဘွားသစ္စာဦး အမိန့်တွေအောက်မှာသာ ရှင်သန်လှုပ်ရှားနေရသည်။

ခုလည်း ကြည့်လေ။

မနက်စောစောထ ဘုရားရှိခိုးဖို့ နှိုးနေပြီ။





သူ မထချင်သေး။

မနေ့ညက သိုင်းကားဇာတ်လမ်းတွဲ ကြည့်နေသည့်အခိုက် နှင့် လူက သန်းခေါင်ကျော်မှ အိပ်ရာထဲဝင်ခဲ့ပါသည်။ အိပ်ပျော် အရှိန်ကောင်းနေမှ အိပ်ရာကထဖို့ အနှိုးခံရ၏။ လူက အသိစိတ် ကြောင့် ထချင်ပေမယ့် မျက်လုံးတွေက ဖွင့်မရ။ ခန္ဓာကိုယ်ကလေး နုံးချည့်ကာ တေတေပေပေကလေးပင် ခွေတ်အိပ်နေပါသည်။

‘ဒေါက်… ဒေါက်…’

‘အစ်ကိုလေး’

နည်းသစ် ခေါင်းအုံးလေးကို နားမှာဖိကပ်ကာပိတ်ပြီး အိပ်ပစ်လိုက်သည်။

‘ဒေါက်… ဒေါက်…’

‘… … …’

သိပ်မကြာပါ။

တံခါးခေါက်သံ ရပ်သွားသလား၊ ဆက်ပဲခေါက်နေတုန်း ပဲလားပင် မသိနိုင်လောက်အောင် သူ ပြန်အိပ်မောကျသွားတော့ သည်။

‘ဂလောင်… ဂလောင်…’

‘ဂလောင်..’

ဟ…

နားစည်နား ကပ်ပေါ်လာသော ခေါင်းလောင်းခေါက်သံ



www.burmeseclassic.com

www.burmeseclassic.com



ဆိုးကြီးကြောင့် အိပ်မောကျနေတဲ့ နည်းသစ် ဖျတ်ခနဲလန့်နိုးသွားရ၏။ လူကလည်း ငေါက်ခနဲ ထထိုင်လိုက်မိသည်။

'ဟာ… ဘွားကလည်းဗျာ၊ လန့်သွားတာပဲ'

အိပ်ချင်မူးတူးနဲ့ အိပ်ရာဘေးရပ်နေသူကို မော့ကြည့်လိုက်တော့ ဘွားသစ္စာဦးကိုယ်တိုင် ဖြစ်နေသည်။

'ဘာလန့်တာလဲ၊ ကြည့်စမ်း… နာရီကိုကြည့်စမ်း၊ ဘယ်နှနာရီထိုးနေပြီလဲဆိုတာ'

'ဘွားကလည်း… နာရီသိချင်တာများ သားကိုနှိုးပြီးကြည့်ခိုင်းရတယ်လို့၊ ဘွားဘာသာကြည့်လိုက်လည်း ရတဲ့ဟာကို'

'ဘာ… ဘာပြောတယ်၊ မင်း ဘာပြောလိုက်တယ် နည်းသစ်'

ဘွားသစ္စာဦးရဲ့လေသံက မာဆတ်ဆတ်ထွက်လာ၏။ နည်းသစ် နည်းနည်းတော့ လန့်သွားရသည်။ ငယ်ငယ်ကတည်းက မိဘတွေထက် ဘွားအေကို ပိုပြီးကြောက်ရတာမို့ အခုချိန်ထိ ထိုခံစားချက်က အရိုးထဲစွဲလျက် ရှိနေခဲ့သည်။

'ဘွားက အချိန်မေးတာကို'

'ဘာလဲ… မင်းက မလေးမစားလျှောင်လိုက်တာလား နည်းသစ်'

'ဟာဗျာ… မဟုတ်ပါဘူး'





ခေါင်းလေးယမ်းကာ ငြင်းမိသည်။

ဘွားသစ္စာဦးရဲ့မျက်နှာက မကြည်လင်သေး။

'ဘွား'

'ဘာလဲ'

လေသံရော မျက်နှာထားပါ တင်းနေဆဲ။

'ဘုရားရှိခိုးချိန်ကို နောက်နှစ်နာရီလောက် ဆုတ်ပေးလို့မရဘူးလား'

'ဘာ…'

'အစောကြီးထပြီး လူက အိပ်ရေးမဝဘဲ ဘုရားစင်ရှေ့သွားထိုင်တာ အာရုံမရတော့ ကုသိုလ်မပွားနိုင်ဘူး ဘွားရဲ့၊ ဒါကြောင့် အိပ်ရေးလေးဝအောင်အိပ်ပြီးမှ ဘုရားရှိခိုး၊ ဒါဆို ...ကလည်း လန်းဆန်းပြီး စိတ်ကြည်လင်၊ မကောင်းဘူးလား'

'တော်စမ်းပါ… အပျင်းထူပြီးအိပ်ချင်ရင် အိပ်ချင်တယ်ပြော၊ အကြောင်းအချက်တွေ လာပေးမနေနဲ့၊ မင်းအကြောင်းမသိ ...ခက်သွားမယ် သိလား နည်းသစ်၊ အပိုစကားတွေ လာပြောမနေနဲ့၊ အခုချက်ချင်း အိပ်ရာကနေထ၊ မျက်နှာသစ်ပြီး ဘုရား...ကို လာခဲ့၊ သူ့ကို ဝိုင်းပြီးကူလိုက်ကြတော့'

ဘွားသစ္စာဦးရဲ့ ပြတ်သားတင်းမာတဲ့ စကားကြောင့် ...သစ်ရဲ့မျက်နှာလေး ရှုံ့မဲ့ကာသွားရပြီ။ ဘွားအမိန့်ကြောင့် ...အလုပ်သမားတွေ အခန်းထဲဝင်လာကြ၏။ တစ်ဦးတည်း



www.burmeseclassic.com

www.burmeseclassic.com



သောမြေးကို အသက်မကျချစ်ပေမယ့် ချမှတ်ထားတဲ့အမိန့်ကိုတော့ ဘယ်သောအခါကမှ လျှော့ပေါ့မပေးတတ်ပါ။ တိတိကျကျပဲ လိုက်နာခိုင်းသည်။

ဒါဟာ ဘွားသစ္စာဦးရဲ့ အကျင့်။

'ဟဲ့… ငါပြောနေတာ ကြားလား'

'ကြားပါတယ် ဘွားကလည်း'

'ကြားရင် အခုချက်ချင်း အိပ်ရာကထ၊ မျက်နှာသစ်တော့လေ'

'ဟုတ်ကဲ့ပါ ဘွားရဲ့'

နည်းသစ်တစ်ယောက် အိပ်ရာကနေ မထချင် ထချင်ထလိုက်ရ၏။ ရေချိုးခန်းထဲ သူဝင်လိုက်ချိန်တွင် ဘွားသစ္စာဦး အခန်းထဲကနေ ပြန်ထွက်သွားတာ မြင်လိုက်ရသည်။

သန့်ရှင်းရေးလုပ်ပြီး အဝတ်အစားသစ်တစ်စုံလဲလှယ်ကာ အခန်းထဲကနေ သူထွက်ခဲ့လိုက်သည်။

လူက အိပ်ချင်စိတ်ကြောင့် ယိုင်တိယိုင်တိုင် ငူငူငိုင်ငိုင်နှင့် ရှိနေ၏။ ဘုရားခန်းထဲရောက်တော့ ဘွားက မကြည်လင်သော မျက်ဝန်းစူးတောက်တောက်တွေနှင့် စိုက်ကြည့်နေတာ တွေ့ရသလို ဖေဖေကလည်း စိတ်မောလူမောပုံစံနှင့် သူ့ကို အားမရသည့်အကြည့်နှင့် လှမ်းကြည့်၏။ မေမေကတော့ သူ့ကို စိုးရိမ်ပူပန်သော မျက်ဝန်းတွေနှင့်သာ သူ့ကိုကြည့်နေသည်။





'နည်းသစ်'

'ဗျာ… ဘွား…'

'ဒီနေ့ မင်း အချိန်နောက်ကျတဲ့အတွက် တရားထိုင်ရင် …စ်နာရီတိတိ ထိုင်ရမယ်'

ဟာ…

နည်းသစ် မျက်လုံးတွေ ပြူးဝိုင်းသွားရ၏။

နေ့စဉ် နာရီဝက် တရားထိုင်ရသော်လည်း ဒီကနေ့တော့ …ပေးသည့်အနေနှင့် တစ်နာရီတိတိ တရားထိုင်ဖို့ ဘွားက …မိန့်ချမှတ်သည်။

'ပြောတာ ကြားလား'

သူ ပြန်မဖြေ။

နှုတ်ခမ်းလေးရှုပ်ကာ ထိုင်နေမိသည်။

'နည်းသစ်'

ဘွားသစ္စာဦးရဲ့ ခေါ်သံက စူးရှရှ။

'… … …'

'သား ဘွားပြောနေတယ်လေ၊ ပြန်ဖြေလိုက်ဦး'

မေမေက ပြဿနာဖြစ်မှာ စိုးရိမ်ပူပန်ကာ လှမ်းပြီးသတိ…ည်။ မေမေက ဘွားကို အရမ်းကြောက်ရတာလေ။ ဖေဖေ…ခဲ့ ချစ်သူတွေဖြစ်တော့ ဘွားသစ္စာဦးက လုံးဝသဘောမတူ…ခဲ့ဘူးက်၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးတည်းသောသားဖြစ်တဲ့ ဖေဖေကို အိမ်ထောင်ရေးနဲ့ပတ်သက်ပြီး ဘွားသစ္စာဦးက တော်တော်လေးမျှော်မှန်းထားခဲ့ပုံရသည်။ မေမေ့လို သာမန်မိန်းကလေးနှင့် ဘွားသစ္စာဦးက လုံးဝလက်မခံခဲ့။ မတူမတန်ဘူးဆိုပြီး ရအောင်ခွဲဖို့သာ စဉ်းစားခဲ့သည်။

သို့သော် မေမေ့မှာ ကိုယ်ဝန်ရှိနေပြီလေ။

မြေးဦးဆိုတဲ့အသံနဲ့ ဘွားသစ္စာဦး အလျှော့ပေးခဲ့သည်။ သားယောကျ်ားလေးဆိုတော့ ဘွားသစ္စာဦး ပို၍ပင် လိုလားသွားပြီး မေမေနဲ့ လက်ထပ်ပေးခဲ့၏။ အကြီးအကျယ်တော့ မဟုတ် အသိအမှတ်ပွဲလေး လုပ်ပေးခဲ့သည်။

မေမေ့ကိုတော့ အမြဲတမ်းချိုးနှိမ်ကာ ဆက်ဆံသလောက် မြေးဖြစ်တဲ့ နည်းသစ်ကိုတော့ ဘွားသစ္စာဦးက သည်းသည်းလှုပ် ချစ်သတဲ့လေ။

ငယ်ကြောက်လိုဖြစ်နေတဲ့ မေမေက အခုလည်း ပြဿနာ ဖြစ်မှာ စိုးကြောက်နေ၏။ သူ့ကို သတိလှမ်းပေးနေပါသည်။

'နည်းသစ်'

'ကြားပါတယ် ဘွား'

မေမေ့ကြောင့်သာ သူ့စိတ်တွေ လျှော့ချလိုက်တာ။ သူ့အလိုအရဆိုလျှင် ညစ်တွန်းတွန်းပြီး နေဖြစ်သေးသည်။





အခုလိုလုပ်လျှင် ကြားကနေ အဆူအပူခံ အမဲခံရတာက မေမေပါပဲ။

ဒါကြောင့် သူ့စိတ်တွေ လျှော့လိုက်တာ။

တစ်နာရီဆိုတော့လည်း တစ်နာရီထိုင်ရုံပဲပေါ့။

နည်းသစ် အသာလေးငြိမ်ပြီး ဘွားသစ္စာဦး စိတ်တိုင်းကျသာ နေပြလိုက်သည်။

ဒီတော့မှ…

ဖေဖေရော မေမေပါ သက်ပြင်းချနိုင်တော့၏။

ဘုရားခန်းလေးထဲမှာ သံပြိုင်ဘုရားရှိခိုးသံလေးသာ …က်ပေါ်နေတော့သည်။

နည်းသစ်တစ်ယောက်လည်း လုပ်ရမယ့်အတူတူ ကုသိုလ် …အောင်သာ စိတ်ကို ဘုရားမှာသာ အာရုံနှစ်ထားလိုက်တော့၏။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

'သစ်… သစ်ရွက်စိမ်း'

ခေါသံကြောင့် စောင်းငဲ့ကြည့်မိတော့ ကိုစိမ်းမော
ဆိုတဲ့လူကြီး။

အစကတည်းကမှ တည်တင်းနေတဲ့ သစ်ရွက်စိမ်း
မျက်နှာလေးက ပို၍ပင် တင်းမာသွားသည်။ မနက်အရုဏ်မတ
ခင်ကတည်းက သိကြားခဲ့ရတဲ့ ကျက်သရေမင်္ဂလာ တစ်
ကလေးမှမရှိတဲ့ ဒေါ်လေးကျင်မြ စကားသံကို နားထဲပြ
ကြားယောင်မိပြီး ရင်ထဲ တဆစ်ဆစ်မြည်အောင်ပင် နာကျ
ခက်နေမိသည်။

သံစ်ရွက်စိမ်းကို ကြိုက်လို့တဲ့။

ဟွန်း…

မပြောလိုက်ချင်ဘူး။





'ရွက်စိမ်း'

'ဩော်… အန်ကယ်ဦးစိမ်းမောင်ပါလား၊ ဘယ်သွား
မလို့လဲ'

အွန်…

ကောင်မလေးထံမှ အသုံးအနှုန်းကြောင့် စိမ်းမောင်ရဲ့
အစကမှ မလှမပရှိတဲ့ မျက်နှာကြမ်းကြီးက တွန့်လိမ်ကာ ရှုံ့တွ
သွားရသည်။

အန်ကယ်တဲ့။

သစ်ရွက်စိမ်းနဲ့ သူက အသက်အရွယ်အရ အတော်လေး
ကွာတယ်ဆိုပေမယ့် အခေါ်ခံရတာကြီးကိုတော့ မနှစ်မြို့ချင်ပါ။

အစ်ကိုကြီးစိမ်းမောင်ဆို တော်သေး။

ခုတော့… အန်ကယ်စိမ်းမောင်တဲ့လေ။

အရွဲ့တိုက်ပြီးပဲ ခေါ်လိုက်တာများလား။

ဒါလည်း ဖြစ်နိုင်ပါသည်။

တစ်နေ့က ဒေါ်ကျင်မြနဲ့ဆုံတုန်း သစ်ရွက်စိမ်းကို စိတ်
ဝင်စားနေပြီဆိုသည့်အကြောင်း ရင်ဖွင့်ဝန်ခံမိ၏။ တင့်တောင်း
တင့်တယ်ယူမည့်အပြင် ဒေါ်ကျင်မြကို အကျိုးဆောင်ခအနေနှင့်
ရှေ့ထားသမျှ ပိုက်ဆံတွေပါ ကျွေးမည်ဟု စည်းရုံးထားမိသည်။

ဒေါ်ကျင်မြ ဝမ်းတွေသာပြီး စကားသံတွေပင် အထ
ည်အငေါ့ငေါ့နှင့် ရှိနေတော့၏။ သစ်ရွက်စိမ်းကိုလည်း ဖွင့်ပွင့်



www.burmeseclassic.com

www.burmeseclassic.com



လင်းလင်းပြောဆိုနှာချပေးပါမည်ဟု ကတိပေးသွားသေးသည်။

ကြည့်ရတာတော့ မင်္ဂလာကိစ္စနဲ့ပတ်သက်ပြီး သစ်ရွက်စိမ်း ကြားပြီးပြီထင်၏။ သူ့ကိုမြင်တော့ မျက်နှာလေး တင်းခဲ့တည်ကာ လေသံက ဆတ်တောက်တောက်ဖြစ်နေပြီလေ။ ဒါကလည်း သိပ်တော့ စိတ်ဆိုးစရာမရှိပါ။ သစ်ရွက်စိမ်းဆိုတဲ့ ကောင်မလေးက အရမ်းကိုလှသလောက် အရမ်းမာနကြီးတယ်ဆိုတဲ့ သတင်းက ရပ်ကွက်ထဲက လူရွယ်ကာလသားတွေ ပါးစပ်ဖျားမှာ ရေပန်းစားပြီးသားပဲ။

အဲဒါကြောင့်လည်း စိမ်းမောင်တစ်ယောက် ပိုပြီး အာရုံစူးစိုက်သွားတာပေါ့။

မရနိုင်ပါဘူးဆိုတာကိုမှ ပိုလိုချင်တာ။

သစ်ရွက်နုနဲ့ သစ်ရွက်စိမ်းဆိုတဲ့ အမြွာညီအစ်မ။

မိဘတွေမရှိတော့လို့ ဆွေမျိုးစပ်တယ်ရုံသာရှိတဲ့ ဒေါ်ကျင်မြအိမ်မှာ ကလေးဘဝကတည်းက ရောက်လာတာလေ။

ညီအစ်မနှစ်ယောက်စလုံး တစ်ယောက်တစ်မျိုး လှတာပါပဲ။ သို့ပေမဲ့ ရရှိထားတဲ့ဘဝကတော့ လုံးဝကို နုံချာလွန်းလှသည်။ အရုပ်ဆိုး အကျည်းတန်လွန်းလှ၏။

လှချင်ပချင်တဲ့ အရွယ်ကောင်းလေးတွေမှာ ပညာရေးအတွက် အလုပ်တစ်ဖက်လုပ်ပြီး ငွေရှာနေရသည်။ ဒေါ်ကျင်မြဆိုတာကလည်း သူ့အပူနဲ့သူ။ ယောက်ျားဖြစ်သူ ပို့တဲ့ငွေက နိုင်ငံ





ခြားထွက်တုန်းက ယူတဲ့အကြွေးပင် ကျေအောင်မဆပ်နိုင်သေးပေ။ အပိုအလျှံစုဆောင်းဖို့ဆိုတာ ဝေးရောပဲ။

ဒေါ်ကျင်မြက ထိုညီအစ်မနှစ်ယောက်ကို တာဝန်ယူအိမ်ပေါ်တင်ထားရတာကို အချိန်ပြည့် ညည်းညူပြနေသည်။ ကောင်မလေးတွေက နေစရာလေး ပေးထားရုံပါပဲ။ ကျောင်းစရိတ်အပြင် အိမ်စရိတ်ကိုပါ ဖြည့်ထည့်ပေးသည်ဟု ကြားသည်။

ဒါကို ဒေါ်ကျင်မြက အကောင်းမမြင်ချင်။

'သစ်ရွက်စိမ်း'

'ရှင်...'

'အလုပ်က ပြန်လာတာလား'

'ဟုတ်ကဲ့ အန်ကယ်ဦးစိမ်းမောင်'

စကားမရှိ စကားရှာ ဘေးကနေကပ်လိုက်လာတဲ့ ဦးစိမ်းမောင်ဆိုတဲ့လူကြီးကို သစ်ရွက်စိမ်းတစ်ယောက် အမြင်တွေကတ်ကတ်နှင့် အန်ကယ်သာတပ်ပြီး တွင်တွင်ခေါ်ပစ်လိုက်မိသည်။

'သစ်ရွက်စိမ်း'

'ရှင်...'

'ဒေါ်လေးကျင်မြ တစ်ခုခုမပြောဘူးလား'

'ရှင်...'

သစ်ရွက်စိမ်း သိလိုက်ပြီ။

သူမကို စိတ်ဝင်စားနေပြီဆိုပြီး ဒေါ်လေးကျင်မြနဲ့ ပြောခိုင်းထားတာကို ရည်ရွယ်ပြီး မေးနေပြီဆိုတာကိုပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူမ ခပ်တည်တည်ပဲ ဆက်လျှောက်လိုက်ပြီး…

'ပြောပါတယ်'

'ဟင်…'

ဦးစိမ်းမောင်ရဲ့ မျက်ခုံးကြီးတွေ ပင့်တက်သွား၏။ စိတ်ဝင်တစားပင် မျက်လုံးပြူးကြီးတွေနှင့် သစ်ရွက်စိမ်းမျက်နှာကို လှမ်းကြည့်သည်။ မျှော်လင့်ချက်ကြီးကြီးမားမားနဲ့ စောင့်မျှော်နေတဲ့ပုံစံမျိုး။

သစ်ရွက်စိမ်းစကားကို ရှေ့ဆက်လိုက်၏။

'ရွက်စိမ်းမှာ ချစ်သူရှိသလား၊ အိမ်ထောင်ရေးနဲ့ပတ်သက် ပြီး ဆွေးနွေးစရာရှိလို့တဲ့လေ'

'ဟုတ်လား… သစ်ရွက်စိမ်းကို ဘာတွေဆွေးနွေးတာလဲဟင်'

ဦးစိမ်းမောင်တစ်ယောက် စိတ်ဝင်တစားနားထောင်ပြီး မေးခွန်းထုတ်၏။

'တခြားတော့ မဟုတ်ပါဘူး၊ အိမ်ထောင်ရေးနဲ့ပတ်သက်ပြီး ရည်ရွယ်ထားတာမရှိရင် သင့်တော်တဲ့လူနဲ့ သူ စီစဉ်ချင်တယ်လို့ ပြောတာပါ အန်ကယ်ဦးစိမ်းမောင်၊ ရွက်စိမ်းတို့ဘဝမှာက အားကိုးစရာ မိဘတွေလည်း ရှိတော့တာမဟုတ်ဘူးလေ၊ ဒီအခေါ်က အုပ်ထိန်းသူတစ်ယောက်အနေနဲ့ ရှိမှာဆိုတော့ ဘာပဲပြော





ပြော အခေါ်က ခေါင်းထဲထည့်ပြီး စဉ်းစားနေတာဆိုတော့သည်း စိတ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ အလေးအနက်ထားပြီး နားထောင်ရမှာပဲလေ၊ အဲဒါနဲ့ ရွက်စိမ်းကလည်း ဒေါ်လေးကျင်မြကို ပြောလိုက်ပါတယ်၊ ငွေကြေးပြည့်စုံရမယ်၊ လူပျိုလူလွတ်ဖြစ်ပြီး ပတ်ဝန်းကျင်မှာ တင့်တင့်တယ်တယ် လက်တွဲသွားလာနိုင်တယ်ဆိုရင်ပဲ ရပါပြီ၊ ဒေါ်လေးကျင်မြ စိတ်တိုင်းကျတဲ့သူနဲ့သာ စီစဉ်ပါလို့ ပြောလိုက်တယ်'

အမ်…

သစ်ရွက်စိမ်းဆိုတဲ့ ကောင်မလေးရဲ့ စကားကြောင့် စိမ်းမောင် ရင်တစ်ခုလုံး ရှက်ရွံ့စိတ်တို့ မွန်ထူသွားရသည်။

အမိပွာယ်က ရှင်းနေပြီလေ။ ချမ်းသာတဲ့ လူပျိုလူလွတ် သူဌေးသားမျိုးပဲ ရှာပေးတဲ့။ သူ့လို ကလေးတစ်ယောက်အဖေမုဆိုးဖိုကို မစဉ်းစားနိုင်ပါဘူးဆိုပြီး ပြတ်ပြတ်သားသားငြင်းလိုက်တာ။

တော်တော်ဆိုးတဲ့ ဒေါ်ကျင်မြ။

သူ့ကိုပြောတော့ စကားက တစ်မျိုး။

သစ်ရွက်စိမ်းဘက်က အသက်ငယ်သေးလို့သာ အချိန်အတိုင်းအတာတစ်ခုထိတော့ စောင့်ပေးရမှာပါတဲ့။ ကောင်မလေးက သူ့စကားဆို မြေဝယ်မကျပါပဲတဲ့လေ။ မြေပေါ်ဘယ်ကလဲလေထဲမှာတင် လွင့်ပြီးပျောက်သွားတာ။



www.burmeseclassic.com

www.burmeseclassic.com



'အန်ကယ်ဦးစိမ်းမောင်'

'ပြော သစ်ရွက်စိမ်း'

'သစ်ရွက်စိမ်း အခုလိုဆုံးဖြတ်တာ မှန်တယ်မဟုတ်လား ဟင်'

'ဩော်… အင်း… မှန်… မှန်ပါတယ်'

ခေါင်းသာ ညိတ်ရတာ။ စိတ်ထဲကတော့ သိပ်မပါ။

'တကယ်တော့ ရွက်စိမ်းက အိမ်ထောင်ရေးနဲ့ပတ်သက်ပြီး လုံးဝကို စိတ်ကူးမရှိသေးတာ အန်ကယ်ဦးစိမ်းမောင်ရဲ့၊ ကျောင်းလည်း မပြီးသေးဘူးလေ၊ ဒါကို ဘယ်လိုအတွေးပေါက်ပြီး အလောတကြီးပြောနေလဲ မသိပါဘူး'

'သစ်ရွက်စိမ်း'

'ရှင်…'

'မင်းကို ဘယ်သူနဲ့များ ဒေါ်ကျင်မြက စပ်နေတာလဲ'

တွေ့လား။ သိသိကြီးနဲ့ တမင်ပြန်မေးနေတာ။

ပြောမယ့်သာ ပြောတာ။ လူပျိုလူလွတ်ကိုပဲ ယူမှာပါ သူမ ပြောလိုက်တုန်းကဆို ကိုစိမ်းမောင်ရဲ့ မျက်နှာကြီးက ရွက်သွေးတွေနဲ့ နီရဲတက်သွားတာများ ရယ်ချင်စရာ။

ကောင်းတယ်။ အဲဒါမှ မှတ်သွားမှာ။

ဘယ့်နှယ်… မတန်မရာမှန်းတဲ့နေရာမှာတော့ ဖြိုင်စံရှားလိုက်တဲ့ ဦးစိမ်းမောင်ကြီး။ သစ်ရွက်စိမ်းကိုမှ ရွေးရတယ်လို့။





ဒေါ်လေးကျင်မြမျက်နှာကြောင့်သာ သူမစိတ်တွေကို ထိန်းချုပ်ထားလိုက်တာ။ မဟုတ်လျှင် ဒီထက်ဆိုးဆိုး ါ:ါ: တုံ့ပြန်လိုက်မိမှာ သေချာသည်။

သစ်ရွက်စိမ်းလောက် အမြင့်ကိုမှန်းတဲ့သူ မရှိတော့။

ဒါကိုများ ကလေးတစ်ယောက်အဖေ မုဆိုးဖိုက လက်ထပ်ခွင့်တောင်းရတယ်လို့။ အော့နှလုံးနာစရာပါ။

'ဖြေလေ… သစ်ရွက်စိမ်း၊ ဒေါ်လေးကျင်မြက ဘယ်သူနဲ့ပေးစာတာလ'

'မသိပါဘူး ဘယ်ကလူလဲဆိုတာ၊ ရွက်စိမ်းက ခေါင်းထဲမှာမှ ထည့်မထားတာ၊ သေချာမမေးပါဘူး၊ ဒါပေမဲ့ ဒေါ်လေးကျင်မြကိုတော့ ရွက်စိမ်း လိုချင်တဲ့အရည်အချင်းတွေအားလုံးကိုတော့ ပြောထားပြီးသားပဲလေ၊ အဲဒီအချက်တွေနဲ့ပြည့်စုံမှ စဉ်းစားမယ်၊ မဟုတ်လို့ကတော့ ဆောရီးပဲ'

သစ်ရွက်စိမ်း ပြတ်ပြတ်သားသားပဲ ပြောလိုက်သည်။ နောက်တစ်ခါထပ်ပြီး ဇာတ်လမ်းထပ်မဆက်ရဲအောင် တစ်ခါတည်း ပိတ်ပြောထားလိုက်တာ။

စိတ်တော့ မကောင်းပါဘူး။

အခုလို သူမ ပြောလိုက်တဲ့စကားတွေ၊ ဆက်ဆံရေးစိမ်းသက်သက်တွေကြောင့် ဒေါ်လေးကျင်မြအတွက်တော့ ငွေကြေးကိစ္စနှင့်ပတ်သက်ပြီး ပြဿနာရှိသွားနိုင်သည်လေ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးကျင်မြ စိတ်ဆိုးမှာပဲ။

ဦးစိမ်းမောင်ကြီးက ဒေါ်လေးကျင်မြကို ဖိအားပေးမှာ သေချာနေသည်။

'သစ်ရွက်စိမ်း'

'ရှင်...'

'အိမ်ရောက်ရင် ဒေါ်ကျင်မြကို မှာပေးစမ်းပါ'

'ဘာကိုလဲဟင်... အန်ကယ်ဦးစိမ်းမောင်'

'အတိုးတွေ လာပေးဦးလို့၊ မဟုတ်ရင် အရင်းထဲထပ် ထည့်ပေါင်းရလိမ့်မယ်လို့ ပြောလိုက်စမ်းပါ'

မြတ်စွာဘုရား...

ဦးစိမ်းမောင်ကြီးရဲ့ ဒေါသက ကြမ်းလှချည်လား။

တုံ့ပြန်လိုက်တာများ ချက်ချင်းကြီးပဲလေ။

သစ်ရွက်စိမ်းဘက်က နည်းနည်းလေးငြင်းပယ်ပြရုံရှိ သေး ဒေါ်လေးကျင်မြကို ပညာပေးချေပြီ။

အဲဒါပဲ... လိုတစ်မျိုး၊ မလိုတစ်မျိုးဆိုတာလေ။

'သစ်ရွက်စိမ်း'

'ရှင်...'

'ကိုယ်ပြောတာ ကြားလား'

'ရှင်...'

'မင်း မပြောတတ်ရင်လည်း မနက်ဖြန်ကျရင် အိမ်ဘက်





ကိုလာခဲ့ဦးလို့သာ ပြောလိုက် သစ်ရွက်စိမ်း၊ ကဲ... ကိုယ်သွား တော့မယ်'

ပြောပြီးတာနဲ့ ခြေဆောင့်နင်းကာ မကျေမချမ်းပုံစံကြီး နဲ့ ထွက်သွားတာက ဦးစိမ်းမောင်ဆိုတဲ့လူကြီး။

ဒုက္ခပဲ။ ဒေါ်လေးကျင်မြနဲ့ ဘယ်လိုရင်ဆိုင်ရပါ့မလဲ။

စဉ်းစားရင် ရင်တစ်ခုလုံး စိုးရိမ်ပူပန်စိတ်တွေကြောင့် ဒိန်နင့်ကာ တင်းကျပ်လာရသည်။

မတတ်နိုင်ဘူး။ ရင်ဆိုင်ရမှာပဲ။

ဘာမဟုတ်တဲ့ကိစ္စနဲ့တော့ သစ်ရွက်စိမ်းရဲ့ အနာဂတ်ကို အနှောင့်အယှက်မပေးနိုင်ပါဘူး။ သူမက အရမ်းကိုမျှော်မှန်းထား တာလေ။ လူတကာငေးမောလောက်အောင် လှပနေတဲ့ အလှ တရားတွေကို ပိုင်ဆိုင်ထားတဲ့ သူမ။ အဲဒီလောက် တန်ဖိုးရှိတဲ့ အလှတရားတွေနဲ့ ဘဝကို အမြင့်ဆုံးရောက်အောင် တက်လှမ်းဖို့ ဆုံးဖြတ်ထားသည်။

သူမရဲ့ စိတ်ကူးယဉ်အိပ်မက်တွေကိုတော့ အပျက်အစီး မခံနိုင်ဘူး။ ဒေါ်လေးကျင်မြ မကလို့ ဘယ်သူနဲ့ပဲရင်ဆိုင်ရပါစေ သစ်ရွက်စိမ်းဘက်က အမြဲအဆင်သင့်ပဲလေ။

အတွေးနဲ့အတူ သစ်ရွက်စိမ်းခြေလှမ်းတွေက အိမ်ခြံဝန်း ဆီသို့သာ အရောက်လှမ်းလျက်...

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ခြံဝင်းလေးထဲဝင်လိုက်သည်ဆိုလျှင်ပဲ သစ်ရွက်နုကို တွေ့လိုက်ရတာမို့ အိမ်မှာ ထူးခြားမှုတစ်ခုခုရှိနေပြီဆိုတာ သစ်ရွက်စိမ်း သိလိုက်သည်။

'ရွက်စိမ်း… ဒေါ်လေး နင့်ကို စောင့်နေတယ်၊ အခြေအနေကတော့ လုံးဝကိုမကောင်းဘူး ရွက်စိမ်း၊ နင် ကြည့်ပြီး စကားကိုထိန်းပြောနော်၊ ငါ ဆိုင်သွားရတော့မှာဆိုတော့ အိမ်မှာ ရှိနေနိုင်မှာမဟုတ်ဘူး၊ ပြဿနာ အရမ်းကြီးထွားမသွားစေနဲ့ဟာ၊ ငါတို့မှာက မိနိစရာဆိုလို့ ဒီအိမ်တစ်ခုပဲရှိတာ၊ မှားမှားမှန်မှန် သည်းညည်းသာ အောင့်ခံလိုက်ပါ ရွက်စိမ်းရာ၊ ဟိုလူကြီးကြောင့်ပဲ ဖြစ်မှာပါ၊ ဒီနေ့ ဒေါ်လေးကျင်မြ သွားတွေ့တယ်လေ၊ ပြန်လာကတည်းက ပါးစပ်က ဗျစ်တောက်ဗျစ်တောက်နဲ့ ပြောဆိုနေတာပဲ ရွက်စိမ်း'





ကျွတ်…

စိတ်ပျက်စွာပင် စုတ်တစ်ချက်သပ်မိသည်။

ထင်တယ်လေ။

ပြဿနာကတော့ အစပျိုးပြီဆိုတာ။

ဦးစိမ်းမောင်ဆိုတဲ့ လူကြီးနဲ့ မနေ့က ဆုံလိုက်ကတည်းက အကုသိုလ်အလုံးအရင်းနဲ့ သူမဆီဝင်တော့မယ်ဆိုတာ အလိုလိုခံစားရပြီးသား။

ဘယ်တတ်နိုင်ပါ့မလဲ။

ရွက်စိမ်းကမှ မလိုက်လျောပေးနိုင်တဲ့ကိစ္စပဲဟာ။

ဒေါ်လေးကျင်မြ မကြည်လင်တာတော့ သစ်ရွက်စိမ်းသည်း မတတ်နိုင်ပါ။ သစ်ရွက်နုကတော့ သေချာသတိပေးမှာထားခဲ့ပြီး သူမသွားရမည့်အလုပ်သို့ သွားချေပြီ။ စိတ်တော့ ဘထင့်ထင့်နဲ့ ရှိနေမှာပဲ။ မသွားလို့ကလည်း မဖြစ်ပြန်တော့ သွားရတာပေါ့လေ။ ရွက်စိမ်းကိုတော့ စိတ်လျှော့ဖို့ပဲ ပြောသွား၏။

'သစ်ရွက်စိမ်း'

အိမ်လေးပေါ်တက်လိုက်သည်ဆိုလျှင်ပဲ ဒေါ်လေးကျင်မြအသံတဆတ်ဆတ်ကြီးက ထွက်ပေါ်လာသည်။

သစ်ရွက်စိမ်း လှုပ်ရှားချင်နေတဲ့စိတ်ကို ထိန်းချုပ်ပြီး ဆိုးသားတဲ့ဖိနပ်လေးပေါ် အသာတင်လိုက်ပြီး ဒေါ်လေးကျင်မြဆီ မျှမ်းကြည့်ကာ…



www.burmeseclassic.com

www.burmeseclassic.com



'ရှင်… ဒေါ်လေး'

'လာစမ်းပါဦး ပြဿနာမကြီးရယ်၊ လာစမ်းပါဦး… ထိုင်စမ်းပါဦး'

ကြိမ်ထိုးထားသော ဆက်တီခုံလွတ်တွင် ဝုန်းခနဲဝင်ထိုင်ပြီး သူမကို ပြောလာ၏။ ကိုယ့်အပြစ်မရှိဘူးဆိုတာ သိပေမယ့် သူ့အိမ်မှာ မှီခိုနေထိုင်ရသည်ဆိုသောအသိနှင့် ဒေါ်လေးနံဘေးတွင် ဝင်ထိုင်လိုက်သည်။

'မိရွက်စိမ်း'

'ရှင်… ဒေါ်လေး'

'ညည်း မနေ့က မောင်စိမ်းမောင်ကို ဘာတွေလျှောက်ပြောလိုက်တာလဲဟင်၊ ဟိုက ဒေါသတွေထွက်ပြီး ကျုပ်ကိုခေါ်ပြောနေပြီ၊ ညည်းကို ကျုပ်အိမ်ရဲ့အခြေအနေကို ပြောပြထားပြီးသားလေ မိရွက်စိမ်း၊ အခုလိုနေနေရတယ်ဆိုတာ မောင်စိမ်းမောင်က ငွေညာထောက်ထားလို့ဆိုတာ၊ တချို့ဆို အိမ်ပေါင်တာနဲ့ ဆင်းပေးရတာချည်းပဲအေ့၊ သူ စေတနာကောင်းလို့သာ ငါတို့အားလုံး ဟန်မပျက်နေနေကြရတာ၊ ခုတော့ ညည်းအပြောအဆိုမတတ်မှုကြောင့် ဟိုက စိတ်ပျက်ညည်းညူနေပြီအေ့'

'ရွက်စိမ်းက သူ့ကို ဘာမဟုတ်တာတွေ ပြောမိလို့လဲ ဒေါ်လေး'

'တော်စမ်းပါအေ… ညည်းအကြောင်း မသိရင်ခက်မယ်





သစ်ရွက်စိမ်း၊ အပြစ်မရှိတဲ့ပုံစံမျိုးနဲ့ အတူတူရှိ လုပ်ပြနေနဲ့ ညည်းက အိမ်ထောင်ရေးစဉ်းစားရင် လူပျိုလူလွတ်နဲ့ပဲ ပေါင်းစား မှာဆိုပြီး မောင်စိမ်းမောင် ညည်းကို ရှေ့ဆက်တိုးမလာရအောင် လုပ်ခဲ့တာမဟုတ်လား မိရွက်စိမ်း'

'ဟုတ်တယ်လေ ဒေါ်လေး၊ သူ့ဘက်က ဇာတ်လမ်းဆက်မလာရဲအောင် တစ်ခါတည်း ရွက်စိမ်းရဲ့ဆန္ဒကို ပြတ်ပြတ်သားသားပြောခဲ့တာ၊ ဒေါ်လေးကို အစကတည်းက စိတ်မဝင်စားဘူးဆိုပြီး ငြင်းထားပြီးသားပဲဟာ၊ အဲဒါ ပြဿနာလုပ်တာမှ မဟုတ်တာ'

'အမလေး… ဟုတ်ပါတယ်၊ ညည်းပြောတာ အမှန်ပါပဲ မိရွက်စိမ်းရယ်၊ ဒါပေမဲ့ အလိုက်အထိုက်ဆို ရှိသင့်တယ်လေ၊ ညည်း တစ်ကိုယ်ကောင်းမဆန်သင့်ဘူး၊ ကျုပ်မှာ ဒီလောက်အခက်အခဲအကျပ်အတည်းနဲ့နေတာ သိသိကြီးနဲ့ ညည်း မလုပ်သင့်ဘူး၊ မောင်စိမ်းမောင်ကို မျှော်လင့်ချက်ပေးထားမှ ကျုပ်တို့အားလုံး အနေချောင်မှာအေ့၊ ညည်းလည်း အိမ်မှာ နိုကပ်နေတာပဲအေ ဒီလောက်တော့ အိမ်အတွက် ပေးဆပ်သင့်တာပေါ့အေ၊ ခုတော့ ညည်းလုပ်ရပ်ကြောင့် ကျုပ်တို့အားလုံး ဒုက္ခရောက်ရတော့မယ်'

ပေးဆပ်ရမယ်။ အပြောကောင်းလိုက်တဲ့ ဒေါ်လေး။ သစ်ရွက်စိမ်းဆီကမှ မပေးစွမ်းနိုင်တဲ့ အရာကို လာ



www.burmeseclassic.com

www.burmeseclassic.com



တောင်းဆိုနေသေးတယ်။ အာလုံးအနေချောင်ဖို့ ဒီလူကြီးကို အရောတဝင်နေရမတဲ့လား။ ရယ်စရာကောင်းလိုက်တဲ့ စကားပဲ။

'သစ်ရွက်စိမ်း'

'ပြောပါ ဒေါ်လေး'

'မောင်စိမ်းမောင်က မုဆိုးဖို ကလေးတစ်ယောက်အဖေ ဖြစ်တာကလွဲပြီး ဘာမှကို ပြောစရာမလိုလောက်အောင် ပြည့်ဝတဲ့သူပါအေ၊ ပစ္စည်းဥစ္စာရော ပြည့်စုံတာပဲ၊ အပျော်အပါး အသောက်အစားဆိုတာလည်း မရှိဘူး၊ ပညာအရည်အချင်းကလည်း ဘွဲ့ရပြီးသားလူတစ်ယောက်ပဲ၊ အလောင်းအစားမဖက်တဲ စီးပွားရေးပဲ ကြိုးစားပမ်းစားရှာဖွေတဲ့သူမျိုး၊ ညည်း ဘယ်မှာရှာမလဲ သစ်ရွက်စိမ်း'

ဟွန်း…

အပျော်အပါး အသောက်အစား ဘယ်မက်ပါ့မလဲ။

ဒီလောက် ကပ်စေးနဲတဲ့သူ။

မိန်းမက နှလုံးရောဂါရှိတာတောင် ငွေကုန်မှာစိုး၍ အထူးကုဆေးခန်းကြီးတွေမှာ ဖိဖိစီးစီးမကုဘဲ ရပ်ကွက်ဆေးခန်းမှာပဲ ပြပြီး သူတကာပြောတဲ့ ဆေးမြီးတိုတွေနဲ့ လိုက်ကုနေတဲ့သူ။

ဒါကြောင့် ဦးစိမ်းမောင်ဇနီးက ဆုံးသွားတာလေ။

ဦးစိမ်းမောင်အတင်းတွေက ရပ်ကွက်ထဲက လူတွေရဲ့ ပါးစပ်ဖျားမှာ ပွထနေတာကိုများ ဒေါ်လေးကျင်မြက ဖုံးဖိဟာထေးကာ ပြောနေချင်သေးသည်။





'အဲဒါတွေ ရွက်စိမ်းမသိဘူး ဒေါ်လေး၊ ရွက်စိမ်းမှ စိတ်မဝင်စားတာ၊ ရှုပ်ရှုပ်ယှက်ယှက်တွေ မလုပ်ချင်ဘူး'

သစ်ရွက်စိမ်း ခေါင်းလေးကို တအားခါယမ်းကာပင် ငြင်းပစ်လိုက်သည်။ သူမ စဉ်းစားပြီးသွားပြီ။ ဒေါ်လေးကျင်မြ အိမ်မှာဆက်မနေတော့ဘဲ ကုမ္ပဏီကပေးမယ့် အဆောင်မှာပဲ ပြောင်းရွှေ့နေဖို့ ဆုံးဖြတ်ပြီးသွားပြီ။

'မိရွက်စိမ်း… ညည်း ဘယ်လိုပြောလိုက်တယ်၊ ရှုပ်ရှုပ်ယှက်ယှက်တွေ ဟုတ်လား၊ နေစမ်းပါဦး… ညည်းက သူများအိမ်မှာလည်း နိုကပ်နေသေးတယ်၊ ဒီစကားမျိုး ဒီလေသံမျိုးကိုလည်း သာသုံးနေသေးတယ်၊ လူကြည့်တော့ ရုပ်ကလေးသနားကမားနဲ့၊ ညည်းက ဘယ်လောက်အစွမ်းအစတွေရှိလို့ အခုလိုကျုပ်ကို အာခံနေတာလဲ သစ်ရွက်စိမ်း၊ ဒီလောက် လူလိုနားလည်နို့ ပြောနေတာကို၊ အလိုက်ကန်းဆိုးနားမလည်တဲ့ ဟာမလေး၊ ညည်းက ဘယ်သူ့အားကိုးရှိလို့ ကျုပ်ဆန္ဒတွေကို ဆန့်ကျင်နေတာလဲ သစ်ရွက်စိမ်း၊ ညည်းကို အခုချက်ချင်း အိမ်ပေါ်ကနေဆွဲချရင် ညည်း လမ်းဘေးရောက်သွားမယ်ဆိုတာ သိထားစမ်းပါ'

သစ်ရွက်စိမ်း ထိုင်ရာကနေ ဆတ်ခနဲထလိုက်သည်။

'ဒီမှာ ဒေါ်လေး၊ ပြေးစရာမြေမရှိဘူးဆိုပြီး လူကို ချောင်ပိတ်ရိုက်ဖို့ မစဉ်းစားပါနဲ့၊ ဒေါ်လေးထင်သလို သစ်ရွက်စိမ်းနဲ့ ဘဝတွယ်မှီစရာအရိပ်မရှိတာ မဟုတ်ဘူး၊ မကောင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



လို့ ဆက်ပြီးနေနေတာ၊ ရွက်စိမ်းအတွက် ကုမ္ပဏီကပေးနေတဲ့ အလုပ်သမားတန်းလျားကို အချိန်မရွေးပြောင်းနေလို့ ရပြီးသားပဲ’

‘ကြည့်စမ်း… ညည်း… ညည်းက ဒါကြောင့် ကျုပ်ကို ပခုံးချင်းယှဉ်လိုက်တာပေါ့လေ သစ်ရွက်စိမ်း’

‘ပခုံးချင်းယှဉ်တာ မဟုတ်ဘူး၊ သစ်ရွက်စိမ်းက စိတ်မပါဘူးဆိုတဲ့အရာကို ဘယ်လိုလူမျိုးမှ ဖွတ်လုပ်ခိုင်းလို့မရဘူး ဆိုတာကို ပြောချင်တာ’

‘ကြီးကျယ်လိုက်တာ၊ အခုမှ အလုပ်လေးအဆင်ပြေပြီး ဝင်ငွေလေး တစ်ပဲခြောက်ပြားရာနိုင်ရုံ ရှိသေးတယ်၊ ကျုပ်ကို ပြန်ပြောနေတာများ ကြားကြသေးရဲ့လား အရပ်ကတို့ရေ၊ ဒီအိမ်မှာကပ်နေ၊ ဒီအိမ်ကကျွေးတဲ့ထမင်းကိုစားပြီး လူဖြစ်လာတဲ့ဟာက ကျေးဇူးရှင်ကို စော်ကားနေတာ’

ဒေါ်လေးက အသံကျယ်ကျယ်နှင့် ခုနစ်သံချီ ဟစ်နေပြီ။ ကျေးဇူးရှိတာမှန်ပေမယ့် အခုလိုပုံစံမျိုးကြီးနဲ့ ပြန်ပေးဆပ်နိုင်းတာကိုတော့ သစ်ရွက်စိမ်း ဘယ်လိုမှလက်မခံနိုင်ပါ။

‘ဒီမှာ မိရွက်စိမ်း’

သစ်ရွက်စိမ်း ဒေါ်လေးကျင်မြဆီ စောင်းငဲ့ကြည့်လိုက်၏။

‘ညည်းကိုယ်ညည်း သိပ်ပြီးအထင်ကြီးနေတယ်ပေါ့ဟုတ်လား… ရတယ်လေ၊ ညည်းဘက်ကစပြီး စိန်ခေါ်တော့





လည်း ကျုပ်ဘက်က လိုက်လျောပေးရတာပေါ့အေ၊ သွား… အခုချက်ချင်း ကျုပ်အိမ်ပေါ်ကနေ ညည်းဆင်းသွား… သွား’

ဒေါ်လေးကျင်မြ စကားကြောင့် ရွက်စိမ်း နည်းနည်းတော့ မျက်လုံးပြူးသွားရသည်။

အခုချက်ချင်း ဆင်းသွားတဲ့လေ။

အဆောင်ယူမည်ဟု အလုပ်မှာပြောပြီးပေမယ့် လောလောဆယ်တော့ မဖြစ်သေးပါ။

ဘယ်လိုလုပ်ရမလဲ။ ဒေါ်လေးကျင်မြနဲ့ ပြောခဲ့တဲ့စကားတွေလည်း လွန်နေပြီ။

သစ်ရွက်စိမ်း ခေါင်းတော့ နည်းနည်းစားသွားရ၏။

‘ဟဲ့…. ဘာလုပ်နေတာလဲ၊ အထုပ်ပြင်ပြီးဆင်းသွားလေ၊ ညည်းပဲ နေစရာတွေပဲအပြည့်ဆို မိရွက်စိမ်း၊ ကျုပ်ကိုနေစရာ မလိုအပ်ဘူးဆို၊ ကွပါ… ကောင်းတဲ့နေရာကိုပဲညည်း ပျော်ပျော်ရွှင်ရွှင်ကြီး ပြောင်းပြီးနေပါ၊ ရတယ်… ကျုပ်တို့ကတော့ ကျုပ်တို့ ရှိပါစေ၊ ကွ… ဒေါ်သစ်ရွက်စိမ်းရေ၊ ညည်းသာကောင်းစားတယ်ဆိုရင် ကျုပ်အိမ်ကနေ အခုချက်ချင်းသာဆင်းသွားတော့’

ဒေါ်လေးကျင်မြက နှင်ချနေပြီ။

သစ်ရွက်စိမ်း ခေါင်းကို ကြည်လင်အောင်ထားပြီး စိတ်ငြိမ်သက်အောင်ထိန်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'သွားမှာပါ… စိတ်မပူပါနဲ့ ဒေါ်လေး'

ဟင်…။

ဒေါ်ကျင်မြတစ်ယောက် ခြေလေးဆောင့်နင်းပြီး အခန်းထဲဝင်သွားတဲ့ သစ်ရွက်စိမ်းကိုကြည့်ပြီး ပါးစပ်အဟောင်းသားကလေးဖြစ်ကာပင် ကျန်နေခဲ့တော့သည်။

ထင်မထားခဲ့ဘူးလေ။

အခြေအနေတွေက အခုလောက်ထိ တင်းမာသွားဖို့ မရည်ရွယ်ခဲ့တာ အမှန်။

သစ်ရွက်စိမ်းဆိုတဲ့ ကောင်မလေးက စိတ်ဆတ်တာကို တော့ ဒေါ်ကျင်မြ သိထားပြီးသား။

သို့သော်…

မှီခိုနေစရာဆိုလို့ မိမိအိမ်တစ်ခုပဲရှိတာ မဟုတ်လား။

နည်းနည်းလေး ခြိမ်းခြောက်လိုက်ရင်ပဲ သစ်ရွက်စိမ်း မိမိဘက်ပါလာနိုင်သည်ဟု တွေးထင်ကာ အခုလိုပြောဆိုမိခြင်း ပဲ ဖြစ်သည်။

ဒါကို သစ်ရွက်စိမ်းက ခေါင်းမော့ရင်ကော့ပြီး အိမ်ပေ က ဆင်းမယ်တဲ့။ အိမ်နောက်ဖေးအခန်းထဲကနေ အသံဗလံအချို့ ကြားနေရသည်။

သစ်ရွက်စိမ်း အဝတ်အစားတွေထုပ်ပိုးနေပြီ ထင်ပါရဲ့ ခေါင်းမာတဲ့ကောင်မလေး။ သစ်ရွက်နုနဲ့တော့ တခြားစီပဲပေ





အမြွှာညီအစ်မတွေသာ ပြောတာ။ စိတ်ဓာတ်က တခြားစီပဲ။

ပြဿနာပဲ။

သစ်ရွက်စိမ်းက အဆောင်မှာပြောင်းနေပြီဆိုရင် သစ်ရွက်နုပါ လိုက်သွားမလား မသိဘူး။ ညီအစ်မတွေဆိုတော့ ပြောလို့က မရ။ သစ်ရွက်စိမ်းက နည်းနည်းတော့ သွက်လက်သည်။ အစွမ်းအစရှိ၏။ သစ်ရွက်နုနဲ့ အသွင်က လုံးဝမတူ။

ကုမ္ပဏီမှာ အလုပ်သွင်းပေးပြီး နေစရာပါရှာပေးလိုက်ရင် ဒေါ်ကျင်မြအတွက် ခက်ပြီ။

သစ်ရွက်နုက အားကိုးရ၏။

အိမ်အလုပ်မှန်သမျှ တစ်ယောက်တည်းသိမ်းကျုံးလုပ်သည်။ လုံးဝမျက်နှာလွှဲရတဲ့ ကောင်မလေး။ သစ်ရွက်နုတစ်ယောက် အိမ်မှာရှိနေတာ ဒေါ်ကျင်မြအတွက်တော့ အားရှိစရာပါ။

'သစ်ရွက်စိမ်း… ညည်းကို ကျုပ်ကို ခြေရာနင်းပြီပေါ့ လေ ဟုတ်လား၊ ရပါတယ်… ညည်း သွားပါ၊ ကျုပ်တို့မိသားစုဝင်တွေကို ပစ်ထားခဲ့ပြီး ညည်း ထွက်သွားပါ၊ ညည်း ဘယ်တော့မှ ပြန်လှည့်မကြည့်ပါနဲ့၊ ညည်းဘဝကောင်းစားဖို့အတွက် တစ်ခုဘည်းကိုပဲ ကြည့်ပြီးသွားပါအေ၊ ကျုပ်တို့ ဘယ်လောက်ဒုက္ခတောထဲရောက်ရောက် ညည်း ပြန်လှည့်မလာပါနဲ့'

ဒေါ်လေးကျင်မြ တဗျစ်တောက်တောက်ပြောနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



စကားသံကို ကြားပေမယ့် သစ်ရွက်စိမ်း ငြိမ်ကျနားထောင်နေလိုက်သည်။

ဆုံးဖြတ်ပြီးပြီ။ အဆောင်မရခင် စုပေါင်းငှားနေတဲ့ သူငယ်ချင်းတွေအိမ်မှာ လစာမျှခံပြီး ပေါင်းနေဖို့။

စိတ်တော့ မကောင်းပါဘူး။

ရွက်စိမ်း ထွက်သွားရင် ရွက်နုအတွက်တော့ အခက်အခဲတွေ ရှိသွားနိုင်သည်။ ဒေါ်လေးကျင်မြလည်း ဖိထောင်းမှာပဲ။ ပြီးတော့ သူမ ယူထားတဲ့ အသုံးအဆောင်ပစ္စည်းကြွေးတွေ။ သစ်ရွက်နု ဖြေရှင်းပေးရမှာ သေချာသည်။

မတတ်နိုင်ဘူး။

ဒီအတိုင်း ထားခဲ့ရမှာပဲလေ။

သစ်ရွက်စိမ်းတောင် အနိုင်နိုင်ရပ်တည်ဖို့ ကြိုးစားရဦးမှာ။

✿ ✿ ✿



## အခန်း (၆)

'သစ်ရွက်စိမ်း ထွက်သွားပြီ၊ ဟုတ်လား ဒေါ်လေး'

'ဟုတ်တယ် သစ်ရွက်နုရယ်၊ ကိုယ့်အဒေါ်နဲ့ ကတောက်ကဆလေးဖြစ်တာနဲ့ပဲ သင်းက အခုလိုလုပ်သွားရသလား၊ ညည်းညီမကတော့ ပြောကို မပြောချင်တော့ပါဘူးအေ၊ မာနကလည်းကြီးလိုက်တာ မပြောပါနဲ့တော့၊ ချက်ချင်းအထုပ်ဆွဲပြီး အိမ်ပေါ်ကနေ ဆင်းသွားတာသာကြည့်တော့ သစ်ရွက်နု'

သစ်ရွက်စိမ်း အိမ်ကနေထွက်သွားပြီတဲ့။

သူ့အလုပ်လုပ်တဲ့ကုမ္ပဏီက အဆောင်ပေးတယ်ဟုတော့ သူမ ကြားဖူးသည်။ သို့သော် ရွက်စိမ်းတစ်ယောက် အခုလိုထွက်သွားတော့လည်း ရင်ထဲ ဟာခနဲကိုဖြစ်သွားတာပါပဲ။

တကယ်ဆို…



www.burmeseclassic.com

www.burmeseclassic.com



အခုလို ဆုံးဖြတ်လိုက်တာ မှားသည်ဟုထင်သည်။ ငယ်ရွယ်နုပျိုနေတဲ့ မိန်းမပျိုလေးတစ်ယောက်အတွက် စိတ်ချလုံခြုံရတဲ့ မှီခိုရာအရပ်ဒေသဆိုတာ ရွှေနဲ့ပင် တန်ဖိုးမလဲနိုင်ပါ။

ဒေါ်လေးကျင်မြဘက်က ဘယ်လောက်ပဲ မှုမမှန်ပါစေ။ ဒီရပ်ကွက်၊ ဒီလမ်း၊ ဒီအိမ်ဆိုတာ သူမတို့နေထိုင်လာတာ ခုနစ်နှစ်နီးပါးလောက်ရှိနေပြီမို့ ပတ်ဝန်းကျင်နှင့် ပလဲနံသင့်နေပြီးသား ဖြစ်သည်။

သူမတို့ညီအစ်မနှစ်ယောက်ကိုလည်း မိဘမဲ့လေးတွေ၊ ဦးလေးမျက်နှာနဲ့ အဒေါ်အိမ်မှာ ခိုကပ်နေကြရသူတွေဆိုပြီး သနားကရုဏာသက်ကာ စောင့်ရှောက်ပေးကမ်းကြ၏။

သူမတို့ ဒေါ်လေးကျင်မြအိမ်ရောက်တော့ အသက်အရွယ် အားဖြင့် တစ်လသားသာသာလေးတွေ ရှိသေးသည်။ အဘွား ပေးထားခဲ့တဲ့ လိပ်စာအတိုင်း ရွာကဘကြီးတွေက မြို့ကို လိုက်ပို့ ပေးကြတာ။

ညီအစ်မနှစ်ယောက်စလုံး အဝတ်အစားလေးတွေကသာ နွမ်းဖတ်နေတာ။ အသားအရေလေးတွေက စိုဝင်းမွတ်ပြီး မျက်နှာလေးတွေက ချောချောလေးတွေ။ ဦးလေးက တူမချောလေးတွေကို စောင့်ရှောက်ဖို့ လက်ခံခဲ့ပေမယ့် ဒေါ်လေးကျင်မြက သိပ်မကြည်ချင်။ ယောက်ျားရဲ့ညီမက အခြေကြီးအနေကြီး။ ကလေးတွေကို မွေးတုန်းကမွေးပြီး အဘွားလက်ထဲထိုးထည့်ရင်း ပျောက်သွားတာ။





သူ့မှာလည်း သားနဲ့ သမီးက ရှိနေတာမဟုတ်လား။ ကလေးတွေရဲ့တာဝန်က ကြီးမားလွန်းသည်ဆိုပြီး ငြင်းပယ်ချင်သည်။ ဦးလေးကို မလွန်ဆန်နိုင်လွန်းလို့သာ နောက်ဆုံးအောင့်အည်းပြီး လက်ခံထားခဲ့ခြင်းပဲ ဖြစ်၏။

သူမတို့ ဒေါ်လေးကျင်မြအိမ်မှာ နေရစားရတာအင်မတန်မှ မျက်နှာငယ်ရသည်။ အချိန်ပြည့် နှိမ်ချိုးဆက်ဆံတဲ့ ဒေါ်လေးကျင်မြ။ လူတွေရှေ့ကျ တစ်မျိုး၊ ကွယ်တော့ တစ်မျိုး။ သူတို့ညီအစ်မနှစ်ယောက်မှာ ဆယ်နှစ်အရွယ်လောက်ကလေးတည်းက အရွယ်နဲ့မလိုက်အောင် အိမ်အလုပ်တွေ အခိုင်းခံခဲ့ကြရသည်။

ဒါတောင်မက…

ရပ်ကွက်ထဲက အမွှေးတိုင်လုပ်တဲ့အိမ်မှာလည်း အလုပ်ဝင်ကြရသည်။ ကိုယ့်ကျောင်းစရိတ်မို့ ညီအစ်မနှစ်ယောက် သည်းမညည်းစတမ်း ငွေရအောင်ရှာကြ၏။ ဦးလေးက တားဆီးပေမယ့် ညီအစ်မတွေ ဇွတ်အတင်းပင်တောင်းပန်ကာ နေ့ရက်ပျောက် အလုပ်လုပ်ကြ၏။

ရသမျှငွေ ဒေါ်လေးကျင်မြကို အပ်သည်။

ဒါမှ ကျောင်းကို ကြည်ကြည်သာသာနဲ့ တက်ခွင့်ပြုမှာပေါ့၊ ဒေါ်လေးကျေနပ်အောင် အလိုက်တသိလေးနှင့် နေကြသည်။ ဦးလေးက နိုင်ငံခြားကိုထွက်ပြီး အလုပ်လုပ်ဖို့ ဆုံးဖြတ်ခဲ့တယ်ဆိုတာ သူမတို့ညီအစ်မကို ကောင်းကောင်းမွန်မွန်စောင့်ရှောက်ချင်သည့်အတွက်လည်း ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'သစ်ရွက်နု'

'ရှင်… ဒေါ်လေး'

'သစ်ရွက်စိမ်း လုပ်သွားပုံက ကျုပ်ကို ဒုက္ခတောထဲ တွန်းပို့သွားတာအေ့၊ မောင်စိမ်းမောင်က အခုဆို မျက်နှာသိပ် မကြည်တော့ဘူး၊ ညည်းလည်း သိတဲ့အတိုင်းပဲလေ၊ ညည်း ဦးလေး နိုင်ငံခြားထွက်တော့ လိုတဲ့ငွေအားလုံး မောင်စိမ်းမောင် ဆီကပဲ အကူအညီတောင်းခဲ့ရတာ၊ ကျုပ်တို့မှာ ညည်းဦးလေး မပို့တော့ ပြန်မဆပ်နိုင်သေးဘူးပေါ့အေ၊ ကျုပ်က ယူရမယ်ဆို ပြီး ဖွတ်အတင်းစီစဉ်နေတာမှ မဟုတ်တာ၊ အလိုက်အထိုက်လေး ဟန်ဆောင်ဆက်ဆံပေးဖို့ပဲ ပြောတာ၊ ဒါမှ အားလုံးအနေချောင် မှာမို့လား၊ ညည်းညီမကအေ… ကျုပ်က လူဆိုးကြီးဖြစ်အောင် လုပ်သွားတာပဲ သစ်ရွက်နုရယ်၊ ညည်းဦးလေးကြားရင်လည်း ကျုပ်ကိုပဲ လက်ညှိုးထိုး အပြစ်ပြောမှာပဲ'

ဒေါ်လေးက သူ့ဘက်က အပြစ်မရှိသလို လေပြေအေး လေးနဲ့ ဖြေရှင်းပြနေသည်။ အခုကိစ္စမှာ သစ်ရွက်စိမ်း အပြစ်မရှိ နိုင်။ သစ်ရွက်စိမ်းရဲ့စိတ်ဓာတ်က ပြတ်သားမောကျောလှသည်။

သူမ လက်မခံနိုင်တဲ့အရာဆို အားနာပါးနာနဲ့ ခေါင်း မညိတ်တာ သစ်ရွက်စိမ်း အမူအကျင့်ပဲ။

ဒါကို… ဒေါ်လေးဘက်က ဖိအားသာမပေးပါက သစ် ရွက်စိမ်း အခုလိုဆုံးဖြတ်သွားမှာ မဟုတ်ချေ။





'သစ်ရွက်နု'

'ရှင်…'

'ညည်းရော ဘယ်လိုအစီအစဉ်ရှိသေးလဲ'

'ရှင်… ဘာ… ဘာကိုမေးတာလဲ ဒေါ်လေး'

'သစ်ရွက်စိမ်းလိုလုပ်ဖို့များ စိတ်ကူးရှိသလားလို့ပါ'

'ဟို… ဟို… ရွက်နု… ရွက်နု ဒေါ်လေးအိမ်မှာပဲ နေမှာပါ'

သစ်ရွက်နုစကားကြောင့် ဒေါ်ကျင်မြ ရင်ထဲ နည်းနည်း တော့ အေးသွားရ၏။ သစ်ရွက်နုက အားကိုးရတယ်လေ။ အိမ် အလုပ်နဲ့ပတ်သက်ပြီး သစ်ရွက်နုကိုပဲလွှဲထားရတာဆိုတော့ လက် လွှတ်ချင်ဘူး။

'ညည်းညီမက လာခေါ်နိုင်တယ် သစ်ရွက်နု၊ ဟွန်း… သင်းအကြောင်း မသိရင်ခက်မယ်၊ သင်းက အခုလို စည်းလွတ် ...လွတ်နေချင်တဲ့ မိန်းကလေး၊ လူကြီးသူမ အုပ်ထိန်းမှုအောက် ...နေရတာ ငရဲကျနေတယ်လို့ထင်နေတာ၊ အခုတော့ အကြောင်း ...ချက် ရသွားတာပေါ့၊ အစကတည်းက ပေါ့ပျက်ပျက်နေချင် ...တာ အခွင့်အရေးရသွားတာပေါ့အေ'

ဒေါ်လေးက သစ်ရွက်စိမ်းထွက်သွားတဲ့အပေါ်မှာ အခဲ ...သလို ခံစားနေသည်။

သစ်ရွက်နု စိတ်တော့မကောင်း။



www.burmeseclassic.com

www.burmeseclassic.com



သစ်ရွက်စိမ်း အဆင်မပြေပါမလား။

ညီအစ်မတွေ အတူရှိနေစဉ်က သိပ်ပြီးသင့်မြတ်လှသည်တော့ မဟုတ်ပေမယ့် အခုလိုကျပြန်တော့လည်း ညီမဖြစ်သူအတွက် စိုးရိမ်ပူပန်နေမိသည်။

သူမ စိတ်လျှော့ဖို့သတိပေးနေလျက်ကနေ သစ်ရွက်စိမ်းက ထွက်သွားတာမဟုတ်လား။ အခုလို ဆုံးဖြတ်သွားတာကိုတော့ သစ်ရွက်နု မှန်သည် ဟု မထင်ပါ။

မိန်းမပျိုလေးတစ်ယောက်အနေနဲ့ အခုလို ရပ်တည်ဖို့ ကြိုးစားတာ ဝန်ကြီးလွန်းလှသည်။ အုပ်ထိန်းသူရှိနေပါလျက်နဲ့မို့ ပတ်ဝန်းကျင်က အမြင်တစ်မျိုးရှိသွားမှာ စိုးရိမ်၏။

ရွက်စိမ်းရယ်···

နင် ဘယ်ကိုထွက်သွားတာလဲဟာ။

ပြန်လာခဲ့ပါ။

ဒေါ်လေးကျင်မြ ဝေဖန်ပြစ်တင်ရင်လည်း ခဏလောက် အောင့်အည်းသည်းခံလိုက်ပေါ့။ ဒီအိမ်လောက် နေရတာအဆင်ပြေတာတို့ ဘယ်မှာရှိမလဲ။

သစ်ရွက်စိမ်းရယ်···

နင်··· ဘယ်ကိုရောက်နေပြီလဲဟာ။

✿ ✿ ✿



## အခန်း (၇)

အရောင်လွင့်လွင့် ဂျင်းနက်ပြာရောင်နှင့် ရင်ဘတ်ဘတန်းရှုပ်ရှုပ်ထွေးထွေးပါသော တီရှပ်လက်တိုကို ဝတ်ကာ ငွင်မြူးလန်းဆန်း တက်ကြွနေတဲ့ လူငယ်လေးတစ်ယောက်အသွင် အပြည့်ရှိနေတဲ့ နံဘေးကလူကို အားကျလွန်းစွာ နောက်တစ်ကြိမ် ဆောင်းငဲ့ကာ ကြည့်မိသူက နည်းသစ်ပဲ ဖြစ်သည်။

ထိုသူက···

သူ ခိုးကြည့်နေခြင်းကို လုံးဝသတိမထားမိခဲ့။

လူကသာ နည်းသစ်ထိုင်နေတဲ့ စာရေးခုံလေးတွင်သာ ထိုင်နေတာ။ သူ့မျက်နှာက အနောက်ဘက်တန်းတွင် ထိုင်နေကြသော သူငယ်ချင်းများဆီသာ လှည့်စောင်းနေခဲ့သည်။

စာသင်ခန်းထဲ နောက်ကျမှရောက်တဲ့သူက ဆရာမစာသင်နေတာနှင့်ဆုံသဖြင့် ရှေ့ဆုံးတန်းကခုံတွင်သာ ဖြစ်သလို



www.burmeseclassic.com

www.burmeseclassic.com



ဝင်ထိုင်လိုက်ပေမယ့် ထိုင်ခုံမှာဝင်ထိုင်ပြီးသည်နှင့် အခန်းထဲ အကြည့်လေးဝေ့ဝဲကာ သူငယ်ချင်းတွေကို ရှာတော့သည်။ သူ့ကို မြင်တာနှင့် အခန်းထဲမှာရှိနေတဲ့ သူငယ်ချင်းကောင်လေးအတော်များများကလည်း လက်ပြကာ သူတို့နဲ့အတူလာထိုင်ဖို့ လှမ်းခေါ်ကြသည်။

သူက ခေါင်းအနည်းငယ်စောင်းငုံ့ကာ ဆရာမဆီလှမ်းကြည့်ပြီး မသွားဘဲငြိမ်နေ၏။ ဆရာမက စာသင်သားတွေဘက် မျက်နှာမူပြီး သင်ကြားနေတာမို့လား။ ဒီတော့ သူ့အတွက် ထသွားဖို့ အခက်တွေ့နေတာပေါ့လေ။

နည်းသစ် စာထဲ စိတ်မရောက်။

နံဘေးမှာထိုင်နေသော တစ်တန်းတည်းသားချင်း ထိုလူ့အပေါ်မှာသာ အာရုံတွေက စုစည်းကျရောက်နေခဲ့သည်။

ဘာကြောင့်မှန်း မသိ။

မျက်နှာကြည်ကြည်လင်လင် ချိုချိုမြမြရှိလာသော သူ့ကို စိတ်ထဲ အားကျကာ နှစ်လိုခင်မင်နေမိသည်။

'ဘောပင်(န်)အပိုပါလား'

'ဗျာ…'

'ကိုယ့်ကို ဘောပင်(န်)တစ်ချောင်း ခဏလောက်ငှားပါ၊ စာကူးချင်လို့'

ဆရာမ ရေးပြသင်ကြားထားသောစာအား လက်ညှိုးထိုး





ပြီးတော့ သူ သဘောပေါက်ကာ အိတ်ထဲမှ ဘောပင်(န်)အသစ်တစ်ချောင်းနှိုက်ကာ ကမ်းပေးလိုက်မိသည်။

'ကျေးဇူး'

သူက လှမ်းယူပြီး ကျေးဇူးတင်စကားတစ်ဝက်တစ်ပျက် ပြောကာ စာကို လိုက်ကူးနေသည်။

ကျောင်းသားဖြစ်ပါလျက် စာအုပ်သာပါလာပြီး ဘောပင်(န်)က မပါလာတဲ့သူက နည်းသစ် မျက်လုံးထဲမှာတော့ လူထူးလူဆန်းတစ်ယောက်လိုပါ။

နည်းသစ်ဆိုလျှင်…

လွယ်အိတ်ထဲမှာ တစ်နေ့တာအချိန်ဇယားအတိုင်း စာအုပ်တွေ အကုန်ပါသည်။ ဆရာမ ဝင်သည်ဖြစ်စေ၊ ဝင်မသင်ဖြစ်သည်ဖြစ်စေ စာအုပ်တွေကတော့ ပါလာတတ်စမြဲ။

သူ့ရဲ့သီးသန့်အထိန်းတော်က ထည့်ပေးထားတာလေ။

ကျောပိုးအိတ်ထဲမှာ ခဲတံ၊ ပေတံ၊ ဘောပင်(န်)၊ ခဲဖျက်တာအစ လိုအပ်တာမရှိရအောင်ကို အပြည့်အစုံထည့်ပေးထားတာပါ။ သူငယ်တန်းကလေးတစ်ယောက် ကျောင်းသွားလျှင် မိဘက သေချာစစ်ဆေးပြီး ထည့်ပေးသလိုမျိုးပဲ။ သူတစ်ပါးဆီက ချေးငှားရမ်းသုံးစွဲရတယ်ဆိုတာ နည်းသစ်ရဲ့ရာဇဝင်မှာ မရှိချေ။

အခုတော့…

သူ့မျက်လုံးထဲမှာ အထူးအဆန်းလူတစ်ယောက်ကို တွေ့



www.burmeseclassic.com

www.burmeseclassic.com



မြင်ရပြီ။ စာသင်ကျောင်းလာပြီး ရေးမှတ်စရာ ဘောပင်(န်)ပါ မလာတဲ့သူမျိုးကိုပေါ့။

'နာမည် ဘယ်လိုခေါ်လဲ'

'ဟင်…'

'မင်းနာမည်ကို မေးနေတာ'

သူက ထပ်မေး၏။

'နည်းသစ်'

'နည်းသစ်… ဟုတ်လား'

'အင်း…'

'ဟိုမှာရပ်နေတဲ့သူတွေက ဘာတွေလဲ၊ မင်းနဲ့ ကျောင်းအတူတူလာတိုင်း ပါလာတတ်တယ်၊ အမျိုးတွေလား'

'အစောင့်အရှောက်တွေ'

'ဘာ… ဘယ်လို… အစောင့်အရှောက် ဟုတ်လား၊ အဟက်…'

သူက အားမနာ ပါးမနာပင် လှောင်ရယ်ပါသည်။

နည်းသစ်… အနည်းငယ်တော့ ရှက်သွားမိ၏။

'နေစမ်းပါဦး… တက္ကသိုလ်ကျောင်းလာတက်တဲ့မင်းကို ဘယ်သူက ဘာအန္တရာယ်ပေးမှာမို့လို့ အစောင့်အရှောက်တွေက လိုက်လာရတာလဲ'

သူ့ပုံစံကိုကြည့်ရတာ ကြီးကျယ်လိုက်တဲ့ကောင်ဟု





နည်းသစ်ကို ဝေဖန်ချင်နေတဲ့ မျက်နှာပေးမျိုးနဲ့ပါ။ သူပြောလည်း ပြောစရာပဲကို။ နည်းသစ်ရဲ့ အိမ်ကလူကြီးတွေရဲ့ လုပ်ရပ်တွေက သဘာဝထက်ကိုပိုကာ လွန်ကဲနေသည်ပဲလေ။

'မသိပါဘူး၊ ဘွားသစ္စာက ထည့်ပေးတာ'

သူ့မျက်မှောင်တွေ ဆတ်ခနဲတွန့်ကြုံ့သွားတာ တွေ့လိုက်ရချိန်တွင် သမင်ငယ်လေးလို သနားစရာမျက်ဝန်းလေးတွေနဲ့ ခေါင်းလေးစိုက်ကျသွားသူက နည်းသစ်ပါပဲ။

'အဟွန်း… ဟွန်း… ရွှေမင်းသားလေးပုံပြင်ကို ဇာတ်သမ်းဝတ္ထုတွေထဲမှာပဲ စိတ်ကူးယဉ်ဆန်ဆန် ရှိလိမ့်မယ်ထင်တာ၊ အပြင်မှာလည်း တကယ်ရှိနေတာပဲ၊ ရူးပါ့ကွာ…ဟား…ဟား…'

သူက အသံထွက်၍ပင် ဟားတိုက်ရယ်နေသည်။

နည်းသစ် စိတ်မဆိုးရက်ဘဲ တစ်ချက်သာပြုံးလိုက်၏။ သူ ဝေဖန်တာလည်း မှန်နေတာပဲလေ။ နည်းသစ်ရဲ့ပုံစံက ရူးပေါပေါလိုဖြစ်နေတာ မဟုတ်ပါလား။ နာစရာတော့ မရှိပါ။

ကျောင်းသူ ကျောင်းသားတိုင်း လွတ်လပ်ပေါ့ပါးစွာ သွားလာလှုပ်ရှားနေချိန်တွင် သူက အတူတူအစောင့်နှစ်ယောက်နဲ့အတူ စာသင်ဆောင်သို့ သွားနေရသည်။

ဆရာမ ဝင်ဝင် မဝင်ဝင် စာသင်ခန်းမှာ ထိုင်ရ၏။ အပြင်လျှောက်မသွားရ။ ဘယ်သူငယ်ချင်းနှင့်မှလည်း အဆက်အဆံ အပေါင်းအသင်းမလုပ်ရ။ အပြင်က အကျင့်စရိုက်ဆွေ



www.burmeseclassic.com

www.burmeseclassic.com



ကူးစက်ပါမလာအောင် စောင့်ရှောက်ရမှာက သူ့နှံဘေးမှာ ကပ်ပါ လာတဲ့ အစောင့်တွေရဲ့ တာဝန်နှင့် ဝတ္တရားသာဖြစ်သည်။

ဘွားသစ္စာဦးရဲ့ အမိန့်ဆိုတော့...

အလုပ်သမားတွေအားလုံးကလည်း တစ်သဝေမတိမ်းပင် လိုက်နာလုပ်ဆောင်ကြသည်။

လစာက မက်မောလောက်စရာ ရကြတာကိုး။

နေရ စားရတာကလည်း ချောင်လည်တော့ အလုပ်ထုတ် ခံရမှာ သေလောက်အောင်ပင် ကြောက်ကြ၏။ တာဝန်ကို သူ့ ထက်ငါ ပိုကျေအောင်ထမ်းဆောင်ကြသည်။

အထူးသဖြင့်... တစ်ဦးတည်းသော မြေးကလေး နည်းသစ်နဲ့ ပတ်သက်လာသမျှကိစ္စတိုင်းကိုပါပဲ။ ပိုပြီး အတိမ်း အစောင်းမရှိရလေအောင် အထူးဂရုပြုကြသည်။

'နည်းသစ်'

'ဟင်...'

'ငါ့နာမည်က သူ့ရဲ့ကောင်းတဲ့၊ မင်းကိုတော့ တော်တော် လေးစိတ်ဝင်စားတယ်ကွာ၊ လူထူးလူဆန်းတစ်ယောက်လို ခံစား ရလို့ပဲ၊ ငါ တစ်ခါမှ အဲဒီလိုမျိုး မကြုံဖူးသေးဘူးကွ၊ မင်းကို တွေ့လိုက်ရတာ အံ့လည်း သြရတယ်၊ ရယ်လည်း ရယ်ရတယ်၊ တစ်မျိုးပဲကွာ'

'ငါလည်း မင်းလိုပဲ သူ့ရဲ့ကောင်း'





'ဘာကိုလဲ'

'မင်းကိုတွေ့လိုက်တဲ့အချိန်မှာ အံ့လည်း သြမိတယ်၊ အားလည်းကျမိတယ်၊ သွက်လက်ပေါ့ပါးမှုအပြည့်နဲ့ ရှင်သန် လှုပ်ရှားနေရတဲ့ မင်းပုံစံက ငါ့အတွက်တော့ အထူးအဆန်းပါပဲ'

သူ... တကယ်ပဲ ရင်ထဲကစကားကို ပြောမိသည်။

သူ့စကားကြားတော့ သူ့ရဲ့ကောင်း ရယ်သွမ်းသွေးနေတဲ့ မျက်နှာက တည်သွားပြီး စူးလက်သော မျက်ဝန်းတောက်တောက် တွေနှင့် စိုက်ကြည့်သည်။

'ငါ မင်းကို စတွေ့ကတည်းက ခင်တယ် သူ့ရဲ့ကောင်း၊ ဘာကြောင့်လဲဆိုတာ ငါ့ကိုယ်ငါလည်း မသိဘူး၊ ငါ့ဘဝ တစ် သက်တာမှာ ပထမဆုံးခင်မိတဲ့ သူငယ်ချင်းမိတ်ဆွေဟာ မင်း ပထမဆုံးပဲ၊ စကားပြောဖူးတဲ့သူကလည်း မင်း ပထမဦးဆုံးပဲ သူ့ရဲ့ကောင်း၊ အဲဒါကို ယုံလား'

နည်းသစ် အမေးကို ခေါင်းမညိတ် ခေါင်းမခါဘဲ သူက ခပ်စိုက်စိုက်သာကြည့်ပြီး နားထောင်နေသည်။

'နည်းသစ်'

'ပြော'

'ငါနဲ့ သူငယ်ချင်းဖြစ်ချင်နေတယ် မဟုတ်လား'

'အင်း...'

ချက်ချင်းပင် ခေါင်းညိတ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



'ငါလည်း မင်းကို သူငယ်ချင်းဖြစ်ချင်တယ်၊ မွန်းကျပ်မှုတွေနဲ့ရှင်သန်သလိုခံစားနေရတဲ့ မင်းရင်ထဲကို ပေ့ါပါးလန်းဆန်းမှုတွေ ထည့်ပေးချင်တယ်၊ လူငယ်တစ်ယောက်မှာ သူ့ရဲ့ခံစားချက်နဲ့ ရှင်သန်ရပ်တည်တာ ဘယ်လောက်တန်ဖိုးရှိသလဲဆိုတာ မင်းကို သိစေချင်တယ် နည်းသစ်၊ အမိက ကိုယ့်စိတ်နဲ့ကိုယ် နေထိုင်ရတာမျိုးပေ့ါကွာ၊ သူတစ်ပါးရဲ့ အစိုးမိုးခံဘဝနဲ့ လှုပ်ရှားသွားလာနေရတာထက် ဘယ်လောက်အေးချမ်းသလဲဆိုတာ မင်း သိသွားစေချင်တာ'

သူရဲကောင်းရဲ့စကားကြောင့် နည်းသစ်ရင်တစ်ခုလုံး လှုပ်လှုပ်ရှားရှားကြီးဖြစ်ကာ ခန္ဓာကိုယ်အတွင်းက သွေးများပူနွေးလာရသည်။

ထိုစဉ်…

စာသင်ချိန်ပြီးဆုံးသွားသဖြင့် ဆရာမက စာသင်ခန်းထဲက ထွက်သွားတော့၏။ ကျောင်းသားတွေ ငြိမ်သက်တိတ်ဆိတ်နေရာမှ လှုပ်လှုပ်ရွရွဖြစ်လာကြပြီး စကားသံတွေလည်း စီခနဲ ထွက်လာသည်။

နည်းသစ်ရဲ့ အထိန်းတော်တွေ ချက်ချင်းဝင်လာ၏။

စောစောကတည်းက…

သူရဲကောင်းနဲ့ စကားတွေပြောနေတာကို မျက်လုံးပြူးမျက်ဆန်ပြူးကြီးတွေနဲ့ စိုးရိမ်တကြီးကြည့်နေကြတာလေ။ စာသင်





နေချိန်မို့သာ ငြိမ်နေရတာ။ ပြီးတယ်ဆိုတာနဲ့ ချက်ချင်းဝင်လာကြ၏။

'နည်းသစ်… ရော့… ဘောပင်(န်)'

အထိန်းတော်ကြီးတွေကို လုံးဝအရေးမစိုက်ဘဲ ငှားရမ်းထားတဲ့ ဘောပင်(န်)ကို သူရဲကောင်းက ကမ်းပေး၏။

နည်းသစ် လှမ်းယူမည်လုပ်တော့ သူရဲကောင်းလက်ထဲက ဘောပင်(န်)ကို အထိန်းတော်တစ်ယောက်က ဆတ်ခနဲဆွဲယူသွားပြီး အတန်းပြင်ထွက်ကာ ဝရန်တာမှတစ်ဆင့် ခပ်ဝေးဝေးဆီသို့ လွှင့်ပစ်လိုက်သည်။

နည်းသစ် ပါးစပ်အဟောင်းသားကလေးနှင့် အံ့ဩသွားသလောက် သူရဲကောင်းကတော့ ထိုလုပ်ရပ်ကို နှုတ်ခမ်းတစ်ချက်တွန့်ရုံသာ မဲ့ပြုံးပြီး အနားကနေ ချာခနဲထွက်သွား၏။

'သူရဲကောင်း'

အားနာစွာပင် နည်းသစ် ခေါ်တော့…

သူရဲကောင်းက လှမ်းလက်စခြေလှမ်းတွေကို ရပ်ကာ သူ့ဆီ ပြန်လှည့်စောင်းကြည့်သည်။

'မနက်ဖြန် တွေ့မယ် နည်းသစ်'

သူရဲကောင်းက ထိုသို့စကားဆိုကာ ကျောပိုးအိတ်ကို ကျောပေါ်ခပ်လျှော့လျှော့တင်ပြီး အတန်းထဲကနေ ထွက်သွားတော့သည်။ ဝိုင်းကြည့်နေသော စာသင်သားတွေကြောင့် နည်းသစ် မျက်နှာမထားတတ်အောင် ရှိနေချိန်တွင်…



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲကောင်းရဲ့ သူငယ်ချင်းတစ်အုပ် နည်းသစ်ရဲ့ အထိန်းတော်တွေကို မကြည်မလင် ဘုကြည့်ကြည့်ပြီး စာသင်ခန်းအပြင်ထွက်တာ လိုက်ပါသွားကြတော့၏။

'ဦးနဂါး… ဘယ်လိုလုပ်လိုက်တာလဲ'

'အစ်ကိုလေး နည်းသစ်ကရော ဘာတွေလျှောက်လုပ်နေတာလဲ၊ ပစ္စည်းကို သူများပေးငှားတယ်၊ စာမကူးဘဲ စကားတွေပြောနေတယ်၊ ဘယ်သူနဲ့မှ စကားမပြောရဘူး အဆက်အဆံမလုပ်ရပါဘူးဆိုတဲ့ စည်းကမ်းကို မလိုက်နာဘူးလေ၊ ဒါကြောင့် ဘာမဟုတ်တဲ့ ဒီဘောပင်(န်)ငှားတဲ့ကိစ္စက အစပျိုးပြီး နောက်ဆက်တွဲပတ်သက်မှုတွေ ရှိလာမှာစိုးလို့ ဖြတ်လိုက်တာ'

ဦးနဂါးစကားက ပြတ်သားသည်။

နည်းသစ်ရဲ့ အမူအရာတွေ ပြောင်းလဲသွားမှာ လုံးဝလက်မခံနိုင်ဘူး။ တားဆီးပိတ်ပင်မည်ဆိုတဲ့ သဘောပဲ။

နည်းသစ်ရင်ထဲ မောလျသွားရ၏။

ဘာစကားမှလည်း ထပ်ပြောချင်စိတ် မရှိတော့ချေ။

သူ့ရဲကောင်း… မင်း စိတ်မဆိုးနဲ့နော်။

အခုအချိန်မှာ… ငါ အစိုးရိမ်ဆုံးက ဘွားသစ္စာဦးရဲ့စည်းကမ်းကို ချိုးဖောက်လို့ အဆူခံရမှာထက် မင်း ငါ့ကို စိတ်ဆိုးပြီး အပြောအဆို အဆက်အဆံမလုပ်တော့မှာကိုပဲ သူ့ရဲကောင်းရယ်။ ငါ… မင်းကို ခင်တယ်။

✿ ✿ ✿



## အခန်း (၈)

'သစ်ရွက်စိမ်း'

'ပြော… ခတ္တာ'

'ရှင့်ကို သူက ခင်ချင်လို့တဲ့၊ ကျုပ်ကို အတင်းမိတ်ဆက်ခိုင်းနေတယ်၊ အပြုံးချိုချိုနဲ့ ခတ္တာက သူ့နံဘေးတွင်ထိုင်နေသည့်သူအား လက်ညှိုးထိုးပြပြီး ပြော၏။

သစ်ရွက်စိမ်း မျက်နှာက တည်ငြိမ်အေးဆေးနေခဲ့သည်။ အပြုံးအရယ် တစ်စက်ကလေးမှ မရှိချေ။ ခတ္တာကို မိတ်ဆက်ခိုင်းတဲ့လူဟာ ခြေဆုံးခေါင်းဆုံးကြည့်ကာ စူးစမ်းလိုက်၏။ သူမမျက်ဝန်းတွေထဲမှာ သံယောဇဉ်ဘွယ်ချင်နေတဲ့ အငွေ့အသက်တွေက အပြည့်နဲ့။

ရုပ်ရည်က အသင့်အတင့်ရှိပြီး သူမနဲ့ အရွယ်က သိပ်မကွာချေ။ သို့သော် ပုံစံက သာမန်လောက်သာရှိမည်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်တာနှင့်ပင် သစ်ရွက်စိမ်း ခန့်မှန်းနိုင်သည်။ သစ်ရွက်စိမ်း ခေါင်းလေးကို ဆတ်ခနဲမော့ပစ်လိုက်၏။

'ရှိးရိုးခင်တာလောက်ကတော့ ပြောစရာမလိုပါဘူး၊ ဖြစ်ပါတယ် ခတ္တာ၊ ဒါပေမဲ့ ဆန်းပြားလာမယ့် အခြေအနေမျိုး ဆိုရင်တော့ အခုကတည်းက အားမနာစတမ်းပဲ အသိပေးထား ပါရစေ၊ သစ်ရွက်စိမ်းက လောဘအရမ်းကြီးတဲ့သူနော်၊ သာမန် လောက်ဆို စိတ်ကူးမယဉ်တတ်ဘူးဟာ'

သစ်ရွက်စိမ်းဆိုတဲ့ မိန်းကလေးရဲ့ စကားကြောင့် သူ့ရဲ ကောင်းမျက်နှာမှာ အံ့သြရိပ်များနှင့်အတူ ရှက်ရွံ့ရိပ်များပါ စွန်းထင်းသွားရသည်။

ဖြောင့်ကျလှချည်လား။

ရုပ်ကလေးက မှုန်ညက်နေအောင်လှပြီး သူတကာ သမင် လည်ပြန်ငေးယူရလောက်သည့် သစ်ရွက်စိမ်းဆိုတဲ့ ကောင်မလေး က သူမရင်ထဲက ဆန္ဒကိုလည်း မကွယ်မဝှက် ပွင့်လင်းစွာပင် ဝန်ခံခဲ့သည်။

သာမန်လောက်ကို စိတ်ကူးမယဉ်ဘူးတဲ့။

ငွေကြေးချမ်းသာ ပြည့်စုံမှပေါ့လေ။

'သစ်ရွက်စိမ်းကလည်း ဘယ်လိုကြီးပြောလိုက်တာလဲ ဟ'

ခတ္တာက သူ့ကို အားနာသွားပြီး တိုက်ခန်းအတူနေ သစ်ရွက်စိမ်းကို ဟန့်တားသည်။





'ဒီလိုပဲပြောရမှာပဲ ခတ္တာ၊ အားမနာသင့်တာကိုတော့ သစ်ရွက်စိမ်း အားမနာနိုင်ပါဘူးလေ၊ ရှင်းသွားတယ်ဆိုရင်လည်း ဆောရီးပဲ ခတ္တာ'

သစ်ရွက်စိမ်းကပြောပြီးတာနဲ့ ချာခနဲလှည့်ကာ အနောက် ဘက်အခန်းအတွင်းသို့ ဝင်သွားတော့သည်။

'ကြီးကျယ်လိုက်တာ'

ခတ္တာ နည်းနည်းတော့ တင်းသွားရ၏။ နေစရာမရှိလို့ နေပါရစေဆိုပြီး အိမ်လခ တစ်လတစ်သောင်းနဲ့ ပေးနေလိုက်တာ။ ထိုမျက်နှာကိုမှ မထောက်။

'နေပါစေ ခတ္တာ၊ သူက ဟန်မှုမဆောင်တတ်တာ၊ သူ့ စိတ်ထဲမှာရှိတဲ့အတိုင်း ပြောတာဆိုတော့ ကြားရသူ နားခါးပေ မယ့် လက်မခံနိုင်စရာမှ မရှိတာ'

သူ့ရဲကောင်းက သည်းညည်းခံနိုင်ပေမယ့် ခတ္တာရင်ထဲ မှာတော့ ခါးနေတုန်း။

'သူ့ရဲကောင်း'

'ပြော'

'နင် ဘယ်လိုဖြစ်နေတာလဲ၊ အရင်က နင့်ကိုထိရင် ဆတ်ဆတ်ခါအောင်နာပြီး ဒေါသတကြီးတုံ့ပြန်ဖို့ကြိုးစားတတ်တဲ့ နင်က သစ်ရွက်စိမ်း အခုလို ရင့်ရင့်သီးသီးဆက်ဆံသွားတာကို တော့ သည်းခံနိုင်တယ်ပေါ့လေ'



www.burmeseclassic.com

www.burmeseclassic.com



'အဟွန်း… ဒါက အကြောင်းရှိတယ်လေဟာ'

'ဘာအကြောင်းလဲ၊ သူ့ရဲကောင်းနော်၊ နင် ပေါက်ကရတွေ လျှောက်မစဉ်းစားနဲ့၊ ဟိုကပြောသွားတာ ကြားတယ်မို့လား၊ နင့်လောက်ကို မမှန်းဘူးတဲ့၊ ရုပ်ကလေးရှိတယ်ဆိုပြီး မာန်တက်နေတာလေ၊ စောင့်ကြည့်ရသေးတာပေါ့၊ ဘယ်လိုလူမျိုးကို ချိတ်မလဲဆိုတာ'

'ဟာ… ချိတ်လို့ ဘယ်ဖြစ်မလဲဟ၊ အဲဒါဆို ငါ့ရင်ထဲက နှလုံးသားတွေ ကွဲအက်ကြေကျကုန်မှာပေါ့၊ သစ်ရွက်စိမ်းကို ငါ တကယ်ငြိသွားတာ ခတ္တာ၊ အလျှော့ပေး နောက်ဆုတ်ရမယ်လို့ စဉ်းတောင် မစဉ်းစားတော့ဘူး'

'ဘာ… ဘာပြောတယ် သူ့ရဲကောင်း'

သူငယ်ချင်းမလေးခတ္တာက မျက်လုံးပြူးကြီးတွေနဲ့ သူ့ကို ပြန်ကြည့်သည်။

'ငါ ချစ်သွားပြီ'

'နင်… နင်နော်… ငါ့ကို မနောက်နဲ့'

'တကယ်ပြောတာ၊ သစ်ရွက်စိမ်းကို ငါ မြင်မြင်ချင်းပဲ ချစ်မိသွားတာ၊ ဒါကြောင့်လည်း နင့်ကို သူနဲ့ မိတ်ဆက်ပေးဖို့ ငါ တောင်းဆိုမိတာပေါ့ ခတ္တာရယ်'

'တော်စမ်းပါဟယ်… နင့်ကို ဟိုက စိတ်မဝင်စားဘူးလို့ ပြောသွားတဲ့ဟာကို'





'ဒါက သူ့အပိုင်းလေ၊ ပြောချင်တာ ပြောခွင့်ရှိတာပဲဟာ၊ ငါ့အပိုင်းကလည်း ငါလုပ်ချင်တာ လုပ်ခွင့်ရှိတယ်လေ ခတ္တာ၊ ငါ ပိုင်ဆိုင်ရယူချင်တာ ရအောင်ကြိုးစားခွင့် ငါ့မှာအပြည့်ရှိတယ်'

'နင်… နင်'

'သစ်ရွက်စိမ်းကို ရအောင်ယူမှာ'

'သူ့ရဲကောင်း'

ခတ္တာ အော်ချေပြီ။

သူ့ရဲကောင်း ဘာမှမပြောဘဲနဲ့ ပြုံး၍သာနေလိုက်၏။ ရင်ဘတ်ထဲ ရောက်နေပြီလေ။

သစ်ရွက်စိမ်းဆိုတဲ့ ကောင်မလေးကို ချစ်မိသွားတဲ့ အချစ် တွေက နှလုံးသားတစ်ခုလုံးမှာ နေရာအပြည့်ယူထားတာ။ ဒါကို ဘယ်လိုပယ်ဖျက်ရမလဲ။

သူ့အလိုလို တိုးဝင်သွားတာများ တားဆီးဖို့တောင် အချိန်မမီလိုက်ပါ။ ခံစားချက်က နုရွလွန်းလှသည်။

'ခတ္တာ'

'ဘာလဲ'

'ငါနဲ့ပတ်သက်ပြီး နင် သူ့ကို ဘာမှပြောနဲ့နော်'

'ဘာကိုလဲ သူ့ရဲကောင်း'

'အရာအားလုံးပဲလေ ခတ္တာ၊ နင် စောစောက သူပြောတဲ့ စကား ကြားတယ်မဟုတ်လား၊ သူက လောဘကြီးတယ်တဲ့၊ ချမ်းသာတဲ့သူဌေးသားကိုပဲ မှန်းတာဆိုတော့…'



www.burmeseclassic.com

www.burmeseclassic.com



ခဋ္ဌာတစ်ယောက် သူရဲကောင်းရဲ့စကားကြောင့် နည်းနည်းတော့ စဉ်းစားသွားရသည်။

ကြီးကျယ်လိုက်တဲ့ သစ်ရွက်စိမ်း။

လူကသာ ဘာမှမဟုတ်တာ။ လေက ထွားသလားမမေးနဲ့။ ခဋ္ဌာက လူတစ်ယောက်ကို အမြင်ကတ်ပြီဆိုလျှင် ဘယ်လိုမှ ကြည့်မရတော့ပါ။

'ခဋ္ဌာ'

'သူရဲကောင်း'

'ပြော ခဋ္ဌာ'

'နင် သူ့ကို ရအောင်ယူနိုင်မလား'

'ဒါ သူရဲကောင်းအတွက် အလွယ်ကူဆုံးအလုပ်ပါ ခဋ္ဌာရာ၊ အရေးကြီးတာက နင်ပဲ'

'နင့်မှာ ချဉ်းကပ်ဖို့ နည်းလမ်းကောင်းရှိနေလို့လား သူရဲကောင်း၊ သစ်ရွက်စိမ်းက နာမည်နဲ့လိုက်အောင် စိမ်းတောက်နေတဲ့ မိန်းကလေးနော်၊ အလွယ်တကူနဲ့ လုံးဝမပြိုလဲနိုင်ဘူး'

'ငါသိပါတယ်၊ အဲဒီလို အရည်အချင်းတွေကြောင့်လည်း ငါ ခံစားလို့ရသွားတာပေါ့၊ ဒါပေမဲ့ ငါပိုင်ဆိုင်ချင်တာ နာကြည်းလို့ရအောင်ယူတာမျိုး မဟုတ်ဘူးနော်၊ တကယ်ချစ်မိသွားလို့ အနားမှာ ရှိစေချင်တာမျိုးပဲ ခဋ္ဌာ'

ခဋ္ဌာ အဲဒါတွေ စိတ်မဝင်စား။





ခဋ္ဌာ သိတာ အရေးကြီးတဲ့ မိန်းမကို ပညာပေးချင်တာ တစ်ခုတည်းပဲ။

သူရဲကောင်း... ရှေ့ဆက်ဖို့ သူမဆီက တောင်းဆိုနေပြီ။

ကူညီရမှာပေါ့။ ပွဲကြီးပွဲကောင်းမကြည့်ရတာ ဘယ်လောက်တောင် ကြာနေပြီလဲ။

သစ်ရွက်စိမ်း။

နင် ရှောင်စမ်း။

သူရဲကောင်းဆိုတဲ့ လူတစ်ယောက်ရဲ့ စက်ကွင်းထဲက နင် ရအောင်ရုန်းထွက်ပြစမ်း။ ငါ နင့်ကို လက်ခုပ်တီးဖို့ ပရိသတ်တစ်ယောက်အနေနဲ့ စောင့်ကြည့်နေမယ် သစ်ရွက်စိမ်း။

'ခဋ္ဌာ'

'အိုကေလေ... သူရဲကောင်း၊ ငါ သဘောတူပါတယ်၊ နင် ခံစားရတယ်ဆိုရင်လည်း နင့်သဘောဆန္ဒအတိုင်းပဲ လုပ်ပေါ့ဟာ၊ ငါကတော့ နင်ပြောထားတဲ့စကားအတိုင်းပဲ နေပေးပါ့မယ်'

'ဟာ... တကယ်နော် ခဋ္ဌာ'

'အေးပါဟယ်'

'ကျေးဇူးပါပဲ... ခဋ္ဌာရာ၊ နင့်ဆီကို ဒီတစ်ခါ လာလည်ရကျိုး တကယ်နပ်သွားပြီ သိလား၊ ကဲ... ငါသွားမယ် ခဋ္ဌာ၊ နင် အောင်မြင်မှုကို ဘာမှာဦးမလဲ'

'အံမယ်... သူရဲကောင်းနော်၊ ငါက ဘာမှာရမှာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'မသိဘူးလေဟာ၊ နင် တစ်ခုခုများ မှာချင်သေးလား ဆိုပြီး မေးတာ၊ ဒါဆိုလည်း ငါ ဘာမှမပြောတော့ဘူးနော်'

ခတ္တာက သူရဲကောင်းရဲ့သူငယ်ချင်း အောင်မျိုးဆိုတဲ့ ကောင်ကို ကြိတ်ပြီး စိတ်ဝင်စားနေသည်။

ဒါကို… သူရဲကောင်းက ရိပ်မိ၏။

ခတ္တာကို စနောက်တော့ ရှက်သွားတဲ့ ခတ္တာရဲ့မျက်နှာမှာ ရှက်ရိပ်တွေနဲ့ ပြည့်လို့။

'ခတ္တာ'

'သွားတော့ဟာ သူရဲကောင်း'

'အေးပါ… ငါသွားမှာပါ၊ မသွားခင်လေ အကျိုးပြန် ဆောင်ပေးဖို့ သေချာမေးနေတာ၊ မလိုအပ်ဘူးဆိုရင်လည်း ပြီးတာ ပါပဲ၊ ကဲ… ငါသွားမယ် ခတ္တာ'

သူရဲကောင်း နှုတ်ဆက်ကာ ထရပ်လိုက်သည်။

ပြန်ကာနီး… သံယောဇဉ်နှောင်တွယ်နေသော စိတ် အရင်းခံလေးနှင့် သစ်ရွက်စိမ်း ဝင်သွားတဲ့အခန်းလေးဆီ လှမ်း ကြည့်မိသေးသည်။

မမစိမ်းကတော့ နာမည်နဲ့လိုက်အောင်ကို စိမ်းတာပါဘိ တော့။

ဝင်သွားကတည်းက လုံးဝကို အပြင်ပြန်ထွက်မလာတော့ ချေ။





ချစ်တယ် သစ်ရွက်စိမ်းရယ်။

ကိုယ်…

မင်းကို အရမ်းချစ်တယ်။

အဲဒီအတွက်…

ကိုယ် တကယ်ပဲ စိတ်မကောင်းပါဘူးကွာ။ ဘာဖြစ်လို့ …ဆိုတော့ ကိုယ့်ကြောင့် မင်းမှာရှိနေတဲ့ အတ္တတွေ စွန့်ခွာပေး …တော့မှာကို…

သစ်ရွက်စိမ်းရယ်…

'သူရဲကောင်း'

ခေါ်သံကြောင့် လွင့်မျောချင်နေတဲ့ အာရုံက ဖျတ်ခနဲ …စုစည်းတိုးဝင်လာ၏။

'သိပ်ပြီးလည်း ကြွေပြမနေနဲ့၊ နင့်ကို သနားတဲ့သူ ရှိမှာ …တ်ဘူး'

'ထင်လား'

'ဘာကိုလဲ သူရဲကောင်း'

'သစ်ရွက်စိမ်း အဲဒီလိုလုပ်လိမ့်မယ်လို့'

'မြင်နေကျဟာကိုများဟယ်၊ သစ်ရွက်စိမ်းအကြောင်း …နင့်ထက် ငါက အနီးကပ်နေလို့ ပိုသိပါတယ် သူရဲကောင်း …၊ ကိုယ့်ကိုယ်ကိုယ် သိပ်ပြီးအထင်တွေစွတ်ကြီးမနေနဲ့၊ …စ်ရွက်စိမ်းက ခက်တယ်နော်'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါကြောင့် ကြိုက်တာလေ ခတ္တာ၊ သူ့ရဲကောင်း၏ ရင်ထဲက ချစ်ခြင်းမေတ္တာကို ပိုင်ဆိုင်ခွင့်ရတဲ့မိန်းမက သာ ခပ်ပျော့ပျော့မိန်းမတစ်ယောက်တော့ မဖြစ်စေချင်ဘူး၊ ဒါကြော သစ်ရွက်စိမ်းကို ရွေးလိုက်တာ'

ခတ္တာ ဘာမှဆက်မပြောလိုတော့ပါ။

သူ့ရဲကောင်းဆိုတဲ့လူရဲ့ စိတ်ဓာတ်ကိုလည်း သူမ သိထား ပြီးသားလေ။ နယ်မှာအတူနေလာကြတဲ့သူတွေ။ တက္ကသိုလ်တက် မှ ရန်ကုန်ကို တက်လာကြတာ။

သူ့ရဲကောင်းရဲ့ ဘဝ။ ရင်ဆိုင်ဖြတ်သန်းခဲ့ရတဲ့ အတိတ် တွေအားလုံး ခတ္တာ သိထားပြီးသားဖြစ်သည်။

နှုတ်ဆက်ပြီး ပြန်သွားတဲ့ သူ့ရဲကောင်းကို အောက်ဆုံး ထပ်အထိ ခတ္တာ လိုက်ပို့မိ၏။ ခတ္တာနေတာက လေးလွှာမှာလေ

တိုက်ခန်းတစ်ခုကို သူငယ်ချင်းသုံးယောက် နယ်ကနေ ရောက်လာပြီး ကျောင်းတက်ဖို့ စုပေါင်းငှားတာ။ နောက်တော့ ပိုပြီးသက်သာအောင်ဆိုပြီး အလုပ်လာလုပ်ကြတဲ့ မိန်းကလေး တွေပါ ခေါ်တင်လိုက်တာလေ။

တိုက်ခန်းမှာငှားနေတဲ့ မိန်းကလေးစုစုပေါင်း ခြောက် ယောက်။ တစ်ယောက်ကို အိမ်လခ တစ်သောင်းစီကျခံကြ ကျန်သောရေဖိုး၊ မီတာဖိုးအား မျှပေးကြေးစနစ်နဲ့ တောင်းခံခဲ့၏ စားသောက်တာ ကိုယ့်အစီအစဉ်နဲ့ ကိုယ်ပဲ။



အခုတော့ . . .

ခတ္တာရဲ့ အကြံကြီးမှုနဲ့ အစီအမံကောင်းမှုက ခံရပြီ။ သစ်ရွက်စိမ်းဆိုတဲ့ မိန်းမ။

အခန်းမှာနေတဲ့ အသိမိတ်ဆွေ ဥမ္မာနဲ့ ရင်းနှီးပြီး ခေါ်တင် ...ိုက်မိတာ။

ခံစားရပြီလေ။

သင်းရဲ့စိတ်ရင်းကို သိရပြီလေ။

လက်ခံထားပြီးပြီဆိုတော့လည်း မတတ်နိုင်ပါတော့ချေ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

'နည်းသစ်… လာခဲ့'

'ဟာ… သူရဲကောင်း'

'လာစမ်းပါကွာ'

သူ့လက်တစ်ဖက်ကို ခပ်တင်းတင်းဆုပ်ကိုင်ကာ ယောက်ျားလေးသန့်စင်ခန်းထဲ ခေါ်သွင်းလိုက်တဲ့ သူရဲကောင်း မြန်ဆန်သွက်လက်တဲ့ လုပ်ရပ်။

ကားပေါ်မှဆင်းလိုက်တယ်ဆိုတာနဲ့ လွယ်အိတ်ဆွဲထု နေတဲ့ ဦးနဂါးနဲ့ ဦးငမန်းတို့ အထိန်းတော်နှစ်ယောက်ကို မစော တော့ဘဲ ရှေ့ကနေ ထွက်လာခဲ့တဲ့ နည်းသစ်ကို သူရဲကောင်း မြင်တွေ့သွားကာ ခေါ်လိုက်ခြင်းပဲ ဖြစ်သည်။

'အောင်မျိုး… အခြေအနေ'

'အပေါ်ထပ်ကို သုတ်သုတ်ပြေးတက်သွားပြီ'





'အိုကေ…'

သူရဲကောင်းရဲ့မျက်နှာက ပြုံးသွား၏။

'နည်းသစ်… လစ်ကြစို့'

'ဘယ်ကိုလဲ'

'မင်း မထိတွေ့ဖူးသေးတဲ့ လောကသစ်ထဲ လျှောက်သွားမယ်၊ လာစမ်းပါ… မင်း စိတ်ဝင်စားမှာပါ'

နည်းသစ်ကိုခေါ်ပြီး သန့်စင်ခန်းထဲက ခပ်သွက်သွက်ထွက်ကာ စာသင်ကျောင်းနှင့် အဝေးဆုံးဆီသို့ သူငယ်ချင်းတစ်အုပ်စုလုံး ပြေးထွက်ခဲ့ကြသည်။

နည်းသစ်… စိတ်တော့ နည်းနည်းလှုပ်ရှားမိ၏။

သို့သော်…

ပျော်ရွှင်ကြည်နူးနေသည်။

သူရဲကောင်းက…

ဦးနဂါးနဲ့ ဦးငမန်း အလစ်မှာ သူ့ကို ဝှက်လိုက်ပြီး ဟိုနှစ်ယောက်က သူ အပေါ်ထပ်တက်သွားပြီထင်ကာ ဇွတ်အတင်းပြေးလိုက်သွားချိန်မှာတော့ သန့်စင်ခန်းကနေ ပြန်ထွက်ပြီး စာသင်ဆောင်တွေထဲက ထွက်လာကြတာ။

ကျန်ခဲ့ပြီ။ အစောင့်အရှောက်တွေ ကျန်ရစ်ခဲ့ပြီ။

နည်းသစ်ကတော့ ဦးဆောင်တဲ့ သူရဲကောင်းရဲ့နောက်ကနေ သူငယ်ချင်းတွေ တရုန်းရုန်းနှင့် လျှောက်သွားနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကိုသွားနေတာလဲ။

သူ မသိ။

သို့သော်··· သူ ပျော်ရွှင်နေမိသည်။

သူငယ်ချင်းတွေနဲ့အတူ လိုင်းကားတိုးစီးပြီး ကျောင်းထဲက ထွက်ခဲ့ကြ၏။ ကားခကို သူရဲကောင်းက ရှင်းပေးသည်။ နည်းသစ်လက်ထဲမှာ ငွေတစ်ပြားမှ မပါခဲ့ချေ။ ပိုက်ဆံအိတ်က ကျောပိုးအိတ်ထဲတွင် ကျန်ရစ်ခဲ့သည်။

ဒီတော့··· အားနာနာနဲ့ပဲ သူရဲကောင်းရှင်းတာ လက်ခံလိုက်ရတာ ပေါ့။

'သူရဲကောင်း'

'ပြော'

'အခု ဘယ်သွားမလို့လဲ'

'Game City ကို သွားမှာ၊ ဒါကြောင့် မင်းကို ခေါ်လာတာပေါ့ နည်းသစ်၊ စာသင်ချိန်သိပ်မရှိဘူးလေကွာ၊ အားလုံးတိုင်ပင်ပြီး ဘယ်သွားရင်ကောင်းမလဲ စဉ်းစားနေကြတာ၊ နောက်ဆုံးတော့ Game City မှာ သွားကြဖို့ ဆုံးဖြတ်ပြီး ထွက်လာတာပဲ၊ သန့်စင်ခန်းထဲဝင်နေတုန်း မင်းရောက်လာတာနဲ့ တွေ့ပြီး မင်းကိုပါ ခေါ်သွားဖို့ စိတ်ကူးရလိုက်တာပဲ နည်းသစ်'

Game City မှာ သွားကြဖို့တဲ့။

သူ···





ထိုနေရာကိုရောက်တော့ ရောက်ဖူးသည်။ စက်တွေမျိုးစုံမှာ ကစားနေကြတဲ့သူတွေက အပြည့်။ ထိုစက်တွေထဲတွင် အကလေ့ကျင့်တဲ့စက်တွေလည်း ရှိသည်။ ကောင်လေးတချို့ရော မိန်းကလေးချို့ပါ ထိုစက်ပေါ်တက်ပြီး ထွက်ပေါ်လာတဲ့ မြားလေးတွေအတိုင်း ခြေနင်းကွက်မှန်မှန်နင်းကာ စီးချက်နဲ့အညီ လိုက်ပါကခုန်နေတာလည်း မြင်ဖူးသည်။

သို့ပေမဲ့···

ကိုယ်တိုင်တော့ တစ်ခါမှကို မကဖူးခဲ့ချေ။ ထိုကစားကွင်းထဲသွားလျှင် သူ ဆော့ဖြစ်တာဆို၍ ကားမောင်းခြင်းပဲ ရှိခဲ့သည်။ တခြားစက်တွေ အဆော့နည်းပါး၏။

'နည်းသစ်'

'ပြော'

'မင်း ရှိုးပွဲလိုက်ဦးမလား'

'ဘယ်ရှိုးပွဲလဲ'

'မျှော်စင်ကွန်းက ရှိုးပွဲလေ'

'ဘယ်အချိန်စမှာမို့လို့လဲ သူရဲကောင်း'

'ခြောက်နာရီခွဲ ခုနစ်နာရီလောက် စမှာပေါ့ကွာ'

'ဒီကပြန်တာနဲ့ မင်းတို့ သွားမှာလား'

'ဟာ··· ညနေမှဟာကို တစ်ခါတည်းတော့ ဘယ်သွားမလဲကွ၊ နေ့လယ်ပိုင်း အိမ်ခဏပြန် ရေမိုးချိုးပြီးမှသွားမှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



နည်းသစ် အနည်းငယ်တော့ ကသိသအောက်ဖြစ်သွာ ရသည်။ အိမ်ပြန်လို့ကတော့ ပြန်ထွက်ဖို့နေနေသာသာ အိမ်ခန်းထဲကနေတောင် အပြင်ထွက်ရပါ့မလား မသေချာ။

ခုလောက်ဆိုလျှင်…

နည်းသစ် လစ်ထွက်သွားလို့ ဦးနဂါးတို့၊ ဘွားသစ္စာဦးဆီ ဖုန်းလှမ်းဆက်ကာ အသိပေးပြီးလောက်ပြီလေ။

ဒေါသတွေ အကြီးအကျယ်ပေါက်ကွဲနေတော့မှာပါပဲ။

နည်းသစ်ကိုလည်း မတွေ့တွေ့အောင်ရှာပြီး ပြန်ခေါ်လာခဲ့ဖို့ မှာကြားနေလောက်ပြီ။

'နည်းသစ်'

'ပြော…'

'ငြိမ်လှချည်လား၊ ဘာလဲ… ငါတို့နဲ့ လိုက်လာရတာ မင်း ညစ်နေပြီလား'

'မညစ်ပါဘူး သူရဲကောင်းရာ၊ တစ်ခါမှ သူငယ်ချင်းတွေနဲ့ အခုလို လျှောက်မသွားဖူးလို့တောင် အသစ်အဆန်းဖြစ်ပြီး ပျော်နေတာ၊ မင်းတို့သွားမယ့် ရှိုးပွဲကို ဘယ်လိုလုပ်ပြီးလိုက်ရ ကောင်းမလဲ စဉ်းစားနေတာကွ'

'ဒါများကွာ… မင်းကို လိုက်ချင်သလားပဲ မေးတာပါ၊ မင်း စိတ်မပါရင် အိမ်ပြန်လိုက်ပို့ပေးမလို့ကွ၊ မင်းသာ လိုက်ချင်တယ်ဆိုလို့ကတော့ ငါတို့က ဘာပြောစရာရှိလဲ နည်းသစ်ရာ မင်း အားလုံးအဆင်ပြေတဲ့အထိကို စီစဉ်ပေးမှာ'





'ဟင်… တကယ်လား'

'တကယ်ပေါ့ကွ၊ ဒီကနေပြန်ရင် ငါတို့အားလုံး အတူတူငှားနေတဲ့အိမ်ကို ပြန်ပြီး နေ့လယ်စာစားသောက်ကြမယ်၊ ခဏအနားယူမယ်၊ ပြီးမှ ရေမိုးချိုးပြင်ဆင်ပြီး ကားငှားသွားကြမယ်၊ မင်းပါ လိုက်ခဲ့ပေါ့ကွာ'

'ဟာကွာ… ကောင်းလိုက်တဲ့အစီအစဉ်၊ ငါ မင်းတို့နဲ့ လိုက်ခဲ့မယ် သူရဲကောင်း'

'အိုကေ နည်းသစ်'

နည်းသစ်တစ်ယောက် ကြည်နူးစွာပင် ပြုံးလိုက်မိသည်။

ဘဝတစ်သက်တာလုံးမှာ ပထမဦးဆုံး ကြုံတွေ့ရတဲ့ခံစားမှုလေ။ သူတစ်ပါးအတွက်တော့ ရယ်စရာဟာသတစ်ခု ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ နည်းသစ်အတွက်ကတော့ စိတ်လှုပ်ရှားစရာအတိရှိနေသော ခံစားမှုရသလေးများသာ ဖြစ်နေခဲ့သည်။

သူငယ်ချင်းအဖော်တွေနဲ့ အခုလို စိတ်လွတ်ကိုယ်လွတ် လျှောက်လည်ပတ်ဖို့နေနေသာသာ စကားရပ်ပြောတာပင်လျှင် ထိန်းချုပ်ကန့်သတ်ချင်တဲ့ ဘွားသစ္စာဦး။

မိတ်ဆွေအပေါင်းအသင်းဆိုလျှင် အမြဲတမ်း စိစစ်နေတတ်သည်။ ဘယ်သူ့သားသမီးလဲ။ မိဘအနေအထားက ဘယ်လိုရှိလဲ။ သူကိုယ်တိုင်ကရော မြေးဖြစ်သူနဲ့ သူငယ်ချင်းမိတ်ဆွေတစ်ယောက်အနေနဲ့ စကားပြောဖို့ ထိုက်တန်ရဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေလျှောက်ပြီး စိတ်ပူနေမှန်းလည်း မသိပါ။

လူငယ်ဆိုတာ…

သူလုပ်လိုက်တဲ့ လုပ်ရပ်တစ်ခုက အမှားရှိသလို အမှန်လည်း ရှိနိုင်သည်။ အဓိက ဆိုးသွမ်း၊ ရိုင်းစိုင်း၊ ပျက်စီးမနေဘူးဆိုရင်ပဲ ရလောက်ပြီ။ မဟုတ်ဘူးလား။

ပျော်ချင်ပါးချင်တာ လူငယ်သဘာဝပဲ။

ဒါကို ဘွားသစ္စာဦးက စည်းကမ်းမဲ့တာဆိုသည့် စွဲချက်ကြီးနှင့် ပျစ်ပျစ်နှစ်နှစ်ဝေဖန်ကာ ကန့်သတ်ထိန်းချုပ်ထားခဲ့သည်။ အဆင့်အတန်းမရှိ လေလွင့်ခြင်းဟု စွပ်စွဲကာ ကဲ့ရဲ့ရှုတ်ချခဲ့၏။

ဂုဏ်ရည်တူ၊ အဆင့်အတန်းချင်းတူသူနဲ့သာလျှင် သူငယ်ချင်းမိတ်ဆွေ အဖြစ်ခံသည်။

ကိုယ် ခင်တွယ်ချင်တဲ့သူနဲ့လည်း မခင်တွယ်ရပါ။

အခု သူ့ရဲကောင်းဆိုတဲ့သူငယ်ချင်းကို နည်းသစ် ခင်တွယ်နေမိသည်။ သူနေထိုင်သွားလာလှုပ်ရှားတာကို အားကျနေမိ၏။

သို့သော်…

သူ့ရဲကောင်းလိုပုံစံမျိုးရှိသည့် သူတစ်ယောက်နှင့် ဘွားသစ္စာဦးက မိတ်ဆွေသူငယ်ချင်းဖြစ်ဖို့ လုံးဝကို လက်ခံမည်မဟုတ်ပါ။ ဆင်းရဲသားဆိုလျှင် နှာခေါင်းရှုံ့ချင်တာ ဘွားသစ္စာဦးရဲ့ အကျင့်တစ်ခုပါပဲ။





ဒါကို နည်းသစ် ဆန့်ကျင်လိုက်ချင်ပါသည်။ ကံတရားကြောင့်သာ လူတွေ ဆင်းရဲခြင်း၊ ချမ်းသာခြင်းဆိုတာ ကွာခြားနေခဲ့တာ။ ဆင်းရဲသားတိုင်း အကျင့်သီလမကောင်းနိုင်ဘူး၊ စရိုက်ကြမ်းတမ်းမှာပဲလေဟု ထင်လျှင် မှားလိမ့်မည်ဟု ရှင်းပြချင်ပါသည်။

ဘွားသစ္စာဦး လက်ခံမှာ မဟုတ်ဘူးဆိုတာလည်း နည်းသစ် သိ၏။ ဒါကြောင့်လည်း အတိုက်အခံလုပ်ကာ နည်းသစ် ဖြေရှင်းမနေတော့ပါ။ သူ့ရဲကောင်းနဲ့ ကျောင်းမှာ စကားပြောမိတာလေးကိုတောင် ကြီးမားတဲ့ပြစ်မှုကြီးတစ်ခုကို ကျူးလွန်သလို ထင်မှတ်နေတဲ့ ဘွားသစ္စာဦးကို နားလည်လက်ခံလာအောင် သူ ဘယ်လိုလုပ်ပြီး ကြံဆောင်နိုင်ပါတော့မလဲလေ။

'နည်းသစ်'

'ဟင်… ဘာ… ဘာလဲ သူ့ရဲကောင်း'

'တွေးလှချည်လားကွ၊ မင်းကိုခေါ်နေတာတောင် မကြားဘူး'

'အင်း… ငါ… ငါ့မှာ ပိုက်ဆံတစ်ပြားမှ ပါမလာဘူး သူ့ရဲကောင်းရာ၊ ပိုက်ဆံအိတ်က ကျောပိုးအိတ်ထဲမှာ ထည့်ထားနေကျဆိုတော့ ဟိုရောက်ရင် ရှင်းဖို့ငွေက…'

'အမလေးကွာ… ဒါများ အတွေးနစ်မျောနေရတယ်လို့ ငါ့မှာ ပါပါတယ်ကွာ၊ မင်းတစ်ယောက်စာလောက်လေးများ



www.burmeseclassic.com

www.burmeseclassic.com



ဘာကုန်တာမှတ်လို့၊ ဒီလိုပဲ မှုတသုံးရင် ဖြစ်တာပဲဟာ၊ ခေါင်းထဲ တွေးပူမနေနဲ့ နည်းသစ်'

'အေးလေကွာ… မင်းကလည်း ငါတို့နဲ့သွားတာများ ဘယ်လောက်ထိကုန်ကျမယ်ဆိုပြီး ထင်နေလို့လဲ၊ စိတ်ပူမနေနဲ့ နည်းသစ်'

အောင်မျိုးကလည်း အားပေးပါသည်။

ဆိုးတော့ မဆိုးပါဘူး။

ပြည့်စုံချမ်းသာတာ မဟုတ်ကြပေမယ့် သူငယ်ချင်းအပေါင်းအသင်းအပေါ်မှာတော့ ဝေမျှချင်တဲ့ စိတ်အရင်းခံလေးတော့ ရှိကြသည်။ ပိုက်ဆံပါမလာတဲ့သူ့ကို အားငယ်မှာစိုး၍ ဝိုင်းအားပေးနေကြ၏။

ကစားကွင်းထဲကို လျှောက်သွားတော့လည်း နည်းသစ်ကိုသာ ဦးစားပေးဖြည့်ဆည်း၏။ ဘာလုပ်ချင်လဲ၊ ဘာစားချင်သလဲ၊ ငွေထုတ်ပေးကြ၏။ နည်းသစ် တောင်းလျှင် အားနာနေမည်စိုးကြကာ အလိုက်သိစွာပင် ရှင်းပေးကြသည်။ နည်းသစ် လုံးဝမျက်နှာမငယ်ရပါ။

စိတ်ရင်းကောင်းတဲ့ သူငယ်ချင်းတွေပါပဲ။

"Game City" ထဲမှာဆော့ပြီးတော့ လိုင်းကားနှင့်ပင် တပျော်တပါးတိုးစီးကာ အိမ်ပြန်ခဲ့ကြ၏။

နယ်ကနေ ကျောင်းလာတက်ကြတဲ့သူတွေဆိုတော့





ယောက်ျားလေးတွေ စုပေါင်းပြီး တိုက်ခန်းငှားနေကြ၏။ ထိုတိုက်ခန်းဆီ နည်းသစ် လိုက်သွားမိသည်။

လူပျိုလူလွတ်တွေချည်းပဲနေသော တိုက်ခန်းက ရှုပ်ပွကာနိုင်ဖို့နေရာပင် မနည်းဖယ်ရှင်းနေရသည်။

အဝတ်အစားတွေ၊ စာစောင်တွေဆိုတာ ကြမ်းပြင်မှာသလျက်ရှိ၏။ ကြိုးတန်းမှာလည်း လှန်းထားတဲ့ အဝတ်အထည်တွေက ကျပ်ညပ်လို့။ တိုက်ခန်းလေးက သူ့အိပ်ခန်းထက် အနည်းငယ်သာ ရှည်မည်။ ထိုသို့ ကျဉ်းကျပ်သောအခန်းမှာ ယောက်ျားလေးတွေ ခြောက်ယောက်လောက် စုပေါင်းနေထိုင်ကြတာ အံ့သြစရာပါပဲ။

သို့ပေမဲ့…

အားလုံးကိုကြည့်ရတာ စိတ်ညစ်စရာပုံစံမျိုး ခံစားရခြင်းမရှိကြပါ။ ပျော်ရွှင်နေကြသည်။ တဟေးဟေး တဝါးဝါးနှင့် တစ်ယောက်တစ်ခွန်း အလုအယက် စကားတွေပြောကာ ပွဲကျနေကြ၏။ စိတ်ဆင်းရဲခြင်း၊ သောကရောက်ခြင်းမျိုး လုံးဝမရှိတာပါ။

နည်းသစ်လည်း ထိုအထဲတွင် ရောနှောကာ ပျော်ရွှင်နေသည်။

အိမ်ကိုလည်း သတိမရ။

ဘွားသစ္စာဦးရဲ့ အမိန့်တွေဆိုတာ ဝေးရောပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်လေ။

ထွက်လာခဲ့ပြီးတော့မှ ဘာကြောင့် နောက်ဆံတင်းနေ
ဦးမှာလဲ။ သေချာတာက အိမ်ကိုပြန်သွားတာနှင့် အပြစ်ပေးခံ
တော့မည်လေ။

မထူးဘူးလေ။

နေရတုန်း ပျော်ပျော်နေရတာ အကောင်းဆုံးပဲ။

နည်းသစ်တစ်ယောက်···

စိတ်တွေကို တင်းမထားဘဲ လျှော့ချလိုက်တော့သည်

✿ ✿ ✿



## အခန်း (၁၀)

ခြံရှေ့မှာ တက္ကစီကား ထိုးရပ်လိုက်တယ်ဆိုလျှင်ပဲ
ခြံစောင့် ကိုဘမော်၏ မျက်ဝန်းစူးရှုတွေက ဆတ်ခနဲရောက်လာ
၏။ ကားပေါ်ကနေ နည်းသစ် ဆင်းလာတာမြင်တော့ ပြုံးပြုံး
ပျာပျာဖြစ်ကာ ခြံတံခါးသော့ကို ကမန်းကတန်းဖွင့်ပေးသည်။

'အစ်ကိုလေး နည်းသစ်'

သူ···

အေးဆေးစွာပင် ခြံထဲဝင်ခဲ့လိုက်၏။

'ဘယ်တွေ လျှောက်သွားနေတာလဲဗျာ၊ သစ္စာဦးဂေဟာ
က လူတွေအားလုံး အစ်ကိုလေးနည်းသစ် ပျောက်သွားလို့ စိတ်ပူ
နေကြတယ်၊ ဘွားသစ္စာဦးက အဆိုးဆုံးပဲ အစ်ကိုလေးနည်းသစ်
ရယ်၊ သူ့မြေး ရှာမတွေ့ရမလားဆိုပြီး တငိုငို တရယ်ရယ်နဲ့ဗျာ၊
ရန်ကုန်တစ်မြို့လုံး လိုက်ရှာစမ်းဆိုပြီး လူတွေကိုလွှတ်လိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



လည်း မပြောပါနဲ့တော့၊ မတွေ့မချင်း ပြန်မလာကြနဲ့ဆိုပြီးတော့ကို ပြောနေတာဗျ’

ထင်ထားပြီးသားပဲ။

ဘွားသစ္စာဦးကတော့ သူ့ကို လိုက်ရှာခိုင်းနေလောက်ပြီဆိုတာလေ။ နည်းသစ် ဘာမှပြန်မပြောဖြစ်။ ခြံဝင်းကျယ်ကြီးထဲက နှစ်ထပ်တိုက်အမြင့်ကြီးဆီသို့သာ လှမ်းလျှောက်ကာသွားနေလိုက်သည်။

‘ဟင်… သား… သားလေး ပြန်လာပြီ’

သူ တရွေ့ရွေ့နဲ့ လှမ်းလျှောက်သွားစဉ် သူ့အား စိတ်ပူပြီး တိုက်ပေါက်ဝထွက်ကြည့်တဲ့ မေမေနှင့် ဆုံသွား၏။ မေမေက သူ့ကိုမြင်တော့ ဝမ်းသာအားရပင် အပြေးအလွှားကြိုဆိုသည်။

‘သား… သားရယ်၊ ဘယ်တွေလျှောက်သွားနေတာလဲ၊ လူကြီးတွေအားလုံး စိတ်ပူနေမယ်ဆိုတာ မတွေးမိဘူးလားဟင်၊ ဘယ်လိုစိတ်ကူးမျိုးနဲ့ အခုလိုကြီး လုပ်လိုက်ရတာလဲ၊ မင်းအဘွားဆိုရင် ကျောင်းမှာ မင်းပျောက်သွားတယ်ဆိုတဲ့ သတင်းရကတည်းက ရှော့ဖြစ်ပြီး သတိတောင်လစ်သွားတာ၊ ဆရာဝန်တောင် အိမ်ပင့်ရတဲ့အထိပဲ သားရယ်’

အမေက သူ့ပခုံးလေးကိုဖက်ကာ အိမ်လေးထဲခေါ်ဆောင်လာရင်း တတွတ်တွတ်နှင့် ပြောလာသည်။ မေမေ့လေသံက ပူနေတဲ့လေသံမျိုးတော့ မဟုတ်။





‘သား’

‘ဗျာ…’

‘ဘယ်တွေ သွားနေတာလဲဟင်၊ ဒီအချိန်ကြီးထိ မင်းဘယ်မှာနေနေတာလဲ၊ ပိုက်ဆံအိတ်ကလည်း လွယ်အိတ်ထဲမှာကျန်ခဲ့တာဆို’

သူ ပြန်မဖြေမိပါ။

တိတ်ဆိတ်ငြိမ်သက်ပြီးသာနေမိသည်။ သူ့ပုံစံက မေမေ့မျက်လုံးထဲမှာတော့ အထူးအဆန်းဖြစ်နေမလား။ တိုက်ထဲဝင်လေသည့်တိုင် ဘာစကားမှ ပြန်မပြောဖြစ်သေး။

‘သား… မင်း ဘယ်သူနဲ့လိုက်သွားတာလဲ၊ မင်း တစ်ယောက်တည်းတော့ အခုချိန်ထိနေလို့မရနိုင်ဘူး၊ ဘာလဲ… မင်းအတန်းထဲက အခန်းဖော်သူငယ်ချင်း ကောင်လေးနဲ့ လိုက်သွားတာမဟုတ်လား’

‘ဟုတ်တယ် မေမေ၊ သား ပျင်းလွန်းလို့ သူတို့နဲ့လိုက်သွားတာ’

‘ပြဿနာ တကယ်ရှာတာပါလား နည်းသစ်ရယ်၊ မင်းကြောင့်နဲ့တော့ ခက်တော့တာပဲ၊ မင်းအဘွားအကြောင်းလည်းသိရဲ့သားနဲ့ကွယ်၊ အခုလိုလုပ်ရသလား၊ မင်းကို သူနဲ့မပေါင်းရဘူးလို့ မှာထားတယ်မို့လား နည်းသစ်၊ အဲဒီကောင်လေး ကြည့်ရတာ ပေါ့ပျက်ပျက်နဲ့ဆို၊ အဲဒီလို လမ်းဘေးအကျင့်စရိုက်မျိုး



www.burmeseclassic.com

www.burmeseclassic.com



ရှိနေတဲ့သူနဲ့ ဘာဖြစ်လို့ သူငယ်ချင်းသွားဖွဲ့ရတာလဲ နည်းသစ်၊ မင်းအဘွား သောင်းကျန်းတော့မှာပဲကွယ်’

‘သောင်းကျန်းတော့လည်း ခံလိုက်တာပေါ့ဗျာ၊ ထူးဆန်းတာမှ မဟုတ်တာ၊ အမိန့်မနာခံတိုင်း စိတ်တိုင်းကျမဖြစ်တိုင်း ဆူမယ်၊ ကြိမ်းမောင်းမယ်၊ အပြစ်ဒဏ်ပေးမယ်၊ အဲဒါပဲ စိတ်ကူးနေတတ်တာ ထုံးစံတစ်ခုလိုဖြစ်နေပြီပဲဟာ၊ လုပ်ပါစေပေါ့ မမေရာ၊ သားတို့မိသားစုကမှ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ပြီးမှ မနေနိုင်တဲ့ဟာ၊ ဘွားသစ္စာဦးရဲ့အရိပ်မှာ မှီနေရတော့လည်း ဒီလိုပဲနေရဦးမှာပေါ့’

အို…

မြေးဖြစ်သူ စကားကြောင့် ဧည့်ခန်းလေးထဲကိုဝင်မည့် ဒေါ်သစ္စာဦး ခြေလှမ်းတွေ တုံ့ခနဲနေအောင်ပင် ရပ်တန့်သွားရပါသည်။

အိမ်အကူကောင်မလေးရဲ့ သတင်းပေးချက်ကြောင့် မြေးလေးနည်းသစ် အိမ်ပြန်လာပြီဆိုတာကို သိလိုက်ရတာမို့ ဝမ်းသာလုံးဆို့ပြီး အိပ်ရာမှလဲနေရာမှ ကျုံးရှန်းထကာ အောက်ထပ်သို့ ဆင်းလာခဲ့တာပါ။

စိတ်ပူနေတာလေ။ မြေးလေး ပျောက်သွားတယ်။ ဘယ်လိုမှ ကျောင်းထဲမှာမတွေ့တော့ဘူးဆိုတဲ့ သတင်းကြောင့် ဒေါ်သစ္စာဦး ခေါင်းထဲမိုက်ခနဲဖြစ်ကာ မျက်လုံးတွေပင် ပြာတက်





သွားရသည်အထိ လူက ထိန်းမနိုင် သိမ်းမရ ပြိုကျသွားသည်အထိပါပဲ။

မြေးကလေးကို သိပ်ချစ်လွန်းလို့ မြေးလေး တစ်ခုခုဖြစ်မှာ စိုးရိမ်ပူပန်လွန်းလို့ ကလေးတစ်ယောက်ရဲ့ စိတ်ခံစားချက်ကိုပင် အရေးမထားနိုင်စွာ ထိန်းချုပ်ထားခဲ့မိသည်။ သူငယ်ချင်းအပေါင်းအသင်းများပြီး စိတ်ဓာတ်ပျက်ပြားမှာစိုးပြီး ဘယ်သူနဲ့မှ စကားမပြောရ၊ အဆက်အဆံမလုပ်ရ၊ သီးသန့်နေရမယ်ဆိုပြီး စည်းကမ်းချမှတ်ခဲ့မိသည်။

ဒါတွေဟာ… မြေးလေး ကောင်းစားရေးအတွက်ပါပဲ။

ခုတော့… မြေးလေးက ဒေါ်သစ္စာဦးရဲ့စေတနာတွေကို အထင်လွဲကာ ဘွားအေရဲ့အရိပ်မှာနေရလို့ အခုလို ဖိနှိပ်ခြင်းခံနေရတာဟု စိတ်ထဲ မှတ်ယူနေခဲ့တာပဲ။

‘သား… မင်း ဘယ်လိုစကားပြောလိုက်တာလဲ၊ မင်းအဘွားသာ ကြားသွားရင် စိတ်မကောင်းဖြစ်မှာ နည်းသစ်၊ မင်းအဘွားကို မင်း အထင်လွဲနေပြီ၊ မင်းအဘွား အခုလို မင်းကို စည်းကမ်းတွေချပြီး ထိန်းချုပ်နေတာ မင်းကို သူ အရမ်းချစ်လွန်းလို့ကွ၊ အဲဒါ မင်းသိရဲ့လား’

‘တော်ပါတော့ မမေရယ်၊ ဘွားကို ကြောက်တာနဲ့တင် ကာကွယ်ပြီး ဖြေသိမ့်ပြောမနေပါနဲ့ဗျာ၊ ဘွားက ချစ်တာထက် အတ္တကြီးနေတာပါ၊ လူတစ်ယောက်ရဲ့ စိတ်ခံစားချက်နဲ့ ဆန္ဒတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို ချောင်ထိုးပြီး သူဖြစ်ချင်တာ သူမြင်တွေ့ချင်တာကို ရအောင် အရှိန်အဝါတွေမျိုးစုံအသုံးပြုပြီး ပုံဖော်ရယူတာလေ၊ ဒါဟာ ဘွားသစ္စာဦးရဲ့ ချစ်ခြင်းမေတ္တာဆိုရင်တော့ ဆောရီးပဲဗျာ၊ သား မလိုချင်ဘူး မေမေ'

မြေးလေးရယ်။ မင်းရင်ထဲမှာ ဘွားနဲ့ပတ်သက်ပြီး ဒဏ်ရာနက်နက်တွေ ရှိနေခဲ့သတဲ့လားကွယ်။

ဘွားလေ… ထင်တောင် မထင်မိပါဘူး မြေးလေးရယ်။

ဒေါ်သစ္စာဦး ခံစားရလွန်းလို့ ဧည့်ခန်းလေးဆီပင် ဆက် မသွားနိုင်တော့ဘဲ နေရာလေးကနေ ပြန်လှည့်ကာ အပေါ်ထပ် အခန်းရှိရာသို့ ပြန်တက်လာခဲ့လိုက်သည်။

နားစည်ထဲမှာ မြေးဖြစ်သူ နည်းသစ်ရဲ့ စကားသံတွေကို ပြန်ပြီးကြားယောင်နေမိသည်။ မြေးလေးက သူ့အမေအပေါ် နှိမ်ချဆက်ဆံခြင်းကိုလည်း မကျေမနပ်ရှိနေသလိုပါပဲ။

ဒါကတော့… မိမိရဲ့အပြစ်ပါ။

သားဖြစ်သူက ချစ်မြတ်နိုးလွန်းလို့သာ ဒီချွေးမကို လက်ခံလိုက်ရတာ။ ကြည်ဖြူလွန်းလို့တော့ မဟုတ်ချေ။ တစ်ဦး တည်းသောသားလေး ထက်သန်ဦးအတွက် မိမိမှာ မျှော်လင့်ချက် တွေတသီကြီး ထားခဲ့ဖူးသည်။

ဒါတွေအားလုံး… မိမိရဲ့ အလစ်အငိုက် တစ်ချက်က လေးမှာပဲ အားလုံး မျှောလွင့်ခဲ့ရ၏။ ယုံကြည်စွာလွှတ်ထားမိ





ချိန်တွင် သားက မိမိဆန္ဒတွေနဲ့ ဆန့်ကျင်တာတွေအားလုံးကို ကျူးလွန်ပြီးသားဖြစ်နေပြီလေ။ ဘယ်လိုမှ ပြန်ပြီး လိုက်ထိန်း ချုပ်ဖို့ မတတ်သာတော့ချေ။

မေသဇင်သစ်မှာက သားနဲ့ရတဲ့ကိုယ်ဝန်က ငါးလ လောက်ရှိနေပြီတဲ့။ သားရဲ့သွေး၊ မိမိရဲ့မြေးဆိုတဲ့ အသိက ရင်ထဲ ဝင်လာတော့လည်း မဟုတ်တာတွေကို မလုပ်ရက်ပြန်။

အဆိုးဆုံးက…

သားယောက်ျားလေး ကိုယ်ဝန်ဆိုတော့ ဒေါ်သစ္စာဦး ပို၍ပင် လိုချင်မက်မောခဲ့ရသည်။ ချွေးမကို အမြင်ကတ်ပေမယ့် လွယ်ပိုးထားတဲ့ မြေးလေးကြောင့် စိတ်တွေအားလုံး လျှော့ချပစ် ခဲ့ရ၏။

မွေးလာတော့လည်း မြေးလေးက ဖြူဖွေးတုတ်ခဲကာ ဒေါ်သစ္စာဦးရဲ့ နှလုံးအိမ်ကို ချစ်ခြင်းမေတ္တာတွေနှင့်ပင် ပြည့်နှက် နေစေခဲ့သည်။

မြေးအလှည့်ရောက်တော့… သားဖြစ်သူရဲ့ လက်ထဲမှာ ကျရှုံးခဲ့ရသမျှ မျှော်လင့်ချက်တွေ၊ စိတ်ဆန္ဒတွေက အတ္တကြီးစွာ ပင် ပြန်ပေါ်လာခဲ့၏။

သတိလက်လွှတ်နေခဲ့သမျှ မြေးလေးလက်ထက်မှာတော့ ပြီး အာရုံတွေစူးစိုက်ခဲ့မိ၏။ နည်းနည်းလေးမှကို အလစ်မပေး ဘဲ မျက်စိဒေါက်ထောက်ကြည့်ပြီးတော့သာ စောင့်ကြည့်နေမိ တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မြေးလေး လမ်းမှားပေါ်လျှောက်မှာ ဒေါ်သစ္စာဦး သေး
မှာထက်ပင် ပို၍ကြောက်ပါသည်။ ဖအေတုန်းကလို အောက်ခြေ
ကမိန်းမကိုယူပြီး မတင့်မတယ်နှင့် မင်္ဂလာပွဲပင် မလုပ်နိုင်ခဲ့
တစ်ဦးတည်းသောသားနှင့် ပတ်သက်ပြီး အသိုင်းအဝိုင်းထဲမှ
မျက်နှာပျက် အရှက်ရခဲ့တဲ့အဖြစ်ကို ဒီကနေ့ထိ ဒေါ်သစ္စာဦး
မမေ့ဖျောက်နိုင်သေးချေ။

မြေးလေးအလှည့်ရောက်တော့…

သူ့အဖေလိုအဖြစ်မျိုး ကြုံမှာစိုးပြီး မိမိ အမိန့်တွေ တသ
ကြီးထုတ်ခဲ့၏။ မလိုက်နာလျှင် အပြစ်ပေးသည်။ ချစ်ပေမယ့်
မြေးကို လုံးဝအလိုမလိုက်ခဲ့ပါ။

ဒါကို… မြေးက ဒဏ်ရာနက်နက်တစ်ခုလိုမျိုးကာ
နာကြည်းနေခဲ့သည်။ ဘွားအေရဲ့ချစ်ခြင်းမေတ္တာကို နားလည်
မပေးဘဲ လူငယ်တစ်ယောက်ရဲ့ စိတ်ခံစားချက်နှင့် အဆိုးဝါး
ဆုံးလုပ်ရပ်တစ်ခုဟု မြင်ခဲ့၏။

ဘယ်တတ်နိုင်မလဲ။

မြေးလေး အခုလို ထင်မြင်အောင် ဒေါ်သစ္စာဦးကိုယ်တိုင်
က နေခဲ့တာကိုး။

သူ့ရဲ့ကောင်းတဲ့။

မြေးလေး ခင်တွယ်နေတဲ့ သူငယ်ချင်းကောင်လေးက
သူ့ရဲ့ကောင်းတဲ့လေ။





ဒီကောင်လေးနဲ့ပဲ ဒီနေ့တစ်နေ့လုံး မြေးက အတူရှိနေခဲ့
သည်။ အစောင့်တွေကိုပင် မျက်ခြည်ဖျောက်ပြီး ထွက်ပြေးသွား
တဲ့အထိ လုပ်ဆောင်သွားတာဆိုတော့ မြေးလေးရင်ထဲက သံယော
ဇဉ်ကြီးမှုက နက်ရှိုင်းလွန်းလှ၏။

ဒီကောင်လေးကိုမှ မြေးက ဘာကြောင့် အဲဒီလောက်
ခင်တွယ်သွားတာပါလိမ့်။

အရင်ကဆို… ဘွားအေ မကြိုက်ဘူးဟု ပြောလိုက်တာ
နဲ့ ထိုသူငယ်ချင်းကို မျက်နှာမနာစတမ်း ပယ်ဖျက်ခဲ့တဲ့ မြေးလေး
နည်းသစ်။

ခုတော့… ရင်ထဲက မကျေနပ်ချက်တွေကိုပင် ရင်ဖွင့်ပြ
နေခဲ့ပြီ။

မဖြစ်ဘူး။ သူ့ရဲ့ကောင်းဆိုတဲ့ ကောင်လေးကိုတော့
ခပ်ပေါ့ပေါ့လေး တွက်ထားလို့ မဖြစ်တော့ဘူး။

စုံစမ်းနိုင်းရမယ်။

မြေးလေး ခင်တွယ်နေတဲ့ သူငယ်ချင်းကောင်လေးလေ။
ဘယ်သူ့သားသမီးလဲ။ မိဘတွေက ဘာအလုပ်အကိုင်တွေ လုပ်
ကိုင်ပြီး ရပ်တည်နေကြသလဲ။ မြေးလေးရဲ့ သူငယ်ချင်းအဖြစ်
နဲ့ ရေ့ဆက်ပတ်သက်ခွင့်ဆိုတာ ကောင်လေးရဲ့ နေထိုင်မှုအဆင့်
အတန်းပေါ်မှာလိုက်ပြီးတော့မှ ခွင့်ပြုသင့်၊ မပြုသင့်ကို စဉ်းစား
ရမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



တော်ကြာနေ…

မြေးလေး ချမ်းသာကြွယ်ဝတာကိုသိပြီး ညာစားချင်လို့ ချဉ်းကပ်နေတဲ့သူဆိုရင်တော့ မိမိတို့အတွက် အန္တရာယ်ရှိလာပြီလေ။

အခန်းလေးထဲ ပြန်ဝင်ပြီး အိပ်ရာလေးထက်မှာသာ လဲလျောင်းလိုက်တာ။ မောလျှမှုတွေက ပြေပျောက်မသွားပါချေ။ ရင်တစ်ခုလုံး ဆို့နင့်နင့်ကြီးဖြစ်ကာနေသည်။

ပူနေမိတာလေ။ မြေးလေးအနာဂတ်အတွက် ပူလောင်မြိုက်နေရတာပါ။

ဒါကို… မြေးလေးနည်းသစ်က နားလည်ပါ့မလား။

ဘွားအေက သိပ်ပြီးချုပ်ချယ်လွန်းတယ်ဆိုပြီး စိတ်နာကြည်းနေမလား။

မစဉ်းစားချင်ဘူး။

သားက ဉာဏ်ကောင်းပြီး စာတော်သလောက် ချွေးမဖြစ်သူ မေသဇင်သစ်နဲ့ သွေးချင်းတူပြီး မြေးက စာညံ့သည်။

ထို့ကြောင့် ရိုးရိုးမေဂျာသာ တက်ခွင့်ရပြီး တက္ကသိုလ်တက်ရသည်။

အဲဒီအချက်ကိုလည်း ဒေါ်သစ္စာဦး ဘဝင်မကျပါ။ နာမည်ကြီးဆရာတွေကို လစာတွေမနည်းပေးပြီး သီးသန့်အိမ်ခေါ် စာသင်ခဲ့ပြီး စာကျက်ဖို့ ဂိုက်ကိုလည်း ငှားပေးခဲ့ပါလျက်





မြေးက ဂုဏ်ထူးတစ်ဘာသာမှမပါဘဲ ရိုးရိုးသာအောင်ခဲ့၏။

ပညာရေးနဲ့ပတ်သက်ပြီး ဒေါ်သစ္စာဦး စိတ်တွေကို လျှော့ချပေးခဲ့ရပြီးပြီ။

နောက်ထပ် မိမိ ဘာတွေကို ဆက်ပြီးလျှော့ပေးရဦးမလဲ။

ဟင့်အင်း… အလျှော့မပေးနိုင်တော့ဘူး။

အတွေးကြောင့် ခေါင်းကိုဘယ်ညာခါယမ်းကာ မျက်လုံးတွေကို တင်းတင်းမှိတ်ထားလိုက်မိသည်။

အာရုံထဲမှာတော့…

မြေးလေးနည်းသစ်ရဲ့ ပုံရိပ်တွေက အထပ်ထပ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ညှို့သည်ဆို၍ သစ်ရွက်စိမ်း အခန်းထဲကနေ ထွက်ကြည့်လိုက်တော့ သစ်ရွက်နု ဖြစ်နေတာ တွေ့ရသည်။

'ရွက်စိမ်း'

သူမကိုမြင်တော့ သစ်ရွက်နု ရင်ထဲ ဝမ်းနည်းသွားမိသလိုလို။ မျက်ဝန်းအိမ်မှာ မျက်ရည်စအချို့က ခိုတွယ်ချင်လာရသည်။ သူ အလုပ်လုပ်တဲ့ဆီ ရွက်နု လိုက်သွားတော့ ဒီနေ့ အလုပ်နားတဲ့ရက်လေ။ ဥမ္မာဆိုတဲ့ ရွက်စိမ်းသူငယ်ချင်းက သူနဲ့ အတူနေတဲ့အကြောင်း၊ စိတ်ပူစရာမရှိဘူး၊ အဆင်ပြေတယ်ဆိုတဲ့ အကြောင်း ရွက်နုကို အသိပေး၏။

လိပ်စာကိုလည်း တစ်ခါတည်း ပြောလိုက်သည်။ ရွက်နု လိုက်သွားတော့ တိုက်ခန်းမှာ သစ်ရွက်စိမ်းက ရှိနေသည်လေ။

'နင် ဘယ်ကနေ ဒီလိပ်စာကိုရခဲ့တာလဲ ရွက်နု'





'ဥမ္မာဆီက'

သစ်ရွက်စိမ်း ခေါင်းပဲ အသာညိတ်၏။

'ဒီကိုလာတာ အကြောင်းရှိလို့လဲ ရွက်နု'

'အထွေအထူးတော့ မရှိပါဘူး၊ နင် အဆင်ပြေရဲ့လား ဆိုပြီး ငါလာကြည့်တာ'

'အဟင်း... နင်ကလည်း ငါ့ကိုများ စိတ်ပူရတယ်လို့၊ သစ်ရွက်စိမ်းဘဝမှာ အဆင်မပြေဘူးဆိုတာ နင်မြင်ဖူးလို့လား၊ ရွက်ကျပင်ပေါက်တဲ့ ငါလိုလူကိုများ နင်က ပူနေသေးတယ်၊ နင်ပဲ အဆင်ပြေအောင်နေစမ်းပါ ရွက်နုရယ်၊ ငါ မရှိတော့ဘူး ဆိုပြီး ဒေါ်လေးရဲ့မြေးဦးက နင့်ဘက်လှည့်လာနေဦးမယ်'

'ဟာ... မဟုတ်ကဟုတ်က ဖွဟဲ့၊ လွဲပါစေ ဖယ်ပါစေ'

'အဟက်... ဟား... ဟား...'

'ရွက်စိမ်းနော်... စေတနာနဲ့လာကြည့်တဲ့သူကို အခုလို ဆက်ဆံရလား'

'ငါက နင့်ကိုယ်နင် စိတ်ပူတတ်အောင် သတိပေးတာ ပါ'

'ဒီတိုက်ခန်းက စုပေါင်းငှားနေကြတာဆို ရွက်စိမ်း'

'အေး... ဟုတ်တယ်၊ ဒီတိုက်ခန်းထဲမှာ ကျောင်းတက် နေတဲ့သူတွေလည်း နေတယ်၊ အပြင်မှာ အလုပ်လုပ်နေတဲ့သူတွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း နေတယ်၊ စုစုပေါင်း မိန်းကလေးခြောက်ယောက်ပေါ့၊ တစ်လတစ်သောင်း ပုံမှန်ပေးရတယ်’

‘အိမ်ရှင်ကိုလား’

‘မဟုတ်ဘူး၊ ခတ္တာကို’

‘ခတ္တာ’

‘အေး… သူက ဒီတိုက်ခန်းကို တက္ကသိုလ်တက်ဖို့ ငှားထားတာလေ၊ သူတို့က နယ်ကနေ ကျောင်းလာတက်ကြတာ၊ သူငယ်ချင်းသုံးယောက်တည်း၊ စရိတ်သက်သာအောင်ဆိုပြီး ရင်းနှီးတဲ့သူတွေပါ လက်ခံလိုက်တာ၊ ဥမ္မာ့အသိမိတ်ဆွေလေ၊ ဒါနဲ့ ငါလည်း နေလို့ရသွားတာပေါ့၊ လစာကိုတော့ ကြိုပေးရတယ်’

‘အင်းလေ… ဘာပဲပြောပြော နင့်အတွက် အဆင်ပြေနေတယ်ဆိုရင်လည်း ပြီးတာပါပဲ ရွက်စိမ်းရယ်၊ ဒါပေမဲ့ ငါ့အလိုအရဆိုရင်တော့ ဒေါ်လေးအိမ်မှာနေတာ ပိုပြီးသင့်လျော်မယ် ထင်တာပဲ၊ မိန်းကလေးဆိုတော့ ပတ်ဝန်းကျင်က အမြင်တစ်မျိုးရှိခံရရင် မကောင်းဘူးလေဟာ’

‘ဘာလဲ… ငါ့အကြောင်း လမ်းထဲကလူတွေက တစ်မျိုးဝေဖန်နေကြလို့လား’

‘အင်း… ဒေါ်လေးက သူ့အပြစ်လွတ်အောင်ပြောတာကိုး၊ ဒီတော့ အားလုံးက နင့်အဆိုးလို့ ထင်နေကြတာပေါ့’





‘ထားလိုက်ပါ၊ အစကတည်းက တွက်ထားပြီးသားပဲဟာ၊ ငါလည်း ဒီလကုန်ရင် ကုမ္ပဏီကပေးတဲ့အဆောင်ကိုရတော့မှာ၊ နင်လည်း ငါနဲ့အတူ အဆောင်နေပြီး အလုပ်ဝင်ပါလား သစ်ရွက်နု၊ နင် အခုလုပ်နေတဲ့ စာအုပ်ဆိုင်ရ လစာကလည်း နည်း တခြားတိုးတက်ရာ လမ်းစလည်း မရှိဘဲနဲ့များဟာ ဖက်ခွယ်နေရသေးတယ်၊ အခုလုပ်နေတဲ့ကုမ္ပဏီက မန်နေဂျာအစ်မကြီးနဲ့ ငါက အရမ်းခင်တာလေ ရွက်နု၊ နင့်အတွက် ငါ နေရာတစ်နေရာ အလုပ်ဝင်နိုင်ဖို့ ပြောပေးလို့ရတယ်၊ နင် စိတ်ဝင်စားမယ်ဆိုရင်ပေါ့’

သစ်ရွက်စိမ်း စကားကြောင့် သစ်ရွက်နု နည်းနည်းတော့ တွေဝေသွားတာ အမှန်ပဲဖြစ်သည်။

သူမ…

အလုပ်နေရာကောင်းရမှာထက် သစ်ရွက်စိမ်းတစ်ယောက်တည်း အပြင်လောကကြီးမှာ အဖော်မဲ့ရပ်တည်နေတာထက် လျှင် ညီအစ်မနှစ်ယောက် အတူတူရှိနေတာက ပိုပြီးသင့်လျော်မည် ထင်သည်။

‘သစ်ရွက်နု’

‘ဟင်…’

‘နင် ဘယ်လိုသဘောရလဲ’

‘ဘာကိုလဲ သစ်ရွက်စိမ်း’



www.burmeseclassic.com

www.burmeseclassic.com



'ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်လမ်းကိုယ်လျှောက်ဖို့ သတိရှိလားလို့ မေးတာ'

ဒေါ်လေးကျင်မြကတော့ ပြောတော့မှာပဲ။

သစ်ရွက်စိမ်းက ရှေ့ကနေသွားပြီး သူမလည်း ထိုလမ်းအတိုင်း လိုက်လုပ်တာကိုပေါ့။ အစကတည်းက ဒေါ်လေး မေးသားပဲ။ ဘယ်လိုအစီအစဉ်ရှိသလဲတဲ့လေ။

သစ်ရွက်နု...

ဒေါ်လေးကျင်မြနဲ့ပဲ နေမှာပါဟု ပြောခဲ့မိ၏။

သစ်ရွက်နုက သစ်ရွက်စိမ်းလို သတ္တိမရှိပါ။ ရှေ့ကိုခြေတစ်လှမ်းတိုးလိုက်လျှင် ဘယ်လိုအန္တရာယ်မျိုးတွေနဲ့များ ရင်ဆိုင်ကြုံတွေ့ရမလဲဆိုပြီး နေရာလေးမှာပဲ ငြိမ်ငြိမ်သက်သက်လေး ရပ်နေတာပဲ ကောင်းပါတယ်လေဆိုပြီး တွေဝေတတ်သူပါ။

သစ်ရွက်စိမ်းလို သူမ သတ္တိမရှိ။

ဒေါ်လေးကျင်မြက သစ်ရွက်စိမ်း လစာထဲက ဖဲ့ပေးလို့သာ ငြိမ်နေတာ။ သစ်ရွက်စိမ်းကိုတော့ သိပ်မကြည်။ ငွေပေးတယ်ဆိုပြီး သစ်ရွက်စိမ်းက အိမ်အလုပ်နဲ့ပတ်သက်ပြီး သိပ်မလုပ်ပေးတတ်ဘူးလေ။

သစ်ရွက်စိမ်း အိမ်ကနေထွက်သွားတာ ဒေါ်လေးကျင်မြအတွက် ထူးခြားမှုက သိပ်မရှိလှပါ။





ဒါကြောင့်...

ဒေါ်လေးကျင်မြက မတားဆီးချေ။

သစ်ရွက်နုကိုတော့ ဒေါ်လေးကျင်မြက ထွက်သွားမှာ စိုးသည်။ သစ်ရွက်နုက အားကိုးရတာကိုး။ အိမ်အလုပ်မှန်သမျှ သစ်ရွက်နုချည်းပဲ ဒိုင်ခံလုပ်တာလေ။ ဒေါ်လေးကျင်မြ အရမ်းသက်သာသည်။

ခုတော့...

သစ်ရွက်စိမ်းက ထွက်လာခဲ့ဖို့ သူမကို အားပေးနေပြီ။

ဘယ်လိုဆုံးဖြတ်ရမလဲ။

သစ်ရွက်စိမ်းနဲ့ လိုက်နေချင်သည်။ သစ်ရွက်နုတို့မှာ ဆွေမျိုးရင်းချာဆိုလို့ ပြောကြည့်မှ ဒီညီအစ်မနှစ်ယောက်တည်း ရှိတာ မဟုတ်လား။ ဒေါ်လေးကျင်မြကတော့ နားလည်ပေးနိုင်မှာပေါ့လေ။

'ဘယ်လိုလဲ သစ်ရွက်နု'

'အင်း... အဆင်ပြေနိုင်မယ်ဆိုရင်တော့ ငါလည်း နေမယ်လေ သစ်ရွက်စိမ်း'

'ငါ ပြောကြည့်မယ် သစ်ရွက်နု'

'ခုတော့ ဒေါ်လေးကျင်မြကို ဘာမှမပြောသေးဘူးနော်၊ နင့်ဘက်က သေချာတော့မှ ပြောမယ် သစ်ရွက်စိမ်း'

'အေး...'



www.burmeseclassic.com

www.burmeseclassic.com



သစ်ရွက်စိမ်း ခေါင်းလေးညိတ်ပြတော့ သစ်ရွက်နုလည်း ငြိမ်ကျသွားနေလိုက်သည်။ စကားသံလေးတွေ ခေတ္တမျှတိတ်ဆိတ်လို့သွား၏။ တိုက်ခန်းလေးက ကျဉ်းပေမယ့် ဝရန်တာက သံတံခါးအပြည့် အပိတ်ကာရံထားတာမို့ ဘုရားခန်းလေးသီးသန့်လုပ်ကာ ညှော့ခန်းလေးတွင် ကော်ထိုင်ခုံလေးတွေ ချထားသည်။ ဟောခန်းမို့ ငါးထပ်သားနှင့် ကန့်ကာ အခန်းသေးလေးနှစ်ခန်းဖွဲ့ထားသည်။ အဲဒါက အိပ်ခန်းလေးတွေ။

နောက်ဘက်မှာက မီးဖိုခန်း၊ ရေချိုးခန်းနဲ့ သန့်စင်ခန်း။ သီးသီးသန့်သန့်လေး ရှိနေသည်မို့ နေပျော်ပါသည်။

သစ်ရွက်စိမ်းကလည်း သစ်ရွက်နုကို သူမနဲ့အတူနေဖို့ ဆွယ်နေမိ၏။ ဘာပဲပြောပြော သစ်ရွက်စိမ်းက အချက်အပြုတ်ကအစ အလျှော်အဖွပ်ထိ တာဝန်ကျေအောင် လုပ်ဆောင်တတ်တဲ့ မိန်းကလေးမျိုးလေ။

ရွက်စိမ်းအတွက် အဖော်ရမည်။

အသန့်အပြန့်ကြိုက်တဲ့ ရွက်နုနဲ့ ပစ်စလက်ခတ်နေတတ်တဲ့ ရွက်စိမ်းက အမြဲတမ်း စကားများရပေမယ့် မနေတတ်သူက လုပ်ရတာပဲဆိုသည့်အတိုင်း သစ်ရွက်နုကသာ အမှိုက်ရှုပ်အားလုံးကို ရှင်းလင်းသွားတတ်သည်။

ဒါကြောင့်လည်း…

သစ်ရွက်နုကို အပါခေါ်နေမိခြင်းဖြစ်သည်။





'သစ်ရွက်နု'

'ဘာလဲ ရွက်စိမ်း'

'နင် တကယ်အလုပ်ဝင်မှာနော်၊ နောက်မှ ငါ့ကို ဒုက္ခရောက်အောင်မလုပ်နဲ့၊ ပြောပြီးတော့မှ နင်က မလုပ်ဘူးဆိုရင် နေဂျာအစ်မက ငါ့ကို စိတ်ဆိုးမှာ၊ အဆောင်ပေးနေပြီး အလုပ်နဲ့ဘာ နယ်သူနယ်သားတွေအတွက်ပဲ အခွင့်အရေးပေးထားတာ ရန်ကုန်မှာနေတဲ့သူဆိုရင် အဆောင်ပေးမနေဘူး သစ်ရွက်နု၊ တောင် နယ်ကနေလာပြီး အဒေါ်အိမ်မှာ မှီခိုနေရတာ အဆင်ပြေလို့ဆိုပြီး မနည်းပြောပြီး အဆောင်နေခွင့်တောင်းရတာ၊ နင့် ကြောင့်နဲ့ ငါပါ နေစရာပျက်နေဦးမယ် သစ်ရွက်နု၊ သေချာ း ဖြတ်နော်'

'အေးပါဟယ်… ငါနားလည်ပါတယ်၊ နင့်ဘက်ကသာ သေချာအောင်လုပ်ထားပါ ရွက်စိမ်းရယ်'

'ပြီးတာပဲ… ဒါနဲ့ နင် ငါ့အလုပ်မှာဝင်မယ်ဆိုတာသာ ါလေးကျင်မြ သိရင် ငါ့ကိုများ ကျိန်ဆဲနေမလား မသိဘူး၊ က ငါ့ကိုသာအလိုမရှိတာ၊ နင့်ကိုတော့ လိုလားတယ် သစ်ရွက်

'အင်း… ဟုတ်တယ် ရွက်စိမ်း၊ နင် ထွက်သွားတဲ့အချိန် း ကတောင် ငါ့ကို သူက မေးနေတာလေ၊ သူလည်း ထွက်မိ ပေါ့ဟာ၊ နင် အလုပ်သွင်းပေးပြီး ခေါ်ထုတ်သွားမှာကိုပေါ့၊ ကတော့ ဒေါ်လေးနဲ့ပဲ အတူတူနေမှာပါလို့ ပြောခဲ့မိတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုရင် ဘာဖြစ်လို့ စိတ်က ပြောင်းသွားရတာလဲ သစ်ရွက်နု'

နင့်ကြောင့်ပေါ့ သစ်ရွက်စိမ်းရယ်။

နင့်ကို ငါ စိတ်မချလို့ပေါ့။

နင်က…

စိတ်မြန်တတ်တယ်လေ သစ်ရွက်စိမ်းရဲ့။ နင်လုပ်ချင်တာကို ဖွတ်လုပ်တတ်တာ မဟုတ်လား။ ရှေ့နောက် စဉ်းစားတာ မရှိဘူး။ နင်က ငါးစာကိုပဲမြင်ပြီး ငါးမျှားချိတ်ကို မမြင်တတ်တာ နင့်ရဲ့အကျင့်စရိုက်ပဲ။

အဲဒါကြောင့်…

နင်နဲ့ အတူတူနေမှ ဖြစ်မယ်ဆိုပြီး ငါ ဆုံးဖြတ်ချက်ချလိုက်တာပေါ့။

'သစ်ရွက်နု'

'ဘာလဲ သစ်ရွက်စိမ်း'

'ငါ့ကို နင် စိတ်မချလို့မဟုတ်လား'

'အံမယ်… နင့်ကို ငါ ဘာလို့ စိတ်မချဖြစ်ရမှာလဲ'

သစ်ရွက်နု မျက်စောင်းလေးဝေ့ကာ ပြောတော့ သစ်ရွက်စိမ်း ရယ်မိသည်။

ဘာပဲပြောပြော သစ်ရွက်နု အတူ အနားမှာရှိတာကိုတော့ လိုလားမိတာ အမှန်ပါ။





'သစ်ရွက်နု'

'ဟင်…'

'ဒေါ်လေးကျင်မြကို အခုတော့ အသိမပေးနဲ့ဦးနော်၊ ငါ အလုပ်ရအောင်ပြောပြီးမှပဲ ပြောလိုက်ပေါ့ဟာ၊ တော်ကြာနေ နင့် ကို မကြည်ပြီး အခုချက်ချင်း အိမ်ပေါ်ကနေ နင်ချနေမှ နေစရာ ဘုံပျောက်နေဦးမယ်၊ နင်လည်း ငါ့အခြေအနေကို သိနေတာပဲ လေ၊ အဆင်မပြေသေးတော့ တာဝန်မယူနိုင်ဘူး သစ်ရွက်နု'

'ငါ့မှာ စုထားတဲ့ပိုက်ဆံ ရှိပါတယ်'

'နင်က ဘယ်လောက်ရှိလို့လဲ'

'တစ်သိန်းခွဲ'

ဟင်…

တယ်ဟုတ်ပါလား။

သစ်ရွက်နုတို့ကတော့ အစုအစောင်းက စိတ်ချရသည်။ သစာငွေနည်းပေမယ့် ကပ်စေးနဲ သစ်ရွက်နုက ငွေတစ်သိန်းခွဲ တောင် လက်မှာကိုင်ထားနိုင်၏။

'ဒါတောင် နင် ဈေးထဲမှာယူထားသမျှတွေ ရှင်းပေးလိုက်လို့၊ မဟုတ်ရင် ဒီထက်မက ငါ့လက်ထဲမှာ ရှိတယ်၊ နှမြောလိုက်တာ၊ ငါ့မှာတော့ မဝတ်ရက်၊ မစားရက်၊ မဝယ်ရက်၊ သုံးရက် ချွေတာစုဆောင်းထားတာ၊ နင့်ကြောင့်ချည်းပဲ ငါ စိုက်စိုက်ပေးနေရတယ် သစ်ရွက်စိမ်း'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါ နှင်ခက်တာပေါ့၊ နှင်နဲ့မှမဆိုင်တာ၊ မသိဘူးငြင်းပေါ့'

'ရမလားဟဲ့'

သစ်ရွက်နု မျက်စောင်းလေးထိုးတော့ သစ်ရွက်စိမ်းမျက်နှာက စပ်ဖြီးဖြီးလေးနှင့် ဖြစ်သွားသည်။

'အကြွေးမှတ်ထားပေါ့ဟာ၊ ငါ တစ်နေ့ သူဌေးသားနဲ့ ညားရင် နှင်စိုက်ထားတာထက် ဆယ်ဆပိုပေးမယ်၊ ဟဲ… ဟဲ…'

'တော်စမ်းပါဟယ်'

အကြောင်းသိနေတာမို့ သစ်ရွက်နုတစ်ယောက် ခေါင်းထဲကနေသာ ထုတ်ဖယ်လိုက်တော့သည်။ သစ်ရွက်စိမ်းလား သူ့ကို ပြန်ကြည့်မှာ။ သစ်ရွက်စိမ်းလောက် အတွေးကြီးတဲ့မိန်းကလေး ကမ္ဘာပေါ်တွင် မရှိတော့။

မမျှော်လင့်ပါဘူး။

✿ ✿ ✿



## အခန်း (၁၂)

'ဒါ ဘယ်ကပြန်လာတာလဲ သစ်ရွက်နု'

သိနေလျက်နဲ့ မေးလိုက်တဲ့ ဒေါ်လေးကျင်မြရဲ့ မေးခွန်းကြောင့် အဖြေရခက်သွားသည်။

'ဟို… ဟို… သစ်… သစ်ရွက်စိမ်းဆီ ခဏသွားတာ ဒေါ်လေး'

'ညည်းနဲ့အေ… အားအားယားယား အပြင်များလျှောက်လည်ပတ်နေရတယ်လို့၊ အိမ်မှာ ဒီလောက်အလုပ်တွေများနေတဲ့ဟာကိုများ'

ဒါကတော့…

ဒေါ်လေး အပိုစကားပြောတာပါ။

သစ်ရွက်နုက ကိုယ့်အတွက်နဲ့ အပြင်သွားမည်ဆိုက အိမ်အလုပ်တွေ အကုန်ကြိုတင်ကာ လုပ်ကိုင်ပြီးမှ အပြင်ကို



www.burmeseclassic.com

www.burmeseclassic.com



ထွက်တတ်သူပါ။ မနက်စျေးဝယ်ပြီး ချက်ပြုတ်ကာ အဝတ်ကို စောစောစီးစီး လျှော်ထားလိုက်သည်။

ပြီးမှသာ…

သစ်ရွက်စိမ်းဆီ ထွက်သွားတာ။

ဒေါ်လေးကျင်မြသာ မနက်စာ ထမင်းကြော်စားပြီး အိမ်ပေါက်စေ့အောင် လျှောက်လည်ကာ ရပ်ကွက်ထဲက ဟုတ်တဲ့ သတင်းရော မဟုတ်တဲ့သတင်းရော တွေ့သမျှလူနဲ့ အတင်းချ တော့တာပဲ။

ရှင်းရ လင်းရတာလည်း အကြိမ်ရာချီမကတော့။ အိမ် ရှေ့ရန်လာတွေ့ခံရတာလည်း မမှတ်။ လူကိုတွေ့တာနဲ့ စောင်း မြောင်း ပြောခံရတာလည်း မမှတ်။ နေမြဲတိုင်းနေ၊ သွားမြဲတိုင်း သွားနေသည်။

တစ်နေ့လုံး အိမ်အလုပ်နဲ့ပတ်သက်ပြီး ဒေါ်လေးကျင်မြ ဘာမှမလုပ်။ သစ်ရွက်နုရဲ့ တာဝန်ချည်းသာ လွှဲထား၏။ သူမ ကလည်း တာဝန်ကျေအောင် လုပ်သည်။ ဒေါ်လေးကျင်မြ ဘယ် တော့မှ မပြောစေရ။ မပြောခင် ကြိုတင်လုပ်ထားတာ။

ဒါကြောင့်လည်း…

ဒေါ်လေးကျင်မြတစ်ယောက် သစ်ရွက်နုကို လက် မလွှတ်နိုင်ဘဲ ဖြစ်နေရတာပေါ့။ သစ်ရွက်နု အပြင်ကိုသွားမယ် လို့ ခွင့်တောင်းတုန်းကဆိုရင် ဒေါ်လေးကျင်မြ မျက်စိမျက်နှာ





ပျက်လို့။ မသွားစေချင်ဘူးလေ။ သစ်ရွက်စိမ်းကြောင့် ဦးစိမ်း မောင်ကြီးက အကြွေးတွေချည်းပဲ လိုမ့်တောင်းနေတယ်ဆိုပြီး ဒေါသတွေထွက်နေတာ မဟုတ်လား။ သစ်ရွက်စိမ်းဆီကိုပဲ သူမ သွားမယ်ဆိုတာ ဒေါ်လေး ရိပ်မိသည်။

ကိုယ့်အဒေါ် ဒုက္ခရောက်နေတာ သိသိကြီးနဲ့ တစ်ကိုယ် ကောင်းဆန်ပြီး ရန်းထွက်သွားတဲ့ သစ်ရွက်စိမ်းကို အငြိုးတွေဖွဲ့ နေ၏။ သစ်ရွက်စိမ်းနဲ့ မပတ်သက်စေချင်။ သစ်ရွက်စိမ်း အခုလို လုပ်မသွားသင့်ဘူးဆိုပြီး သစ်ရွက်နုကို တစ်ချိန်လုံးနားချနေ၏။ သစ်ရွှ်စိမ်းဘက် သူမ စိတ်ယိုင်သွားမှာ ဒေါ်လေးကျင်မြက သိပ် ကြောက်နေတာလေ။

‘သစ်ရွက်နု’

‘ရှင်…’

‘ညည်း သစ်ရွက်စိမ်းဆီသွားတာ မဟုတ်လား’

‘ဟုတ်… ဟုတ်တယ် ဒေါ်လေး’

‘ဟွန်း…’

ဒေါ်လေးကျင်မြ နှုတ်ခမ်းက မဲ့ကွေးသွား၏။

‘ဘယ့်နှယ်လဲ… ဒီအိမ်ကနေ ထွက်သွားတာ သိပ်မှန် တယ်ဆိုပြီး ညည်းကိုပါထွက်လာခဲ့ဖို့ အဖော်မဆွယ်လိုက်ဘူး သား သစ်ရွက်နု’

ဒေါ်လေးကျင်မြ ခနဲ့မှန်းလိုက်တဲ့စကားက ကွက်တိမှန်



www.burmeseclassic.com

www.burmeseclassic.com



နေတာမို့ သစ်ရွက်နုပင် ကြောင်အအလေးဖြစ်ကာ ဘာပြန်ပြောရမှန်းပင် မသိတော့ချေ။

'သစ်ရွက်နု'

'ရှင်… ဒေါ်လေး'

'ကျုပ်ပြောတာ မှန်နေတယ် မဟုတ်လား'

'ဟို… ဟို… ဒါ… ဒါက…'

'ဟွန်း… တွေ့လား၊ ကျုပ်ထင်ရင် မှားခဲပါ့၊ သစ်ရွက်စိမ်းအကြောင်း သိပြီးသားပဲလေ၊ ညည်းကို အပါဆွဲခေါ်ထုတ်မှာ၊ သင်းက ကျုပ်ကို ပညာပြချင်နေတဲ့ မိန်းမလေ၊ အိမ်ပေါ်ခေါ်တင် ကျွေးမွေးထားတဲ့ကျေးဇူးတရားကိုမှ မထောက်ထားဘဲ ဒုက္ခပေးသွားတဲ့ မိန်းမ၊ သင်းကြောင့် ကျုပ်မှာ ဘယ်လောက်တောင် မျက်နှာငယ်နေရသလဲ၊ ညည်းကိုတော့ ကျုပ် အပြစ်မပြောလိုပါဘူး၊ ဘာပဲပြောပြော ညည်းတို့က ညီအစ်မတွေ မဟုတ်လား၊ ဘယ်ပြတ်လို့ရမှာလဲ၊ ကျုပ် နားလည်ပါတယ် သစ်ရွက်နုရယ်၊ ဒါပေမဲ့…'

ဒေါ်လေးစကားက တစ်ဝက်တစ်ပျက်မှာ ရပ်လိုက်ပြီး သူမ မျက်နှာကို စေ့စေ့ကြည့်သည်။

'ညည်းကိုတော့ ကျုပ် စိတ်မချတာအမှန်ပဲ သစ်ရွက်နု'

သစ်ရွက်နု ခေါင်းလေး ဖြည်းညင်းစွာပင် ငုံ့ကျသွားရပြီ။





ဒေါ်လေးကျင်မြ မျက်ဝန်းထဲက လက်ခနဲဖြာသွားတဲ့ အရောင်တစ်ခု။ ဒါကို ဘာလဲဆိုတာတော့ သစ်ရွက်နုစိတ်ထဲမှာ အလိုအလျောက် ခံစားနားလည်လို့ရနေပါသည်။

ဒေါ်လေးက သစ်ရွက်နုကိုတော့ သံယောဇဉ်ရှိတာအမှန်။

လက်ပွန်းတတီးနေနေတာဆိုလို့ သစ်ရွက်နုသာ ရှိတာ မဟုတ်လား။ အကောင်းအဆိုး တိုင်ပင်ခဲ့က သစ်ရွက်နုပဲ ရှိသည်။ သစ်ရွက်စိမ်းက ခပ်မှန်မှန်နေတတ်သူ အရောတဝင်မရှိ၍ အနည်းငယ်စိမ်းသက်သည်။

သစ်ရွက်နုသာ ဒေါ်လေးကျင်မြအတွက် အားကိုးရာ လက်ရုံးတစ်ဆူပါ။

'သစ်ရွက်နု'

'ရှင်… ဒေါ်လေး'

'သစ်ရွက်စိမ်းက ညည်းကို အဖော်ခွယ်လိုက်ပြီမဟုတ်လား သစ်ရွက်နု'

'ဟုတ်တာတော့ ဟုတ်ပါတယ် ဒေါ်လေး၊ ဒါပေမဲ့ အခုချိန်မှာ သူလည်း တခြားမိန်းကလေးအဖော်တွေနဲ့ စုပြီးနေရဘုန်းပါပဲ၊ အဆောင်နေမယ်ပြောထားတာ ကုမ္ပဏီက မချပေးသေးဘူးလေ၊ ခဏစောင့်နေတဲ့အချိန်ဆိုတော့ သိပ်ပြီးအဆင်မပြေသေးပါဘူး'

'သိတယ်လေ၊ ကျေးဇူးရှင်ကို ကျေးစွပ်သွားတဲ့မိန်းမ ဘယ်လိုလုပ်ပြီး အဆင်ပြေပြေနေနိုင်ပါ့မလဲ'



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးက မဲ့ကာရွဲ့ကာနှင့်ပင် သစ်ရွက်စိမ်းကို ရှုတ်ချနေသည်။

တကယ်တော့…

သစ်ရွက်စိမ်း အခုနေတဲ့နေရာက အဆင်ပြေနေတာပဲ မဟုတ်လား။ သူ့အိမ်က ထွက်သွားလို့ အဆင်ပြေနေတယ်ဟု သတင်းကြားလျှင် ဒေါ်လေးကျင်မြ ဆတ်ဆတ်ခါအောင် နာချေဦးမည်။

ဒါကြောင့်… ကြည့်ကောင်းအောင် ပြောလိုက်ကာမှ သစ်ရွက်စိမ်းအပေါ် အစကတည်းက အခဲမကျေနေတဲ့ ဒေါ်လေးကျင်မြက ဖိနှိမ်တော့၏။

ထားလိုက်ပါတော့။

ဒါက… ဦးလေးရဲ့ မိန်းမ ကိုယ့်အဒေါ်ပဲလေ။

ပြောချင်တာ ပြောပါစေတော့။

'သစ်ရွက်နု'

'ရှင်…'

'ညည်း ပြောတော့ ကျုပ်နဲ့ပဲနေမယ်ဆို'

'ဟို… ဟို… ဟုတ်… ဟုတ်တယ်လေ ဒေါ်လေး၊ သစ်ရွက်နုက ဒေါ်လေးနဲ့ပဲ နေချင်တာပါ၊ ဒေါ်လေးအိမ်မှာနေရတာ သစ်ရွက်နုဘဝ လုံခြုံတယ်၊ စိတ်ပေါ့ပါးလွတ်လပ်တယ်၊ ပတ်ဝန်းကျင် အမြင်တင့်တယ်တယ်လေ ဒေါ်လေး၊ အုပ်ထိန်းသူရှိနေတဲ့အတွက် သစ်ရွက်နု နေရထိုင်ရတာ ကောင်းပါတယ်။ ဒါပေမဲ့ သစ်ရွက်စိမ်းကို တစ်ယောက်တည်းပစ်ထားလို့ မဖြစ်ဘူးလေ၊ သူ့အကြောင်းလည်း ဒေါ်လေးသိတဲ့အတိုင်းပဲ'





'သိပါ့အေ… သိပါ့၊ အခုတောင် ဈေးထဲမှာ ဘယ်လောက်ဇာတ်လမ်းတွေရှုပ်ထားခဲ့သလဲ၊ ညည်း ဖြေရှင်းပေးလိုက်လို့သာ တော်သွားတာ၊ ဝတ်ချင်စားချင်လိုက်တာလည်း သူ့အပြင်မရှိဘူး၊ ဒါနဲ့များ သူ့ဒွေးဒွေးရှင်ကြေးရှင်က တောင်းတဲ့ဟာကို သင်းက ငြင်းသွားသေးတယ်၊ အခုတော့ အဒေါ်ကိုအတိုက်အခံလုပ်ပြီး ဆင်းသွားတဲ့အကျိုးတွေ ခံစားနေရပြီလေ၊ ညည်း တွေ့ခဲ့တယ်မဟုတ်လား သစ်ရွက်နု'

'ဒေါ်လေး'

'ပြော'

'ရွက်စိမ်းကို ခွင့်လွှတ်လိုက်ပါ ဒေါ်လေးရယ်၊ သူက လူငယ်မဟုတ်လား၊ အတွေးအခေါ်ပိုင်းနဲ့ပတ်သက်ပြီး ဒေါ်လေးတို့လောက် ဘယ်ရင့်ကျက်တည်ငြိမ်ပါ့မလဲ ဒေါ်လေးရယ်၊ သူ့စိတ်ထဲရှိတဲ့အတိုင်းပဲ လျှောက်လုပ်တာပေါ့'

သစ်ရွက်စိမ်းအပေါ် အငြိုးတွေဖွဲ့နေတဲ့ ဒေါ်လေးကို စိတ်ပြေအောင် ချော့မော့နေမိသည်။

သူမစကားကြောင့် ဒေါ်လေးကျင်မြတစ်ယောက် သက်ပြင်းမောတစ်ချက် ကြိတ်ရှိုက်ကာ တိတ်ဆိတ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



'သစ်ရွက်စိမ်းကို တစ်ယောက်တည်းပစ်ထားလို့ မသင့်တော်ဘူးလေ ဒေါ်လေး'

'ညည်း လိုက်ပြီးစောင့်ရှောက်မယ်လို့ ဆုံးဖြတ်ထားပြီးပြီ မဟုတ်လား'

'အခုတော့မဆုံးဖြတ်ရသေးပါဘူး၊ ဒါပေမဲ့ တစ်ယောက်တည်းနေထားနိုင်းတာထက်စာရင် သစ်ရွက်နုရှိနေတော့ ဖေးမထိန်းသိမ်းလို့ရတာပေါ့၊ သူက စိတ်ဆတ်တယ်၊ ဒေါသကြီးတယ်၊ စကားပြောရင် ပြောင်ကျလွန်းလို့ ပြဿနာဖြစ်မှာစိုးရတယ်လေ'

'အေးပေါ့လေ… ညည်းတို့က ပြေးကြည့်မှ ဆွေမျိုးရင်းချာဆိုလို့ ဒီညီအစ်မတွေပဲရှိတာဆိုတော့လည်း ပြောရခက်သားပဲ၊ ကျုပ်ကတော့ မြင်ယောင်ပါသေးတယ်အေ၊ သစ်ရွက်စိမ်းလှည့်သမျှ ညည်းခံရမှာကိုပေါ့၊ ဒီကောင်မလေးစိတ်ဓာတ်ကသိပ်ပြီးအတ္တကြီးတာ၊ သူ့အတွက်သာ ကောင်းစားမယ်ဆိုလို့ကတော့ ညီအစ်မချင်းတောင် ညှာတာမှာမဟုတ်ဘူး'

ဒေါ်လေးကျင်မြက သူမအတွက်ပဲ စိုးရိမ်နေသည်။

သစ်ရွက်နုကိုတော့ သစ်ရွက်စိမ်းက ဆိုးတယ်ဆိုပေမယ့် ဒေါ်လေးထင်သလိုတော့ ဖြစ်လောက်မှာမဟုတ်ဘူး ထင်မိတယ်လေ။

သစ်ရွက်စိမ်းရယ်…





နင့်ကို ဘယ်သူတွေက ဘယ်လိုပြောပြော ငါကတော့ လက်မခံချင်ပါဘူး။ နင်က အဲဒီလောက်ဆိုးသွမ်းမယ့်သူ မဟုတ်ဘူးဆိုတာ ငါ ယုံကြည်တယ်လေ။

'သစ်ရွက်နု'

'ရှင်…'

'သစ်ရွက်စိမ်းကိုတော့ သိပ်ပြီးမယုံပါနဲ့အေ၊ ညည်းပဲခံရမှာ'

'ဟုတ်ကဲ့ပါ ဒေါ်လေး'

'သစ်ရွက်စိမ်းက ညည်းနဲ့ အမြွှာညီအစ်မသာဆိုတယ်၊ စိတ်ဓာတ်ချင်းရော လူချင်းရော လုံးဝကိုမတူတာပါအေ'

အဲဒါတော့ ဟုတ်သည်။

သစ်ရွက်နုနဲ့ သစ်ရွက်စိမ်း။

ရုပ်ချင်း လုံးဝမဆင်ကြ။

အမြွှာညီအစ်မတွေသာ ပြောတာ။ သစ်ရွက်နုတို့ကို မြင်ချင် အထက်အောက် နှစ်နှစ်ခြားမွေးထားသလိုလို ထင်ရသည်။ သစ်ရွက်နုက အေးဆေးတည်ငြိမ်ကာ ရင့်ရင့်ကျက်ကျက်ပုံစံနှင့် အစ်မကြီးဒီဇိုင်း။

သစ်ရွက်စိမ်းကမှ နုပြီးလန်းဆန်းတက်ကြွကာ ငယ်ရွယ်သည့်ဒီဇိုင်းနဲ့ပါ။

လှပါတယ်ဆိုမှ ပိုပြီးလှအောင်ပြင်တော့ သစ်ရွက်စိမ်း



www.burmeseclassic.com

www.burmeseclassic.com



က ထင်းနေ၏။ ရပ်ကွက်ထဲမှာ သစ်ရွက်စိမ်းရဲ့အလှက ကောင်လေးတွေ ပါးစပ်ဖျားမှာ ရေပန်းစားသည်။

သူမ အနောက်ကလိုက်ပြီး ပိုးပန်းသူက မနည်းချေ။

သို့သော်…

သစ်ရွက်စိမ်းက လုံးဝစိတ်မဝင်စား။

သူမနဲ့ တူတဲ့ တန်တဲ့သူ မရှိဘူးဟုပင် ရပ်ကွက်ထဲက ယောကျ်ားလေးတွေကို သတ်မှတ်ထားသည်။ သစ်ရွက်စိမ်းခေါင်းထဲမှာရှိနေတဲ့ စိတ်ကူးယဉ်မင်းသားက ဘိုးစဉ်ဘောင်ဆက်ချမ်းသာကြွယ်ဝလာတဲ့ အမွေလက်ဆင့်ကမ်းခံ ရွှေမင်းသားမျိုး။

အဲဒါမျိုးကိုမှ သူမက စဉ်းစားမှာတဲ့လေ။

တကယ်မလွယ်တဲ့…

သစ်ရွက်စိမ်းပါပဲ။

ရည်မှန်းချက်က အလျှင်မြန်ဆုံး သူဌေးဖြစ်ချောက်ရေးပဲ။ ဒါကိုပဲ ဦးတည်ကာ သူမရဲ့လှပမှုတွေ ပိုပြီးထင်ပေါ်အောင်ကြိုးစားနေတတ်သည်။

သစ်ရွက်နုကတော့ သစ်ရွက်စိမ်းနဲ့ ဆန့်ကျင်ဘက်ပဲ။

ထင်ပေါ်တာကို မနှစ်သက်။ ပုံမှန်လေး အဆင်ပြေအောင် နေထိုင်ရတာကိုပဲ သဘောကျသည်။ ပတ်ဝန်းကျင်က စိတ်ဝင်တစား စောင့်ကြည့်ခံရတဲ့အဖြစ်မျိုး မရှိအောင် ရှောင်ရှားၵ်။





ဒါကြောင့်လည်း…

အမြွှာပူးညီအစ်မတွေလို့ မထင်ရအောင်ကို ကွဲပြားခြားနားနေခဲ့တော့သည်။

'သစ်ရွက်နု'

'ရှင်… ဒေါ်လေး'

'သစ်ရွက်စိမ်းနဲ့ နေမယ်ဆိုလည်း ညည်းကို မကန့်ကွက်ပါဘူးအေ၊ ဒါပေမဲ့ အဆင်မပြေတာ တစ်ခုခုရှိရင်တော့ ကျုပ်အိမ်သာ ညည်း ပြန်လာခဲ့ သစ်ရွက်နု'

ဒေါ်လေးကျင်မြ…

ဒီတစ်ခါတော့ ဘယ်ဆိုးလို့လဲ။

သစ်ရွက်နုကိုတော့ သမီးအရင်းအချာတစ်ယောက်လိုကိုနိုးရိမ်ပူပန်နေတော့တာပဲလေ။ လေသံက မနူးညံ့သော်လည်း စေတနာအရင်းခံသောစကားကြောင့် ကျေးဇူးတော့ တင်မိတာအမှန်ပါ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

'နည်းသစ်'

ခေါ်လိုက်သံက မာဆတ်ဆတ်။

နည်းသစ် မထူးဘဲ ဘွားသစ္စာဦးကို မော့ကြည့်လိုက်သည်။

'မင်း မနေ့က ဘယ်ကိုသွားတာလဲ'

'သူငယ်ချင်းတွေနဲ့ လျှောက်လည်တာပါ ဘွား'

ပြန်ဖြေသံက အေးတိအေးစက်ရယ်ပါ။

မြေးဖြစ်သူရဲ့မျက်နှာကို ကြည့်ကတည်းက သူကျူးလွန်ခဲ့တဲ့ လုပ်ရပ်အပေါ် မှားသွားသည်ဟု ခံယူထားခြင်း တစ်စက်ကလေးမျှ မရှိချေ။

သူရဲကောင်းဆိုတဲ့ ကောင်လေးနဲ့ အပေါင်းအသင်းဖြစ်ပြီး လူကြီးတွေရဲ့ တားမြစ်ထားတဲ့စည်းကမ်းကို သတ္တိရှိစွာ





ျိုးဖောက်သွားတဲ့ မြေးကိုကြည့်ပြီး ဒေါ်သစ္စာဦး ဘယ်လိုပြန်ျပ်ကိုင်ရမလဲ စဉ်းစားနေမိ၏။

'နေစမ်းပါဦး… မင်းကို ဘယ်သူက အခွင့်အရေးပေးိုက်လို့ စာသင်ချိန်ကို ဖျက်ပြီးသွားရတာလဲ၊ မင်းရဲ့ သူငယ်ချင်းိုတဲ့ ကောင်လေးကရော ဘယ်သူလဲ၊ သူ့မိဘတွေက ဘာလုပ်ာလဲ၊ ဘယ်မှာနေတာလဲ နည်းသစ်'

နည်းသစ် မဖြေ။

ခိုးဝှက်သွားတာပါဆိုနေမှ ဘယ်သူ့ဆီကမှ ခွင့်ပြုချက်ရလို့ပေါ့။ တောင်းခံရင်လည်း ပေးကြမှာမှ မဟုတ်တာ။ သူကယ်လိုလုပ်ပြီး တောင်းခံမလဲ။ ဘွားကတော့လေ အဲဒီလို ကတ်ီးကတ်သတ်ကို မေးတာ။

'ဟဲ့… ဖြေလေ၊ မင်းသူငယ်ချင်းက ဘယ်သူလဲဆိုတာ'

'သူရဲကောင်းပါ ဘွားသစ္စာ'

နည်းသစ် ခပ်အေးအေးလေသံနှင့်ပဲ ဖြေလိုက်၏။

'ဆက်ပြောလေ သူ့အကြောင်းကို…'

'သား မသိဘူး ဘွား၊ သူရဲကောင်းကိုပဲ အတန်းဖော်ငယ်ချင်းအဖြစ်နဲ့ သားခင်တယ်၊ သူ့ကိုပဲ သိတယ်၊ ပြီးတော့ငယ်ချင်းမိတ်ဆွေ ဖြစ်တာလေးလောက်နဲ့ ကျန်တာတွေသိဖို့ိုအပ်ဘူးလို့လည်းထင်တယ်လေ၊ အပေါင်းအသင်းတစ်ာက်အနေနဲ့ အဆင်ပြေပြေတွဲလို့ရရင်ပဲ ပြီးတာပဲဟာ၊ သူ့ရဲ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းက စိတ်ခတ်မဆိုးပါဘူး၊ ဒါကြောင့် ကျွန်တော် ခင်တာ မနေ့က စာသင်ချိန်လည်း သိပ်မရှိဘူးလေ ဘွား၊ ဒါကြောင့်မို့ မြို့ထဲ လျှောက်လည်တာ'

'တိတ်စမ်း နည်းသစ်၊ မင်းပါးစပ်ကို ပိတ်ထားလိုက် တော့'

'သားပြောတဲ့အထဲမှာ ဘာစကား အမှားပါသွားလို့လဲ ဘွားသစ္စာ၊ ကျောင်းသားတစ်ယောက်က ကျောင်းထဲက အတန်း ဖော်တွေနဲ့ မိတ်ဆွေသူငယ်ချင်းဖြစ်တာ ထူးဆန်းတဲ့အရာမှ မဟုတ် တာ'

'မထူးဆန်းဘူး ဟုတ်လား၊ အေးလေ… ဒီအတိုင်း မိတ်ဆွေဖွဲ့တာတော့ ထားလိုက်ပါတော့၊ အဲဒီသူငယ်ချင်းတွေနဲ့ ဟေလေးဝါးလား အလေလိုက်နေတာကျတော့ရော မင်းရဲ့လုပ်ရပ် တွေက မှန်နေပါပြီလို့ထင်လား နည်းသစ်'

'လူငယ်သဘာဝ ပေါ့ပေါ့ပါးပါး လွတ်လွတ်လပ်လပ် နေမှုကို အလေလိုက်နေတာလို့ သတ်မှတ်ရင်တော့ ဒါဟာ နားလည်မှုလွဲမှားတာပဲ ဘွားသစ္စာ'

'လူငယ်သဘာဝ… ဟုတ်လား နည်းသစ်'

မြေးဖြစ်သူမျက်နှာကို ခပ်စေ့စေ့ကြည့်လိုက်ပြီး မေးလိုက် သူ ဒေါ်သစ္စာဦးရယ်ပါ။ တယ်လည်း ကြီးကျယ်တဲ့စကားပါ လား။





ဒီကလေးရဲ့ အချိုးက အတော်ကြီးကို ပြောင်းလဲသွားတာ ပါပဲလေ။ ဘွားအေကို ပြန်ပြောလာသည်အထိ သတ္တိတွေရှိနေ သည်။ အရင်ကဆိုရင် ဒေါ်သစ္စာဦးရဲ့ စကားတစ်ခွန်းတည်းပဲ အားလုံးလိုက်နာကြရတာ။ ဘယ်သူမှအထွန့်မတက်ရ။ အကြောင်း ပြချက် မပေးရ။

ခုတော့…

မြေးဖြစ်သူက သူငယ်ချင်းအပေါင်းအသင်းကြောင့် တစ်သက်လုံးကြောက်ရွံ့ကာ နေခဲ့သော ဘွားအေဖြစ်သူကိုပင် စကားလုံးတွေနှင့် ပြန်လည်ချေပနေချေပြီတည်း။

မဖြစ်ဘူး။ မဖြစ်ဘူး။

ဒီသူရဲကောင်းဆိုတဲ့ ကောင်လေးနဲ့ ရှေ့ဆက် ပတ်သက် ခွင်းလို့တော့ မဖြစ်ဘူး။ တားကို တားဆီးရမည်။

'ဒီမှာ နည်းသစ်၊ မင်းကို ခပ်ရှင်းရှင်းပဲ ပြောမယ်၊ သူရဲကောင်းဆိုတဲ့ ကောင်လေးနဲ့ မင်း ရှေ့ဆက်ပြီး မပတ်သက် စေနဲ့၊ ဘွား လုံးဝမကြိုက်ဘူး'

'ဘာဖြစ်လို့လဲ ဘွားသစ္စာ၊ သူရဲကောင်းမှာ ဘာအပြစ် ရှိလို့လဲ၊ အခုကိစ္စ သူရဲကောင်းနဲ့ ဘာမှမဆိုင်ဘူးနော်၊ သားကိုယ် တိုင် လိုက်ချင်လို့ လိုက်သွားတာ၊ သူတို့ကတောင် သားကြောင့် ပိုက်ဆံအပိုတွေ ကုန်ကြရသေးတယ်'

'ဘာပဲပြောပြော ဘွားသစ္စာဦးက မပေါင်းသင်းရဘူးဆို



www.burmeseclassic.com

www.burmeseclassic.com



မင်း ရုပ်ပစ်ဖို့ပဲကြိုးစားလေ နည်းသစ်၊ ဘာကြောင့်အပိုစကား
တွေ ပြောနေရတာလဲ'

'သားပြောနေတာ ဘွားစကားကို လိုက်နာဖို့ ဘယ်လို
မှ မဖြစ်နိုင်လို့ပေါ့ ဘွားသစ္စာ'

'ဘာ… မင်း ဘာပြောတယ်'

'သူ့ရဲ့ကောင်းကို သား ခင်တယ်၊ အဲဒီခင်မင်မှုကို ဘယ်
လိုနည်းနဲ့မှ သားဘက်က ရုပ်တန့်ပစ်မှာမဟုတ်ဘူး ဘွားသစ္စာ
သူ့မှာ ဘာအပြစ်မှမရှိတာ၊ သူငယ်ချင်းစိတ်အပြည့်နဲ့ ခင်မင်နေတဲ့
သူကို သားက ဘယ်လိုအကြောင်းမျိုးနဲ့ သူ့စိမ်းဆန်ရမလဲ ဘွား
သစ္စာ'

'မင်း… မင်း…'

နည်းသစ်စကားကြောင့် ဘွားသစ္စာဦးတစ်ယောက် ဒေ
ဒွေ့ခုန်လေပြီ။ ဖေဖေနဲ့ မေမေလည်း မျက်လုံးကြီးတွေပြူးဝိုင်း
ပြီး ပါးစပ်လေးတွေ အဟောင်းသားကို ဖြစ်လို့။

မြေးအဘွားနှစ်ယောက်ကြား ဘာစကားမှ ဝင်ပြော
ပြောရမှန်းမသိအောင် ဖြစ်နေကြသည်။ နည်းသစ် တမင်အ
တိုက် ပြောနေတယ်ဆိုတာလည်း ရိပ်မိနေကြ၏။ တကယ်လည်း
သူငယ်ချင်းအပေါင်းအသင်းအပေါ် သူ့စိတ်တွေ စုပုံကျနေခြင်း
မရှိပါ။ သူ့ရဲ့ကောင်းကိုတော့ ရင်ထဲမှာ အမှန်တကယ်ခင်မိ
သည်။





သို့သော်…

ဒီသူငယ်ချင်းနဲ့ မပေါင်းသင်းရလို့ နင့်နင့်သီးသီး ခံစား
သွားရတာမျိုးတော့ မဟုတ်။ ဘွားသစ္စာဦးတစ်ယောက် ကဲကဲ
ဆတ်နေလွန်းတာကို အသည်းယားလွန်းလို့သာ ရွဲ့စောင်းပြီး ဘွား
ဆန္ဒတွေနဲ့ ဆန့်ကျင်ဘက်တွေချည်းသာ လျှောက်ပြောဆိုနေမိခြင်း
ဖြစ်သည်။

'သား နည်းသစ်၊ မင်း ဘာတွေလျှောက်ပြီး မဟုတ်
မဟုတ်စကားတွေနဲ့ ဘွားအေ စိတ်မချမ်းသာအောင် လျှောက်ပြော
နေတာလဲ၊ ပြန်ပြောလိုက်စမ်း၊ ဘွား စိတ်ချမ်းသာအောင် နောက်
ဘယ်တော့မှ အခုလိုမျိုးမဖြစ်စေရပါဘူးလို့ ပြန်ပြောလိုက်စမ်း
နည်းသစ်၊ သူ့ရဲ့ကောင်းနဲ့ ကင်းကင်းနေပါ့မယ်၊ မပတ်သက်တော့
ပါဘူးလို့ ကတိပေးလိုက်စမ်း နည်းသစ်'

မေမေ ကြားထဲက မနေနိုင်တော့ဘွာ ဝင်ပြောသည်။

နည်းသစ် ခေါင်းလေးကို တအားခါယမ်းပစ်လိုက်မိ၏။

'အဲဒီကတိကို သားမှမပေးနိုင်တာ မေမေ'

'နည်းသစ်'

မေမေ့အသံက ဧည့်ခန်းကြီးထဲ ရူးခနဲဟိန်းတက်သွား
သည်။ ဖေဖေကတော့ သူ့လုပ်ရပ်တွေကို လုံးဝမနှစ်မြို့ဟန်နဲ့
ရှုးရှုးကြီးစိုက်ကြည့်လို့။ နည်းသစ် အနည်းငယ်လန့်နေပေမယ့်
ပထုးတော့ပြီမို့ ရှေ့သာဆက်ဖို့ ဆုံးဖြတ်ထားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်လေ မေမေ၊ သား မပေးနိုင်ဘူး၊ သူ့ရဲ့ကောင်းက သူ့ဘာသာ အေးဆေးနေတတ်တဲ့သူ၊ သားက သူ့ကို ခမြင်ကတည်းက သဘောကျနှစ်သက်ပြီး ခင်မင်ခွင့်ရအောင် ကြိုးစားခဲ့တာ၊ ပြီးတော့ လူငယ်သဘာဝ လျှောက်လည်ကြတယ်၊ သားတို့ ပြဿနာမဖြစ်ခဲ့ကြဘူး၊ ဘာအမှားအယွင်းကိုမှလည်း မကျူးလွန်ခဲ့ကြဘူး၊ လူကြီးတွေ စိတ်ဆင်းရဲရမယ့် အပြုအမူမျိုးတွေကိုလည်း ရှောင်ခဲ့တယ်။ အပျော်သဘောပဲ မေမေ၊ လူငယ်ဘဝ စိတ်လွတ်လွတ်လပ်လပ်နဲ့ အပျော်သဘောပဲ နေခဲ့ကြတာပဲရှိတယ်၊ ဒါကို ကြီးမားတဲ့အပြစ်ကြီးတစ်ခုလို ရှေ့တန်းတင်ပြီး သားကို ထိန်းချုပ်ကန့်သတ်နေကြတာတော့ လွန်တယ်ဗျာ'

နည်းသစ်စကားကပဲ မှန်နေလို့လား မသိ။ ဖေဖေက သက်ပြင်းမောတစ်ချက်ရှိုက်ကာ အကြည့်လွှဲ၏။ မေမေက တိတ်ဆိတ်ကာ ငြိမ်ကျသွားသည်။

'ကန့်သတ်သင့်ရင် ကန့်သတ်ရမှာပဲ မြေး၊ ဘွားသစ္စာ စိတ်ကိုလည်း မြေးအသိဆုံးပဲလေ၊ အဆင့်အတန်းချင်းမတူတဲ့ ကလေးတွေနဲ့ ရောရောနှောနှော ခင်မင်ပေါင်းသင်းတာ လုံးဝ မကြိုက်ဘူးဆိုတာ မြေးလေးအသိဆုံးပဲဟာ၊ ငယ်ငယ်လေးကတည်းက စည်းကမ်းချက်တွေမျိုးစုံထုတ်ပြီး ထိန်းချုပ်ခဲ့တာ ဒီကနေ့လိုအဖြစ်မျိုးတွေ ရှိလာမှာစိုးလို့ပဲ နည်းစ်၊ အလကား အားအားလျားလျား လမ်းထွက်အလေလိုက်ချင်တဲ့ သိမ်ဖျင်းတဲ့





စိတ်ခါတ်မျိုးတွေ ကိန်းအောင်းလာမှာစိုးလို့ မင်းကို ဘယ်လို သူငယ်ချင်းမျိုးနဲ့မှ မခင်မင်နိုင်းခဲ့တာကွ၊ နားလည်လား၊ အိုကွာ… ဘာစကားတွေမှ မင်း ရှည်ရှည်ဝေးဝေးပြောမနေနဲ့တော့၊ အဲဒီ ကောင်လေးနဲ့ မင်း လုံးဝမပတ်သက်ရဘူး မြေးလေး၊ အဲဒီလို မပတ်သက်အောင် မင်းဘက်ကစပြီး ရှောင်ချင်ရင်ရှောင်၊ မဟုတ်ရင် ဘွားကိုယ်တိုင် သူ့ရဲ့ကောင်းဆိုတဲ့ ကောင်လေးနဲ့ မျက်နှာချင်းဆိုင်တွေ့ပြီး တားဆီးကန့်သတ်ရလိမ့်မယ် မြေးလေး'

'ဟာဗျာ… အဓိပ္ပာယ်မရှိတာ၊ သူ့ရဲ့ကောင်းနဲ့ ဘာဆိုင်လို့လဲ ဘွား၊ ပြောစရာရှိရင် ဘွားမြေးကိုပဲ ပြောလေ'

'မင်းကို ပြောနေတာပဲ၊ မင်းကမှ နားမထောင်တာ၊ အဲဒီကောင်လေးနဲ့ မပေါင်းနဲ့ဆို မင်း လက်ခံလို့လား'

ကျွတ်…

ဘွားကတော့ တကယ့်ပြဿနာပါပဲ။

သူ့ရဲ့ကောင်းကိုပဲ သွားပြောမယ်တကဲကဲ ခြိမ်းခြောက်နေတော့၏။

အဲဒီလိုတော့…

နည်းသစ် အဖြစ်မခံလိုပါ။

အားနာမိသည်။

သူ့ရဲ့ကောင်းရဲ့လုပ်ရပ်က ဘာရယ်မဟုတ် လုပ်ခဲ့တာလေ။ လှောင်ချိုင့်ထဲ အလှမွေးခံထားရတဲ့ ငှက်တစ်ကောင်လို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတာ မကြည့်ရက်ဘဲ ပြင်ပအတွေ့အကြုံလေး ပေးမြည်းခဲ့တာ .

သို့ပေမဲ့ . . .

မကောင်းတဲ့ ဘယ်လိုအရာမျိုးကိုမှ အားမပေးခဲ့ချေ။

သူငယ်ချင်းတွေက ရှိုးပွဲကြည့်ရင်း ဘီယာလေးဘာလေးသောက်ဖို့ အဖော်ဆွယ်၏။ သူရဲကောင်းက လုံးဝကိုငြင်းပယ်ခဲ့သည်။

အေးဆေးပဲ ရှိုးပွဲကို အားပေးစေ၏။

မူးလို့ အမှားအယွင်းရှိကာ ပြဿနာဖြစ်မည်ကို သူရဲကောင်းက မလိုလားချေ။ သတ္တိရှိတာမှန်ပေမယ့် ထိုသတ္တိကို မိုက်ရူးရဲဆန်စွာနဲ့ အသုံးမချချင်တာ။ အဲဒီလိုလူစားမျိုးမို့ သူရဲကောင်းကို နည်းသစ်ပိုပြီး အထင်ကြီးမိသည်။

ဘွားတို့က လူတစ်ယောက်ကိုကြည့်လျှင် အတွင်းစိတ်ဓာတ် ဖြောင့်မတ်တာကို မကြည့်။ အပြင်ပန်းဘယ်လောက်ပြည့်စုံ ချမ်းသာသလဲဆိုတာကိုသာ အဓိကဦးစားပေးသည်။

ဆင်းရဲသားဆိုလျှင် စိတ်ဓာတ်မကောင်းနိုင်ဘူးဟုပဲ စိတ်ထဲ စွဲမှတ်ထား၏။

'မြေး'

သူ မထူးပေမယ့် ဘွားကိုတော့ ကြည့်မိ၏။

သေချာတာကတော့ . . .

သူ မျက်နှာမှုတ်ကုတ်ကုတ်နဲ့ ဖြစ်နေမယ်ဆိုတာပါပဲ။





သူ့စိတ်တွေ ကြည်လင်မနေတာကို ဘွားသစ္စာဦးကလည်း သိနေပါသည်။ သို့ပေမဲ့ လုံးဝကို အရေးမထားတာပါ။

'ဘွားစကားအတိုင်း မင်း လိုက်နာမှာလား'

'မလိုက်နာရင် ဘယ်လိုအပြစ်ပေးမှာလဲ ဘွား'

ဟင် . . .

မြေးဖြစ်သူရဲ့ အမေးကြောင့် ဒေါ်သစ္စာဦး မျက်ခုံးတွေ ပင့်တက်သွားရပြီ။

မြေးက ဆက်ပြီး ခေါင်းမာဦးမယ့်သဘောရှိနေတာ မဟုတ်လား။ မြေးရဲ့ မျက်နှာက သွေးအေးကာ တည်ငြိမ်လွန်းနေသည်လေ။

'ပြောလေ . . . ဘွား၊ မြေးကို အိမ်ပေါ်ကနေ နှင်ချမလို့လား'

အို . . . မြေးလေးရဲ့မေးခွန်းက ဒေါ်သစ္စာဦးရင်ကို တင်းခနဲ ဆုပ်ဆွဲခံလိုက်ရသလိုပါပဲ။

'ဒါဆိုလည်း ဘွားသဘောပါပဲ၊ မြေးကတော့ အပြစ်မဲ့ သူကိုတော့ အလကားနေ စိတ်ရှုပ်စရာတွေမပေးနိုင်ဘူး၊ သူရဲကောင်းက စိတ်ကောင်းအရမ်းရှိတယ်၊ သူငယ်ချင်း အပေါင်းအသင်းပေါ်မှာ ညှာတာစိတ်အပြည့်ရှိတယ်၊ ဒါကြောင့် သူ့ကိုတော့ မြေးဘက်ကနေ စပြီး ဘာစကားကို မပြောနိုင်ပါဘူး၊ ဘွား အပြစ်ပေးရင်လည်း ခံယူဖို့အသင့်ပါပဲ'



www.burmeseclassic.com

www.burmeseclassic.com



'နည်းသစ်'

ဘွားသစ္စာဦးရဲ့ အော်သံက ဟိန်းခနဲ။

နည်းသစ် ကြားပေမယ့် မကြားဟန်ဆောင်မိပြီ။

ညှော်ခန်းကျယ်ကြီးထဲကနေ အားလုံးကို ကျောခိုင်းကာ အပေါ်ထပ်ရှိ သူ့အခန်းရှိရာဆီသို့သာ ထွက်လာခဲ့လိုက်တော့သည်။

✿ ✿ ✿



## အခန်း (၁၄)

'နင် ဒီလောက်အလွယ်တကူ အဆောင်နေခွင့်ရသွားလိမ့်မယ်လို့ ငါမထင်ထားမိဘူး၊ နင်ပြောတော့ လကုန်လောက်မှဆို သစ်ရွက်စိမ်း'

'အင်း… ဟုတ်တယ်၊ ဒါပေမဲ့ အခု ရသွားပြီလေ၊ ကံပါ… နင့်အတွက်ပါ ပြောပြီးသားဆိုတော့ စိတ်ပေါ့ပေါ့ပါးပါးနဲ့သာနေတော့ သစ်ရွက်နု'

သစ်ရွက်စိမ်းက…

အခန်းလေးထဲက ကြမ်းပြင်ပေါ်လှဲအိပ်ရင်း အေးဆေးစွာပင် စကားဆိုလာသည့် သစ်ရွက်စိမ်းကိုကြည့်ပြီး သစ်ရွက်နုတစ်ယောက် နှုတ်ခမ်းလေးတွန့်ရုံသာ ပြုံးလိုက်မိသည်။

ပြောမယ့်သာ ပြောတာ။



www.burmeseclassic.com

www.burmeseclassic.com



သစ်ရွက်စိမ်းက အစွမ်းအစတော့တကယ်ရှိတဲ့ မိန်းကလေးတစ်ယောက်သာ ဖြစ်သည်။ ဘယ်အရာမဆို လုပ်ရဲ၊ ကိုင်ရဲ၊ ပြောရဲ၊ ဆိုရဲ၏။ အကြောက်အရွံ့ ကင်းသည်။ လူမှုပေါင်းသင်းဆက်ဆံရေးဆိုလည်း သစ်ရွက်စိမ်းက ညက်သလားမမေးနဲ့။ သစ်ရွက်နုလို လူကြောက်တတ်တဲ့သူထက်တော့ သာလွန်တာ အမှန်ဖြစ်သည်။

ဒေါ်လေးအိမ်ပေါ်တက်လာပြီး အဆောင်ရပြီဟု သစ်ရွက်နုကို လာခေါ်တုန်းကဆို သူမမျက်နှာ မျက်ဖြူလန်မတတ် ကြောက်နေခဲ့သည်။

သစ်ရွက်စိမ်းနဲ့ ဒေါ်လေး ပြဿနာတက်တော့မလားဆိုပြီးတော့ ရင်တွေပန်းတွေတုန်ကာ ဒူးတွေပင် ကွေးညွတ်ချင်နေသည်။

သစ်ရွက်စိမ်းကတော့ အေးဆေးပဲ။

သူမနဲ့ပဲ ဘာမှမဖြစ်ထားသလိုလို အိမ်ပေါ် ခပ်တည်တည်ပဲ တက်လာခဲ့သည်။ သစ်ရွက်နု အဝတ်အစားတွေထုပ်ပိုးပြီး တစ်ခါတည်းလိုက်ခဲ့ဖို့ စောင့်ခေါ်ခဲ့၏။ ဒေါ်လေးက သစ်ရွက်စိမ်းရဲ့ အချိုးကို မကြိုက်လှပေမယ့် ဘာမှတော့မပြောချေ။

သူ့ဘက်ကလည်း အပြစ်က ရှိနေခဲ့တာကို။ သစ်ရွက်စိမ်း အိမ်ကနေထွက်သွားတာ ဒေါ်လေးကြောင့်ဆိုတော့လည်း မပြောနိုင်ဘူးပေါ့။





သူမ ယူသင့်တဲ့ အဝတ်အထည်နဲ့ အသုံးအဆောင်ပစ္စည်းတွေ ထုပ်ပိုးလည်းပြီးရော ဒေါ်လေးကို နှုတ်ဆက်ကန်တော့ကာ သစ်ရွက်စိမ်းနောက်ကို လိုက်လာခဲ့သည်။

သစ်ရွက်စိမ်း အလုပ်ကရတဲ့အဆောင်က မဆိုးပါဘူး။ အခန်းတစ်ခန်းကို အဆောင်နေမိန်းကလေးနှစ်ဦးစီ ထားသည်။ သစ်ရွက်စိမ်း ဘယ်လိုပြောထားသလဲတော့ မသိ။ ညီအစ်မနှစ်ယောက် အတူတူနေထိုင်ဖို့ အခန်းတစ်ခန်းစာ ရ၏။

ရေချိုးခန်းနဲ့ သန့်စင်ခန်းတွေက အောက်ထပ်မှာဆိုပေမယ့် မိန်းကလေးအဆောင်မို့ အဆင်ပြေ၏။

ဒေါက်... ဒေါက်...

အခန်းတံခါးခေါက်သံကြောင့် လှဲနေတဲ့ သစ်ရွက်စိမ်းရော အဝတ်အစားထုပ်ကိုဖွင့်ပြီး အခန်းထဲပေးထားတဲ့ ဗီရိုသေးသေးလေးထဲထည့်ဖို့ ပြင်ဆင်နေတဲ့ သစ်ရွက်နုပါ အခန်းတံခါးဆီ အကြည့်လေးတွေ ရောက်သွားကြ၏။

'ဘယ်သူလဲ'

'မမာလာပါ... သစ်ရွက်နု'

လေသံမလျော့မတင်းနှင့် ပြန်ဖြေသံ ကြားရသည်။

သစ်ရွက်စိမ်း ဆတ်ခနဲထကာ တံခါးသွားဖွင့်၏။ မန်နေဂျာမကလည်း သူမကို လေသံခပ်တိုးတိုးနှင့် အသိပေးသွားသေးသည်။

မန်နေဂျာဆိုတဲ့အသံကို ကြားတာနဲ့ သစ်ရွက်နုလည်း ချုပ်လက်စအလုပ်ကို ရပ်ထားကာ ထရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဩော်… မမမာလာ၊ ဘာကိစ္စရှိလို့လဲ အစ်မ'

သစ်ရွက်စိမ်း လေသံက နုအိအိ။

မျက်ခုံးနှစ်ဖက်တွန့်ကျုံ့ပြီး မကြည်မလင်နှင့်ရှိနေသော မန်နေဂျာမမာလာ။ နှုတ်ခမ်းနှစ်လွှာက တင်းတင်းစေ့နေရုံမက ဘဲ အနည်းငယ်ရှုတင်းနေသလို…

'နင် သိပ်ပြီးတော်တယ်နော် သစ်ရွက်စိမ်း၊ ချီးကျူးပါ တယ်အေ၊ အဟင်း… ဟင်း…'

'ဒါက ကျွန်မအတွက် အရမ်းကိုလိုအပ်နေလို့ပါ မမ မာလာ၊ အစ်မကိုကျော်ပြီးလုပ်တာ မဟုတ်ပါဘူး၊ ကျွန်မတို့ ညီအစ်မအတွက် အရမ်းခက်ခဲနေလို့ပါ'

'ဘာပဲပြောပြော ညည်းရဲ့ သတ္တိကိုတော့ ချီးကျူးပါ တယ် သစ်ရွက်စိမ်း၊ အခုတော့ သူဌေးက ညည်းကို မှတ်မှတ် ထင်ထင်ရှိသွားပြီလေ၊ အဆောင်နေရာပေးလိုက်ဖို့ ညွှန်ကြားရုံ တင်မကဘူး၊ သီးသန့်ဆောင်မှာနေခိုင်းဖို့တောင် ကျုပ်ကို အမိန့် ပေးလိုက်ပြီ။ ညည်း တော်တော်ကံကောင်းတဲ့မိန်းမပဲ သစ်ရွက် စိမ်း'

သစ်ရွက်စိမ်းက ပြုံးစိစိနှင့် ငြိမ်သက်နေ၏။ မန်နေဂျာ အစ်မကို ဘာမှတော့ ပြန်မပြောချေ။

ဘာတွေလဲ။

သူတို့ ဘာတွေပြောနေကြတာလဲ။





သစ်ရွက်နုတော့ ဘာကိုမှ နားမလည်ပေ။

သစ်ရွက်နု သိတာ တစ်ခုတည်းပဲ။

အဲဒါ…

မန်နေဂျာအစ်မကြီးက သစ်ရွက်စိမ်းကိုလုံးဝမကြည်လင် ဘူးဆိုတာပဲလေ။ သစ်ရွက်စိမ်းကို ကြည့်ရတာလည်း မန်နေဂျာ အစ်မကို သိပ်ပြီးအရေးစိုက်ဟန် မရှိ။ မထိမဲ့မြင်ပုံစံနှင့် ခပ်အေး အေးပဲ ဆက်ဆံပြောဆိုနေသည်။

ကြားကနေ မျက်နှာဘယ်လိုထားရမှန်း မသိအောင် ဖြစ်နေရသူက သစ်ရွက်နုပဲ။ သစ်ရွက်စိမ်း ဘာတွေလုပ်လာခဲ့ သလဲ။ မန်နေဂျာအစ်မကို ဘောင်ကျော်ပြီး သူမ ဘာတွေများ လုပ်ခဲ့သလဲ။

စဉ်းစားမရပါ။

ဒေါသတွေဆူဝေနေသော မမာလာဆိုသည့် အစ်မကြီးရဲ့ မျက်နှာလေးကိုသာ မရဲတရဲလေးကြည့်ပြီး ဘေးကနေ ငြိမ်သက် ကုတ်ဆိတ်နေမိသည်။

'သူက ဘယ်သူလဲ'

'ကျွန်မအစ်မ သစ်ရွက်နု'

'ဟွန်း…ညီအစ်မတွေကတော့ ဟန်ကိုကျနေတာပဲနော်'

'မမာလာ… အခုလာရင်းကိစ္စကိုပဲ ပြောကြရင် ကောင်း မယ်ထင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း…

စကားပြောပုံကိုက…

သူ့ကိုယ်သူ ဘာများမှတ်နေလဲ မသိပါဘူး။

သူဌေးက အရေးပေးတယ်ဆိုပြီး မာန်က တက်ပြချင်နေ ၏။ တော်တော်မလွယ်တဲ့ သစ်ရွက်စိမ်း။ သူဌေးက စုပါမားကက် ကိုလိုက်ကြည့်ပြီး လေ့လာစစ်ဆေးနေတုန်း သူမ တာဝန်ယူရသည့် အရောင်းကောင်တာရှေ့လည်းရောက်လာရော သူဌေးရှေ့ကနေ ခပ်တည်တည်လေး ပိတ်ကာရပ်လိုက်ပြီး သူမ လိုအပ်နေသော အဆောင်နေခွင့်ကို ရအောင်တောင်းခဲ့သည်။

သူဌေးကလည်း ထုံးစံအတိုင်း ကောင်မလေးချောချော မြင်တာနှင့် သဘောတွေကျပြီး စေတနာတွေက ရေစီးကမ်းပြို လိုက်ချင်နေ၏။

သစ်ရွက်စိမ်းကလည်း ထူးထူးခြားခြား သတိထားမိ လောက်အောင်ကို လှတာလေ။

ဒီတော့… သူဌေး မျက်စိကျပြီပေါ့။

ထိုကောင်တာရှေ့ကနေ ဖြတ်အကျော် သူမကို ခပ်တိုး တိုးကပ်အမိန့်ပေးခဲ့သည်။ အဆောင်ကို ချက်ချင်းစီစဉ်ပေးလိုက် တဲ့လေ။ မာလာ ဘယ်လိုမှမတတ်နိုင်တော့။ သစ်ရွက်စိမ်း အဆောင်နေဖို့ပြောထားတာ ကြာလှပြီ။ ထောင့်သိပ်မကျိုးတဲ့ပုံ မျိုးနဲ့မို့ မန်နေဂျာဖြစ်တဲ့ မာလာက သိပ်ကြည့်မရ။





သို့သော်…

ဒီလို လှပတဲ့ကောင်မလေးမျိုး အရောင်းစာရေးခန့်ထား တော့ ကုမ္ပဏီအတွက် အကျိုးရှိတာမို့ အလုပ်တော့ မထုတ်ပယ် ချင်။ သစ်ရွက်စိမ်းက ဘဝင်မြင့်ပြီး အခြေကြီးသလိုရှိတာ အလုပ် တာဝန်တော့ ကျေပွန်သူဖြစ်သည်။

မြင်သူတကာ အံ့သြငေးမော မှင်တက်သွားအောင်ကို ဆွဲဆောင်မှုရှိသူဆိုတော့ အလုပ်ခွင်မှာဆိုလည်း ထင်ရှားလွန်း၏။

ဒါကို…

မိန်းကလေးအချင်းချင်း မနာလိုသူတွေလည်း ရှိသည်။ သစ်ရွက်စိမ်းကို သိပ်ပြီးအမြင်မကြည်လင်ကြ။ မာလာ ဒါကို သိပေမယ့် မသိချင်ဟန်နဲ့ပဲ ဆောင်နေလိုက်သည်။ အဆောင်ပေး တော့ စိတ်ကူးထားပြီးသားပါ။ အချိန်နည်းနည်းဆွဲနေတာ။

အခြေအနေကို စောင့်ကြည့်တဲ့သဘောပဲ။

သစ်ရွက်စိမ်းက သူမ ညစ်ပတ်ထားတာကို ရိပ်မိ၏။ ခွင့်မသာသေးလို့ ကြိတ်မှိတ်ခံနေတဲ့သဘော။

မထင်မှတ်ဘဲ…

သူဌေးက ကုမ္ပဏီကို လိုက်စစ်ဆေးတဲ့အချိန်ကောင်းကို စောင့်ပြီး သူမဆန္ဒတွေတင်ပြပြီး ရယူဖို့ကြိုးစားလိုက်တာ။ အောက်ခြေဝန်ထမ်းတစ်ယောက်အနေနဲ့ မျက်နှာချင်းဆိုင်တွေ့ဆုံ ရဖို့ဆိုတာ လွယ်ကူတဲ့ကိစ္စတစ်ခု မဟုတ်ဘူးလေ၊ ဒါကို



www.burmeseclassic.com

www.burmeseclassic.com



သိနေတဲ့ သစ်ရွက်စိမ်းက အခွင့်အရေးလေးရတုန်း အသုံးချနိုင်အောင် ကြိုးစားလိုက်တာလေ။

မာလာပင် သစ်ရွက်စိမ်း လုပ်ရပ်ကြောင့် သူဌေးရဲ့အနောက်ကနေ လိုက်လံရှင်းပြနေရင်း မျက်လုံးတွေပင် ပြူးပိုင်သွားရ၏။ ဟန့်တားဖို့ဆိုတာလည်း မဖြစ်နိုင်တော့ပါ။

သစ်ရွက်စိမ်းရဲ့ မျက်နှာက ခပ်တည်တည်ပဲ။

သူဌေးကို ခပ်စူးစူးလေးစိုက်ကြည့်ပြီး သူမ အဆော နေဖို့တောင်းထားခြင်းကို အခုချိန်ထိ အကြောင်းမပြန်သေးဘူ ဆိုပြီး အသိပေးတိုင်ကြား၏။ သူမ အနောက်ကလျှောက်တဲ့သူ တောင် ရသွားပြီ။ သူမအလှည့်မှ ကြန့်ကြာနေသည်ဆိုပြီး သူ ကိုပါ ပြဿနာလှည့်ရှာလိုက်သေးတဲ့ သစ်ရွက်စိမ်းပါ။

ထိုကိစ္စကြောင့်...

သူဌေးက သူ့ရုံးခန်းတွင် မာလာ့ကိုခေါ်တွေ့ပြီး အလု သမားအချင်းချင်း တန်းတူအခွင့်အရေးပေးဖို့ သတိခေါ်ပေးသည်

နောက်ကိုလည်း...

အခုလိုအဖြစ်မျိုး မရှိအောင် မှာကြားခြင်းခံရ၏။

သူဌေးဆီက ငြိုငြင်စွာ ဆုံးမစကားပြောခံရတာဆို ဒါဟာ ပထမဦးဆုံးပဲ ဖြစ်သည်။

သူဌေးက သူမကို သိပ်တော်လွန်းတဲ့ သူ့ရဲ့လက်အော ဝန်ထမ်းကောင်းဆိုပြီး အများရှေ့ချီးကျူးနေခဲ့သမျှ သစ်ရွက်စိမ်





ကြောင့် ခေါ်သတိပေးခြင်းခံရတာကို ဒေါသတွေအကြီးအကျယ် ထွက်နေမိသည်။

သို့သော် သစ်ရွက်စိမ်းဆိုတဲ့ကောင်မလေးက သူဌေးရဲ့ အမြင်မှာ စူးစူးနစ်နစ် တိုးဝင်သွားပြီဆိုတော့ မာလာ တစ်ခုခု ချောက်ချရင်တောင် သူမအပြစ်ဆိုတာ ထင်ပေါ်သွားပေတော့ သည်။

မဖြစ်သေး။

ခုချိန်မှာ သစ်ရွက်စိမ်းနဲ့ ပြဿနာဖြစ်လို့ လုံးဝကိုမဖြစ် တာပါ။ သူဌေး ရိပ်မိသွားနိုင်သည်။

ထို့ပြင် သူဌေးက သစ်ရွက်စိမ်းကို သဘောတွေကျပြီး မာလာနေသော သီးသန့်အဆောင်ဘက်ခြမ်းတွင် ထားဖို့ပါ ညွှန် ကြားခဲ့သည်။

မာလာကိုယ်တိုင် သွားပြောလိုက်ပါဆိုတော့ ဇာတ်လမ်း က ပြီးပြီပေါ့။

'မမာလာ'

ခေါ်သံကြောင့် အတွေးများနှင့် နစ်မျောနေရာမှ မန်နေဂျာ မာလာတစ်ယောက် အသိလေးပြန်ဝင်သွားရသည်။

'သြော်... အေး... ညည်းတို့ကို အခန်းပြောင်းပေးဖို့ သူဌေးက ညွှန်ကြားလို့ ငါလာခဲ့တာ၊ ငါ့နောက်လိုက်ခဲ့ကြ သစ်ရွက်စိမ်း'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မတို့ ဒီမှာနေလို့အဆင်ပြေနေတာပဲဟ်ာ မမာလာ'

'အပိုစကားတွေ ပြောမနေနဲ့ သစ်ရွက်စိမ်း၊ လိုက်မှာသာ လိုက်ခဲ့စမ်းပါ၊ အခုလိုဖြစ်အောင် ညည်းပဲလုပ်ဆောင်ခဲ့တာ မဟုတ်လား၊ သိပ်ပြီးဟန်ဆောင်ကောင်းပြမနေစမ်းပါနဲ့အေ၊ ဒီလ အိုက်တင်တွေက ကျုပ်အတွက်တော့ ရိုးအီနေပါပြီ'

သစ်ရွက်စိမ်း နှုတ်ခမ်းတွေ တွန့်ခနဲမဲ့ကွေးသွားရ

ကြည့်လို့ လုံးဝကိုမရတာလေ။

သူဌေးက သစ်ရွက်စိမ်းဘက်က အပြည့်အဝကို ရ တည်ပြီး ဦးစားပေးနေပြီ မဟုတ်လား။ သီးသန့်အဆောင်ဘ ဆိုတာက ကုမ္ပဏီမှာ ရာထူးမြင့်သူတွေကိုပဲ ပေးနေထားတာလ

ဒါကို သစ်ရွက်စိမ်းတို့ညီအစ်မတွေကို ပေးနေလိုက် တော့…

'သစ်ရွက်စိမ်း'

'ခဏလေး သစ်ရွက်နု၊ ပြောင်းနေရမယ့်ခန်း ငါ လို ကြည့်ဦးမယ်၊ ပြီးမှ ပစ္စည်းတွေသိမ်းဆည်းပြီး ပြောင်းကြ ပေါ့၊ နင် ဆက်ပြီးအဝတ်အစားတွေထုတ်မနေနဲ့ဦး သစ်ရွက်

သစ်ရွက်စိမ်းက မှာသင့်တာမှာခဲ့ပြီး မန်နေဂျာအစ်မ နောက်မှ မျက်နှာတည်တည်နှင့်ပင် လိုက်ပါသွားတော့သ

အခန်းလေးထဲမှာ ကျန်နေခဲ့သူက သစ်ရွက်နုရယ်

စရောက်တဲ့နေ့မှာပဲ ပြဿနာက တက်ရပြီ။





မန်နေဂျာ မမာလာရဲ့ မျက်နှာမှာ သူမတို့ညီအစ်မအပေါ် ကြည့်လင်ခြင်းမရှိချေ။

သစ်ရွက်စိမ်းရယ်…

နင် ဘာတွေလျှောက်လုပ်ထားပြန်ပြီလဲဟင်။

အဆင်မပြေရဲ့လား သစ်ရွက်စိမ်းရယ်။

နင့်အစား ငါ ရင်တွေမောနေတာပဲဟာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

'မင်းက ဘာဝယ်စရာရှိလို့ ရုပါမားကက်ကို လာရတာလဲ သူရဲကောင်း'

'ခံစားချက်လေးတွေ ဝယ်ဖို့လေ'

'ဘာ...'

သူရဲကောင်း အဖြေကြောင့် သူငယ်ချင်းတွေအားလုံး မျက်လုံးပြူးသွားရပြီ။

'ဟုတ်တယ်၊ ငါ့ရင်ခုန်သံလေးက ဒီရုပါမားကက်မှာ ရှိနေတာဆိုတော့ ရောက်အောင်လာရတာပေါ့ကွာ၊ အဲဒီခံစားချက်လေး ဝယ်ချင်တာနဲ့ လာခဲ့တာ'

'တော်စမ်းပါကွာ၊ ခတ္တာ ပြောစကားအရတော့ သိပါပြီ မဟုတ်သေးပါဘူး၊ အဲဒီလောက် အခြေကြီးတဲ့မိန်းကလေးကို များ မင်းမို့လို့ လိုက်ခံစားနေသေးတယ် သူရဲကောင်းရယ်'





အောင်မျိုးက မျက်နှာလေးရှုံ့မဲ့ကာပင် ကန့်ကွက်စကားဆိုသည်။

သူရဲကောင်း စိတ်ဝင်စားနေတဲ့ သစ်ရွက်စိမ်းဆိုတဲ့ ကောင်မလေးက ငွေအရမ်းမက်တာတဲ့လေ။ ပိုက်ဆံချမ်းသာတဲ့ သူလောက်ပဲ ခေါင်းထဲထည့်စဉ်းစားတာ။ သာမန်ပြည့်စုံတာလေးလောက်ဆို အိပ်မက်တောင် ထည့်မမက်ဘူးတဲ့။

ခတ္တာက အောင်မျိုးကို အကြောင်းအရာတွေအားလုံး ပြောပြပြီးသွားပြီ။ သူရဲကောင်းနဲ့ သစ်ရွက်စိမ်းကို စမိတ်ဆက်ပေးတဲ့နေ့က အကြောင်းတွေအားလုံး တစ်လုံးမကျန်အောင် ပြန်ဖောက်သည်ချပြီးနေပြီလေ။

သူရဲကောင်း ဘယ်လိုလိုမှ်ပိန့်ခံလိုက်ရသလဲဆိုတာ အောင်မျိုး သိပြီးပြီ။

အားမပေးချင်ဘူး။

အဲဒီလိုကောင်မလေးမျိုးကို စိတ်ကူးထဲမထည့်စေချင်ဘူး။

ခက်တာက သူရဲကောင်းရဲ့စိတ်။

ကောင်မလေးကိုပဲ တမ်းတမ်းစွဲဖြစ်နေသည်။

မဖြစ်နိုင်ဘူးဆိုတာ သိနေလျက်နဲ့ အချိန်ကုန်လူပင်ပန်းခံနေတဲ့ သူရဲကောင်းပဲ။

ခုလည်း ကြည့်လေ။



www.burmeseclassic.com

www.burmeseclassic.com



စူပါမားကက်ကြီးရဲ့ နေရာအနှံ့လိုက်ကြည့်ပြီး သစ်ရွက်စိမ်းဆိုတဲ့ ကောင်မလေးကို လိုက်ရှာနေ၏။

ဒါကို အောင်မျိုး စိတ်အပျက်ဆုံးပါပဲ။

'ဟော… ဟိုမှာ'

အသံထွက်လာတာက သူ့ရဲကောင်းဆီက…

'ငါ ဒီနားမှာပဲနေခဲ့မယ် သူရဲကောင်း'

အောင်မျိုး ပြောတာကို ကြားဟန်ပင် မတူ။ သူရဲကောင်းခြေလှမ်းတွေက အရောင်းဝန်ထမ်းဝတ်စုံလေးနဲ့ လှုပကျော့ရှင်းနေတဲ့ သစ်ရွက်စိမ်းဆီသာ ရွေ့လျားနေ၏။

အောင်မျိုးရဲ့ အခြေအနေကို အကဲခတ်နေသူကတော့ နည်းသစ်ပဲ ဖြစ်သည်။ စူပါမားကက်ထဲ စဝင်လာကတည်းက အောင်မျိုး မျက်နှာက ကြည်လင်မှုမှ ရှိမနေတာ။ သူငယ်ချင်းအချင်းချင်း အဖော်လိုက်ပေးရတာ ပြဿနာ မဟုတ်တာပဲ။ အောင်မျိုး ဘာဖြစ်နေတာလဲ။

အရင်ကလည်း… သူရဲကောင်း သွားရာနောက်တကောက်ကောက် လိုက်ပါနေကျလေ။ တပျော်တပါး တဝါးဝါးတဟားဟားနဲ့ပါပဲ။

ခုတော့ ထူးခြားနေသည်။

နည်းသစ် စပ်စုချင်လာ၏။ သို့ပေမဲ့ မေးတော့ မမေးကြည့်ဖြစ်ပါ။ သူရဲကောင်းကတော့ ကောင်မလေးအနားသို့သာ မှိုရသောမျက်နှာထားနှင့် ချဉ်းကပ်သွားသည်။





'သစ်ရွက်စိမ်း'

ခေါ်သံကြောင့် ပစ္စည်းလေးတွေ နေရာတကျပြန်စီနေရာမှ စောင်းငဲ့ကြည့်လိုက်မိ၏။

'ကိုယ့်ကို မှတ်မိလား၊ သူရဲကောင်းလေ'

စိမ်းသက်သော မျက်ဝန်းအကြည့်တွေကြောင့် သူကနှစ်လိုဖွယ်ပြုံးကာ သူ့ကိုယ်သူ မိတ်ဆက်ပေးသည်။

သို့ပေမဲ့ သူမ မမှတ်မိ။

သူမအတွက် ဒီလိုလေး နာမည်ပြောလိုက်ရုံနှင့် ပြန်အမှတ်ရစရာ လုံးဝမရှိပါ။ သူမ စကားပြောပတ်သက်သည့် ကောင်လေးတွေဆိုတာ နည်းတာမှမဟုတ်တာ။

ပြီးတော့ ထိုကောင်လေးတွေအားလုံးကလည်း ပိုက်ဆံကြွယ်ဝချမ်းသာတဲ့ အသိုင်းအဝိုင်းက ကောင်လေးတွေချည်းပဲ။ ဒီလို ခပ်အောက်အောက်ဒီဇိုင်းများနဲ့ ဆင်မြန်းထားတဲ့သူမျိုး မပါချေ။

ဧကန္တ သူမ အရင်က နေထိုင်ခဲ့ဖူးသည့် ရပ်ကွက်ထဲက လူတစ်ယောက်များလား။ ဖြစ်နိုင်သည်။ မျက်ဝန်းလေး စောင်းငဲ့ကြည့်နေရာမှ ပြန်လှည့်ပြီး ကိုယ့်အလုပ်ကိုယ် ဆက်လုပ်နေလိုက်သည်။

အဲဒီလောက်ကို သစ်ရွက်စိမ်း သိပ်ပြီးမပတ်သက်မဆက်ဆံချင်ဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



'သစ်ရွက်စိမ်း'

သူမ မထူးဘဲ ခပ်တည်တည်နှင့်ပင် ကျောခိုင်းလှည့်ထွက်ဖို့ ကြိုးစားလိုက်၏။

'သစ်ရွက်စိမ်း... ခဏနေပါဦး'

ကျွတ်...

သစ်ရွက်စိမ်း စိတ်ပျက်ရပြီ။

'သစ်ရွက်စိမ်း'

'ဘာလဲရှင့်'

'ကိုယ့်ကို တကယ်မမှတ်မိတာလားဟင်'

'အင်း...'

'ကိုယ်က ခတ္တာရဲ့ သူငယ်ချင်းလေ၊ မင်း အရင်တွဲနေဖူးတဲ့ တိုက်ခန်းက ခတ္တာ တစ်ခါမိတ်ဆက်ပေးဖူးတာ မှတ်မိလား'

ဩော်... ဟိုလူ။

သစ်ရွက်စိမ်း မှတ်မိသွားပြီ။

'ကိုယ် သူရဲကောင်းလေ သစ်ရွက်စိမ်း'

'ဟုတ်ပါပြီ... ရှင် ဈေးဝယ်လာတာ မဟုတ်လား။ အေးဆေးပဲ ပစ္စည်းတွေကြည့်နော်၊ ကျွန်မ အလုပ်လေးတွေရှိသေးလို့'

ဒါ ဈေးဝယ်သူ စိတ်သက်သာရာရအောင် သူမဘက်က အတတ်နိုင်ဆုံး ဆက်ဆံပေးလိုက်ခြင်းရယ်ပါ။





'ခဏ... ခဏနေပါဦး ရွက်စိမ်း'

'ကျွန်မ မအားဘူးလို့ ပြောပြီးပြီနော်'

လေသံက မာသွား၏။

'ကိုယ်သိပါတယ် ရွက်စိမ်းရယ်၊ ဒါပေမဲ့ ရွက်စိမ်းကို တွေ့ချင်လွန်းလို့ ဒီနေရာအထိ ရောက်လာခဲ့ရတဲ့ ကိုယ့်ကို နည်းနည်းလေးတော့ စာနာငဲ့ကြည့်သင့်ပါတယ်ကွာ'

'အဲဒီလို စာနာလိုက်ရင် ကျွန်မအတွက် ဘယ်လိုအကျိုးအမြတ်ရနိုင်မလဲ'

'ဗျာ...'

'ရှင့်ရဲ့ စိတ်ဖြေသိမ့်မှုအတွက် လိုက်လျောညီထွေနေပေးရင် ရှင်က ဝန်ဆောင်ခအတွက် ထိုက်ထိုက်တန်တန်ပေးမှာမို့လို့လား'

ဟာ...

သူရဲကောင်းတစ်ယောက် သူ့မျက်နှာဆီ ခပ်စိန်းစိန်းစိုက်ကြည့်ပြီး ပြောနေတဲ့ သစ်ရွက်စိမ်းဆိုတဲ့ ကောင်မလေးကို အထူးအဆန်းသဖွယ်ပင် မျက်လုံးကြီးတွေပြူး ဝိုင်းကာ ကြောင်ကြည့်နေမိသည်။

သစ်ရွက်စိမ်းက ထင်ထားတာထက်ကို ပိုပြီး ငွေကြေးစကားကို ပြောနေတာပါပဲလား။

မိန်းကလေးတစ်ယောက်ဆီက ပြောင်ကျလှသော စကား



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သူ့ရဲ့ကောင်းရင်ထဲ သိမ်ငယ်မှုနဲ့အတူ ရှက်သွေးဖြာရဲ သွားရသည်။ ငွေမက်တဲ့သူကိုမှ ချစ်မိခဲ့သည့်အဖြစ်။

'လောကကြီးမှာ ဘယ်အရာမှ အလကားမရဘူးဆိုတာ ရှင် သိထားသင့်တယ်၊ တစ်ခုခုကိုလိုချင်ရင် ကိုယ့်ဘက်ကလည်း တစ်ခုခုကို ပြန်ပြီးပေးဆပ်ရမယ်၊ ကျွန်မက ငွေလိုတဲ့သူဆိုတော့ ငွေစကား ၂ ပြောမှာပဲ၊ ကျွန်မ ငွေမက်တယ်၊ ဒါပေမဲ့ မတရား သဖြင့်ရတဲ့ငွေကြေးတွေ၊ သူတစ်ပါး မျက်ရည်ပေါက်ကြီးကျပြီးမှ ရတဲ့ငွေကြေးတွေ၊ မိန်းကလေးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာ ပေးဆပ်မှရတဲ့ ငွေမျိုးကိုတော့ ကျွန်မ လုံးဝမလိုချင်ဘူး၊ ကိုယ့်ဘက်က စိုက်ထုတ်ရတဲ့အင်အားနဲ့ ကိုက်ညီမျှတတဲ့ငွေကိုပဲ မက်တယ်၊ အခု ကျွန်မ တာဝန်ထမ်းဆောင်နေချိန်ဖြစ်နေတယ်၊ လစာ ငွေကိုလည်း ကျေနပ်စွာယူထားတဲ့အတွက် ကျွန်မဘက်က ပြန်ပြီး အလုပ်အပေါ် တာဝန်ကျေကျေထမ်းဆောင်ရမယ်၊ ဒါကြောင့် အလုပ်ချိန်မှာ ကျွန်မကို အနှောင့်အယှက်ဖြစ်အောင် ရှင်မလုပ်ပါနဲ့၊ ကဲ... ကျွန်မ သွားပြီ'

ပြောပြီး ချာခနဲ သူမ လှည့်လိုက်၏။

'နေဦး'

ခြေလှမ်းတွေ ရွေ့လျားဖို့ ကြိုးစားလိုက်စဉ်မှာပဲ တားဆီးလိုက်တဲ့ အသံတစ်သံ။

သစ်ရွက်စိမ်း ဆတ်ခနဲ ပြန်လှည့်ကြည့်လိုက်သည်။





'မင်း ငါ့သူငယ်ချင်းကို ဘယ်လိုဆက်ဆံနေတာလဲ'

သစ်ရွက်စိမ်း မျက်မှောင်လေးတွန့်ခနဲ ကျုံ့တက်သွားရသည်။

ရန်လိုနေပေမယ့် ဖြူနုသန့်စင်ကာချောမွေ့သော မျက်နှာလေးက မျက်လုံးထဲ ကြည့်ကောင်းနေဆဲပါ။ မဆိုင်ဘူးလို့တော့ ပြောမရ။ သူ့ရဲ့ကောင်းဆိုတာ ကိုလူချောလေးရဲ့ သူငယ်ချင်းတဲ့လေ။ သူငယ်ချင်းကိုထိတော့ ကြားကနေ ဝင်နာနေမပေါ့။ ကြည့်ရတာ သူငယ်ချင်းအချင်းချင်း တော်တော်ချစ်ကြပုံပင်။

'တို့က ဘယ်လိုဆက်ဆံလို့လဲ'

'မင်းကိုယ်မင်း မသိဘူးလား'

'အဟင်း...'

'ပြောစမ်းပါဦး... သူ့ရဲ့ကောင်းက မင်းနဲ့တွေ့ချင်တာမျိုး၊ မင်းနဲ့ စကားထိုင်ပြောခွင့်ရတာမျိုးအပေါ်မှာ ဝန်ဆောင်ခ ဘယ်လောက်ပေးရမလဲ'

ဟင်...

သစ်ရွက်စိမ်း မျက်ဝန်းလေးတွေပြူးကာ မျက်ခုံးလေးတွေ ပင့်တက်သွားရပြီ။ သူ့ရဲ့ကောင်းကို အထင်သေး လှောင်တွက်လိုက်မိတာ မှားများသွားပြီလား။

ကိုလူချောလေးဆီက မေးခွန်းကြောင့် သစ်ရွက်စိမ်းရဲ့ မျက်ခုံးလှလှလေး ပင့်တက်သွားရပြီ။



www.burmeseclassic.com

www.burmeseclassic.com



'ပြောလေ သစ်ရွက်စိမ်း'

နည်းသစ်က ထပ်မေးသည်။

လှသလောက် ကြောက်စရာကောင်းလွန်းတဲ့ ကောင်မလေးပဲ။ သစ်ရွက်စိမ်းဆိုတဲ့ မိန်းမလှလေးကို မြင်တွေ့လိုက်ရသည်ဆိုလျှင်ပဲ နည်းသစ်ရဲ့ ကမ္ဘာလောကကြီးက အသက်ကင်းမဲ့သွားသလို တိတ်ဆိတ်ငြိမ်သက်သွားရသည်။

သူမရဲ့ အလှအပမှာ မှူးမှူးမေ့မေ့။

အဲဒီလောက်ကို ဆွဲဆောင်မှုရှိတဲ့ မိန်းကလေးမျိုး နည်းသစ်ရဲ့ဘဝတစ်သက်တာမှာ ပထမဦးဆုံးအကြိမ် တွေ့ဖူးခြင်းပဲ ဖြစ်သည်။

သို့သော် သူမရဲ့အလှအပက အေးငြိမ်းမှုမရှိပါ။

မာနတွေ၊ အတ္တတွေနဲ့ စီးမျောနေတဲ့ အလှတရားတွေကြောင့် ကြည်စင်မှုက စိုးစဉ်းမျှပင် ရှိမနေပါချေ။

'သစ်ရွက်စိမ်း... ဘာတွေဖြစ်နေတာလဲဟင်'

စိုးရိမ်မှုတွေနဲ့ မေးလိုက်သံလေးက နည်းသစ် ကျောခိုင်းထားသော အနောက်ဘက်ဆီမှ ဖြစ်သည်။

မေးသံနှင့်အတူ ယူနီဖောင်းဝတ်ထားသော သူ့နဲ့ မတိမ်းမယိမ်း ကောင်မလေးတစ်ယောက် အနားကနေ ဖြတ်လျှောက်ကာ သစ်ရွက်စိမ်းဆီ ဦးတည်သွားသည်။

'ဘာမှမဖြစ်ဘူး သစ်ရွက်နု'





သစ်ရွက်စိမ်းဖြေသံက လေသံပြတ်ပြတ်။

သစ်ရွက်နုတဲ့။

ဒါဆို သူမတို့နှစ်ယောက်က ညီအစ်မတွေပေါ့။

နည်းသစ် သစ်ရွက်နုဆီ ဖျတ်ခနဲလှမ်းကြည့်လိုက်မိသည်။ သစ်ရွက်နုကလည်း ပြန်ကြည့်တာနှင့် မျက်ဝန်းအကြည့်ချင်း ဆုံသွားရ၏။ ဘာကြောင့်မှန်းမသိ နည်းသစ်ရဲ့ ရင်လေး စိမ့်ခနဲ အေးတက်သွားရသည်။

အေးချမ်းတည်ငြိမ်လွန်းသော မျက်နှာလေးဆီမှာ သူ့အကြည့်လေးတွေ နားခိုသွားတာ ဘယ်နှစက္ကန့်၊ ဘယ်နှမိနစ်ခန့်ပင် မသိတော့။ ရက်သွေးလေးရဲ့စိုကာ အကြည့်လေးလွှဲသွားသည့် သစ်ရွက်နုဆိုတဲ့ မချောလေးဆီသာ အာရုံတွေအားလုံးက စီးမျောသွားရချေတော့သည်။

'ဒီမှာ'

'ဒီမှာရှင့်... ကိုအတွာ'

'ဗျာ... သြော်... အင်း... ပြော သစ်ရွက်စိမ်း'

'စိတ်ဝင်စားသွားပြီ'

'ဗျာ...'

'စောစောက ရှင်မေးလိုက်တဲ့ မေးခွန်းကိုလေ၊ ဒါကြောင့် ကျွန်မ အလုပ်ချိန်ပြီးရင် ရှင်တို့နဲ့ ဆုံမယ်၊ ဟုတ်ပြီလား'

'ဗျာ...'



www.burmeseclassic.com

www.burmeseclassic.com



'သွားတော့'

ဟာ…

ပြောပြီးတာနဲ့ သစ်ရွက်စိမ်းက ကျောခိုင်းထွက်သွားပြီ။ အနီးမှာ ဘုမသိ ဘမသိ အူတူတူပုံစံလေးနဲ့ ကျန်ခဲ့တာက သစ်ရွက်နုဆိုတဲ့ ကောင်မလေး။

နည်းနည်းသစ် ကြည့်တော့ သူမမျက်နက်ဝန်းလေးတွေက ပြူးဝိုင်းလို့။

✿ ✿ ✿



## အခန်း (၁၆)

'နင် ဘာတွေလျှောက်လုပ်နေတာလဲ သစ်ရွက်စိမ်း'

'ငါ ဘာလုပ်လို့လဲ သစ်ရွက်နု'

'သူ့ရဲကောင်းဆိုတဲ့သူနဲ့ တွေ့မယ်ဆိုပြီး ချိန်နေတာလေ၊ ငင်နဲ့ သိပ်လည်းရင်းနှီးပုံမရပါဘဲနဲ့၊ နင် ဘာဖြစ်လို့ ခုလိုလက်ခံ လိုက်ရတာလဲ သစ်ရွက်စိမ်း'

'ဪ… ဒါလား၊ ဒါက ငါ့မှာ အကြောင်းရှိလို့ပေါ့ဟ၊ ...လကားနေ ချိန်းပါ့မလား'

'ဘာအကြောင်းလဲ၊ နင် သူ့ကို စိတ်ဝင်စားနေတာလား'

'ဘယ်သူ့ကိုလဲ'

'သူ့ရဲကောင်းကိုလေ'

'သွားစမ်းပါ၊ စိတ်ဝင်စားစရာလားဟဲ့'



www.burmeseclassic.com

www.burmeseclassic.com



ဟင်...

မျက်နှာလေးရှုံ့မဲ့ကာ ခေါင်းလေး ခါယမ်းပြနေတဲ့ သစ်ရွက်စိမ်းကိုကြည့်ပြီး အံ့သြရသူက သစ်ရွက်နု။

သူလည်း ကြိုက်တာမဟုတ်ဘဲ ဘာကြောင့် ညနေစောင်း အလုပ်ကဆင်းလျှင် တွေ့ဆုံမည်ဟု ချိန်းလိုက်ရပါသနည်း။ သစ်ရွက်စိမ်းရဲ့ လုပ်ရပ်တွေကို သူမလည်း နားမလည်နိုင်တော့ပါ။

လုပ်ငန်းခွင်မှာ သစ်ရွက်စိမ်းက လူမှုန်းများသည်။ ဘယ် ကနေစပြီး ပြန့်လာတဲ့သတင်းလဲတော့ မသိ။ ကုမ္ပဏီလုပ်ငန်း ပိုင်ရှင်သူဌေးနှင့်ပင် နာမည်က ထွက်နေ၏။

တကယ်တမ်းကျတော့ သစ်ရွက်စိမ်း အခြေအနေက အများပြောဆိုဝေဖန်နေသလိုမျိုး မဟုတ်ပါ။ ညီအစ်မနှစ်ယောက် ရုပ်ရည်လေးတွေ ချောချောမောမောနှင့် မိဘဆွေမျိုးတွေ အားကိုး ရာမဲ့နေသည့်အတွက် လူသားချင်း စာနာစိတ်ထားကာ သူဌေး စောင့်ရှောက်ခြင်းပဲဖြစ်သည်။

'စိတ်မဝင်စားဘဲနဲ့များဟယ်၊ သူများအမြင်မှာ တစ်မျိုး ထင်အောင် လုပ်ချင်သေးတယ်'

'ငါက ဘာတွေအမြင်မတော်တာ လုပ်နေလို့လဲ သစ်ရွက် နု'

'ဟိုနေ့က ကောင်လေးတွေတစ်အုပ်ကြီးနဲ့ နင် အဆော တဝင်နေနေတာလေ၊ အလုပ်ချိန်မှာတောင် မဆင်ခြင်ဘူးဆို





အားလုံးက ဝေဖန်နေကြတာ သစ်ရွက်စိမ်း၊ ဒါကို နင်လည်း ...ပိမိရဲ့သားနဲ့ဟာ၊ သူများလက်ညှိုးထိုးခံရမယ့်အလုပ်မျိုး မလုပ် ချင်စမ်းပါနဲ့'

'လက်ညှိုးထိုးခံရမယ့်အလုပ်မျိုး ဟုတ်လား သစ်ရွက်နု၊ ဒါဆို ငါ ဘယ်လိုလုပ်ရင် သူတို့ဆီက အချီးကျူးခံရမလဲ၊ သွားစမ်းပါဟာ၊ အဓိပ္ပာယ်မရှိတာတွေ မြောင်းထဲလွှင့်ပစ်လိုက် စမ်းပါ၊ အဓိကနဲ့ သာမညကို နင် ခွဲခြားသိဖို့လိုနေပြီ သစ်ရွက်နု၊ အရေးကြီးတာက ချမ်းသာဖို့ပဲ၊ ဆင်းရဲရင် လူတွေက ဝိုင်းပယ် ...ယ်၊ ချမ်းသာမှ နေရာရမယ် သစ်ရွက်နု၊ ဒါကြောင့် ငါက ချမ်းသာနိုင်မယ့် ဘယ်လိုအခွင့်အရေးမျိုးကိုမှ လက်လွှတ်ဆုံးရှုံး ...မှာ မဟုတ်ဘူး၊ အခုလည်း ငါ သူရဲကောင်းနဲ့တွေ့မယ်ဆိုပြီး ...က်ခံလိုက်တယ်၊ ဒါက သူရဲကောင်းကို သိပ်ပြီးစိတ်ဝင်စားလို့ ...ဟုတ်ဘူး၊ ငါ ငွေမက်တာကို တစ်စက်ကလေးမှမတုန်လှုပ်ဘဲ ...ိန်ခေါ်ရဲတဲ့ သူရဲကောင်းသူငယ်ချင်းကို စိတ်ဝင်စားသွားလို့ပဲ ...စ်ရွက်နု'

ဟယ်... ဒါဆို သစ်ရွက်နုနဲ့ မျက်လုံးချင်းဆုံအောင် ကြည့်သွားတဲ့ ကိုလူချောလေးကို ပြောလိုက်တာပေါ့။ သူ့ပုံစံ၊သူ့ ...နေအထားက သူငယ်ချင်းတွေအားလုံးထဲမှာ ထင်းနေတာလေ။

ကြည့်လိုက်ကတည်းက သာမန်ကောင်လေးတစ် ...ောက် မဟုတ်ဘူးဆိုတာ ခန့်မှန်းလို့ရပြီးသား။ သစ်ရွက်စိမ်း ...ှန်းမှန်းတန်းမိလောက်တယ်ဆိုရင်လည်း မလွန်ချေ။



www.burmeseclassic.com

www.burmeseclassic.com



သစ်ရွက်နုရောက်သွားတော့ ထိုလူချောလေးနဲ့ သစ်ရွက် စိမ်းက မျက်နှာချင်းဆိုင်လျက်အနေအထားမှာ ရှိနေခဲ့၏။ ဘာ စကားတွေပြောနေကြသလဲဆိုတာသာ မသိတာပါ။

'သူ့ကြည့်ရတာ တော်တော်လေးလျှံမယ့်အနေအထားပဲ အဟင်း… အဲဒါမျိုးကိုပဲ. သစ်ရွက်စိမ်းတို့က တွေ့ချင်နေတာ'

အို… ဘာကြောင့်မှန်းမသိ။ သစ်ရွက်နုရင်ထဲ စိမ့်ခ နေအောင်ပင် နင့်သီးသွားရသည်။ သစ်ရွက်စိမ်းပြောနေတဲ့စကား တွေကိုလည်း ဘဝင်မကျမိတော့ချေ။ ခံစားချက်ထက် ဖြစ်ချ နေတဲ့ဆန္ဒကို ဦးစားပေးနေတဲ့ အတ္တဆန်ဆန်ယူဆချက်တွေ မဟုတ်လား။

ပြီးတော့ ကောင်ချောလေးဘက်က အနေအထား။

သစ်ရွက်စိမ်း မျက်စိကျသွားအောင် ဘယ်လိုမက်လုံးတွေ များ ပေးစွမ်းသွားလို့လဲ။ သစ်ရွက်စိမ်းက အခြေအနေမဟန်ရ ခေါင်းထဲသိပ်ထည့်တတ်တဲ့ ကောင်မလေးတော့ မဟုတ်ပါ။

'သူ့ပုံစံကိုကြည့်လိုက်ကတည်းက ဘယ်လိုအဆင့်အတန်း မျိုးကလာတယ်ဆိုတာ ငါက ခန့်မှန်းလို့ရနေပြီးသားပါ၊ သူ့ ကောင်းဆိုတဲ့ သူငယ်ချင်းအပေါ်မှာလည်း တော်တော်သံယော ကြီးပုံရတယ်၊ သူ့သူငယ်ချင်းအတွက်နဲ့ဆိုရင် ဘာမဆိုဖြည့်စ ပေးဖို့လည်း ဆုံးဖြတ်ထားသလိုပဲ၊ အဟင်း… ဒီလိုလူမျိုးကတော ရှားကို ရှားလွန်းပါတယ်၊ ဟာ… ဒါကြောင့်လဲ၊ သူ့ရဲကောင်း





ညနေ အလုပ်ကဆင်းရင် ဆုံကြမယ်လို့ပြောလိုက်ရတာပေါ့၊ မဟုတ်ရင် ကိုလူချောသူဌေးသားလေးနဲ့ နောက်တစ်ကြိမ် ဘယ် လိုပြန်ဆုံတော့မလဲ၊ အခွင့်အရေးဆိုတာ ရတုန်းဆုပ်ကိုင်ထားမှဖြစ် မယ် သစ်ရွက်နု'

'နေ… နေပါဦး သစ်ရွက်စိမ်း၊ ငါသိချင်လို့ နင့်ကို သေချာမေးချင်တယ်၊ နင်… နင် သူ့ကိုရော ဘယ်လိုစိတ်မျိုး ထားလဲ သစ်ရွက်စိမ်း'

'ဘယ်သူ့ကိုလဲ၊ သူ့ရဲကောင်းရဲ့ သူငယ်ချင်းကိုလား သစ်ရွက်နု'

'အင်း… ဟုတ်တယ်'

'သူ့ကိုတော့…'

သစ်ရွက်စိမ်းက စကားစကို တစ်ဝက်တစ်ပျက်ရပ်ကာ လေးလေးနက်နက် စဉ်းစားနေသလိုရှိသည်။

သစ်ရွက်နုရဲ့ ရင်ခုန်သံတွေက တဒိန်းဒိန်းနှင့်ရှိနေ၏။ သစ်ရွက်စိမ်းထံမှ အဖြေစကားကို လေးလေးနက်နက်နားစွင့်နေ မိသည်လေ။

အခုလိုတွေ ဘာကြောင့်ဖြစ်နေသလဲဆိုတာလည်း သူမ ကိုယ်သူမလည်း မစဉ်းစားတတ်တော့ချေ။

'ငါ စိတ်ဝင်စားသွားမိတယ် ထင်တာပဲ'

အို… သစ်ရွက်နုရဲ့ မျက်ဝန်းလေးတွေ ဖျတ်ခနဲညှိုးမှော သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ငွေကြေးရော ရုပ်ရည်ရော ဘာတစ်ခုမှ ပြောစရာမလို လောက်အောင် ပြည့်စုံတယ်ဆိုရင်တော့ သေချာတယ် သစ်ရွက်နု ငါ လုံးဝလက်လွှတ်ဆုံးရှုံးခံမှာ မဟုတ်ဘူး'

သစ်ရွက်စိမ်းရယ်။ ငါထင်ပြီးသားပါ။ နင် သူ့ကို စိတ်ဝင်စားသွားမှာပဲလို့လေ။

သူက ဘယ်သူနဲ့မှမတူအောင် ဆွဲဆောင်မှုရှိတဲ့ လူတစ်ယောက်ပဲ။ ပြီးတော့ လေးနက်စူးရှတဲ့ သူ့မျက်ဝန်းအကြည့်တွေ။

တစ်စုံတစ်ခုကို ဆုံးဖြတ်ပြီးရင် ဘယ်တော့မှ နောက်ပြန်မလှည့်ဘဲ ရှေ့ကိုပဲ တစိုက်မတ်မတ်လျှောက်လှမ်းမယ့် ရဲရင့်ပြတ်သားတဲ့စိတ်မျိုးကို ပိုင်ဆိုင်မယ့်ပုံစံမျိုးရှိတဲ့သူကို သစ်ရွက်စိမ်း မှမဟုတ်ပါဘူး။ ဘယ်လိုမိန်းကလေးမျိုးမဆို စိတ်ဝင်စားရင်ခုန်ကြမှာ အသေအချာပါပဲလေ။ ဒါပေမဲ့ နင်မေ့ဖျောက်ထားတဲ့ အချက်တစ်ခုရှိတယ် သစ်ရွက်စိမ်း။

အဲဒါ အချစ်ပဲ။

နင် သူ့ကို လေးလေးနက်နက်ချစ်ရဲ့လား။

'သစ်ရွက်နု'

'ဟင်…'

'ကြည့်စမ်းပါဦး၊ ငါလှရဲ့လားလို့'

သစ်ရွက်စိမ်းက ခန္ဓာကိုယ်လေးကို တစ်ပတ်လှည့်ကာ သူမ ပြင်ဆင်ခြယ်သထားမှုကို ပြသည်။ သစ်ရွက်စိမ်းအမေး





ကြောင့် မျက်ဝန်းအကြည့်လေးတွေက သစ်ရွက်စိမ်းဆီ ဆတ်ခနဲ ရောက်သွားရ၏။

လှပါသည်။

မြင်သူတကာ မငေးဘဲမနေနိုင်လောက်အောင်ကို သစ်ရွက်စိမ်းရဲ့အလှက ဆွဲဆောင်မှုကိုရှိနေတာပါ။

မျက်နှာလေးကို ပန်းနုရောင်ခပ်ပါးပါး မိတ်ကပ်လေး လိမ်းခြယ်ထားပြီး နှုတ်ခမ်းကို အရောင်ခပ်ရင့်ရင့်ဆိုးထားသည်။ ခွေလိပ်လိပ် အကောက်ဆံပင်လေးကို ပခုံးနှစ်ဖက်ပေါ် ကပိုကရို လေးချထားတာများ တကယ့်ကို စွဲမက်စရာပါ။

ခန္ဓာကိုယ်ကောက်ကြောင်းလှလှလေးပေါ်မှာ သူမ ဝတ်ဆင်ထားတဲ့ ကြက်သွေးရောင်ရင့်ရင့် ဒူးဖုံးဂါဝန်တိုလေးက သိုက်ဖက်တင့်မောကာ ဖူးဖူးကြွကြွလေးဖြစ်နေသည်။

အားကျမိပါရဲ့။

ဆယ့်ငါးမိနစ်သာခြားပြီး မွေးထားတဲ့ ညီအစ်မအချင်း အတူတူ သစ်ရွက်စိမ်းအလှက ပိုပြီးထင်းနေတာလေ။ အသားအရေကလည်း ဝင်းနှစ်နေတာပဲ။ ခြေသလုံးသားလေးတွေဆိုရင် ဝင်းနေ၏။ အနာအဆာ တစ်စက်မရှိ။ ကြိုးသိုင်းဖေါက်မြင့် အနက်ရောင်လေးက သူမရဲ့ ခြေဖမိုးတင်းတင်းသွယ်သွယ်လေးထက်မှာ သိုက်ဖက်စွာပင် အရာအားလုံးသည် တည်ရှိနေခဲ့သည်။

'သစ်ရွက်နု'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်...'

'ဘယ့်နှယ်လဲ... ငါ့ပုံစံအဆင်ပြေတယ် မဟုတ်လား'

'အင်း... လှပါတယ်'

သူမ ခေါင်းညိတ်ပြတော့ သစ်ရွက်စိမ်း ကျေနပ်စွာပြုံးသွားသည်။

'ကဲ... ဒါဆိုလည်း ငါသွားတော့မယ် သစ်ရွက်နုငါ တစ်နေ့ ချမ်းသာရင် နင့်ကိုပစ်မထားပါဘူးဟာ၊ အဲဒါတော့ နင် စိတ်ချစမ်းပါ'

သစ်ရွက်စိမ်းစကားက သူမနားထဲ သိပ်မဝင်ချင်။

ရင်ထဲမှာ တစ်မျိုးလေးခံစားနေရတယ်လေ။

အဲဒီခံစားချက်က ဘာကြောင့်ဆိုတာကိုလည်း သိနေတော့ ပိုပြီးတော့တောင် ဆိုးသေးတာပေါ့။

ခက်တယ်။

သစ်ရွက်နု အရမ်းခက်တာပဲ။

အာရုံထဲကနေ ကိုလူချောလေးရဲ့ပုံစံတွေကို ထုတ်ပယ်မရအောင်ကိုပဲ စွဲထင်နေတာမဟုတ်လား။ ဒီတော့ သစ်ရွက်စိမ်း အရမ်းကိုစိတ်ညစ်နေရတာပေါ့လေ။ ဘယ်လိုလုပ်ရမလဲတောင် မသိတော့ပါဘူးကွယ်။

✿ ✿ ✿



## အခန်း (၁၇)

'သစ်ရွက်စိမ်း တကယ်ရောက်လာတယ်နော်၊ ဝမ်းသာလိုက်တာကွာ၊ ကိုယ်က မျှော်သာမျှော်နေရတာ၊ ရောက်လာပါ့မလားဆိုတဲ့ သံသယစိတ်နဲ့ ရင်တစ်ခုလုံး မောဟိုက်နေတာပဲ သစ်ရွက်စိမ်းရယ်၊ မင်းအရိပ်လေးကို ဖျတ်ခနဲတွေ့လိုက်ရမှပဲ ရင်ထဲကအပူလုံးကြီး ဝုန်းခနဲကိုပြုတ်ကျသွားသလို ခံစားရတော့တယ်'

အဟွန်း... သူ့ရဲ့ကောင်းထံမှ သူမကို မြင်မြင်ချင်း တရစပ်ပြောပြနေတဲ့ အကြောင်းအရာလေးကို နားထောင်ပြီး အားနာပါးနာပြုံးလိုက်မိသည်။

သစ်ရွက်စိမ်းတို့က အခုလိုစကားလေးလောက်နဲ့ ကြွေမယ်လို့များ သူ့ရဲ့ကောင်းဆိုတဲ့ သူထင်မှတ်နေသလား မသိပါဘူး။ သစ်ရွက်စိမ်းတစ်ယောက် စိတ်ထဲကနေကြိတ်ပြီး ရယ်ချင်နေမိသည်။ သူ့ရဲ့ကောင်းထင်နေတာက သူ့ဆီလာတယ်လို့လေ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူမ ဒီနေရာလေးကိုရောက်အောင်လာခဲ့တာ သူရဲကောင်းကို တွေ့ချင်လို့မှ မဟုတ်တာ။ သူရဲကောင်းနဲ့ တစ်ဖွဲ့တည်းပါလာတဲ့ သူငယ်ချင်း ဥစ္စာပေါ့၊ ရုပ်ချောလေးနဲ့ ရင်းနှီးချင်လို့။

ခက်တာက သူမတွေ့ချင်နေတဲ့သူက ပါမလာ။

သူရဲကောင်းတစ်ယောက်တည်းသာရှိနေပြီး ဝတ်စားပြင်ဆင်ထားတာကတော့ တကယ့်ကိုရှယ်ပါပဲ။

သစ်ရွက်စိမ်းက အအေးဆိုင်ထဲ ခပ်တည်တည်လေး ဝင်လာကာ သူထိုင်နေတဲ့ စားပွဲဝိုင်းလေးဆီ တန်းတန်းမတ်မတ်လေး လျှောက်သွားလိုက်သည်။

သူတို့ထိုင်နေတဲ့ စားပွဲဆီရောက်တာနှင့် လိုက်လှဲဝမ်းသာစွာ ခရီးဦးကြိုနှုတ်ဆက်နေတဲ့ သူရဲကောင်းကို အာရုံထဲသိပ်မထား။ ခုံလွတ်တစ်ခုတွင် ဝင်ထိုင်လိုက်၏။

'ရွက်စိမ်း'

ခေါ်သံကြောင့် မျက်ဝန်းနက်နက်လေးက သူ့ဆီ အကြည့်လေးရောက်လာ၏။

'အခုလိုရောက်လာပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်'

'မလိုပါဘူး'

သစ်ရွက်စိမ်း ထိုစကားလေးကိုသာပြောပြီး စားပွဲထိုးလေးဆီလှည့်ကာ အအေးတစ်ခွက်မှာလိုက်သည်။





'သူရဲကောင်း'

'ပြောလေ ရွက်စိမ်း'

'ကျွန်မကို သစ်ရွက်စိမ်းလို့ပဲ ခေါ်ပါ'

ရွက်စိမ်းရယ်... နာမည်နဲ့လိုက်အောင်ပင် စိမ်းကားအေးစက်နိုင်လွန်းသော ရင်နဲ့မမျှအောင် ချစ်ရတဲ့ချစ်မိသူလေးကို ငေးကြည့်ရင်း မျက်ရည်လေးတွေပင် ဝေ့ဝဲမတတ်ဖြစ်နေရသည်။

တားဆီးလိုက်တာပေါ့။

သူ့ဘက်က တစ်ဖက်သတ်မျှောပါနေမှုကို ကန့်သတ်တားဆီးလိုက်တာပေါ့လေ။ ဒီလောက်ဆိုလျှင် သစ်ရွက်စိမ်းရဲ့ သဘောထားကို နားလည်လို့ရနေပြီ။

'ရှင့်ကို ခင်ဗျာရဲ့မိတ်ဆွေတစ်ယောက်အနေနဲ့ အပွင့်လင်းဆုံးစကားကိုပဲ ပြောချင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ အခုလို ကျွန်မ ဒီနေရာလေးကိုရောက်လာတာကို သူရဲကောင်းချိန်းဆိုတာကို ကျေနပ်ကြည်ဖြူပြီး စိတ်လိုလက်ရလာခဲ့တာ မဟုတ်ပါဘူး၊ ကျွန်မရဲ့သဘောထားအမှန်ကို ဒီထက်ရှင်းရှင်းလင်းလင်းသိသွားအောင်ကို ပြောပြဖို့ ရောက်လာခဲ့တာပါ'

'ဟင်... ရွက်စိမ်း၊ ဘယ်လိုကြီးပြောလိုက်တာလဲ၊ ကိုယ်က...'

'ခဏနေဦး ကိုသူရဲကောင်း၊ ကျွန်မစကား မဆုံးသေးဘူး၊ ကျွန်မ ရှင်နဲ့ စတင်ဆုံတွေ့တဲ့အချိန်ကစပြီး ပြတ်သားတဲ့



www.burmeseclassic.com

www.burmeseclassic.com



စကားတစ်ခွန်းကို ပြောပြီးသားပါ၊ အဲဒါ ရှင့်ကို ခင်မင်တာက လွဲပြီး ဘယ်လိုမှ ခံစားချက်ပြောင်းလဲလို့ရမှာ မဟုတ်ဘူးဆိုတာလေ၊ ဒါကြောင့်လည်း ရှင့်စိတ်ထဲမှာ သံသယထပ်ပြီးမဖြစ်ရအောင် နောက်တစ်ကြိမ်သတိပေးတာ သူရဲကောင်း'

သစ်ရွက်စိမ်းရယ်။ မင်းပြောရက်လိုက်တာကွာ။

ခံစားချက်နည်းနည်းလေးမှကိုမထားဘဲ သွေးအေးအေးနဲ့ကို ဆုံးဖြတ်တာ တကယ့်ကို အံ့ဩမှင်တက်စရာပါပဲ သစ်ရွက်စိမ်းရယ်။

ထင်ပြီးသားပါ။

မင်းလိုမိန်းကလေးက ချက်ချင်းလက်ခံတွေ့မယ်လို့ အဖြေပြန်ပေးလိုက်ကတည်းက ကိုယ့်ရင်တွေ စိုးထိတ်နေပြီးသားပါ။

အခုတော့ ငါ စိုးရိမ်သလိုမျိုးတွေ ဖြစ်လာခဲ့ပြီလေ။

ဟန်မဆောင်တတ်တဲ့ မင်းရဲ့အကျင့်နဲ့ အားမနာတတ်တဲ့ ဗီဇတွေကြောင့် ငါ အရမ်းကိုပဲ ကြောက်ရွံ့ခဲ့ရတာပါ သစ်ရွက်စိမ်းရယ်။

'သစ်ရွက်စိမ်း'

ရွက်စိမ်းလို့ခေါ်တာ မကြိုက်တော့ သစ်ရွက်စိမ်းပဲပေါ့။

'ပြော'

'ကိုယ့်မှာ ဘာအပြစ်ရှိလို့လဲဟင်'





ရှင်က မချမ်းသာဘူးလေ သူရဲကောင်း။

အဲဒီအချက်နဲ့တင် ကျွန်မစိတ်ဝင်စားမှုက အောက်ဆုံးကို လျော့ကျသွားပြီ။ ကျွန်မက သာမန်အဆင့်လောက်ကို မှန်းကို မမှန်းတာ။ နှုတ်ခမ်းပုံချင်းမီးမှုတ်တာ ဝါသနာလုံးဝမပါဘူးကိုသူရဲကောင်း။

'သစ်ရွက်စိမ်း'

အကြည့်နက်နက်လေးက ဆတ်ခနဲ ရွေ့သွား၏။

သူရဲကောင်း ညိုးလျှနေတဲ့ မျက်နှာလေးကိုမြင်တော့ သက်ပြင်းမောလေးကို ကြိတ်ရှိုက်မိသည်။

စိတ်တော့ တကယ်ပဲမကောင်းတာပါ။

သို့ပေမဲ့ အခုကိစ္စက သူမ ဘယ်လိုမှမတတ်နိုင်တဲ့ကိစ္စတစ်ခု။

သူမ ခံစားလို့လုံးဝမရပါဘူးလေ။ သူမ စိတ်ဝင်စားနေတဲ့ သူက သတ်သတ်။ အဲဒါ သူရဲကောင်းနဲ့ လိုက်ပါလာတဲ့ သူငယ်ချင်းပဲ။

ဒါကိုတော့ သစ်ရွက်စိမ်း ထုတ်မပြောချင်။ ကိုယ်က မိန်းကလေးလေ။ သို့သော် အလားအလာကောင်းကို သစ်ရွက်စိမ်း ငဲ့မိနေသည်။ အဲဒီနေ့က သူမကိုတွေ့လိုက်စဉ် ပြောင်းလဲသွားတဲ့ မျက်ဝန်းအကြည့်တွေ။ သူမအလှမှာ တအံ့တဩငေးမောသွားတဲ့ သူ့အကြည့်တွေကြောင့် သစ်ရွက်စိမ်း လှောင်ပြုံးလေးပင် ပြုံးလိုက်မိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



'သစ်ရွက်စိမ်း'

'ကျွန်မ နားထောင်နေပါတယ် သူရဲကောင်း'

'ကိုယ် မင်းကို အရမ်းချစ်တယ်'

'အဟင်း… ဟင်း…'

ရယ်သံတိုးညင်းညင်းလေး ထွက်လာ၏။

လှောင်လိုက်တာပေါ့။

သစ်ရွက်စိမ်းရယ်။

မင်း အနိုင်ယူပါ။ ကိုယ်က ချစ်နေတဲ့သူဆိုတော့လည်း သည်းခံရမှာပေါ့လေ။ မင်းဘက်က ဘယ်လောက်စိမ်းသက်မှုတွေနဲ့ပဲ တုံ့ပြန်တုံ့ပြန် ကိုယ်ကတော့ ချစ်ခြင်းမေတ္တာတွေနဲ့ပဲ နားလည်ခွင့်လွှတ်နေပါ့မယ် သစ်ရွက်စိမ်းလေးရယ်။

'ကိုယ်ဝန်ခံပါတယ်၊ ကိုယ့်ဆီမှာ မင်းမက်မောတောင့်တနေတဲ့ စည်းစိမ်ဥစ္စာမျိုးတွေ မရှိပါဘူး၊ အစက မင်းကို တော်တော်လောဘတက်တဲ့ မိန်းကလေး ပညာကောင်းကောင်းကို ပေးပစ်မယ်လို့လည်း စိတ်ကူးထားခဲ့တာ၊ တကယ်တမ်းကျတော့ အဲဒီခံပြင်းစိတ်တွေက မင်းကို သိပ်ချစ်နေမိတဲ့ အချစ်တွေကို မကျော်လွှားနိုင်ခဲ့ပါဘူးကွာ၊ မင်းရှေ့ရောက်တိုင်း ကိုယ့်စိတ်တွေ မလုံမလဲ ဖြစ်နေမိတယ်၊ ဟန်ဆောင်မှုတွေနဲ့လည်း ကိုယ် မရှင်သန်ချင်ဘူး၊ ရိုးသားတဲ့အချစ်တွေနဲ့ပဲ ဆက်လှမ်းချင်တယ် သစ်ရွက်စိမ်းရယ်'





ဒီတစ်ခါတော့ သစ်ရွက်စိမ်း လှောင်မရယ်နိုင်တော့ပါ။

သူရဲကောင်းရဲ့ မျက်နှာလေးကိုသာ စူးစူးလေးစိုက်ကြည့်နေမိသည်။

သူပြောနေတဲ့ စကားတွေက အမှန်တရားပဲဆိုတာ သူ့မျက်ဝန်းတွေထဲက လေးနက်တဲ့အကြည့်လေးတွေကြောင့် ခံစားသိနေခဲ့၏။

ခက်တာက သစ်ရွက်စိမ်းက လွယ်လွယ်လေးနဲ့ မခံစားဘတ်တာပဲ။

အတ္တတွေပဲ ရင်ထဲမှာပြည့်နှက်နေသည်။

ချမ်းသာကြွယ်ဝတဲ့ ဘဝကိုသာ ပိုင်ဆိုင်ချင်တဲ့စိတ်တွေပဲ ရှိနေတာလေ။ အချစ်ဆိုတာ ဘာမှအရေးကြီးတဲ့အရာ မဟုတ်ဘူးလို့ပဲ စိတ်မှာ စွဲမှတ်ထားမိ၏။ ဘဝမှာ ချစ်နေရုံနဲ့ အရာရာတိုင်းက ပြီးပြည့်စုံမှာမှမဟုတ်တာ။

ငွေကသာလျှင် အဓိကပဲဖြစ်သည်။

အရာရာတိုင်းကို အကောင်းဆုံးအနေအထားနဲ့ ဖန်တီးနိုင်တာ။ ပြောင်းလဲဖြစ်နိုင်တာက ငွေပဲမဟုတ်ပါလား။

ဒါကြောင့် ငွေဆိုတာ လူတိုင်းရဲ့ သည်းခြေကြိုက်ပဲလေ။

'သစ်ရွက်စိမ်း'

'ပြော'

'ကိုယ့်အတွက် လုံးဝမစဉ်းစားပေးနိုင်တော့ဘူးလားကွာ'



www.burmeseclassic.com

www.burmeseclassic.com



သစ်ရွက်စိမ်း မဖြေမိ။

သူမ ပြောခဲ့တဲ့စကားတွေက ဆုံးနေပြီလေ။

'သစ်ရွက်စိမ်း'

'ကျွန်မ ပြန်တော့မယ် သူရဲကောင်း၊ ရှင့်ကိုတော့ အားနာ ပါတယ်၊ ဒါပေမဲ့ ကျွန်မရဲ့ ရည်ရွယ်ချက်က ဘယ်တော့မှ ပြောင်းလဲသွားမှာမဟုတ်တော့ ဒီဆွေးနွေးမှုက နောက်ဆုံးပါပဲ'

သစ်ရွက်စိမ်းရယ်။

ရက်စက်လိုက်တာကွာ။ ကိုယ့်အတွက် မျှော်လင့်ချက်ဆိုတာ နည်းနည်းလေးမှတောင် ရှိမနေခဲ့ဘူးနော်။

✿ ✿ ✿



## အခန်း (၁၈)

ဒီကနေ့လေးက ကိုယ့်အတွက်တော့ မင်္ဂလာအရှိဆုံး နေ့ရက်ကလေးလို့ သတ်မှတ်ရမယ်ထင်တာပါပဲ။ ဘယ်လိုပဲ စဉ်းစားစဉ်းစား ထွက်လာတဲ့အဖြေက တစ်ခုတည်းပဲရှိတာဆိုတော့ ကိုယ် လက်မခံချင်လို့ မရဘူးပေါ့။

သစ်ရွက်နုရယ်။

မင်းကို ကိုယ်စွဲလမ်းနေမိပြီ။

မင်းလေးကို စတွေ့လိုက်ရတဲ့အချိန်ကစပြီး ကိုယ့်ရင်ထဲက ရင်ခုန်သံတွေကို ကိုယ်ပြန်ပြီးတော့ ကြားနေရတဲ့အထိ ဖြစ်ခဲ့တာ။

ရိုးသားအေးချမ်းလွန်းတဲ့ မင်းမျက်နှာလေးကို ကိုယ့်ရင်ထဲက ရင်ခုန်သံတွေကို ကိုယ်ပြန်ပြီးတော့ ကြားနေရတဲ့အထိ ဖြစ်ခဲ့ရတာ။



www.burmeseclassic.com

www.burmeseclassic.com



ရိုးသားအေးချမ်းလွန်းတဲ့ မင်းမျက်နှာလေးကို အခု
ထိ မြင်ယောင်နေမိဆဲပဲ မိန်းကလေးရယ်။

နည်းသစ်တစ်ယောက်တည်း အတွေးလေးနှင့် ရင်
နေရတော့သည်။

ရင်မမောဘဲ နေနိုင်မလား။

သစ်ရွက်နုဆိုတာ သစ်ရွက်စိမ်းဆိုတဲ့ ကောင်မလေး
အမြွှာညီအစ်မတွေတဲ့လေ။ သစ်ရွက်စိမ်းဆိုတဲ့ ကောင်မလေး
အယူအဆတွေ၊ အတွေးအခေါ်တွေ၊ မျှော်လင့်ချက်အိပ်မက်
က ဘယ်လောက်တောင် ပြင်းထန်လိုက်သလဲ။ သူ့ရဲ့ကော
တောင် သစ်ရွက်စိမ်းကြောင့် ခံစားနေရတာ မျက်မြင်ကိုယ်
ပဲလေ။

အဲဒီလိုမျိုးတွေ သစ်ရွက်နုဆီမှာ ရှိမနေနိုင်ပါဘူးလို့တော
ပြောမရပါ။ အမြွှာဆိုတာက စိတ်ချင်းဆက်စပ်နေတတ်တယ်
ကြားဖူးနေတာမို့ စိုးရိမ်စိတ်က သူ့ရင်မှာ ကြီးစိုးနေခဲ့၏။

သို့ပေမဲ့ ချစ်မိနေပြီ။

မြင်မြင်ချင်းပဲ ချစ်မိသွားပြီမို့ ထိုအချစ်အတွက်နဲ့လည်း
ပြန်စဉ်းစားတွေးတောပြီး နောင်တရမနေချင်တော့။

ရှေ့ဆက်ဖို့သာ နည်းသစ်ဘက်က ပြင်ဆင်ထားမိသည်
တိကျခိုင်မာပြတ်သားတဲ့ ဆုံးဖြတ်ချက်ကြောင့်လည်း သစ်ရွက
အလုပ်လုပ်နေသော ကုန်တိုက်ဆီသို့ နည်းသစ် အရောက်သ
မိ၏။





သူမလေးက ဘယ်ကောင်တာမှာ တာဝန်ကျနေသလဲဆို
တာ မြေညီထပ်ကစပြီး သေချာကိုရှာနေမိတော့သည်။

မြေညီထပ်မှာ မတွေ့တော့ ပထမထပ်ပေါ့။

တူညီဝတ်စုံအပြည့်နဲ့ ဝန်ထမ်းမလေးတွေကြား ချစ်ရသူ
သေး သစ်ရွက်နုကိုရှာရတာ မမောပန်းနိုင်။

'ဒီမှာ'

ခေါ်သံကြောင့် ကိုယ့်စိတ်ကူးထဲ အာရုံတွေ လုံးလုံးလျား
လျား နှစ်မြှုပ်ထားတဲ့ နည်းသစ် အသံရှင်ဆီ လှည့်ကြည့်ဖြစ်၏။

လှပသောမျက်နှာလေးထက်မှာ သူ့မျက်ဝန်းအကြည့်တွေ
ဒင်္ဂမှင်တက်သွားသည်။

သစ်ရွက်စိမ်း။ ဘယ်အချိန်ပဲ ကြည့်လိုက် ကြည့်လိုက်
သူမရဲ့အလှက ထင်းခနဲရှိသလို ညို့ငင်မှုကလည်း အပြည့်ပါပဲ။
ပိုလောက်အောင်ကိုပဲ သစ်ရွက်စိမ်းရဲ့ အလှတွေက ဆွဲဆောင်
ရှိလွန်းလှသည်။

'ဘာကြောင့်ကြည့်နေတာလဲ၊ မမှတ်မိလို့လား'

မျက်စောင်းလှလှချိတ်က မေးတော့ နည်းသစ်ခေါင်း
သေးတစ်ချက် ဆတ်ခနဲညိတ်ကာ ပြုံးပြလိုက်သည်။

'သစ်ရွက်စိမ်းကို မှတ်မိပါတယ်'

'ဒါပေါ့ရှင်... အဲဒီလိုပဲ ဖြစ်သင့်တာပေါ့၊ သူငယ်ချင်း
ဘက်ကနေ မားမားမတ်မတ်ရပ်ပြီး ကျွန်မကို အာမခံချက်တွေ
ဆောင် ပစ်ပေးသွားသေးတာပဲဟာ'



www.burmeseclassic.com

www.burmeseclassic.com



'အဟွန်း… ဒါကတော့ ကိုယ့်သူငယ်ချင်းက တကယ် ခံစားနေရတာကို မကြည့်ရက်တာလည်း ပါတာပေါ့လေ ပြီးတော့ ကိုယ်က သူရဲကောင်းကို သူငယ်ချင်းတစ်ယောက်ထ ညီ အစ်ကိုရင်းချာတွေလို စိတ်မျိုးထားခဲ့တာဆိုတော့ ပိုဆိုးတာပေါ့ သူစိမ်းလူ မပြေနဲ့၊ ကိုယ့်အသွားနဲ့ မိဘတွေ တားဆီးတာတော လက်ခံခဲ့တာမဟုတ်ဘူး၊ သူရဲကောင်းဘက်ကပဲ ကိုယ်က ရပ်တည် ခဲ့တာ၊ ဒါကြောင့် သူ့ကို သစ်ရွက်စိမ်းက စိတ်ထိခိုက်စေမယ့် စကားမျိုးတွေ ပြောနေတာ မခံစားနိုင်ဘဲ မင်းတို့စကားဝိုင်း မဆီမဆိုင်ဝင်ပါခဲ့မိတယ်လေ'

'ထားလိုက်ပါတော့၊ ကျွန်မက အနောက်မှာဖြစ်ပြီး သမျှ ခေါင်းထဲကထုတ်လိုက်တော့'

'ဒါနဲ့ ဟိုနေ့က သူရဲကောင်းနဲ့ တွေ့ခဲ့ကြသေးတယ် မဟုတ်လား'

'ဟုတ်တယ်၊ ပြောစရာစကားလေးတွေ ပြတ်သွားအောင် ပြောဖို့ တွေ့ဖို့ ချိန်းလိုက်တာ'

ဩော်… နန်းသစ် ခေါင်းလေးသာညိတ်နေလိုက်

ဘာမှတော့ ဆက်မမေးဖြစ်ပါ။

သူရဲကောင်းဆီက ကြားထားသင့်သလောက်တော့ ကြား သိပြီးဖြစ်သည်။ သိပ်အဆင်မပြေခဲ့ဘူးဆိုတဲ့ သတင်းကိုပေါ့ သစ်ရွက်စိမ်းက ထင်ထားတာထက်တောင် အယူအဆပြင်း ပြီး စိမ်းကားတဲ့ မိန်းကလေးတစ်ယောက်ပဲတဲ့လေ။





သူရဲကောင်းကတော့ သစ်ရွက်စိမ်းကြောင့် စိတ်နဲ့လူပင် မကပ်တော့။ အချိန်တိုင်း ငေးတိငိုင်တိုင်နှင့်ပင် ရှိနေတော့သည်။ သူငယ်ချင်းတွေနဲ့ တရုန်းရုန်း သွားလာပျော်ပါးနေတဲ့လူက အခု ဆိုလျှင် စကားပင် သိပ်မပြောတော့ချေ။

အစကတော့ သူရဲကောင်း ဖြစ်နေတာ လွန်လွန်းသည်ဟု ထင်မိသေး၏။ အခုတော့လည်း သူ ကိုယ်ချင်းစာတတ်ကာ မတွေးရက်တော့ချေ။ ကိုယ်တိုင်လည်း သစ်ရွက်နုဆိုတဲ့မိန်းကလေး ကြောင့် ခံစားချက်တွေ ရင်ထဲရှိလာခဲ့ပြီ မဟုတ်လား။

သူရဲကောင်းပုံစံကို မလှောင်ပြောင်ရက်တော့ပါ။

'ဒီမှာ… ဒီမှာရှင့်'

'ဩော်… အင်း… ပြောလေ သစ်ရွက်စိမ်း'

'ရှင့်နာမည်ကို မေးနေတာ၊ လူကိုသာ သိနေတာ၊ နာမည် ဘယ်လိုခေါ်လဲဆိုတာ ဟိုတစ်နေ့ကတည်းက မမေးလိုက်မိလို့'

'နည်းသစ်ပါ သစ်ရွက်စိမ်း'

'နည်းသစ် ဟုတ်လား'

'ဟုတ်တယ်'

'နာမည်က ဆန်းသားပဲ၊ နာမည်နဲ့လိုက်ဖက်အောင် လူက လည်း လန်းပါတယ်၊ ဒါနဲ့ ရုပ်ပါမားကက်ကိုလာတာ ဈေးဝယ် သက်သက်ပဲလား'

'ဗျာ…'



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် သစ်ရွက်စိမ်း အမေးကိုဖြေဖို့ ကြောင်အသွားတာတော့ အမှန်ရယ်ပါ။

တကယ်တော့ ရှုပါမားကက်ကို သူလာတာ သစ်ရွက်နုကို တွေ့ချင်လို့။ သူမလေးနဲ့ နောက်တစ်ကြိမ် ထပ်မံ၍ ဆုံတွေ့ချင်စိတ်ကြောင့်ပင် ထိုနေရာလေးသို့ ရောက်လာခဲ့ခြင်းပင်ဖြစ်သည်။

သို့သော်... သစ်ရွက်စိမ်းရှေ့မှာတော့ သစ်ရွက်နုကို တွေ့ချင်လို့ဟု ဖွင့်မပြောရဲ။ လူငယ်သဘာဝ သူမလည်းပဲ နားလည်မှုပေးနိုင်မှာ ပါလေဟု တွေးမိပေမယ့် ရှက်ရွံ့စိတ်ကြောင့် လူက ထူထူပူပူ ကြီးဖြစ်နေရသည်။

ရင်မဖွင့်ပြရဲခဲ့ပါ။

'ဘာလဲ... ရှုပါမားကက်ကိုလာတာ ဈေးဝယ်ဖို့ထက် တခြားအကြောင်းပြချက် ရှိနေလို့လား၊ ဖြေဖို့ ဒီလောက်တောင် စဉ်းစားနေရတာဆိုတော့ သိပ်မဟုတ်တော့ဘူးနော်'

'ဟာဗျာ... သစ်ရွက်စိမ်းကလည်း'

သစ်ရွက်စိမ်းက အချက်ကျကလေး ထောက်ပြလိုက်တာမို့ နည်းသစ် မျက်နှာချောချောလေး သွေးရောင်ရဲရဲလေး လွှမ်းသွားရပြီ။

သစ်ရွက်စိမ်းတစ်ယောက် ခေါင်းလေးစောင်းငုံ့ကာ အကြည့်လွှဲပြီး ပြုံးနေတဲ့ နည်းသစ်ဆိုတဲ့ ကိုယ်လူချောလေးကို





ကြည့်ပြီး ဟားတိုက်ရယ်ချင်စိတ်ကို မနည်းကြီးထိန်းချုပ်လိုက်ရသည်။

သူမ တွေးပြီးသားလေ။

အပေါ်ထပ်ကို တက်လာပြီးကတည်းက ကောင်တာအသီးသီးမှာ ပြထားတဲ့ပစ္စည်းတွေကို စိတ်ဝင်တစားကြည့်နေတာမှ မဟုတ်တာ။ လူတစ်ယောက်ကို အသည်းအသန်တွေ့ချင်စိတ်နဲ့ လိုက်လံရှာဖွေနေတဲ့ သူ့ပုံစံက အထင်းသား။

သစ်ရွက်စိမ်းက အဲဒီလောက်တော့ တွက်တတ်ပြီးသားပါ။

ဒါကြောင့်လည်း သူ့ရှေ့သို့ ထွက်ရပ်ပြလိုက်ခြင်းပဲဖြစ်သည်။ ရှာနေရင် ခြေညောင်းနေမှာစိုးလို့လေ။

သစ်ရွက်စိမ်းကိုယ်တိုင်လည်း သူနဲ့ စတင်ဆုံတွေ့လိုက်ဘဲ့နေ့ကစပြီး စိတ်ဝင်တစားရှိခဲ့မိတာပဲဟာ။ သူမ လိုလားတဲ့ ပြည့်စုံမှုတွေက နည်းသစ်ဆီမှာ အပြည့်အဝရှိနေခဲ့သည်။

ဒီတော့ ဟန်ဆောင်မှုပိုပြီး ဘာကြောင့်အချိန်ဆွဲနေတော့မလဲလေ။

'ဘာလဲ နည်းသစ်၊ သစ်ရွက်စိမ်း ခန့်မှန်းတာ မှားသွားလို့လား'

'အဟွန်း... မမှားပါဘူး သစ်ရွက်စိမ်း'

'ဟယ်... ဝန်ခံတယ်တော့၊ အဟင်း... ဟင်း...'



www.burmeseclassic.com

www.burmeseclassic.com



သစ်ရွက်စိမ်းက သဘောကျကာ တဟင်းဟင်းရယ်နေတော့သည်။ သစ်ရွက်စိမ်းရဲ့ လှောင်ရယ်သံအောက်မှာ မျက်နှာလေးက ရှက်ရဲရဲ။

'နည်းသစ်'

'ပြောလေ သစ်ရွက်စိမ်း'

'တို့ သိနိုင်ခွင့်ရှိမလား'

'ဗျာ'

တွေ့လား။ အူတူတူပုံစံမျိုး။ သူများ အသည်းယားအောင် လုပ်ပြနေပြန်ပြီ။ တစ်ဖက်သားက လမ်းခင်းပေးနေတာတောင် သူက တွန့်ဆုတ်နေရသေးတယ်လို့။

ကျွန်တော် သစ်ရွက်စိမ်းကိုတွေ့ချင်လို့ လာခဲ့တာပါလို့ ပြောရင်ပဲ ဆိုလိုရင်းကို နားလည်လက်ခံပေးလို့ ရနေပြီပဲလေ။

'သိခွင့်ရှိမလားလို့ ပြောတာလေ'

'အင်း… ရှိပါတယ်၊ ကိုယ်ကလည်း အစကတည်းက တွေ့ရင် ပြောမယ်ဆိုပြီး ဆုံးဖြတ်ထားပြီးသားဆိုတော့ ဟန်ဆောင်ကောင်းပြီး ကွယ်ဝှက်နေဖို့ မလိုတော့ပါဘူး၊ တစ်ခါမှလည်း အခုလိုအဖြစ်မျိုးကြီးနဲ့ မကြုံဖူးသေးဘူးဆိုတော့ ဘယ်လိုမှကို သည်းခံထိန်းချုပ်ပြီး မနေနိုင်တော့တာ၊ တကယ်ပဲဗျာ တော်တော်ဆိုးဝါးတဲ့ ခံစားမှုရသကြီးပဲ၊ ရင်မဖွင့်ပြရမချင်း နေလို့ထိုင်လို့ မရအောင်ကိုပဲ ဖြစ်နေတော့တာဗျာ'





ဪ… ကိုနည်းသစ်ရယ်။ ရိုးလှချည်လားရှင်။

ရှင့်ပုံစံလေးနဲ့ အခုဟာက ပထမဦးဆုံးသော ခံစားမှုလေးပါဆိုတာ ကြားရတာ မယုံချင်စရာပါပဲ။ ဒါပေမဲ့ ကျွန်မလို အတွေ့အကြုံများနေတဲ့ သူတစ်ယောက်အတွက်တော့ ရှင်ပြောနေတာတွေအားလုံးဟာ အမှန်တရားတွေပဲဆိုတာ လက်ခံပေးလို့ ရနေတယ်လေ။

အပြောကောင်းကောင်းနဲ့ လိမ်ညာနေတာ မဟုတ်ဘူးလို့ ယုံတယ်။ သိလား။

'သစ်ရွက်စိမ်း'

'ရှင်…'

'ကိုယ်လေ'

'ဟုတ်ကဲ့ ပြောပါ'

'သစ်… သစ်ရွက်နုကို ချစ်နေမိပြီ'

ဟင်… သစ်ရွက်စိမ်း မျက်လုံးတွေပြူးကျယ်ဝိုင်းစက်သွားရသည်။ လှပတဲ့နှုတ်ခမ်းဖူးဖူးလေး ဝိုင်းဟသွားရ၏။

မထင်မှတ်ထားတဲ့ စကားပဲ။ သစ်ရွက်စိမ်း လုံးဝတွေးမထင်ထားမိတဲ့ အချက်တစ်ချက်ပါပဲ။

သစ်ရွက်နုကိုတဲ့။ နည်းသစ်ဆိုတဲ့ ကောင်ချောလေး ချစ်နေမိတာက သစ်ရွက်နုကိုတဲ့လေ။

မဖြစ်နိုင်တာ။ သူမ နားကြားလွဲသွားတာပဲ ဖြစ်မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



သစ်ရွက်နုက ဘာဆွဲဆောင်မှုမှမရှိတဲ့ မိန်းကလေး။

ရုပ်ရည်ကလည်း အမြှာပူးညီအစ်မပြောရင်တောင် နောက်သည်ဟု ထင်ရသည့်ပုံစံမျိုးပါ။

'ကိုယ် တကယ်ပြောတာပါ သစ်ရွက်စိမ်း၊ ကိုယ် အပျော်အပျက် လာနောက်ပြောင်နေတာ မဟုတ်ပါဘူး၊ ကိုယ့်စကားကို မင်း ယုံပေးပါနော်၊ ကိုယ် သစ်ရွက်နုကို မြင်မြင်ချင်းပဲ ချစ်သွားမိလို့ပါ၊ ဒါကြောင့် သူ့ကို တွေ့မြင်ချင်စိတ်နဲ့ ဒီစူပါမားကက်ထဲကို လာခဲ့တာပါ သစ်ရွက်စိမ်းရယ်'

မကြားချင်ဘူး။ ရှင် ထပ်မပြောပါနဲ့တော့။

ကျွန်မ မကြားချင်ဆုံးစကားတွေကို ရှင်ဆက်မပြောပါနဲ့တော့ ကိုနည်းသစ်ရယ်။

ရင်ထဲကနေ ကျယ်လောင်စွာပင် တားဆီးလိုက်မိသည်။

သို့သော် အပြင်ပန်းမှာတော့ သစ်ရွက်စိမ်းရဲ့ မျက်နှာလေး မှာ အပြုံးပန်းလေးတွေနဲ့ ဝေဆာလို့။

✿ ✿ ✿



## အခန်း (၁၉)

'သစ်ရွက်နု'

'ဟင်'

မမျှော်လင့်ဘဲ သူမရဲ့ အရောင်းကောင်တာလေးဆီ ရောက်လာသော နည်းသစ်ကို ကြည့်ကာ သစ်ရွက်နု မျက်ဝန်းလေးတွေ ဝိုင်းစက်သွားရတော့၏။

ထင်မှတ်မထားတဲ့ ဧည့်သည်တစ်ယောက်ပဲ။

သူ ဘယ်ကိုလာတာလဲ။

သစ်ရွက်နုဆီကို လာတာလား။

သစ်ရွက်စိမ်းဆီကို လာတာလား။

နည်းသစ်ကတော့ သစ်ရွက်နုကိုကြည့်ကာ မျက်ဝန်းလေးတွေ အရောင်တဖျတ်ဖျတ်လက်လို့။ ချောမွေ့သောမျက်နှာလေး



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ ရိုးသားတည်ကြည်မှုလေးတွေက အထင်းသားပေါ်လွင်လို့နေခဲ့တာပင်။

သို့သော် သစ်ရွက်နုက သစ်ရွက်စိမ်းပြောခဲ့သည့် စကားလေးတွေကို နားမှာ ပြန်ကြားလိုက်မိတော့ မျက်နှာလေးကို ချက်ချင်းလွှဲမိသည်။

ပတ်သက်ဖို့ဆိုတာ သစ်ရွက်နုမှာ အခွင့်အရေးမှမရှိတာပဲ။

'မင်း... မင်း... သိပ်တည်လွန်းတယ် သစ်ရွက်နုရာ၊ ကိုယ်က မင်း ဘာဖြစ်လို့ မသိချင်ဟန်ဆောင်ပြီး မျက်နှာလွှဲလိုက်ရတာလဲ'

'ကျွန်မ ရှင်နဲ့မပတ်သက်ချင်လို့ပါ နည်းသစ်'

'ဗျာ...'

'ဒီစူပါမားကက်ကြီးရဲ့ မြေညီထပ်မှာ သစ်ရွက်စိမ်းရှိတယ်လေ၊ ရှင် သူ့ဆီကိုပဲ သွားလိုက်ပေါ့၊ သူက ရှင့်ကို အရမ်းခင်တာ၊ ရှင့်အကြောင်း ပြောနေမယ်ဆိုရင် ထမင်းမေ့ဟင်းမေ့ပဲ'

သစ်ရွက်နု... သစ်ရွက်စိမ်းဆီကိုပဲ သူ့ကို တမင်လွှတ်မိသည်။

နည်းသစ်။ မျက်မှောင်ကြုတ်ကာ နှုတ်ခမ်းလေးတွေကို မဲ့မိသည်။





သစ်ရွက်စိမ်းကို နည်းသစ် မပြောချင်ပါဘူး။ သူ့ရဲ့အတ္တတွေကို နည်းသစ် ကြောက်မိတာအမှန်ပဲ။ သစ်ရွက်စိမ်းမျက်ဝန်းထဲမှာ နည်းသစ်အထိတ်လန့်ရဆုံးပုံရိပ်တွေ ရှိနေသည်။ သူဟာ ဘယ်တော့မှ နည်းသစ်နှင့်ဆုံစည်းလိုက်လေတိုင်း နည်းသစ်မျက်ဝန်းတည့်တည့်ကို စူးစိုက်ကြည့်တာမျိုး မရှိ။

သူကြည့်တာ နည်းသစ်ရဲ့ လက်ဝတ်လက်စားတွေနဲ့ လေးလုံးတန်းစီး စိန်လက်စွပ်ကလေးကိုပဲ ဖြစ်သည်။ ပြီးတော့ နည်းသစ် ထည်လဲဝတ်တတ်သည့် အကောင်းစားနိုင်ငံခြားဖြစ် ဝို့ရှပ်တွေရဲ့ ဂုဏ်ယူဖွယ်ရာတံဆိပ်တွေကို မက်မက်မောမော ကြည့်နေတတ်တာ နည်းသစ် မသိဘဲနေပါ့မလား။

ဒါကြောင့်လည်း သစ်ရွက်စိမ်းမို့ဆိုရင် နည်းသစ် သန့်နေ မိတာပါ။

'ကိုယ် သစ်ရွက်စိမ်းကို စိတ်မဝင်စားပါဘူး သစ်ရွက်နု၊ မင်းကို စတွေ့ခွင့်ရကတည်းက ကိုယ့်စိတ်တွေ မင်းဆီမှာပဲ ရစ်ဝဲနေခဲ့တာ၊ ဒါကြောင့် ကိုယ် မင်းဆီကိုပဲ လာခဲ့တာပါ၊ Ground Floor မှာ ကိုယ် သစ်ရွက်စိမ်းနဲ့ တွေ့ခဲ့ပြီးပါပြီ၊ သူက ကိုယ့်ကို ...း မင်း Second Floor မှာရှိတယ် ပြောလိုက်လို့ ကိုယ် ...သာပျော်ရွှင်ပြီး တက်လာခဲ့တာ'

ရင်ထဲကခံစားမှုကို ကွယ်ဝှက်မှိုသိပ်မှုတွေမပါဘဲ နည်းသစ် ...င်ပေါ်တင်ပဲ သစ်ရွက်နုကို ဖွင့်ပြောမိသည်။ သည်လိုပြောနေ



www.burmeseclassic.com

www.burmeseclassic.com



ငှဲ့အခိုက်လေးမှာ နည်းသစ်ရင်တွေ ခုန်လွှန်းနေတာ။ ခြေဖျား
သတ်ဖျားလေးတွေပင် အေးစက်လာခဲ့ရ၏။ နဖူးတင်းတင်းလေး
ပေါ်ကို ယိုဆင်းကျလာသည့် ဆံပင်လေးတွေကို လက်ကလေးဖြ
ဘဲ့သွင်းနေမိတာလည်း အကြိမ်ကြိမ်အခါခါ။

ဘွားသစ္စာအလစ်မှာ ထွက်လာရတာမို့လည်း နောက်မှာ
ဘယ်သူတွေများ အရိပ်လိုလိုက်လာမလဲဆိုသည့် စိုးရွံ့နေသည့်
စိတ်ကလေးနှင့် သစ်ရွက်နုရှေ့မှာရပ်နေရတာကိုလည်း နည်းသ
လိပ်ပြာလေးက မလုံချင်ပြန်။

ပြီးတော့ သူငယ်ချင်းသူရဲကောင်းတို့အဖွဲ့တွေ။

သူငယ်ချင်းတွေ မသိအောင် တိတ်တဆိတ်လာခဲ့ရတာ
လည်း နည်းသစ် မျက်ဝန်းလေးတွေက အထိတ်တလန့်လေး

'ကိုယ့်ကို စကားပြန်ပြောပါဦး သစ်ရွက်နုရဲ့၊ ကို
မင်းကို စိုက်ကြည့်နေတာ ကြာပြီ သိလား'

'ကျွန်မမှာ ရှင်နဲ့ဆွေးနွေးစရာစကားတွေမှ မရှိတာ'

'ဟင်···'

'ကျွန်မတို့ညီအစ်မနှစ်ယောက်စလုံးက ဆင်းရဲပါတယ်
နည်းသစ်၊ ဒီရုပါမားကက်ကြီးထဲမှာ အလုပ်ပိုင်ရှင်တွေရဲ့ အ
ကျဖြစ်အောင် ထိန်းထိန်းသိမ်းသိမ်းနေရတဲ့တာဝန်တွေ ရှိနေလို့
ကျေးဇူးပြုပြီး တခြားကောင်တာတွေဘက်ကို ရှင်ထွက်သွား
ပါလား၊ ရှင့်ကို နှင်ထုတ်တာမဟုတ်ဘူးနော် နည်းသစ်၊ ကျွ
အခက်အခဲကို ကူညီပေးဖို့ တောင်းဆိုတာပါ'





သစ်ရွက်နုက ဒီလို မာနရှင်မလေး။

နည်းသစ် ဘယ်လောက်ပဲချမ်းသာ ချမ်းသာ ဒါတွေကို
သစ်ရွက်နု မမက်မောတတ်ပါ။ နည်းသစ်ဆီမှာ သစ်ရွက်နု
က်မောတာတစ်ခုပဲ ရှိသည်။ အဲဒါ နည်းသစ်ရဲ့ အူတူတူအတတ
လေးနဲ့ ဖြူစင်တဲ့စိတ်ဓာတ်လေးကိုပဲပေါ့။

နည်းသစ်ဟာ အခြားချမ်းသာတဲ့ ကောင်လေးတွေရဲ့
ဟောင့်ကြွားကြွား၊ ဝင့်ထည်ထည်ဟန်ပန်မျိုးလေးတွေ နည်းသစ်
ဆီမှာ မရှိ။ ဝတ်ထားတာလေးက ခေတ်မီလွှန်းပေမယ့် မျက်ဝန်း
လေးတွေက နှိမ့်ချမှုလေးတွေနဲ့ ရိုးသားဟန်ဆောင်မှုလေးတွေကိုပဲ
သစ်ရွက်နု တွေ့နေရလို့ နည်းသစ်ကို စိတ်ထဲကနေ အောင်မှတ်
လေးတစ်မှတ် ပေးထားလိုက်မိတာပါ။

ခုတော့ နည်းသစ်ဟာ သစ်ရွက်စိမ်းရဲ့ဆန္ဒတွေနဲ့ဆန့်ကျင်
ပြီး သစ်ရွက်နုကိုမှ စိတ်ဝင်စားသတဲ့လေ။ သစ်ရွက်နု ဘာလုပ်
ရပါတော့မလဲ။

ရှောင်ဖယ်ဖယ်လေးနဲ့ နည်းသစ်ကို နှင်လွှတ်နေမိသည်။

'ကိုယ် မင်းနဲ့ စကားတွေအများကြီးပြောချင်လို့ လာခဲ့
တာပါ သစ်ရွက်နုရယ်၊ ကိုယ့်ကို မင်း မောင်းမထုတ်လိုက်ပါနဲ့
ကွာ ကိုယ် မင်းကို တကယ်ချစ်ခဲ့တာပါ၊ ကိုယ့်ရဲ့ စွဲလမ်းမှုတွေ
အားလုံး မင်းရဲ့အရိပ်လေးဆီမှာ ရောက်နေခဲ့ပြီဆိုတာ ကိုယ်
သိပါရစေ'



www.burmeseclassic.com

www.burmeseclassic.com



'ရှင်…'

'ကိုယ် မင်းကို သိပ်ချစ်တယ် သစ်ရွက်နုရယ်'

'ကျွန်မ… ကျွန်မ…'

'နည်းသစ်‥ ဒါ ဘယ်သူလဲဟင်၊ ဘွားမြေးလေး ဘယ်သူနဲ့ စကားပြောနေတာလဲ'

'ဘုရားရေ'

မောက်မာမာ မျက်နှာထားတင်းတင်းလေးနဲ့ အနားကို မမျှော်လင့်ဘဲရောက်လာသည်။ သားနားသော ဂိုက်ဆိုက်ဟန်ကလေးနှင့် အဘွားတစ်ယောက်ကြောင့် သစ်ရွက်နု ဘုရားတကားနောက်တစ်လှမ်းဆုတ်လိုက်မိ၏။

ဘွားမြေးလေးတဲ့။

ဒါ နည်းသစ်ရဲ့အဘွားလား။

စိန်တွေဝတ်ထားတာ တစ်ကိုယ်လုံးမှာ ညွှတ်လို့။

'ဟင်… ဘွား… ဘွား ဘာဖြစ်လို့ သားနောက်ကို လိုက်လာတာလဲ ဘွားရယ်'

နည်းသစ် ဘွားကို စိတ်ပျက်ကာ ခေါင်းကလေးကို ကုတ်ဖွာကုတ်မိသည်။

ဘွားနောက်မှာ ပါလာတာက ဦးနဂါးနဲ့ ဦးငမန်း။

လက်တွေကိုယ်စီပိုက်ကာ နည်းသစ်မျက်ဝန်းတွေကို စူးစိုက်ကြည့်နေကြ၏။





'မင်းကို စိတ်မချလို့ ဘွားကိုယ်တိုင် လိုက်လာတာလေ၊ နည်းသစ်‥မင်းနဲ့ ခုလို တရင်းတနှီးပြောနေတဲ့ ကောင်မလေးဟာ ဘယ်သူလဲဆိုတာ ဘွား သိချင်တယ်၊ ဘာလဲ… ဒီကောင်မလေးဟာ ဒီ Super Market ကြီးရဲ့ အရောင်းကောင်တာက စာရေးမလေးလား'

နှုတ်ခမ်းမဲ့မဲ့လေးနှင့် သစ်ရွက်နုကို အထင်သေးစွာ ပြောင်ပြုံးလေးနှင့် စိုက်ကြည့်သည်။ ဒါ သစ်ရွက်နုကို အထင်အမြင်သေးသေးနှင့် ရွတ်ချရယ်မောသလိုကြည့်နေသည့် မျက်ဝန်းတွေပဲ။

သစ်ရွက်နု မသိဘဲနေပါ့မလား။

'ဒီမှာ ကောင်မလေး၊ မင်းဆီကို နည်းသစ် ဘာကိစ္စနဲ့ ရောက်လာတယ်ဆိုတာ ဘွား သိချင်တယ်၊ ဘွားကို မလိမ်မညာဘဲ မင်း အမှန်အတိုင်းဖြေပါလား'

'သူ… သူက ကျွန်မကို ခင်လို့လာတာပါ ဘွား'

'ဟွန်း… နည်းသစ်က မင်းလို Super Market က ဆမ်းမိန်းကလေးတစ်ယောက်ကို ခင်သွားတယ်ဆိုတာ လုံးဝ [ဖ]ြစ်နိုင်ဘူး၊ ဘွားမြေးလေးက တစ်သက်လုံး ကိန်းခန်းကြီးကြီး [နေ]လာတာ၊ မင်းလေး စည်းရုံးထားလို့ ဘွားမြေးလေး ဒီနေရာကို [ရော]က်လာတာပဲနေမှာ'

'ရှင်…'



www.burmeseclassic.com

www.burmeseclassic.com



သစ်ရွက်နု မျက်နှာထားလေးက နည်းနည်းလေးတော့ ဟင်းသွားရှာ၏။

'အဟင်း… အထင်မသေးပါနဲ့ ဘွားရယ်၊ ကျွန်မက ဘွားမြေးရှိတဲ့နေရာကို သွားတာမဟုတ်ပါဘူး၊ ဘွားမြေးက ကျွန်မ ရှိတဲ့နေရာကို လာတာပါ၊ ဘာကြောင့်လာသလဲဆိုတာ သိချင်ရင် ဘွားမြေးကိုပဲ မေးကြည့်ပေါ့'

'ဘွားရာ… ဘွား သူ့ကို ဘာတွေသွားမေးနေတာလဲ စိတ်ညစ်တယ်ဗျာ'

'ဟင်… မင်းက စိတ်ညစ်တယ်၊ ဟုတ်လား နည်းသစ်'

'စိတ်ညစ်တာပေါ့ ဘွားရဲ့'

သစ်ရွက်နုဆိုတဲ့ ဣန္ဒြေရှင်မလေးကိုပဲ နည်းသစ် အားနာ နေမိသည်။

နေရာတကာ အဆင့်အတန်းခွဲခြားဆက်ဆံတတ်သည့် ဘွားအကျင့်ကို နည်းသစ်က အသိဆုံးလေ။ ဘယ်ကောင်းမလဲ ဟိုမှာကဖြင့် သစ်ရွက်နုမျက်နှာလေး ရဲပဒေါင်းခတ်နေအောင် ဒေါကလေးပွနေရပြီ။

'ဒါ မင်းက စိတ်ညစ်စရာလိုသလဲ ဟင်… နည်းသစ် ဒီလိုနေရာ ဒီလိုအဆင့်အတန်းမျိုးက လူတွေနဲ့ မင်း ဘယ်တု က ရောနှောပတ်သက်ဖူးလို့လဲ၊ မင်း သူ့ရဲကောင်းဆိုတဲ့ ကော လေးနဲ့ပေါင်းပြီး ဒုက္ခတွေရောက်တော့မယ်၊ မင်း အခုချက်ချင်း





ဘွားနဲ့ပြန်လိုက်ခဲ့၊ နောက်တစ်ခါ မင်း ဒီနေရာကိုလာတဲ့အသံ ဘွား ဘွား လုံးဝမကြားချင်ဘူး'

ဘွားက မေးဆတ်ပြလိုက်တာနှင့် ဦးနဂါးနှင့် ဦးငမန်းတို့ နှစ်ယောက်က လက်ပိုက်တွေဖြုတ်ကာ နည်းသစ်အားကို ကပ်လာ ကြ၏။

'ဟာ… ဦးနဂါး၊ ကျွန်တော့်ကို မဆွဲနဲ့နော်'

သူတို့နှစ်ယောက်က နည်းသစ်လက်မောင်းတွေကို တစ် ယောက်တစ်ဖက် ပြိုင်တူချုပ်ကိုင်လိုက်ကြ၏။

'ကိုယ်… ကိုယ်သွားတော့မယ် သစ်ရွက်နု၊ ကိုယ်ပြော ခဲ့တဲ့စကားလေးတစ်ခွန်းကိုတော့ မင်း ဘယ်တော့မှ မေ့မပစ် လိုက်ပါနဲ့၊ ကိုယ့်ဘဝက မင်းအခုမြင်တဲ့အတိုင်း အနှောင်အဖွဲ့ တွေ၊ တင်းကျပ်တဲ့ချုပ်ချယ်မှုတွေအောက်မှာ ရှင်သန်ရပ်တည်နေ ရတာကွ'

နည်းသစ် ဒါပဲပြောလိုက်နိုင်သည်။

ဒါတောင် သစ်ရွက်နုနားက ရုတ်တရက် ခွာမသွားသေး ဘဲ ကျန်နေခဲ့တာ ဘွားသစ္စာ။

'မင်းနာမည်လေးက သစ်ရွက်နုတဲ့လားဟင်'

'ဟုတ်တယ်လေ ဘွား၊ ကျွန်မနာမည်က သစ်ရွက်နု'

'မင်း ဒီနေ့ကစပြီး နည်းသစ်ကို မေ့လိုက်တော့'

'ရှင်…'



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးတာနဲ့ ဘွားက လှည့်ထွက်သွားခဲ့ပြီ။

တစ်ကိုယ်လုံး ထုပ္ပြီးကျန်ခဲ့တာ သစ်ရွက်နု။

တော်တော်အဆင့်အတန်းခွဲတတ်တဲ့ အဘွားကြီးပါ။

တွေးရင်း သစ်ရွက်နု မျက်ရည်လေးဝဲရ၏။

အလုပ်သိမ်းချိန်ရောက်လို့ ထမင်းချိုင့်ကလေးဆွဲကာ သစ်ရွက်နု ပြန်ထွက်လာတော့ သစ်ရွက်စိမ်း မရှိတော့ပါ။ သစ်ရွက်နုကို မစောင့်တော့ဘဲ အဆောင်ကို ပြန်သွားနှင့်ပြီတဲ့။

သစ်ရွက်စိမ်းရယ်။

နည်းသစ် စိတ်ဝင်စားတာ နင့်ကိုမှမဟုတ်တာ။

ဒါလည်း ဘယ်တတ်နိုင်ပါ့မလဲ။

'သစ်ရွက်နု'

'အို… နည်းသစ်၊ ရှင်… ရှင်…'

'ကိုယ် အိမ်ကနေ ပြန်ထွက်လာပြီး သစ်ရွက်နုကို လာစောင့်နေတာ'

'ဘုရားရေ'

သစ်ရွက်နုကို လာစောင့်နေတာတဲ့။

နားကွင်းဖြူလေးကို နားရွက်လေးတစ်ဖက်မှာဆွဲလို့ ဆံပင်ခွေခွေလေးတွေက ပခုံးလေးနှစ်ဖက်ပေါ်မှာ အုပ်ဝဲဝဲကျနေတဲ့ နည်းသစ်။ မျက်ဝန်းလေးထဲမှာတော့ မျှော်လင့်ချက်တွေ တဖျတ်ဖျတ်တောက်ပနေခဲ့တာပင်။





သစ်ရွက်နုတစ်ကိုယ်လုံး အေးစက်နေရ၏။

စီးနေကျ ပြန်နေကျ အဲကွန်းဘတ်စ်ကားကြီး၏ အမိုးအောက်မှာလည်း လူက ရှင်းနေသည်။

'ကိုယ် သစ်ရွက်နုကို အရမ်းချစ်တယ် သစ်ရွက်နုရယ်။ ကိုယ့်အဘွားရဲ့ တင်းကျပ်တဲ့ချုပ်ချယ်မှုတွေအောက်မှာ သစ်ရွက်နုကို ချစ်မိတဲ့အချစ်တွေနဲ့ ရှင်သန်လွတ်မြောက်ခွင့်ရအောင် ကိုယ်ကြိုးစားနေတာပါ၊ ကိုယ် အခုလေ အပေါ်ထပ်ဝရန်တာကနေ အောက်ကိုရောက်အောင် မနည်းခုန်ဆင်းလာခဲ့ရတာ'

'ဟင်…'

သစ်ရွက်နု သူ့ကိုကြည့်လိုက်တော့ လက်မောင်းကလေးတွေမှာ သွေးစို့ဒဏ်ရာလေးတွေ အစင်းကြောင်းလေးတွေထင်ကာ ပေါက်ပြဲနေသည်။

နည်းသစ်ရယ်။

ကျွန်မဆီက အချစ်ကိုရဖို့ ရှင် ဘာဖြစ်လို့ ဒီလောက်အောင် စွန့်စားနေရတာလဲဟင်။

ရှင် ဒီလိုပုံစံမျိုးနဲ့ ထွက်လာတာကိုက ရှင့်အဘွားသိရင် သူ တော်တော်သွေးပျက်သွားမှာပဲ။ ရှင် ပြန်ပါနော် နည်းသစ်။ ကျွန်မတို့နှစ်ယောက် ပေါင်းဆုံခွင့်ရဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

ကျွန်မ တောင်းပန်ပါတယ် နည်းသစ်ရယ်…

ထမင်းချိုင့်ကလေးကို တင်းတင်းဆုပ်ကိုင်ကာ နည်းသစ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ခပ်ခွာခွာလေးမှာရှေ့ရပ်ဖို့ သစ်ရွက်နု ကြိုးစားလိုက်ပေမယ့် ခရေ။

နည်းသစ်ကပါ သစ်ရွက်နုနဲ့နီးအောင် အတင်းတိုးကပ် ဘာ လိုက်ရပ်သည်။

'ရှင်… ရှင် ပြန်ပါနော် နည်းသစ်'

'ကိုယ် မပြန်ဘူး သစ်ရွက်နု၊ ဒီညဟာ ကိုယ့်ခံစားချက် တွေနဲ့ အလှပဆုံး တန်ဆာဆင်ထားတဲ့ညတစ်ညပဲ ဖြစ်စေရမယ် ကိုယ့်ရင်ထဲမှာရှိနေတဲ့ စကားတွေအားလုံး ဖောက်ခွဲဖွင့်ပြချင်လို့ ကိုယ် သစ်ရွက်နုဆီကို နောက်တစ်ခေါက် ပြန်လာခဲ့တာ'

'ကျွန်မမှာ ရှင်နဲ့ ပြောစရာစကားတွေ ဘာမှမရှိဘူး နည်းသစ်'

သစ်ရွက်နု ဟန်ဆောင်နေဖို့ ကြိုးစားကြည့်မိသည်။

သို့သော် တဖျတ်ဖျတ်တုန်ခါချင်နေသော နှလုံးသား လေးက တဆတ်ဆတ်တုန်နေတာ။ နည်းသစ် မျက်ဝန်းထဲက အချစ်တွေကြောင့်လား။ သစ်ရွက်နု ခေါင်းကလေးကို အဆက် မပြတ်ခါရင်း ငြင်းဆန်လိုက်မိပေမယ့် ထိုငြင်းဆန်မှုတွေကို အစသတ်ပစ်လိုက်တာ နည်းသစ်ပါပဲ။

'ကိုယ့်ဘက်ကို မျက်နှာလေးတစ်ဆိတ်လောက်လှည့်ပါ ဦး သစ်ရွက်နုရယ်'

'ဟင်…'





သူ သစ်ရွက်နုရဲ့ မေးဖျားချွန်ချွန်လေးကိုကိုင်ကာ သူ့ ဘက်ကို အတင်းဆွဲလှည့်လိုက်ပြီ။ သစ်ရွက်နု အလိုက်သင့်လေး ဆွဲလှည့်လိုက်ရပေမယ့် သူ့မျက်ဝန်းတွေကို မော့မကြည့်မိအောင် ကြိုးစားနေရသည်။

'ကိုယ့်ကို နားလည်ပေးပါနော် သစ်ရွက်နု၊ ကိုယ် သစ်ရွက်နုကို သိပ်ကို တန်ဖိုးထားပါတယ်၊ ကိုယ့်ဘဝမှာ လူမှန်း သိစအရွယ်လေးကတည်းက ကိုယ့်အဘွားရဲ့ တင်းကျပ်တဲ့စည်း မျဉ်းစည်းကမ်းတွေအောက်မှာ ကိုယ် ရှင်သန်ခဲ့ရတယ်၊ အထိန်း တော်တွေရဲ့ အလစ်မပေးတဲ့ စောင့်ကြည့်မှုတွေ၊ စိုးရိမ်မှုလွန်ကဲတဲ့ ထိန်းချုပ်မှုတွေကြားမှာပဲ ကိုယ် ကြီးပြင်းလာခဲ့တာပါ၊ ဒီလောက ကြီးတစ်ခုလုံးမှာ ကိုယ့်ရဲ့အဘွားသစ္စာ အကြောက်ဆုံးက ငွေကြေး အရှိန်အဝါတွေကိုမက်မောပြီး ကိုယ့်ကို လက်ထပ်ယူဖို့ကြိုးစား မယ့် မိန်းမတစ်ယောက်ကိုပဲ'

'အဲဒါ သစ်ရွက်နုနဲ့ ဘာဆိုင်လို့လဲဟင် နည်းသစ်၊ အဲဒါ မျိုးတွေကို မက်မောတတ်တဲ့လူတွေထဲမှာ သစ်ရွက်နု ပါနေလို့ လား'

မခံချင်စိတ်လေးနဲ့ နှုတ်ခမ်းလေးမဲ့ကာ သစ်ရွက်နု ပြန် ပြောမိသည်။

'ဟင်း… သစ်ရွက်နုက မပါဘူးပြောပေမယ့် ကိုယ့် အဘွားက သံသယတွေနဲ့ ကိုယ်နဲ့ပတ်သက်လာသူတိုင်းကို စောင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေခဲ့တာလေ၊ ကိုယ့်မေမေဆိုရင် ဘွားရဲ့အထင်သေးမှု အောက်မှာ ဖေဖေနဲ့လက်ထပ်ခဲ့ရတာ၊ မေမေက ဖေဖေ့ကို ပိုက်ဆံ ချမ်းသာတာ မက်ပြီးယူခဲ့တယ်လို့ စွပ်စွဲချက်နဲ့ ဒီနေ့အထိ ရင်ဆိုင် နေရတုန်းပဲ၊ ဒါကြောင့် ဘွားရဲ့မြေးဦးက ယောကျ်ားလေးဖြစ်နေ ဒီ့ ဘွားက မေမေ့ကို ချွေးမအဖြစ် အသိအမှတ်ပြုလိုက်တာ၊ သမီးဆိုရင် ဘွားက လှည့်ကြည့်မှာမဟုတ်ဘူး၊ မြေးမိန်းကလေး မလိုချင်ဘူးတဲ့'

'အခုလည်း ဘာထူးလို့လဲဟင် နည်းသစ်၊ မိန်းကလေး မြင်တိုင်း ရှင့်အဘွားက အထင်သေးသေးနဲ့၊ သူ့မြေးနဲ့ပတ်သက် လာမှာကို ကြောက်နေတာ၊ ဟွန်း··· လာလုပ်မနေနဲ့၊ သစ်ရွက်နု ကတော့ ရှင်းတယ်၊ ကိုယ့်လုပ်အားလေးနဲ့ရတဲ့ပိုက်ဆံကိုပဲ တန်ဖိုး ထားတယ်'

'သိပါတယ် သစ်ရွက်နုရယ်၊ သစ်ရွက်နုမာနကို ကိုယ် သိပါတယ်ကွာ၊ ကိုယ်ကလည်း သစ်ရွက်နုကို အဲလိုမာနရှင်လေး မို့ တန်ဖိုးထားပြီး ချစ်နေရတာပါ၊ ဒီည သစ်ရွက်နု ကိုယ့်ကို အဖြေပေးပါနော်၊ အဆုံးမဲ့နှလုံးသားလေးနဲ့ ကိုယ် မျှော်လင့်နေ မယ်'

'ဟင်···'

သစ်ရွက်နု ဘာလုပ်ရမလဲ။

အဆုံးမဲ့နှလုံးသားလေးနဲ့ ကိုယ် မျှော်လင့်နေမယ်တဲ့





ဒါကိုသာ သစ်ရွက်စိမ်းသိသွားရင် စိတ်ထိခိုက်ပြီး ညီမ လေး သစ်ရွက်စိမ်း ကြေကွဲသွားနိုင်သလား။ သစ်ရွက်စိမ်းမျက်နှာ လေးက' သစ်ရွက်နုအတွေးထဲမှာ ထင်းထင်းပေါ်လာ၏။

သစ်ရွက်စိမ်း ချမ်းသာချင်တာကိုလည်း သစ်ရွက်နု အပြစ်မတင်လိုပါ။

ထမင်းချိုင့်ကလေးတွေ ကိုယ်စီထည့်ပြီး မိဘမဲ့ညီအစ်မ နှစ်ယောက်ရဲ့ ရုန်းကန်ဖြတ်သန်းရမှုတွေက အဆင်မပြေမှုတွေ၊ ချို့တဲ့မှုတွေနဲ့ပဲ ကျင်လည်ကြီးပြင်းလာခဲ့ရတာ။ ဒေါ်လေးပြောတာ ကတော့ ညည်းတို့အမြွှာညီအစ်မ နီတာရဲဘဝလေးကတည်းက သူ စောင့်ရှောက်လာခဲ့ရတာတဲ့။

ညည်းတို့အဖေလည်း သေပြီ။

ညည်းတို့အမေလည်း သေပြီတဲ့။

ဒါကြောင့်မို့ သစ်ရွက်စိမ်း ချမ်းသာချင်တာ။

သူ့ရဲကောင်းကိုစိတ်ဝင်စားပေမယ့် သူတကယ်လက်ထပ် ချင်တာ နည်းသစ်ပဲတဲ့။ နည်းသစ်ကို လက်ထပ်လိုက်တာနဲ့ အပျံစားတိုက်ကြီးပေါ်ကိုရောက်ပြီး နောက်ဆုံးပေါ်ကားကြီးကို အမြန်ဆုံးစီးရမှာတဲ့။

ဒါပေါ့လေ။

ဆင်းရဲတဲ့ဘဝကို ဖြတ်သန်းလာရတော့လည်း ဒီလို အတွေးရိုင်းကလေးတွေ သစ်ရွက်စိမ်းရင်ထဲမှာ ရောက်နေတာ အဆန်းတကြယ်တော့ မဟုတ်တော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ခုလောလောဆယ် အရေးကြီးနေတာက နည်းသစ်ကို သစ်ရွက်နု ဘယ်လိုအဖြေမျိုးပေးရမလဲ။

'ကိုယ်မေးတာ ဖြေလေ သစ်ရွက်နု'

သူ သစ်ရွက်နုနဲ့ မျက်နှာချင်းဆိုင်ဖြစ်အောင် ရွှေ့ရပ်လိုက်ပြီး…

'ဟင်…'

'သစ်ရွက်နုရယ်… ကိုယ် မင်းကိုမေးနေတာ အကြိမ်တစ်ရာလောက်ရှိနေပြီ၊ မင်း ဘာတွေစဉ်းစားနေတာလဲဟင်'

သူ စိတ်မရှည်တော့ပါ။

ဖြစ်နိုင်ရင် သစ်ရွက်နုကိုယ်လုံးဖူးဖူးလေးကို တအားသိမ်းကျုံးပွေ့ဖက်ကာ ပါးပြင်နုနုလေးနှစ်ဖက်ကို ဘယ်ပြန်ညာပြန်နမ်းပြီး မေးပစ်လိုက်ချင်တာမျိုး။

သစ်ရွက်နုဆိုတဲ့ ကော့နက်သော မျက်တောင်ပိုင်ရှင်လေး၊ နှာတံချွန်ချွန်လေးရဲ့ အရှင်သခင်မလေး၊ နီရဲသော နှုတ်ခမ်းဖူးဖူးလေးတွေရဲ့ပိုင်ဆိုင်ရာ နန်းတော်လေးတစ်ခုကို နည်းသစ်အပြန်ပြန်ပဲ သိမ်းပိုက်အုပ်ချုပ်ချင်နေသည်။

'ကျွန်မ ဘာပြောရမလဲ'

ဖြေတော့လည်း မတုန်မလှုပ်လေး။

တကယ့်ကို အသည်းယားဖို့ကောင်းနေတဲ့ ကောင်မလေး။





သစ်ရွက်စိမ်းနဲ့ကတော့ တခြားစီပါပဲ။

'ကိုယ် မင်းကို အရမ်းချစ်တယ်လို့ ပြောနေတာလေ'

လက်ကလေးပိုက်ရပ်ရင်း သစ်ရွက်နုက မျက်နှာလေးကို ငုံ့ချပစ်သည်။

'ကိုယ့်ကို အဖြေပေးပါ သစ်ရွက်နုရယ် နော်'

'အို…'

သစ်ရွက်နုရဲ့ ပခုံးလေးနှစ်ဖက်ပေါ်ကို ဆုပ်ဖက်ထိကိုင်လာတဲ့ လက်ချောင်းကလေးတွေ။ ရုန်းဖယ်ပစ်လိုက်ဖို့လည်း သစ်ရွက်နု သတိမရ။

'နော်… သစ်ရွက်နု နော်'

ရင်ခုန်စိတ်လှုပ်ရှားဖို့ကောင်းလိုက်ပါတဲ့ ညချမ်းလေး။

'နည်း… နည်းသစ်'

'ဟင်… သစ်ရွက်နု၊ မင်း ဘာဖြေမလို့လဲ'

'ရှင် ကျွန်မကို တကယ်ချစ်ခဲ့တာလားဟင်'

'ချစ်တာပေါ့ သစ်ရွက်နုရယ်၊ သစ်ရွက်နုကိုချစ်လို့ ကိုယ် ဒီလောက်စွန့်စားလာခဲ့ရတာလေ'

မျက်နှာလေးကို အတင်းဆွဲမော့ပစ်တော့ သစ်ရွက်နု မျက်ဝန်းလေးထဲမှာ မျက်ရည်လေးတွေက ဝဲနေပြီ။

'ပြောလေ သစ်ရွက်နု၊ ကိုယ်မေးတာကို မင်း ဖြေပါတော့ကွာ'



www.burmeseclassic.com

www.burmeseclassic.com



'ရှင်… ရှင်… သစ်ရွက်စိမ်းကိုပဲ လက်ထပ်ပါ၊ အဲလို လက်ထပ်မယ်ဆိုရင် ရှင့်ကို သစ်ရွက်နု အဖြေပေးမယ်'

'ဘယ်လို သစ်ရွက်နု'

နည်းသစ် လန့်ပြီး ပခုံးစွန်းနှစ်ဖက်ပေါ်က လက်တွေကို ရုပ်ချပစ်လိုက်သည်။

'သစ်ရွက်စိမ်းကို လက်ထပ်မယ်ဆိုမှ ကိုယ်လိုချင်တဲ့ အဖြေကို သစ်ရွက်နုကပေးမယ် ဟုတ်လား၊ ဘာလဲကွာ… သစ်ရွက်နု ဘာကြောင်တာလဲကွာ၊ ကိုယ်ချစ်တာ သစ်ရွက်နုကိုပဲ ချစ်တာလေ၊ အဲဒါ ဘာဖြစ်လို့ ကိုယ့်ကို သစ်ရွက်စိမ်းနဲ့…'

'ရှင်… ရှင် ကျွန်မကို အဲဒီမေးခွန်းမမေးပါနဲ့ နည်းသစ်၊ ရှင် ကျွန်မပြောတဲ့အတိုင်း သစ်ရွက်စိမ်းကို လက်ထပ်မယ်မို့လား၊ ရှင် အဲဒါပဲဖြေပါ၊ ဒီအဖြေကိုသိတာနဲ့ ရှင့်ကို ကျွန်မ…'

'ကဲကွာ… ဟုတ်ပါပြီ၊ သစ်ရွက်စိမ်းကို လက်ထပ်မယ် ဆိုရင် မင်း ကိုယ့်ကို ဘာပေးမလဲ သစ်ရွက်နု'

'ပထမဆုံးနဲ့ နောက်ဆုံးအကြိမ်အဖြစ် ကျွန်မရဲ့ နဖူးလေး ကို ရှင့်ကို နမ်းခွင့်ပေးမယ်'

'ဘာပြောတယ်'

'အဟင့်…'

သစ်ရွက်နု ကြေကွဲစွာ ငိုချလိုက်ပါပြီ။

နောက်ဆုံးမှာတော့ သစ်ရွက်နုရဲ့ နဖူးပြင်လေးထက်ဆီ





မှာ နည်းသစ်ပေးသွားတဲ့ အနမ်းနုနုလေးတွေက အိမ်အပြန်ခြေ လှမ်းတွေကို မသယ်ချင်လောက်အောင် တစ်ကိုယ်လုံး နုံးခွေ ချည့်နဲ့စေခဲ့လျက်။

အဆောင်တိုက်ခန်းလေးကို ပြန်ရောက်တော့ ပိုဆိုးနေတာ သစ်ရွက်စိမ်း။

'သစ်ရွက်နုနော်… ဒီနေ့ နင့်ဆီကို နည်းသစ် ရောက် လာတယ်မို့လား'

'အင်း… ရောက်လာတယ်လေ'

'သူ ဘာတွေပြောသွားသေးလဲဟင် သစ်ရွက်နု'

'ဒီလိုပါပဲဟာ'

'နင် မလျှို့နဲ့နော် သစ်ရွက်နု၊ သူက ငါ့ကို အပြတ်ပြော သွားလို့ နင့်ဆီကို ငါ တမင်လွှတ်လိုက်တာ၊ သူက နင့်ကို မြင်ပြီးတော့စိတ်ဝင်စားနေသလိုပဲ၊ ဘာပဲဖြစ်ဖြစ်လေ ငါတို့နှစ် ယောက်ထဲမှာ တစ်ယောက်ကတော့ နည်းသစ်ကိုရမှဖြစ်မယ်၊ နည်းသစ်ကိုရရင် ငါတို့ဘဝ နိုင်သွားပြီ'

'ဟင်…'

သစ်ရွက်စိမ်း ငွေအရမ်းမက်တာကိုတော့ သစ်ရွက်နု ကြိုက်ပါ။

'သစ်ရွက်စိမ်းရယ်… နင်… နင် ဘာဖြစ်လို့ ဒီလောက် တောင် ငွေတွေမက်မောနေရတာလဲဟင်၊ နင့်ရဲ့ အဲဒီစိတ်ဓာတ်



www.burmeseclassic.com

www.burmeseclassic.com



ငါ လုံးဝကြိုက်ဘူး သိလား၊ ပိုက်ဆံချမ်းသာတဲ့ယောကျ်ားကို ယူလိုက်မိလို့ အနှိမ်ခံနေရတဲ့ မိန်းကလေးတွေ လောကကြီးမှာ အများကြီး၊ အခုတောင် နည်းသစ်ကို စိတ်မချဖြစ်ပြီး သူ့အသွား အောက်ကနေလိုက်ပြီး ပြန်ခေါ်သွားတာ၊ ဒါတောင် မျက်နှာပူ ဘယ်၊ နင်··· နင် နည်းသစ်ကို အဲလိုစိတ်ဓာတ်မျိုးနဲ့ပတ်သက်ဖို့ မကြိုးစားပါနဲ့၊ ယောကျ်ားတစ်ယောက်ကို ဦးနှောက်နဲ့ရွေးချယ်ရင် အဲဒီယောကျ်ားကလည်း နင့်ကို ဦးနှောက်နဲ့ပဲ ပြန်ကြည့်မှာပဲ၊ ကိုယ်က နှလုံးသားနဲ့ရွေးချယ်ရင် သူကလလည်း နင့်ကို နှလုံး သားနဲ့ ပြန်ပေးဆပ်မှာလေ၊ နင် ငါ့စကားကို နားထောင်ပါနော် သစ်ရွက်စိမ်း'

ဒါကို သစ်ရွက်စိမ်းက မျက်နှာလေးမဲ့ကာ···

'ဟွန်း··· လုပ်မနေနဲ့ သစ်ရွက်နု၊ သစ်ရွက်စိမ်းကတော့ အရာရာကို ဦးနှောက်နဲ့ပဲဆုံးဖြတ်မယ်၊ အရေးကြီးတာ တစ်နေ့နေ့ မှာ တို့ညီအစ်မနှစ်ယောက်လုံး ချမ်းသာဖို့၊ ဒါပဲ··· ဒါပဲလေ သစ်ရွက်နုရဲ့၊ ဟား··· ဟား···'

သစ်ရွက်စိမ်းရဲ့စကားနဲ့ အမူအရာကြောင့် သစ်ရွက်နု တစ်ယောက် မျက်တောင်လေးတွေပင့်ကော့ကာ မျက်လုံးလေး တွေ ပြူးဝိုင်းနေရပြီ။

သစ်ရွက်စိမ်းက ရယ်မောရင်း ဆက်ပြောနေတာက···

'နင် သိပ်ကိုအတော် သစ်ရွက်နုရယ်၊ နင် အေးအေးစက်





စက် ခပ်တုံးတုံးလုပ်နေပုံမျိုးနဲ့တော့ နည်းသစ်ကို လက်လွှတ်လိုက် ရလိမ့်မယ်၊ ဒီဇာတ်လမ်းကို ငါပဲဝင်ကမယ်၊ မကောင်းဘူးလား'

'ဟင်···'

ဘယ်လိုမှပြောလို့ တားလို့ရမှာမဟုတ်တဲ့ သစ်ရွက်စိမ်း။

သူက သူ့ရည်ရွယ်ချက်အတိုင်း မဖြစ်ဖြစ်အောင် လုပ် တော့မှာ။

'နင် ဘေးထွက်ပေးလိုက်'

'ဘုရား··· ဘုရား···'

သစ်ရွက်စိမ်းကိုကြည့်ကာ သစ်ရွက်နု ဘုရားတမိသည်။

ထိုအချိန်မှာ မမျှော်လင့်ဘဲ သူမတို့ရဲ့ သီးသန့်အဆောင် လေးထဲကို ရောက်လာတာ ရုပ်ပါမားကက်ဆိုင်ရှင်ကြီးရဲ့ကတော် ဒေါ်မြသီရိရယ်ပါပဲ။

မျက်နှာထားကလည်း စရောက်လာကတည်းက အတင်း ဆုံးမှာရှိနေ၏။

'အို··· အန်တီ လာတယ်'

ပြူးပြူးပျာပျာဟန်ကလေးတွေနှင့် အန်တီဒေါ်မြသီရိကို ကြိုဆိုလိုက်မိပေမယ့် အခြေအနေမကောင်းတာကိုတော့ သစ်ရွက် စိမ်းရော သစ်ရွက်နုပါ သိလိုက်မိပါ၏။

'မင်း ဘာမှအပိုတွေပြောမနေနဲ့၊ ဒီနေ့ကစပြီး မင်းတို့ ညီအစ်မနှစ်ယောက်စလုံးကို အလုပ်က ထုတ်ပစ်လိုက်ပြီ၊ ဒီ



www.burmeseclassic.com

www.burmeseclassic.com



[illegible] ညတွင်းချင်းအပြီးပြောင်းပေးဖို့ နှစ်ယောက်စလုံး
[illegible] ပြောတာ'

'ရှင်... အန်တီ'

'ဟို... ဟိုလေ သစ်ရွက်စိမ်းတို့ညီအစ်မမှာ ဘာအပြစ်ရှိလို့လဲ အန်တီ၊ သစ်ရွက်စိမ်း နားမလည်လို့ပါ၊ တစ်ဆိတ်လောက် သစ်ရွက်စိမ်းကို ရှင်းပြပါဦး'

ပျက်နေရသည့် မျက်နှာလေးတွေနဲ့ အသံလေးတွေကိုပါ သူမတို့နှစ်ယောက်သား ဘယ်သူမှ မထိန်းနိုင်ကြတော့ပါ။

'အေး... မင်းတို့အပြစ်က နာမည်ပျက်တဲ့အပြစ်ပဲ'

'ရှင်... ကျွန်မတို့က နာမည်ပျက်တယ် ဟုတ်လား အန်တီ'

'အေး... ပျက်တာမှ အကြီးအကျယ်ကိုပျက်နေတာ ရော့... ဒီမှာ မင်းတို့နှစ်ယောက်အတွက် သုံးလစာ လစာငွေ ဒါကို လက်ခံရရှိကြောင်း အောက်ကစာရွက်လေးမှာ လက်မှတ်ထိုးပေးလိုက်ပါ'

တော်တော်ပြင်းတဲ့ ရိုက်ချက်ပဲ။

သည်ရိုက်ချက်က သစ်ရွက်စိမ်းနှလုံးသားတွေကို အရှိန်ပြင်းပြင်းနှင့် အညှာတာကင်းမဲ့စွာ လာရောက်ထိမှန်သည်။

သစ်ရွက်နုမျက်နှာလေးကို ချာခနဲလှည့်ကြည့်လိုက်တော့လည်း ငိုမဲ့မဲ့မျက်နှာလေးနဲ့။





'ဟို... ဟိုလေ သစ်ရွက်နု တောင်းပန်ပါတယ်နော် အန်တီ၊ အလုပ်ထဲမှာ အန်တီတို့မကြိုက်တာတွေ နောက်ဘယ်တော့မှ မဖြစ်စေရပါဘူး'

'အန်တီသိရဲ့နော်... အချိန်မရှိဘူး၊ သူတို့ကို ရှင်းပြနေရလည်း ဘာအကြောင်းမှမရှိဘူး၊ ဒီအခန်းက သော့ပိတ်ရမှာဆိုတော့ သိမ်းစရာရှိတာတွေ မြန်မြန်သိမ်းနိုင်းလိုက်တာ အကောင်းဆုံးပဲ'

'နော် အန်တီနော်၊ သစ်ရွက်နု အန်တီ့ကို တောင်းပန်ပါတယ်နော်၊ ဒီအလုပ်ကလေးကနေ သစ်ရွက်နုတို့ကို မထုတ်လိုက်ပါနဲ့၊ အဟင့်... သစ်ရွက်နုတို့မှာ နေစရာလည်း အိမ်မရှိလို့ပါ အန်တီနှရယ်'

သစ်ရွက်နု ငိုသံဝဲဝဲလေးနှင့် တောင်းပန်လိုက်ပေမယ့် အန်တီဒေါ်သီရိ မျက်နှာထားက လျော့မသွားဘဲ နှစ်ဆတင်းလာတာကိုပဲ သူမတို့ တွေ့လိုက်ရ၏။

'မရတော့ဘူး သစ်ရွက်နု၊ မင်းတို့က တို့ရုပါမားကက်ကြီးတစ်ခုလုံး အားကိုးနေတရတဲ့ တကယ့်ပုဂ္ဂိုလ်ကျော်ကြီးနဲ့မှ ပြဿနာဖြစ်တာ'

'ရှင်... ဘယ်ပုဂ္ဂိုလ်ကြီးလဲ အန်တီ'

'ဘွားသစ္စာလေ'

'ဘုရားရေ'



www.burmeseclassic.com

www.burmeseclassic.com



'သူ့အမိန့်ကို တို့အားလုံး ဘယ်သူမှမလွှန်ဆန်နိုင်ဘူး တို့ ဒီလောက်ပြောရင် မင်းတို့ သိပါ၊ ဒီနေ့ညနေပဲ တိုက်ရိုက် ဖျန်းဆက်သွားတယ်၊ တာဝန်ရှိတဲ့လူတွေ တိုင်ပင်လိုက်တော့လည်း အညည်ပျက်တွေများနေတဲ့ မင်းတို့ညီအစ်မဘက်က လိုက်ပေးမယ့် ထောက်ခံပေးမယ့်သူ တစ်ယောက်မှမရှိဘူး၊ ကဲ… တံခါးသော့ ပိတ်မယ်၊ မင်းတို့လည်း ယူစရာရှိတာတွေယူပြီး ထွက်သွားကြ တော့'

မျက်ဝန်းထဲမှာ မီးဝင်းဝင်းလက်သွားရတယ်ဆိုတာ ဒါမျိုး လား။

နောက်ဆုံးမှာတော့ အထုပ်ကလေးတွေကိုယ်စီပိုက်ကာ ဒေါ်လေးအိမ်ကလေးကိုပဲ ပြေးခဲ့ရတဲ့ ညီအစ်မနှစ်ယောက်။

အိမ်ပေါ်ကို လှမ်းတက်လိုက်ကတည်းက ဒေါ်လေးအသံ ကို ကြားလိုက်ရပြီ။

✿ ✿ ✿



## အခန်း (၂၀)

'နောက်ဆုံးတော့ ညည်းတို့ ငါ့အိမ်ကိုပဲ ပြန်ရောက်လာ ကာပဲမို့လား၊ ကြည့်ပါဦး အရပ်ကတို့ရယ်၊ အလုပ်ကအထုတ်ခံရ တဲ့အပြင် အဆောင်ကပါ မောင်းချတာ၊ ညည်းခံလိုက်ရပြီတဲ့၊ ရှက်တယ်၊ ငါ အရမ်းရှက်တယ်၊ ညည်းတို့ ငါ့အိမ်မှာလည်း နေနဲ့၊ ကိုယ့်အထုပ်ကိုယ်ယူပြီး အခုချက်ချင်းထွက်သွားကြ၊ အဟင့်… ဟင့်…'

သစ်ရွက်စိမ်းတို့ညီအစ်မနှစ်ယောက်ကို ကြည့်ကာ ဒေါ်လေး ကျင်မြ ငိုရပြီ။

'ဒေါ်လေးရယ်… သစ်ရွက်နု တောင်းပန်ပါတယ်၊ ဒီ တစ်ညနှစ်ညလေးတော့ သစ်ရွက်နုတို့ကို နေခွင့်ပြုပါနော်၊ အဟင့်…'



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးကိုကြည့်ကာ သစ်ရွက်နုကိုယ်တိုင်လည်း စိတ်ထဲ ဘယ်လိုမှထိန်းမရတော့ပါ။

သစ်ရွက်စိမ်းကတော့ ထုံးစံအတိုင်း ပေတေတေ ကျောကျောမျက်နှာထားလေးနဲ့ သူစိတ်ခေတ်ပြင်းပြတာကိုလည်း သစ်ရွက်နု သိသည်။ တက္ကစီပေါ်မှာလည်း မျက်ရည်တစ်စက်မကျဘဲ နှုတ်ခမ်းလေးကို တင်းတင်းစေ့ကာ မာနတွေနဲ့လိုက်လာတာပဲကြည့်။

ဘယ်လောက်မာကျောတဲ့ သစ်ရွက်စိမ်းလဲဆိုတာ။

'ဒါ နည်းသစ်အဘွားက သစ်ရွက်စိမ်းတို့ညီအစ်မနှစ်ယောက်ကို ရိုက်ချလိုက်တာ၊ ဒါပေါ့နော်… သူတို့က ပိုက်ဆံချမ်းသာပြီး ဂုဏ်ကျက်သရေမြင့်မားတဲ့ အသိုင်းအဝိုင်းတွေဆီတော့ ရေပေါ်မှာတောင် အရုပ်ရေးလို့ရနေမှာပေါ့၊ ဟွန်း… သစ်ရွက်စိမ်းကလည်း ဂရုမစိုက်ပါဘူး၊ နည်းသစ်ရောက်လာအောင် ဘယ်လို နည်းတွေနဲ့လုပ်မလဲဆိုတာ စောင့်ကြည့်လိုက်'

နှုတ်ခမ်းမဲ့မဲ့လေးနဲ့ တက္ကစီပေါ်မှာ ပေါက်ကွဲခဲ့၏။

ဟော… အခု ဒေါ်လေးရှေ့ကိုရောက်တော့လည်း ဒီ ဘာအပြစ်မှလုပ်မလာခဲ့သည့်အတိုင်း။ ဒေါ်လေးမျက်စောင်း လည်း သစ်ရွက်စိမ်းဆီမှာပဲ ဝဲနေ၏။

'ညည်း… ညည်းလေး ငါ့ကို တော်တော်ဒုက္ခပေးတယ် သိလား သစ်ရွက်စိမ်း၊ ညည်း မောင်စိမ်းမောင်ကို ငြင်းလိုက်လို့





သူက ငါ့အိမ်ကို အတိုးရော အရင်းပါပေါင်းပြီး သိမ်းလိုက်တော့မယ်လေ၊ အခု ညည်းတို့လည်း ဒုက္ခရောက်ပြီ၊ ငါလည်း ဒုက္ခရောက်ပြီ၊ ညည်းမျက်နှာကို ငါ မကြည့်ချင်တော့ဘူး သစ်ရွက်စိမ်းရဲ့၊ ညည်း ထွက်သွား၊ ညည်း အခုချက်ချင်း ငါ့အိမ်ပေါ်က ဆင်းသွား'

သစ်ရွက်စိမ်းကတော့ ဒေါ်လေးပြောတာကို သူ ဘာမှ မကြားသည့်အလား လက်သည်းနီပုလင်းလေးထုတ်ကာ ခြေသည်း လေးတွေကို ဆိုးနေ၏။

'ဟာ… ဒေါ်လေးကလည်း သစ်ရွက်စိမ်းတို့ညီအစ်မ နှစ်ယောက် ဒေါ်လေးအိမ်မှာ တစ်ညနှစ်ညပဲအိပ်မယ်လို့ ပြောထားပြီးပြီပဲဟာ၊ ဒေါ်လေး ဘယ်လိုဖြစ်နေတာလဲ၊ အခု ပြန်လာတော့လည်း ခဏပြန်လာတာ၊ မိန်းကလေးနှစ်ယောက်တည်း ညဘက်ကြီးလျှောက်သွားနေရင် မကောင်းလို့၊ အင်း… ဒါပေမဲ့ သစ်ရွက်စိမ်းကတော့ မကြောက်ပါဘူး၊ ဟောဒီကမ္ဘာလောကကြီး တစ်ခုလုံး ကြယ်မိုတ်တုတ်လေးတွေအောက်မှာ အိပ်စက်နေကြတာဟာ မြေကြီးရှိရင် အိပ်စရာနေရာရှိတယ်'

'ဟဲ့…'

ဒေါ်လေး မျက်နှာလှည့်လာတာ ဆတ်ခနဲ။

'မြေကြီးရှိရင် ညည်း မြေကြီးပေါ်မှာ ဆင်းအိပ်ပါလား ဟဲ့ အရိုင်းအစိုင်းတိရစ္ဆာန်မလေးရဲ့'



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေး ခုနစ်သံချီဟစ်ပြီ။

'ဆော်ပြီ ဒေါ်လေးရယ်၊ ဖြစ်ချင်တာဖြစ်၊ ဒေါ်လေးအိမ်မှာ ဆေးဆိပ်တာကောင်းတယ်'

သစ်ရွက်စိမ်း ဆတ်ခနဲထလိုက်တော့ သစ်ရွက်နု မျက်လုံးပြူးသွားသည်။

'သစ်ရွက်စိမ်း နင် ဘယ်ကိုသွားမလို့လဲ'

'ဒီကမ္ဘာလောကကြီးတစ်ခုလုံးကို ငါ စစ်ကြေငြာတော့မလို့၊ ငါ့အမုန်းဆုံးက ငါတို့ညီအစ်မနှစ်ယောက်စလုံးကို မချစ်မနှစ်သက်သူနဲ့ ပေးစားဖို့ အတင်းကြံစည်နေတဲ့ ငါ့ဒေါ်လေးရယ်၊ ငါတို့ကို အလုပ်ပြုတ်အောင်လုပ်သွားတဲ့ ဘွားသစ္စာရယ်ပဲ၊ ကဲ… ငါသွားပြီ သစ်ရွက်နု'

'သစ်ရွက်စိမ်း နင်မသွားပါနဲ့'

'အဟင့်…'

သစ်ရွက်နု တားလိုက်ပေမယ့် သစ်ရွက်စိမ်းက နောက်ကိုလှည့်မကြည့်တော့ပါ။

လွယ်နေကျစလင်းဘက်အိတ်လေးကို ကောက်ဆွဲကာ ဆံပင်ရှည်ကြီးတွေ တယမ်းယမ်းနဲ့ အိမ်ရှေ့အမှောင်ထဲကို ဆင်းချသွားသည်။

ဒေါ်လေးရှေ့မှာ သစ်ရွက်နုတစ်ယောက်တည်း ငိုပြီးကျန်ခဲ့၏။





'အမလေး… သစ်ရွက်နုရယ်၊ သင်းအတွက် ညည်းလေး ဘာမှဝမ်းနည်းမနေနဲ့၊ ဒီကောင်မ သစ်ရွက်စိမ်းကို စုတ်ပြတ်သတ်သွားအောင် ချွေချပစ်မယ့် မုန်တိုင်းတွေကြားထဲကိုပဲ ဒီကောင်မ ရောက်သွားလိမ့်မယ်၊ ညည်းလေး မယုံရင် စောင့်ကြည့်လိုက်စမ်းပါ'

'မဟုတ်ဘူး ဒေါ်လေးရယ်၊ သစ်ရွက်စိမ်း စိတ်ကြီးတာ ဒေါ်လေးလည်း သိရဲ့သားနဲ့၊ သစ်ရွက်နုတို့မှာ ဘာပဲပြောပြော ညီအစ်မနှစ်ယောက်ပဲ ရှိတာပါ၊ သစ်ရွက်နုညီမလေး သစ်ရွက်စိမ်း ဒုက္ခရောက်သွားမှာ သစ်ရွက်နု မကြည့်ရက်လို့ပါ ဒေါ်လေးရယ် နော်၊ ညီမလေးကို သစ်ရွက်နု လိုက်ခေါ်မယ်နော်၊ ဒေါ်လေး အဟင့်…'

မျက်ရည်ကို ဖျတ်ခနဲသုတ်လိုက်ကာ သစ်ရွက်စိမ်းနောက်ကိုပြေးလိုက်ခဲ့တာ သစ်ရွက်နုပါ။ သို့သော် သစ်ရွက်စိမ်းကို ဘယ်လိုမှ ရှာမတွေ့နိုင်တော့။ တွေ့လိုက်ရတဲ့သူတွေက သစ်ရွက်စိမ်း တက္ကစီကားလေးနှင့် ထွက်သွားသည်တဲ့။

သစ်ရွက်နု မျက်ရည်ဝဲဝဲလေးနှင့်ပဲ ဒေါ်လေးအိမ်ကို ပြန်လာခဲ့ရသည်။

ထိုအချိန်မှာ သစ်ရွက်စိမ်းတစ်ယောက်ကတော့…

'ဟဲလို… နည်းသစ်လား'

'အခု စကားပြောနေတာ ဘယ်သူလဲ'



www.burmeseclassic.com

www.burmeseclassic.com



'သစ်ရွက်စိမ်းလေ နည်းသစ်ရဲ့'

'အို... သစ်ရွက်စိမ်း'

Phone လေးကိုကိုင်ကာ နည်းသစ် အံ့သြနေ၏။

'မင်း... မင်း အခု ဘယ်ကနေ စကားပြောနေတာလဲ ဟင်'

'အရေးကြီးလို့ နည်းသစ်ဆီကို ဖုန်းလှမ်းဆက်တာပါ'

'ပြောလေ သစ်ရွက်စိမ်း၊ ကိုယ် မင်းကို ဘာအကူအညီ ပေးရမလဲ'

'သစ်ရွက်စိမ်းတို့ညီအစ်မကို အလုပ်ကထုတ်ပစ်လိုက် ပြီလေ။ အခု နေစရာတောင်မရှိတော့လို့ ကျောက်ကုန်းက Star တည်းခိုခန်းမှာ ရောက်နေတာပါ၊ အဲဒါ နည်းသစ် အခုချက်ချင်း ထွက်လာခဲ့ပါလား'

'ဟာ... ဖြစ်မှဖြစ်ရလေ သစ်ရွက်စိမ်းရယ်၊ ကြားရတာ ကိုယ် စိတ်မကောင်းလိုက်တာ၊ စောင့်နေနော် သစ်ရွက်စိမ်း၊ ကိုယ် မင်းတို့ညီအစ်မနှစ်ယောက်ဆီကို မရရတဲ့နည်းနဲ့ အလစ်မှာ ခိုးထွက်ပြီး ရောက်အောင်လာခဲ့မယ်'

'ဒါပဲနော် နည်းသစ်'

'အိုကေ... အိုကေ'

ဖုန်းခွက်ကလေးကိုချရင်း သစ်ရွက်စိမ်း နှုတ်ခမ်းကလေး ကိုမဲ့ကာ ပြုံးလိုက်သည်။ ညီအစ်မနှစ်ယောက်စလုံးရှိနေတယ်ထင် ပြီး နည်းသစ် အသည်းအသန်ပြေးလာတော့မှာ။





ဘာလိုသေးလဲ။

နည်းသစ် ရောက်လာတာနဲ့ သစ်ရွက်စိမ်း တစ်ကွက် တည်းရွှေ့လိုက်ရုံပဲ။ တစ်ဆက်တည်း နာရီဝက်အတွင်းမှာ တက္ကစီ အငှားကားကလေးနဲ့ နည်းသစ် ရောက်လာသည်။

'သစ်ရွက်နုရောဟင် သစ်ရွက်စိမ်း'

'လာမှာပေါ့ နည်းသစ်ရယ်'

တည်းခိုခန်းထဲမှာ နည်းသစ်နဲ့ သစ်ရွက်စိမ်း နှစ်ယောက် တည်းပါ။ ပြီးတော့ ဒီညမှာ သစ်ရွက်စိမ်းက အလှပဆုံးလေးနဲ့ ခွဲမက်ဖွယ်ရာအကောင်းဆုံးစတိုင်လေး ပြင်ဆင်ဝတ်စားထားတာ မို့ နည်းသစ် အံ့သြကာ သစ်ရွက်စိမ်းကိုပဲ စိုက်ကြည့်နေမိ၏။

သစ်ရွက်စိမ်းနေရာမှာ သစ်ရွက်နုသာဆိုရင် ဘယ် လောက်ကောင်းလိုက်လေမလဲ။

'အခု ညီအစ်မနှစ်ယောက်စလုံး အလုပ်ပြုတ်သွားလို့ စိတ်ညစ်နေရပြီလေ နည်းသစ်၊ အဲဒါ ဘာဆက်လုပ်ရကောင်းမှန်း မသိတော့ဘူး၊ နည်းသစ်ကို လှမ်းခေါ်လိုက်တာ၊ သစ်ရွက်စိမ်းတို့ ညီအစ်မနှစ်ယောက်ကို ကူညီပါနော် နည်းသစ်၊ အဟင့်...'

မိန်းမတို့ရဲ့မျက်ရည်စက်ဟာ လက်နက်တဲ့။

သစ်ရွက်စိမ်း ရှိုက်သံလေးကြောင့် နည်းသစ် မှာယာ ခေတ်သွားသည်။

'ကိုယ် ဘာအကူအညီပေးရမလဲဟင် သစ်ရွက်စိမ်း'



www.burmeseclassic.com

www.burmeseclassic.com



'ခင်မိမှာ သစ်ရွက်စိမ်း ငိုချင်တာပဲသိတယ် နည်းသစ်ရဲ့'

'အဟင့်... ဟင့်...'

'ဟာ... မငိုပါနဲ့ သစ်ရွက်စိမ်းရယ်၊ မင်းတို့ညီအစ်မနှစ်ယောက်ရဲ့ဘဝကို သူရဲကောင်းပြောပြထားလို့ ကိုယ် သိထားပါတယ်ကွာ'

နည်းသစ် စိတ်မောလာတာမို့ သစ်ရွက်စိမ်း ချထားသည့် အချိုရည်တွေကိုပဲ တစ်ခွက်ပြီးတစ်ခွက်မော့ကာ သောက်နေမိသည်။ သောက်ရင်း သောက်ရင်း နည်းသစ် ခေါင်းတွေချာချာလည်လာ၏။

နည်းသစ် မြင်နေရတာ သစ်ရွက်နလား၊ သစ်ရွက်စိမ်းလားဆိုတာကိုပင်။ နည်းသစ် မခွဲခြားနိုင်တော့ပြီ။ နောက် နည်းသစ် စိတ်တွေ လွတ်ထွက်သွားသည်။ တည်းခိုခန်းထဲက ခုတင်လေးပေါ်မှာပဲ မူးယစ်ရီဝေစွာ နည်းသစ် အိပ်ပျော်သွားသည်။

'ဟင်း...ခုတော့ ရှင်ဘာတတ်နိုင်သေးလဲဟင် နည်းသစ် ရှင့်အဘွား ဒေါ်သစ္စာကို အနိုင်ပြန်ယူဖို့ သစ်ရွက်စိမ်းဆိုတဲ့ မိန်းမက ထောင်ချောက်ဆင်လိုက်တာ၊ ဟား... ဟား...'

သစ်ရွက်စိမ်းတစ်ယောက်တည်း ပြောရင်း အရူးမလေးတစ်ယောက်လို အော်ရယ်ချလိုက်သည်။ နေရာတကာ အဆင့်





အတန်းခွဲခြားလွန်းတဲ့ ဒီအဘွားကြီးကြောင့် ညီအစ်မနှစ်ယောက် စလုံး အလုပ်ပြုတ်ခဲ့တာ။ သစ်ရွက်စိမ်း ခွင့်လွှတ်လို့ရနိုင်ပါ့မလား။

အကောင်းဆုံးပေးဆပ်ခြင်းတွေနဲ့ ရှင်ကြီး ကျွန်မကို ပြန်ပေးဆပ်ရမယ် ဘွားသစ္စာ။ နည်းသစ်က ကျွန်မလက်ထဲမှာ။ ဒီတည်းခိုခန်းကလေးထဲမှာပဲ။ ကျွန်မတို့နှစ်ယောက် တစ်ညတာလေးကို ဖြတ်သန်းရတော့မှာပေါ့။

မနက်လင်းရင်တော့...

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

'ဘာပြောတယ်··· နည်းသစ်၊ သစ်ရွက်စိမ်းကို မင်း တရားဝင်လက်ထပ်လိုက်ရပြီ ဟုတ်လား၊ မြေးလေးနော် ဘွားကို မင်း မနောက်နဲ့နော်၊ မင်း အခု ဘယ်မှာရောက်နေလဲဆိုတာ ဘွားကိုပြောစမ်း'

'သား··· သားကိုခွင့်လွှတ်ပါ ဘွားရယ် နော်၊ မထင်မှတ်တဲ့အမှားတွေ သား ကျူးလွန်မိလို့ပါ၊ သား အခု ဘွားဆီကို ပြန်မလာရဲလို့ မျှော်စင်ကျွန်းထဲက ခုံတန်းလေးမှာ သားနဲ့ သစ်ရွက်စိမ်း နှစ်ယောက်တည်းထိုင်နေကြတာ'

'ဟင်···'

'သစ်ရွက်စိမ်းကိုခေါ်ပြီး ဘွားဆီကို သား ပြန်လာမယ် နော်၊ သားကို မဆူပါနဲ့နော်၊ ဒီမှာ သစ်ရွက်စိမ်းကလည်း ဘွားကို ကြောက်ပြီးငိုနေပြီ ဘွားရဲ့'





'ကလေးကွာ··· မင်း··· မင်း ဒီလိုအဆင့်အတန်းထဲက ကောင်မလေးတစ်ယောက်ကိုများကွာ'

'ဘွား သဘောမတူရင် ရောက်ချင်ရာရောက် သား ထွက်သွားတော့မှာနော်'

'ဟာ··· မင်း မသွားနဲ့နော် မြေးလေး၊ ဘွားဆီကို မင်း အခုချက်ချင်းပြန်လာခဲ့၊ ဘာအဝေးကို ထွက်သွားစရာလိုလဲ'

ဘွားသစ္စာအချစ်ဆုံး မြေးလေး။

ဖအေလိုပင် ထင်ရာစိုင်းလုပ်ချင်တဲ့ ဖအေတူမြေးလေး။

ခုတော့ သစ်ရွက်စိမ်းဆိုတဲ့ ကောင်မလေးတစ်ယောက်ကို တရားဝင်လက်ထပ်လိုက်ရပြီတဲ့။ ဘွားသစ္စာ ဘာလုပ်ရပါတော့မလဲ။

ဒီလောက် တင်းတင်းကျပ်ကျပ်ချုပ်ကိုင်ထားသည့်ကြားက မြေးလေး ညကတည်းက အိမ်ကထွက်သွားတာ မနက်မိုးလင်းမှ သိကြရတဲ့အဖြစ်။ ဒါ သစ်ရွက်စိမ်းတို့ညီအစ်မနှစ်ယောက်ကို အလုပ်ကထုတ်ပစ်ဖို့ ဗိုအားပေးခဲ့မိတဲ့ အပြစ်တွေကြောင့်လား။

ခုတော့ လက်အောက်ငယ်သား ရုပါမားကက်ပိုင်ရှင်ငယ်တစ်ယောက်ဆီမှာ အလုပ်ဝင်လုပ်ခဲ့ကြတဲ့ ဆင်းရဲနွမ်းပါးသော ညီအစ်မနှစ်ယောက်။

ထိုအချိန်မှာ သစ်ရွက်စိမ်းကတော့ စိတ်ပျက်လက်ပျက်ဖြစ်နေတဲ့ နည်းသစ်ရဲ့ ရင်ခွင်လေးထဲမှာ။



www.burmeseclassic.com

www.burmeseclassic.com



'နည်းသစ်'

'ဘာလဲကွာ သစ်ရွက်စိမ်း'

'ရှင် ကျွန်မကိုလက်ထပ်လိုက်ရလို့ စိတ်ဓာတ်ကျနေပြီလားဟင်'

'ငါချစ်ခဲ့တာ သစ်ရွက်နုကို ချစ်ခဲ့တာကွ'

နည်းသစ် ထပ်ကာတလဲလဲတမ်းတနေမိတာ သစ်ရွက်နုကိုပါပဲ။

သူ နောင်တတွေလည်း အကြီးအကျယ်ရနေမိသည်။

သို့သော် သူကျူးလွန်မိတဲ့အပြစ်တွေက တောင်းပန်ပြန်လျော်မရနိုင်တော့သည့် ပြစ်မှုတွေ။ သစ်ရွက်စိမ်း ပြောတာကတော့ အရက်တွေမူးမူးနဲ့ အတင်းအကျပ်တောင်းဆိုလို့ သူ့ခမျာလိုက်လျောခဲ့ရတာတဲ့။ သူ ဘာမှမသိခဲ့ပေမယ့် ကြယ်သီးတွေပြုတ်ထွက်ပြီး လက်မောင်းလေးပါ စုတ်ပြဲနေတဲ့ သစ်ရွက်စိမ်းရဲ့အင်္ကျီလေးက သက်သေခံခဲ့လေတော့ တရားရုံးမှာတက်ပြီး လက်မှတ်ထိုးလိုက်ရတဲ့အထိ နည်းသစ်က ယောက်ျားပီသစွာ ဆုံးဖြတ်ချက်ပြတ်သားခဲ့သည်။

သူရဲကောင်းတို့သူငယ်ချင်းတွေ မျှော်စင်ကျွန်းကို လိုက်လာကြတော့လည်း သူရဲကောင်းရှေ့မှာ နည်းသစ် ခေါင်းငိုက်စိုက်ကလေးကျလို့။

'မင်း… မင်းသူငယ်ချင်းအပေါ်မှာ တော်တော်သစ္စာမဲ့





တဲ့ကောင်ပဲ နည်းသစ်၊ သစ်ရွက်စိမ်းကို ငါ ဘယ်လောက်တန်ဖိုးထား မြတ်နိုးခဲ့တယ်ဆိုတာ မင်းသိရဲ့သားနဲ့၊ မင်း ရက်စက်တယ် နည်းသစ်ရာ၊ မင်း သိပ်ရက်စက်တယ်ကွာ'

'သူရဲကောင်းရာ… မင်း ငါ့ကို ပေးချင်တဲ့အပြစ်ပေးပါကွာ၊ ငါ တကယ်ချစ်ခဲ့တာလည်း သစ်ရွက်စိမ်း မဟုတ်ပါဘူး၊ သစ်ရွက်နုကို ချစ်ခဲ့တာပါ၊ ဒါ… ဒါပေမဲ့ကွာ၊ မမျှော်လင့်ဘဲဖြစ်သွားတဲ့အခြေအနေတွေက ငါ့ကို… ငါ့ကို…'

'ဟေ့ကောင်… မင်း ငါ့ကို ဆင်ခြေဆင်လက်တွေ ဘာမှပေးမနေနဲ့၊ ဒီနေ့ကစပြီး ငါ မင်းကို တကယ်မုန်းသွားပြီသိလား ဟေ့ကောင်၊ အေး… မင်း သစ်ရွက်နုကို ချစ်တယ်မို့လား၊ ငါ အသည်းကွဲသလို မင်းလည်း အသည်းကွဲအောင် သစ်ရွက်နုကို ငါ လက်ထပ်ပြီးရအောင်ယူမယ်'

'သူရဲကောင်း'

နည်းသစ် တုန်လှုပ်စွာ အော်ဟစ်လိုက်မိသည်။

သို့သော် သူရဲကောင်းကတော့ မျက်နှာရဲရဲကလေးနဲ့ပဲ အနားကနေ ချာခနဲလှည့်ထွက်သွားခဲ့၏။ နည်းသစ် ရင်ထဲက ကြေကွဲရမှုတွေက နှလုံးသားတွေကို တစ်စစီထုတ်ခါချပစ်နေခဲ့သည်။ ဖြစ်နေရတာတွေကိုတော့ နည်းသစ် ဘာနဲ့ကုစားရပါ့ဘောမလဲ။

သစ်ရွက်စိမ်းကတော့ ဒါတွေအားလုံးကို ဂရုမစိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဆာဘောကပဲ နည်းသစ် Hand Phone လေးထဲကို သတင်းတစ်ခုက ဝင်လာသည်။ မျှော်စင်ကျွန်းထဲကနေ ဘယ် ကိုမှ ထွက်မသွားပါနဲ့တဲ့။ ဦးနဂါးနဲ့ ဦးမြေကိုယ်တိုင် နည်းသစ် ဘို့ နှစ်ယောက်စလုံးကို ခေါ်လာခဲ့ဖို့ ကားအကြီးလွှတ်လိုက်ပြီတဲ့။

ဘွားသစ္စာရယ်။

ဘွားသစ္စာလောက်ကို သစ်ရွက်စိမ်းဆိုတဲ့ ကောင်မလေး က မမှုပါဘူး။

နည်းသစ်နဲ့ နှစ်ဦးသဘောတူထိုးထားတဲ့ ဒီလက်ထပ် စာချုပ်လေးထဲမှာ သစ်ရွက်စိမ်းရဲ့ မာနတွေရှိတယ်။ အရောင်တွေ စွန်းလက်နေတဲ့ အတ္တတွေရှိတယ်။ ဒါ ဘွားသစ္စာနဲ့ပြိုင်ရမည့် သစ်ရွက်စိမ်းရဲ့ မာယာလက်နက်တွေပဲ။

'ဟော… ဟိုမှာ ဦးနဂါးတို့ ရောက်လာပြီ'

လက်ကလေးပိုက်၍ တုန်လှုပ်ခြင်းကင်းသော မျက်နှာ ထားလေးဖြင့် လိုက်ခဲ့တာ သစ်ရွက်စိမ်း။ နည်းသစ်က တစ်လမ်း လုံး ခေါင်းကလေးငိုက်စိုက်ကျ လိုက်ပါလာခဲ့ပေမယ့် သစ်ရွက် စိမ်းကတော့ ဆံပင်လေးတွေတခါခါ၊ ခေါင်းကလေးကိုလည်း မော့ကာ မော့ကာ။

မကြာခင်လေးမှာ သစ်ရွက်စိမ်း ရောက်သွားခဲ့တာက ကြီးမားသော ခြံဝင်းကျယ်ကြီးတစ်ခု၊ အကောင်းစား အပျံစား တိုက်သစ်လှလှကြီးတစ်လုံးက ခြံဝင်းကြီးအလယ်မှာ မတုန်မလှုပ် ဟန်ကလေးနဲ့ သစ်ရွက်စိမ်းကို ကြိုနေသည်။





'သား နည်းသစ်'

'မာမီ'

'မင်း… မင်းလက်ထပ်လိုက်တာ ဒီကောင်မလေးလား၊ ဒါ သစ်ရွက်စိမ်းလား'

ကြည်လင်မှုမရှိသော မျက်ဝန်းတွေက သစ်ရွက်စိမ်းရှေ့ မှာ အဆင်သင့်စောင့်ကြိုလို့ပါ။ တစ်ခြံဝင်းလုံးမှာ ရှိသမျှလူတွေ အားလုံးရဲ့ မျက်ဝန်းအကြည့်လေးတွေကလည်း သစ်ရွက်စိမ်း ဆီမှာပဲ ဝေ့ဝဲနေကြ၏။

'ဟုတ်တယ် မာမီ၊ ဒါ သစ်ရွက်စိမ်း၊ ဘွားရော… ဘွား ဘယ်မှာလဲ'

'မင်းဘွား အခန်းထဲမှာလဲနေပြီ'

'ဗျာ…'

သစ်ရွက်စိမ်း နှုတ်ခမ်းလေးက မသိမသာလေးမဲ့သွား သည်။

သူမျှားညီအစ်မနှစ်ယောက်ကို အလုပ်ထုတ်ပစ်ရုံတင် က အဆောင်ကနေပါ လွှင့်သွားအောင် ရက်ရက်စက်စက်ရိုက်ချ ခဲ့တဲ့ အဘွားကြီး။ သူမျှားကို ရက်စက်ခဲ့တာလွယ်သလောက် ကိုယ့်အလှည့် ပြန်ခံရမှာကျတော့ ကြောက်နေပြီလား။

'သွားလိုက်… မင်း တစ်ယောက်တည်း ဘွားအခန်းကို က်သွားလိုက်'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်… သစ်ရွက်စိမ်းကို သား ဘယ်မှာထားခဲ့ရ…'

'သူက အိမ်ထဲကိုဝင်ခွင့်မရှိဘူး'

'ဗျာ…'

'ဒါ မင်းဘွားရဲ့အမိန့်ပဲ'

'အို… ကြည့်စမ်း'

သစ်ရွက်စိမ်း ဘယ်လိုမှမျှော်လင့်မထားတဲ့ တိုက်ကွက်…

အပျံစားတိုက်ကြီးရဲ့ အဝင်ဝလေးမှာပဲ ယောင်ချာချာ…လေးနဲ့ သစ်ရွက်စိမ်းတစ်ယောက်တည်း ရပ်နေရပြီ။ နည်းသ…ချမ်းသာတာမှန်ပေမယ့် ချွေးမကို လက်မခံနိုင်ပါဘူးဆို…နှစ်ယောက်စလုံးကို မောင်းချလိုက်လျှင် ဒီပြဿနာကို သစ်ရွ…စိမ်း ဘယ်လိုဖြေရှင်းရတော့မှာလဲ။

တစ်ယောက်တည်းတွေးရင်း သစ်ရွက်စိမ်း နဖူးလေး…ချွေးလေးတွေ သီးထလာရ၏။

'ဒီမှာ… ဒီမှာ ထိုင်စရာမရှိ ဘာမရှိနဲ့ ဒီအရှေ့…ဒီအတိုင်းရပ်နေရမလားဟင်'

သစ်ရွက်စိမ်းကို စောင့်ကြည့်နေသည့် ဦးနဂါးနဲ့ ဦးမေ…ကိုပဲ သစ်ရွက်စိမ်း ဒေါပွပွလေးနဲ့ မေးမိသည်။

'မင်းက ဘွားသစ္စာရဲ့ အသည်းနှလုံးကိုမှ ခလုတ်တိုက်…လာခဲ့တာကိုး မိန်းကလေးရဲ့၊ မင်းအတွက်နေရာ ဒီအိမ်မှာမရှိ…သေချာတယ်၊ မင်း ဒီအတိုင်းပဲ ခဏလေးရပ်စောင့်လိုက်…



…တာနေရင် နည်းသစ် ပြန်ဆင်းလာလိမ့်မယ်၊ ဒါပေမဲ့နော်…နည်းသစ်ဆီကတော့ မင်း ဘာကိုမှ မျှော်လင့်မထားနဲ့တော့၊ …ဘွားသစ္စာ မကျေနပ်တဲ့ မိန်းကလေးတစ်ယောက်ကိုယူရင် အမွေ…ဖြတ်စွန့်လွှတ်ပါတယ်လို့ နည်းသစ်ကိုယ်တိုင် သဘောတူလက်…မှတ်ထိုး ထားတဲ့စာချုပ် အခုပဲ နည်းသစ်ဆီမှာ ပြန်ပါလာလိမ့်…မယ်'

'ဘုရားရေ…'

သစ်ရွက်စိမ်း ဘယ်လိုမှမျှော်လင့်မထားခဲ့တဲ့ တိုက်ကွက်…တွေနဲ့ အလဲထိုးအနိုင်ယူဖို့ ဘွားသစ္စာက စနစ်တကျ အကွက်ချ…စီစဉ်ထားခဲ့တာပါလား။

'အဟင်း… အဲဒါ မင်းတို့ညီအစ်မတွေ နာမည်ပျက်ခဲ့…တာကြောင့်လေ၊ အထူးသဖြင့် အကြီးမလေး သစ်ရွက်နုထက်…စာရင် အငယ်မလေး သစ်ရွက်စိမ်းက ပိုက်ဆံမက်ပြီး ချမ်းသာ…တဲ့လူကိုမှ လက်ထပ်ချင်နေလို့ ဘွားသစ္စာက ဒီလိုကြိုတင်စီစဉ်…ထားခဲ့တာ'

'ရှင်…'

'မိန်းကလေးရယ်… လောကကြီးမှာ တန်ဖိုးအရှိဆုံးက…ငွေကြေးဥစ္စာတွေ မဟုတ်ပါ ဘူး… ကိုယ်ကျင့်သိက္ခာနဲ့ ရိုးသား…ဖြောင့်မတ်မှုတွေပါ၊ ပြောရရင် မနေ့ညကပဲ နည်းသစ် မျှောက်…ဘူးလို့ လိုက်ရှာရင်း မင်းဒေါ်လေးအိမ်ကို ဘွားသစ္စာကိုယ်တိုင်…



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားခဲ့တယ်၊ အဲဒီမှာ သစ်ရွက်နုနဲ့ ဘွားသစ္စာ တွေ့တယ်၊ သစ်ရွက်နုဆိုတာ သိပ်ကိုသနားဖို့ကောင်းတဲ့မိန်းကလေး၊ ခေါ် ထားတဲ့ သူ့အဒေါ်အိမ်ကလေးဆုံးမှာကြောက်လို့ သူ့အဒေါ်ပေး တဲ့လူကို လက်ထပ်ယူဖို့ ညကပဲ ကတိပြုခဲ့ရပြီလေ’

‘ဘာ… ဘာပြောတယ်ရှင့်’

သစ်ရွက်စိမ်းတစ်ကိုယ်လုံး အေးစက်တုန်ခါသွားသည်။

‘ဘွားသစ္စာက မေးပါတယ်၊ နည်းသစ်က ဒီလောက် ချစ်ခွင့်တောင်းနေတာ မင်း ဘာဖြစ်လို့ငြင်းနေတာလဲ မေးတော့ ချမ်းသာတဲ့လူတစ်ယောက်ကို လက်မထပ်ရဲလို့ဆိုပြီး မျက်ရည် ဝဲဝဲလေးနဲ့ ကောင်မလေး ဖြေလိုက်တာကို ဘွားသစ္စာက သဘော ကျသွားတာ၊ ကဲ… ကြည့်ပါဦး၊ ဘယ်လောက်ဖြူစင်ရိုးသားတဲ့ သစ်ရွက်နုလဲ ဆိုတာ’

‘ရှင်… ရှင်တို့ ဒါကို တကယ်ပြောနေတာနော်’

‘တကယ်ပြောနေတာပေါ့ကွ၊ အမှန်အတိုင်းဝန်ခံရရင် ဘွားသစ္စာကိုယ်တိုင် သူ့အမှားကို သူသိသွားတယ်၊ နာမည်ပျက် ရှိတဲ့ မင်းနဲ့ရောပြီး သစ်ရွက်နုလေးကိုပါ ဒုက္ခရောက်အောင်လုပ် ခဲ့မိလို့ တော်တော်စိတ်ထိခိုက်သွားတယ်၊ ခုတော့ ဒါတွေအားလုံး ပြီးသွားသွားခဲ့ပါပြီ၊ မင်းကိုတော့ သူ့မြေး နည်းသစ်နဲ့ ဘယ်လိုမှ သဘောတူမှာမဟုတ်ဘူး၊ ဟော… ပြောရင်းဆိုရင်း ဟိုမှာ နည်းသစ် ပြန်ဆင်းလာပြီ၊ တွေ့လား၊ သူ့လက်ထဲမှာ ကိုင်လာတာ ငါပြောတဲ့ စာချုပ်လေ’





‘ဘုရား… ဘုရား…’

ဘွားသစ္စာကို သစ်ရွက်စိမ်း ရှုံးသွားခဲ့ရပြီ။

‘နည်း… နည်းသစ် ရှင့်ကို ဘွားသစ္စာ ဘာပြောနေတာ လဲဟင်’

‘ငါ့ကို အမွေပြတ်စွန့်လွှတ်လိုက်ပြီ’

‘အို…’

သစ်ရွက်စိမ်း ပြေးမြင်လိုက်မိတာ သစ်ရွက်နုရဲ့ ဖြူစင် တဲ့ မျက်နှာလေးပါပဲ။

ဒါကြောင့် သစ်ရွက်နုက ပိုက်ဆံမမက်ဖို့ အမြဲသတိပေး ခဲ့တာ။

ခြံထဲကပြန်တော့ ကားနဲ့ပင် သစ်ရွက်စိမ်းတို့နှစ်ယောက် ကို လိုက်မပို့ကြတော့ပါ။ သစ်ရွက်စိမ်း အရောက်ပြန်ခဲ့တာ သစ်ရွက်နုရှိတဲ့ အိမ်ကလေးဆီကိုပါပဲ။

‘သစ်ရွက်နု’

‘ဟင့်… သစ်ရွက်စိမ်း’

‘ငါ… ငါ ဒုက္ခရောက်လာခဲ့ပြီ သစ်ရွက်နုရယ်၊ ငါ လိုချင်တာကို ရအောင်ယူလိုက်ပေမယ့် ငါစိတ်ကူးယဉ်ထားသလို ဘာမှဖြစ်မလာဘူး၊ ငါစိတ်ကူးယဉ်ထားသလို ဘာမှဖြစ်မလာဘူး၊ အခု… အခုလေ နည်းသစ်ကို အမွေပြတ်စွန့်လိုက်လို့ ငါတို့မှာ နေစရာအိမ်တောင် မရှိတော့ဘူး သစ်ရွက်နုရဲ့’



www.burmeseclassic.com

www.burmeseclassic.com



'ဒါ··· ဒါဆို နင်··· နင်နဲ့ နည်းသစ်က···'

'ငါတို့ လက်ထပ်လိုက်ပြီ'

'အို···'

ကြေကွဲစွာငိုချပစ်လိုက်တာ သစ်ရွက်နုပါပဲ။

'ဘာလဲ သစ်ရွက်စိမ်း၊ ညည်းက နေစရာအိမ်မရှိတော့ဘူးဆိုပြီး ယောကျ်ားတစ်ယောက်ကိုပါ ငါ့အိမ်ကို အဆစ်ဆွဲခေါ်လာတာလား၊ အခု ညည်း ဒုက္ခလှလှကြီးတွေ့နေပြီမို့လား သစ်ရွက်စိမ်းရဲ့၊ အီး··· အီး···'

ဒေါ်လေး ကြမ်းပြင်မှာ ခြေပစ်လက်ပစ်ထိုင်ငိုနေပြီ။

'ဟာ··· အဲဒါတွေ ဒေါ်လေးကို စိတ်ညစ်တာ၊ သိလား အဟင့်··· ဒီမှာ အလိုလိုကမှ ငိုချင်နေပါတယ်ဆိုမှ မနေပါဘူး၊ မနေပါဘူး၊ ဒေါ်လေးအိမ်မှာလည်း သစ်ရွက်စိမ်းတို့က မနေပါဘူး'

အဒေါ်နဲ့ တူမ အပြန်အလှန် စကားများနေတဲ့အချိန်မှာ မျက်နှာမထားတတ်အောင်ဖြစ်နေတာ နည်းသစ်ပါ။

'အဟင့်···'

သစ်ရွက်စိမ်း ငိုတော့ နည်းသစ် ချော့ရသည်။

တကယ်တမ်းမှာတော့ နည်းသစ် သနားတာ သစ်ရွက်နုကိုလေ။ ကျစ်ဆံမြီးလေးနှစ်ခွကျစ်ထားသည့် ကောင်မလေးတစ်ယောက်ကိုပါပဲ။ ညို့ရီဝေမျက်ဝန်းကလေးများဖြင့် နည်းသစ်ကို





ဘစ်ချက်လေးစိုက်ကြည့်ကာ အင့်ခနဲငိုချလိုက်သည့် သစ်ရွက်နုရှိုက်သံလေးကိုလည်း နည်းသစ် မကြားရဲတော့ပါ။

သစ်ရွက်နုရယ်။

ဆုံစည်းခွင့်မရနိုင်တော့တဲ့ ကံကြမ္မာလေးကိုပဲ တို့ဘက်က အပြစ်တင်လိုက်တော့မယ်ကွာ။ ကိုယ် တကယ်ချစ်ခဲ့တာ သစ်ရွက်နုဆိုတဲ့ မင်းလေးကိုပဲ ကိုယ် တကယ်ချစ်ခဲ့တာပါ။ ခုတော့ ဘွားသစ္စာကလည်း ကိုယ့်ကိုပြောလိုက်ပြီလေ၊ သစ်ရွက်နုဆိုတဲ့ ကောင်မလေးတစ်ယောက်ဟာ သိပ်ကိုရိုးသားဖြူစင်တဲ့ ကောင်မလေးတစ်ယောက်တဲ့။

'သစ်··· သစ်ရွက်နု နင် ဘာဖြစ်လို့ငိုနေတာလဲဟင်၊ နင်··· နင်က နည်းသစ်ကို···'

သစ်ရွက်စိမ်းနဲ့ သစ်ရွက်နု။

တစ်ယောက်ပခုံးလေးကို တစ်ယောက်ဖက်ကာ မျက်ရည်ဝဲဝဲလေးတွေနဲ့···

'ငါ··· ငါ နင့်ကို ဘယ်လိုပြောပြရမလဲဟင် သစ်ရွက်စိမ်း၊ ညကတည်းက နင် ဘယ်ကိုသွားပြီး ဘာလုပ်တော့မလဲဆိုတာ နင့်စိတ်ဓာတ်ကိုသိနေတဲ့ ငါက ကြိုတင်တွက်ထားပြီးသားပါ၊ အဲဒီအချိန်မှာပဲ နောက်ဆုံးပေါ်ကားကြီးနဲ့ ဘွားသစ္စာက ငါတို့အိမ်ရှေ့ကို ဆိုက်ဆိုက်မြိုက်မြိုက်လိုက်လာတာလေ၊ ဦးစိမ်းမောင်ကလည်း အိမ်ပေါ်ကိုရောက်နေတော့ ဘွားသစ္စာက ငါတို့အိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုင်နေရတဲ့ အခက်အခဲတွေကိုလည်း သိသွားတယ်၊ သူက သူ့ခြား နည်းသစ်ကို သစ်ရွက်စိမ်းနဲ့ ဘယ်လိုမှသဘောမတူနိုင်ဘူးပြောပြီး အမွေပြတ်စာချုပ်မှာ ကြိုတင်လက်မှတ်ထိုးထားတဲ့ နည်းသစ်ရဲ့ ကတိဝန်ခံချက်စာချုပ်လေး ငါ့ကို ထုတ်ပြတယ်လေ၊ ဒါကြောင့်မို့ နင်ပြန်လာရင် ဒုက္ခရောက်မှာစိုးလို့ ဦးစိမ်းမောင်ကို လက်ထပ်ဖို့ ငါ… ငါ သဘောတူလိုက်ရတာပါ သစ်ရွက်စိမ်းရယ်၊ အဟင့်… နင့်အတွက် ငါပဲ အနစ်နာခံပါ့မယ်နော် သစ်ရွက်စိမ်း၊ ချစ်တဲ့သူနဲ့ဝေးပြီး မချစ်မနှစ်သက်သူတစ်ယောက်ရဲ့ ရင်ခွင်ထဲမှာ နေလိုက်ရတဲ့အဖြစ် နောင်ဘဝမှာ ဘယ်တော့မှ… အဟင့်…'

'ဟင်… သစ်ရွက်နု နင် ဘယ်လိုပြောလိုက်တာလဲ၊ ချစ်တဲ့သူ ဟုတ်လား၊ ပြောစမ်း သစ်ရွက်နု၊ နင် ဘယ်သူ့ကို ချစ်ခဲ့တာလဲ၊ နင်… နင် ငါ့ကို အမှန်အတိုင်းပြောစမ်းပါ သစ်ရွက်နုရဲ့'

သစ်ရွက်စိမ်းက သစ်ရွက်နုပခုံးလေးနှစ်ဖက်ကို အတင်းဆွဲကိုင်လှုပ်ယမ်းကာ မေးသည်။ ဒါပေမဲ့ သစ်ရွက်နု ပြန်မဖြေပါ။ မျက်နှာလေးကို လက်ဝါးကလေးဖြင့် အုပ်ကာပဲ တသိမ့်သိမ့်လေး ရှိုက်ငိုနေသည်။

ဒါကို မျက်စောင်းကြီးထိုးပြီး ဒေါ်လေး ပြောလိုက်တာက…





'သစ်ရွက်စိမ်းနော်… ညည်းက ငါလက်နဲ့ရေးထားတဲ့ ကံစွကို ခြေနဲ့ဖျက်ချင်သေးလို့လား၊ ညည်းလို ငွေမက် ရွှေမက်တဲ့မိန်းမမျိုး ဒုက္ခရောက်လာတာတောင် နည်းသေးတယ်၊ အခုတော့ ညည်းလိုမိန်းမ သူများအိမ်မှာ ကပ်နေရတော့မယ်လေ'

ဒေါ်လေးပြောတာကို သစ်ရွက်စိမ်း ဂရုမစိုက်ပါ။

အရေးကြီးတာ သစ်ရွက်နု။ နည်းသစ်ကို ဘယ်လောက်ထိချစ်နေသလဲဆိုတာပဲ သိချင်တာ။ တကယ်တမ်းကျတော့ ပိုက်ဆံချမ်းသာတယ်ဆိုလို့သာ နည်းသစ်ဘက်ကို သစ်ရွက်စိမ်းမြားဦးလှည့်လိုက်ရပေမယ့် သစ်ရွက်စိမ်းနှလုံးသားထဲကို ရှိန်းမြမြလေး အရင်ဆုံးရောက်နှင့်နေခဲ့တာ သူ့ရဲ့ကောင်း။

သစ်ရွက်စိမ်းရဲ့ အတ္တတွေကြီးမားမှုကြောင့် အားလုံးကို ဒုက္ခပေးခဲ့သလို ဖြစ်ခဲ့ရပြီ။

'ပြောလေ သစ်ရွက်နု၊ ငါမေးတာ နင်ဖြေလေ'

'ငါ့အဖြေကို နင် မသိချင်ပါနဲ့ သစ်ရွက်စိမ်း'

'မရဘူး သစ်ရွက်နု၊ နင် မဖြေမချင်း ငါမေးနေမှာပဲ'

သစ်ရွက်စိမ်းက မေးလေ သစ်ရွက်နုက ခေါင်းကလေးကို ယမ်းခါလေ။

သည်လို ယမ်းခါလိုက်တိုင်းမှာလည်း သစ်ရွက်နု မျက်ဝန်းအိမ်လေးထဲက မျက်ရည်စက်တွေက တစ်ပေါက်ပြီးတစ်ပေါက် လွင့်စဉ်ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



'ငါ… ငါသိပါပြီ သစ်ရွက်နုရယ်၊ နင် မဖြေနိုင်တာကို ငါ သိပါပြီ၊ ဟုတ်ပါတယ်… ငါ့ရဲ့ ဆန္ဒလွန်အိပ်မက်တွေကြောင့် ဒီလို ကြေကွဲစရာဇာတ်လမ်းလေးတစ်ပုဒ် ဖြစ်လာခဲ့ရတာပါ၊ ဘာကယ်တမ်း ပြောရရင် ငါနဲ့ နည်းသစ်က ခုချိန်ထိ ဘာမှမဖြစ်ခဲ့သေးပါဘူး၊ ငါ့ရဲ့ ဟန်ဆောင်လှည့်ဖြားမှုတွေအောက်မှာ နည်းသစ်ကို ငါ အတင်းအကျပ်လက်ထပ်ယူအောင် တောင်းဆိုခဲ့တာ ငါပါ'

'ဘာပြောတယ် သစ်ရွက်စိမ်း'

နည်းသစ် မျက်တောင်တွေ ပင့်ကော့လာ၏။

သစ်ရွက်နု အံ့သြပြီး သစ်ရွက်စိမ်းမျက်နှာကို မော့ကြည့်နေသည်။

'ဒီလက်ထပ်စာချုပ်လေးကို ဆုတ်ဖြဲလိုက်တာနဲ့ ငါတို့ အားလုံး တစ်ကနေ ပြန်စလိုက်လို့ရတယ်လေ သစ်ရွက်နုရဲ့'

'ဟင်…'

သစ်ရွက်စိမ်းက ပြောလည်းပြောဲ လက်ထပ်စာချုပ်လေးကိုလည်း ဆုတ်ဖြဲနေပြီ။

'ဒါ… ဒါဆို ညက မင်း ဘာမှမဖြစ်ခဲ့ဘူးပေါ့'

'ဟင့်အင်း'

'ဟား… ကြည့်စမ်း'

နည်းသစ် ကိုယ့်နဖူးကိုပင် ရိုက်ပစ်လိုက်၏။





သစ်ရွက်စိမ်းကိုလည်း ကျေးဇူးတင်သလို လှမ်းကြည့်မိသည်။

'ခုတော့ အားလုံးကို သစ်ရွက်စိမ်း နားလည်ပါပြီ၊ နည်းသစ်နဲ့ သစ်ရွက်နု ဆုံးဖြတ်တာကိုပဲ သစ်ရွက်စိမ်း နာခံပါတော့မယ်၊ ဦးစိမ်းမောင်ကိုလည်း သစ်ရွက်စိမ်းကပဲ လက်ထပ်လိုက်ပါတော့မယ် သစ်ရွက်နုရယ်'

'အဟင့်… ဟင့်…'

'ဟာ… သစ်ရွက်စိမ်း'

ရှိုက်ငိုရင်း အခန်းကလေးထဲ သစ်ရွက်စိမ်း ပြေးဝင်သွားသည်။

'ဟင်… အစကတည်းက မင်း အဲလိုဆုံးဖြတ်လိုက်ပါလား၊ အို… မောင်စိမ်းမောင်ကလည်း သစ်ရွက်စိမ်းမှ သစ်ရွက်စိမ်း၊ ဂျစ်တစ်တစ် ဂျစ်ကန်ကန် စကားပြောပုံလေးကို အရမ်းသဘောကျပြီး သူက တစ်ဖက်သတ်စွဲလမ်းနေတာလေ'

ဒေါ်လေးမျက်နှာက ငိုတော့မလို ရယ်တော့မလို။

'သစ်ရွက်စိမ်းက လက်ခံလိုက်ပြီဆိုရင် ကိုစိမ်းမောင်က အူယားဖားလျားပြေးလာမှာ'

သစ်ရွက်နု ဘာလုပ်ရပါတော့မလဲ။

နည်းသစ် မျက်ဝန်းလေးတွေကတော့ မျှော်လင့်ချက်လေး တွေနဲ့ တဖျတ်ဖျတ်လက်လို့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

'ဘာပြောတယ် နည်းသစ်၊ သူ့ညီမလေး သစ်ရွက်စိမ်းရဲ့ လုပ်ရပ်အမှားတွေကို တောင်းပန်ချင်လို့ သစ်ရွက်နုက ဘွားဆီကို လိုက်လာတယ် ဟုတ်လား၊ ကဲ··· ပြောပါဦး၊ အခု သစ်ရွက်နုက ဘယ်မှာလဲ'

'အောက်ထပ် ဧည့်ခန်းထဲမှာပါ'

သစ်ရွက်နုဆိုတဲ့ နာမည်လေးကိုကြားတော့ ဘွားသစ္စာ ဘယ်လိုမှမနေနိုင်။

အပေါ်ထပ်ဘုရားခန်းဆီမှ အောက်ထပ်ကို အပြေးကလေးဆင်းမိသည်။

အို··· ကြည့်ပါဦး။

သစ်ရွက်နုလေးက ဘွားသစ္စာကို မြင်တာနှင့်ပင် ထိုင်ခုံလေးမှထကာ ကြမ်းပြင်လေးပေါ်မှာ ပဆစ်တုပ်လေးထောက်ကာ





ကျုံ့ကျုံ့လေးထိုင်လိုက်ပြီး တကယ့်ကို ရိုးသားရည်မွန်အေးချမ်းလှပါတဲ့ သစ်ရွက်နုလေးပဲ။

ဝတ်စားထားတာလေးကလည်း မြန်မာဆန်ဆန် ရိုးရိုးယဉ်ယဉ်အဝတ်အစားကလေးနဲ့။ ဘွားသစ္စာရင်ထဲမှာ မြင်တာနှင့် အေးချမ်းသွားရသည်။ စိတ်ထဲကလည်း သနားခင်တွယ်သွားမိသည်။

'သစ်ရွက်နု'

'ရှင်··· ဘွား'

'မင်း··· မင်း ဘွားဆီကို လိုက်လာတယ်၊ ဟုတ်လား'

'ညီမလေးသစ်ရွက်စိမ်းရဲ့ အပြုအမူတွေကို တောင်းပန်ချင်လို့ သစ်ရွက်နု ဘွားဆီကို လိုက်လာတာပါ၊ သစ်ရွက်စိမ်းကိုယ်စား ဘွားကို သစ်ရွက်နု တောင်းပန်ပါတယ်နော်၊ ညီမလေးသစ်ရွက်စိမ်းကို ဘွား ခွင့်လွှတ်ပါနော်၊ အဟင့်···'

'အို··· မင်း မငိုနဲ့လေ သစ်ရွက်နု'

သည်တစ်ခါ ဘွားသစ္စာကိုမြင်တော့ ငိုချင်စိတ်ကို သစ်ရွက်နု ဘယ်လိုမှထိန်းလို့မရ။

အဆင့်အတန်းနှစ်ခုက မိုးနဲ့မြေလို ကွာခြားနေသည့် အခြေအနေတွေ။

ဒါကိုပေါင်းစပ်ဖို့ သံယောဇဉ်တွယ်ခဲ့မိသည့် အဖြစ်တွေကို ပြန်စဉ်းစားမိတိုင်း သစ်ရွက်နု ဝမ်းမနည်းဘဲနေနိုင်ပါတော့



www.burmeseclassic.com

www.burmeseclassic.com



မလား။ နည်းသစ်ကို သစ်ရွက်နု အဖြေပေးခဲ့မိတာ လွန်ဆန်ဖို့ မဝံ့ရဲခဲ့တဲ့ နှလုံးသားဆန္ဒလေးတစ်ခုကြောင့်ပါပဲ။

ဒါပေမဲ့ အခုတော့…

'သစ်… သစ်ရွက်နု ဝမ်းနည်းလို့ ငိုမိတာပါ ဘွား၊ ဘွားမကြိုက်တာတွေ နောက် ဘယ်တော့မှမဖြစ်စေရဘူးလို့ ဘွားကို သစ်ရွက်နု ကတိပေးပါတယ်၊ အခုလည်း ဘွားသိပ်ချစ်တဲ့ နည်းသစ်ကို ဖြူဖြူစင်စင်ဘဝလေးအတိုင်း သစ်ရွက်နု ပြန်လာအပ်တာပါ။

'ဘယ်… ဘယ်လို သစ်ရွက်နု'

ပြောရင်း ခေါင်းကလေးငုံ့ကာ မျက်ရည်လေးကို သစ်ရွက်နု သုတ်မိသည်။

'ဘွားနေရာမှာနေပြီး သစ်ရွက်နု ကိုယ်ချင်းစာပါတယ်၊ မဖြစ်သင့်တာတွေ မဖြစ်ရအောင် နည်းသစ်ကို ငယ်ငယ်လေးကတည်းက ဘွား ဘယ်လိုထိန်းသိမ်းစောင့်ရှောက်လာခဲ့တယ်ဆိုတာ နည်းသစ် ပြောပြလို့ သစ်ရွက်နု သိခဲ့ပါတယ်၊ ဆင်းရဲတဲ့ သစ်ရွက်နုတို့ ညီအစ်မနှစ်ယောက်စလုံးကို ဘွားမြေးနဲ့ ဘယ်လိုမှ သဘောမတူနိုင်တာကိုလည်း သစ်ရွက်နု နားလည်ခဲ့လို့ အခုလို ဘွားကိုလာပြီး တောင်းပန်တာပါ'

'နေ… နေပါဦး သစ်ရွက်နု၊ ဘွားမြေး နည်းသစ်ချစ်ခဲ့တာ သစ်ရွက်နုကို ချစ်ခဲ့တာမဟုတ်လား၊ ဘွားမြေးလေးပြော





တော့ မင်းကလည်း သူ့ကို ချစ်ပါတယ်ဆိုပြီး ခေါင်းညိတ်အဖြေပေးခဲ့တယ်ဆု၊ အဲဒါကို ဘယ်လိုဖြစ်ပြီး သစ်ရွက်စိမ်းနဲ့…'

'ငယ်ရွယ်ရူးမိုက်တဲ့စိတ်နဲ့ ဆင်းရဲမှာကို ကြောက်တဲ့စိတ်ကြောင့် အခုလိုအဖြစ်မျိုး ဖြစ်သွားခဲ့ရတာပါ၊ ခုတော့ အဖြစ်မှန်တွေကို ဝန်ခံပြီး သူ့ဘဝရဲ့ အကောင်းဆုံးချစ်သူတစ်ယောက်ကို ရွေးချယ်သွားပါပြီ'

'ဟင်… သစ်ရွက်စိမ်းက ဘယ်သူ့ကို ရွေးချယ်လိုက်တာလဲ'

'သူ့ရဲကောင်းကိုပါ'

'ဘုရားရေ… ဒါ… ဒါဆို သစ်ရွက်နုက…'

'ဒီမှာလေ ဘွား၊ ဒါ သစ်ရွက်နု ရွေးချယ်လိုက်တဲ့ ဘဝကြင်ဖော်နဲ့ လက်ထပ်တော့မယ့် ဖိတ်စာလေးပါ'

'ဟင်…'

ဖိတ်စာလေးကိုဖွင့်ကြည့်ကာ ဘွားသန္တာ မျက်လုံးပြူးသွားသည်။

မောင်စိမ်းမောင်နှင့် သစ်ရွက်နုတဲ့။

ဒါ… ဒါဆို ဘွားမြေးလေး နည်းသစ်က…

'မင်း… မင်း ဒါကို တကယ်ဆုံးဖြတ်လိုက်ပြီ ဟုတ်သား သစ်ရွက်နု'

'ဘွားစိတ်ချမ်းသာအောင် ဒါကိုပဲ သစ်ရွက်နု ရွေးချယ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာပေါ့ ဘွားရယ်၊ သစ်ရွက်နု ဒီလိုရွေးချယ်လိုက်လို့ ဘွားမြေးလေး နည်းသစ်ကို သစ်ရွက်နု မချစ်ခဲ့တာမဟုတ်ဘူးနော်၊ သစ်ရွက်နုဘဝမှာ အဖြူစင်ဆုံးချစ်ခဲ့ရတဲ့ တစ်ဦးတည်းသောချစ်သူဟာ ဘွားမြေးလေး နည်းသစ်တစ်ယောက်တည်းပဲ ရှိခဲ့တာပါ၊ ဒါပေမဲ့ ဘွားရယ်၊ အဟင့်… ဟင့်…'

'အို… သစ်ရွက်နု၊ မင်း မငိုနဲ့လေ၊ ပြောစမ်း… ပြောစမ်း၊ မင်းရင်ထဲက ခံစားချက်တွေကို ဘွား နားလည်အောင် အကုန်လုံးရှင်းပြစမ်း'

'ဒါတွေအားလုံးကို ကျွန်မပဲရှင်းပြမယ် ဘွားသစ္စာ'

'ဟင်…'

ဧည့်ခန်းထဲကို ထပ်ဝင်လာတာ သစ်ရွက်နုတို့ရဲ့ဒေါ်လေး ဒေါ်ကျင်မြ။

'ဒီကလေးမလေးနှစ်ယောက်ရဲ့ ဘဝက တကယ်ခံသနားဖို့ကောင်းခဲ့လို့ အဖြစ်မှန်တွေကို ပြောပြဖို့ ကျွန်မကိုယ်တိုင် လိုက်လာခဲ့တာပါ ဘွားသစ္စာ၊ တကယ်တော့ ဒီသစ်ရွက်နုနဲ့ သစ်ရွက်စိမ်းတို့ဘဝမှာ ညီအစ်မနှစ်ယောက်ဟာ ဘွားသစ္စာရဲ့ မြေးမအရင်းအချာလေးတွေပါ'

'ဘယ်… ဘယ်လို…'

ဘွားသစ္စာ မျက်လုံးပြူးရပြီ။

သစ်ရွက်နုနဲ့ သစ်ရွက်စိမ်း အမြွှာညီအစ်မနှစ်ယောက်ဟာ





ဘွားသစ္စာရဲ့ မြေးမအရင်းအချာလေးတွေတဲ့။ မကျင်မြက လာပြောနေတာပဲ။

'ကမ္ဘာပေါ်မှာ ဒီကိစ္စကို သက်သေခံမယ့်လူတစ်ယောက်ဟာ ဘွားသစ္စာနားမှာ ဒီနေ့အထိရှိနေတဲ့ ဘွားသစ္စာရဲ့ တစ်ဦးတည်းသောချွေးမ မေသဇင်သစ်ပါပဲ'

'ဟင်…'

အနားမှာ မယောင်မလည်ရပ်နေတဲ့ ဒေါ်မေသဇင်သစ်ရဲ့ မျက်နှာက သိသိသာသာပျက်သွားသည်။

'မကျင်မြနော်… ညည်း ငါ့ကို မဟုတ်တာတွေ လာမပြောနဲ့နော်'

ကြည့်စမ်း… မကျင်မြနဲ့ မေသဇင်သစ်က လူချင်းသိနေကြတာပဲ။

'မေသဇင်သစ်နော်… ဒီအချိန်ရောက်မှတော့ ဒီကိစ္စတွေကို ညည်း ဖုံးကွယ်ထားလို့မရတော့ပါဘူး၊ ညည်းဟာ နိုင်ငံခြားထွက်သွားပြီး ဘာသတင်းမှမကြားရတဲ့ ငါ့ယောက်ျားရဲ့ ညီမအငယ်ဆုံးပါ၊ ညည်းနဲ့ ညည်းအမေ ပေါင်းပြီး သူဌေးသားက ညည်းကို မိန်းကလေးမွေးရင် တရားဝင် လက်မထပ်မှာစိုးလို့ ယောက္ခမသူဌေးကို ညည်း ရွေးချယ်သွားခဲ့တာလေ၊ ညည်းအမေက ညည်းစိတ်ဆင်းရဲနေမှာစိုးလို့ အမြွှာကလေးနှစ်ယောက်ကို မွေးပြီး တစ်လအကြာမှာ ဆုံးသွားပြီလို့ ညည်းကို အကြောင်းကြား

www.burmeseclassic.com



ခဲ့ပေမယ့် ညည်းအမေ ဆုံးသွားတဲ့အချိန်မှာ တကယ်လူလား မြောက်အောင် ငါကပဲ ဆက်မွေးခဲ့ရတာ၊ အခုကြည့်စမ်း၊ ခုတော့ ဒီအဘွားကိုယ်တိုင်က ရက်ရက်စက်စက် ဒီမြေးမလေးတွေနဲ့ သူ့မြေးနည်းသစ်နဲ့ မတူဘူး မတန်ဘူးဆိုပြီး အိမ်မှာ အထက်စီး ကနေ လာပြောသွားတာလေ၊ အခု နည်းသစ်နဲ့တွေ့တော့မှ ညည်း ရှိနေတဲ့နေရာကိုသိပြီး ငါ လိုက်လာတာ'

'ကျွန်မ··· ကျွန်မ···'

ဒေါ်ကျင်မြ ပြောတာတွေကို ဒေါ်မေသဇင်သစ် မငြင်း နိုင်တော့ပါလား။

'ကျွန်မက ဒီအမြွှာမိန်းကလေးနှစ်ယောက် ဆုံးသွားခဲ့ ပြီထင်ထားခဲ့လို့ပါ မကျင်မြရယ်၊ အဟင့်··· ဟုတ်ပါတယ်၊ ဒီမိန်းကလေးနှစ်ယောက်ဟာ ကျွန်မရဲ့ သမီးလေးတွေပါ'

'ဟင်···'

ဘွားသစ္စာ အသက်မရှူနိုင်တော့ပါ။

ဒါဆို နည်းသစ်ဟာ မွေးစားကလေးဖြစ်ခဲ့ပြီပေါ့။

'ငါကလည်း ညည်းကို စိတ်နာခဲ့တာပဲလေ မေသဇင် သစ်၊ ကလေးနှစ်ယောက်ကို ငါ့ဆီပို့ထားခဲ့ပြီး ငါ့ကို အဆက် အသွယ်ဖြတ်သွားတာ၊ ညည်းက ညည်းချမ်းသာရင်ပြီးရော ညည်း ကောင်းစားရင်ပြီးရောဆိုပြီး သူ့ငွေအသိုင်းအဝိုင်းတွေဘေးမှာ ခေါင်းမော့နေခဲ့ပေမယ့် ညည်းသမီးလေးနှစ်ယောက်ကို ကမ္ဘာ





ပေါ်မှာရှိသေးတယ်လို့တောင် ညည်း သတိရသေးရဲ့လားအေ့၊ ညည်းသမီးလေးတွေကို ညည်း အထင်ကြီးတဲ့ ညည်းယောက္ခမ ဘွားသစ္စာကိုယ်တိုင်က အလုပ်ဖြုတ်ပြီး ဒုက္ခရောက်အောင်လုပ် ခဲ့တာလေ'

'ကျွန်မ··· ကျွန်မ တောင်းပန်ပါတယ် မကျင်မြရယ်၊ ကျွန်မသမီးလေးတွေကို မသေကောင်း မပျောက်ကောင်း ကျွန်မ ပြန်တွေ့ရတာ၊ အဟင့်···· ဟင့်··· ဟင့်···'

'အခု ညည်းသမီး သစ်ရွက်စိမ်းက ညည်းလိုပဲ မိုက်ဆံ တအားမက်လို့ နာမည်ပျက်ခဲ့ရတာ၊ ဟင်း··· အမေတူသမီး၊ သစ်ရွက်နုလေးနဲ့ တခြားစီပဲ၊ ကဲ··· လာ သစ်ရွက်နု၊ ညည်း လည်း နည်းသစ်နဲ့ဝေးရလို့ ဘာမှဝမ်းနည်းမနေနဲ့၊ ကံကြမ္မာ မကောင်းလို့ တင်လာတဲ့အကြွေးဆိုတာ ဆပ်တတ်မှကျေတယ်၊ ဒီရွှေဘုံပေါ်မှာထိုင်ပြီး ချမ်းသာသမျှစည်းစိမ်တွေကို ဟိုဘက်ဘဝ အထိ သူတို့ ယူသွားနိုင်ပါစေလို့ပဲ ငါဆုတောင်းပါတယ်၊ ကဲ··· ပြန်မယ်'

ဘွားသစ္စာတစ်ယောက် သစ်ရွက်နုပေးသွားသည့်ဖိတ်စာ လေးကိုကိုင်ကာ ဘာလုပ်ရမှန်း မသိတော့ပါ။

'မေ··· မေသဇင်သစ်'

'ရှင်··· မာမီ'

'ဒါ ငါ့မြေးလေးတွေနော်၊ ငါ့အသွေးသားထဲက ပေါက် ဖွားလာတဲ့ ငါ့မြေးလေးတွေနော်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်… ဟုတ်ပါတယ် မာမီရယ်၊ မာမီက မြေးမိန်းကလေးဆိုရင် မလိုချင်ဘူး၊ ငါ့အိမ်ပေါ် တက်မလာနဲ့ဆိုလို့ သားယောကျ်ားလေးတစ်ယောက်ကို အစားထိုးခဲ့ရတာပါ'

'ညည်း တော်တော်မိုက်ရိုင်းတဲ့မိန်းမ'

'ဖြန်း…'

'အား… မာမီ'

ဒေါ်မေသဇင်သစ်ကိုယ်လေး ဘွားသစ္စာ ရိုက်ချလိုက်သည့်အရှိန်နှင့် တစ်ပတ်လည်ထွက်သွားသည်။

'ခုတော့ ညည်းလုပ်ခဲ့တာတွေအားလုံး ကောင်းကြသေးရဲ့လားဟင်၊ မကျင်မြကပါ ငါ့ကို စိတ်နာနာနဲ့ပြောသွားတာ၊ ကိုယ့်မြေးလေးနှစ်ယောက်ကို ဒုက္ခရောက်အောင်လုပ်ခဲ့တဲ့အဘွားတဲ့၊ ငါ ရှက်တယ်၊ ငါ ရှက်တယ်ဟဲ့၊ အခု ငါ့မြေးလေးသစ်ရွက်နုကို သူ့အိမ်အပေါင်ခံထားတဲ့လူလက်ထဲ ထိုးအပ်တော့မယ်လေ၊ ကလေးအဖေ မုဆိုးဖိုကြီးနဲ့တဲ့၊ အမလေး… ငါ့ခေါင်းတွေ မူးလိုက်တာ၊ မြေးလေး ငါစိတ်မဆင်းရဲအောင် ဒီမုဆိုးဖိုကြီးကိုယူဖို့ ခေါင်းညိတ်ခဲ့တဲ့ မြေးလိမ္မာလေး၊ ဟင့်… ဟင့်…'

'ဟာ… မာမီ မူးလဲသွားပြီ'

ဒေါ်မေသဇင်သစ် ဘွားသစ္စာကို ပြေးပွေ့ထားလိုက်သည်။ လှေကားရင်းလေးမှာ မျက်နှာငယ်လေးနဲ့ ထိုင်နေတဲ့ နည်းသစ်ကတော့ မျက်ရည်လေးဝဲလို့ပေါ့။





သစ်ရွက်နုကိုယ်တိုင်က မာနကြီးကြီးနဲ့ ဦးစိမ်းမောင်ဆိုတဲ့လူကြီးကိုပဲ လက်ထပ်ဖို့ သူ့ကို အတင်းငြင်းသွားခဲ့တာလေ။

ကားအောက်ကိုပြေးဝင်ပြီး ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ပစ်လိုက်ဖို့ပဲ နည်းသစ် ဆုံးဖြတ်လိုက်တော့၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# ဆန္ဒလွန်အိပ်မက်
# ဇာတ်သိမ်းပိုင်း

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

'စိတ်ညစ်တယ် ဒေါ်ကျင်မြရာ၊ ဖိတ်စာတွေလည်း အကုန်ရိုက်ပြီးသွားပြီ၊ မင်္ဂလာဆောင်ဖို့ကိစ္စတွေလည်း အကုန်စီစဉ်ပြီးနေကာမှ သစ်ရွက်နုကနေ သစ်ရွက်စိမ်း ဖြစ်ရပြန်ပြီ၊ ကြာရင် မိန်းမ မရဘဲ ကြားထဲက ကျွန်တော် ရူးရတော့မယ်ထင်တယ်၊ နေပါဦး... သစ်ရွက်စိမ်းက သူ့ချစ်သူနောက်ကို လိုက်တော့မယ် ဆိုပြီးမှ ဘာဖြစ်လို့ ကျွန်တော့်ဘက် ပြန်လှည့်လာရတာလဲ၊ အဲဒါ ခင်ဗျား ရှင်းစမ်းပါဦး'

ဦးစိမ်းမောင်တစ်ယောက် ခေါင်းကို တဗျင်းဗျင်းကုတ်ကာ ဒေါ်ကျင်မြကို မော့ကြည့်သည်။

'အခုမှ သူတို့ညီအစ်မနှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ပြီးတော့ သူ့အနစ်နာခံမယ်၊ ငါ့အနစ်နာခံ





မယ်ဖြစ်နေကြတာလေ ကိုစိမ်းမောင်ရဲ့၊ ဟိုသူ့ရဲကောင်းဆိုတဲ့ကောင်လေးကလည်း နာမည်နဲ့လိုက်အောင် သူ့ရဲကောင်းလုပ်ပြနေတာ၊ သစ်ရွက်နုကို ရှင် လက်ထပ်လိုက်ရင် သူ့သူငယ်ချင်း နည်းသစ် အရမ်းစိတ်ဓာတ်ကျပြီး ရူးမတတ်ခံစားသွားရမှာစိုးလို့ တဲ့'

'အောင်မယ်... ဒီကောင်လေးက...'

'အဲဒါ သစ်ရွက်စိမ်းနဲ့ပဲ လက်ထပ်ပါစေဆိုပြီး သူ နောက်ဆုတ်ပေးတာ'

'အဟင်း... ဘယ်ဆိုးလို့လဲ၊ ဒါဆို ဒီကောင်လေးက အချစ်သူရဲကောင်းလေးပေါ့'

'သစ်ရွက်နုကလည်း အစ်မကြီးဆိုတော့ သူ့ညီမလေး သစ်ရွက်စိမ်းအချစ်ကို တန်ဖိုးထားတတ်လာအောင် သူချစ်တဲ့ သူကိုပဲ ယူပါစေဆိုပြီး ဖြစ်နေတြကာလေ'

'ဖြစ်ကြ... ဖြစ်ကြ၊ ခင်ဗျားတို့ဟာ ခင်ဗျားတို့ ဖြစ်ချင်သလိုဖြစ်ကြ၊ ခင်ဗျားတို့လုပ်တာနဲ့ ကျွန်တော်က ကြားထဲကနေ နွားဘူးကြီးစိမ်းမောင် ဖြစ်နေပြီပဲ'

ဦးစိမ်းမောင် သူ့ရင်ဘတ်ကို သူထုသည်။

သူ့ကိုယ်သူလည်း ကင်ပွန်းတပ်သည်။

'ခုတောင် ဟိုကပြော၊ ဒီကပြောနဲ့ ရပ်ကွက်ထဲလူတွေက



www.burmeseclassic.com

www.burmeseclassic.com



ခိုတာနဲ့ ချက်နှာပေါ် ရေနွေးပူအလောင်းခံထားရသလို ဖြစ်နေတာ။ သော်ကြာ မင်္ဂလာဆောင်မယ့်နေ့ကျမှ ညီအစ်မနှစ်ယောက်စလုံး ရေတွင်းထဲခုန်ချသွားပြီဆိုပြီး ခင်ဗျားလာပြောလို့ကတော့ ဟင်း… ခင်ဗျား မချောင်ဘူးမှတ်၊ သေဖို့သာပြင်ထား အဘွားကြီး’

ဦးစိမ်းမောင်ကတော့ အဲလို ဦးစိမ်းမောင်ပါ။

ဖိတ်စာတွေရိုက်ပြီးကတည်းက အိမ်ပေါ်ကတောင်မဆင်းတော့ဘဲ ကြက်သွန်တွေဝင်နွှာပေးလိုက်၊ ငရုတ်သီးတွေဝင်ထောင်းပေးလိုက်နဲ့ သစ်ရွက်နုနားကို တစ်ချိန်လုံးကပ်နေတာ။ ဒီကြားထဲ လက်မကို ငရုတ်ကျည်ပွေ့နဲ့ထောင်းမိလို့ ဆော်လိုက်တာ ငယ်သံကိုပါရောပဲ။

သစ်ရွက်နုမှာတော့ တစ်ချိန်လုံး မျက်ရည်ဝဲဝဲလေးနဲ့။

အမေ…။

သူတို့အမေ ဒေါ်မေသဇင်သစ်ကို တွေ့ခွင့်ရလိုက်ပါလျက်နှင့် အမေမခေါ်ရခဲ့တဲ့ဘဝ။ သူတို့ ချမ်းသာနေကြတာလည်း ကျိုကျိုတက်တွေပါ။ အမေနဲ့တူတဲ့စိတ်ဟာ သစ်ရွက်စိမ်းဆီမှာ ရှိနေခဲ့တာလေ။ သို့သော် အမေက သမီးလေးနှစ်ယောက်ကို လသားအရွယ်လေးကတည်းက ဆုံးခဲ့ပြီထင်ထားလို့လည်း သူမတို့နှစ်ယောက်ကို မေ့လျော့နေခဲ့တာဖြစ်မှာပေါ့။

တစ်သက်လုံး ဆင်းဆင်းရဲရဲ ချို့ချို့တဲ့တဲ့ကလေးနဲ့





ရှင်သန်ကြီးပြင်းလာခဲ့ရတဲ့ သစ်ရွက်စိမ်းနဲ့ သစ်ရွက်နု။

ဘွားသစ္စာကိုလည်း စိတ်နာနာနဲ့ ဒေါ်ကျင်မြ ပြောထားခဲ့ပြီးပြီ။

ကိုယ်လည်း အိမ်အပေါင်ဆုံးပြီး လမ်းဘေးထွက်တောင်းစားရမယ့်ဘဝကို ရောက်တော့မယ့်အထိ ဒီအမြွှာညီအစ်မနှစ်ယောက်ကို စောင့်ရှောက်ကျွေးမွေးလာခဲ့ပြီးပြီ။ တာဝန်ကျေပြီပေါ့။ ခုတော့ ဒီအဘွားကြီးကိုယ်တိုင်က အိမ်ပေါ်ကို လက်ဖွဲ့အိတ်အကောင်းစားကြီးကိုင်ကာ တက်လာပြီး ဒီညီအစ်မတွေနဲ့ သူ့မြေးနည်းသစ်ကို သဘောမတူနိုင်ပါဘူးဆိုလို့ ဦးစိမ်းမောင်နဲ့ ပေးစားပစ်တာ ကျင်မြ ဘာလွန်သလဲ။

အဆင့်အတန်းခွဲကြလေ။

ဂုဏ်တွေ ရွှေတွေ ပကာသနတွေကို အခေါင်းပုံးထဲထည့်ပြီး သင်းတို့ယူသွားကြလေ။ ဒါ သင်းတို့သမီးလေးတွေနဲ့ သင်းတို့မြေးမလေးတွေပဲ။

ဒေါ်ကျင်မြကတော့ ဒီလိုပဲ ခပ်မာမာတွေးပြီး လုပ်စရာရှိတာ ဆက်လုပ်သည်။

ဒါပေမဲ့ ဒေါ်ကျင်မြ တကယ်ပေးစားချင်တာ မအေတူသမီး သစ်ရွက်စိမ်းဆိုတဲ့ ပေကပ်ကပ် ဂျစ်ကန်ကန်ဟာမလေးနဲ့ ပေးစားချင်တာ။ သစ်ရွက်နုလေးက အပြစ်မဲ့တဲ့ စိတ်သဘောထား



www.burmeseclassic.com

www.burmeseclassic.com



ဖြူစင်သူလေးရယ်။ ခုတော့ အခန်းထဲမှာ ညီအစ်မနှစ်ယောက် ဖက်ပြီး ဘရှုပ်ရှပ်နဲ့ ငိုနေကြပြီလေ။

'သူ့ရဲကောင်း သနားပါတယ် သစ်ရွက်စိမ်းရယ်၊ နင့်ကို သိပ်ချစ်လို့ ဒီကို လာပြန်ပို့ပေးတာ၊ နင် သူနဲ့ပဲ ပြန်လိုက်သွား ပါ'

'ငါ ဆုံးဖြတ်ပြီးပြီ သစ်ရွက်နု၊ ဒီဇာတ်လမ်းမှာ သနား ဖို့အကောင်းဆုံးက နည်းသစ်ပဲ၊ တစ်သက်လုံး မြေးအရင်းအချာ တစ်ယောက်လို အခွင့်အရေးတွေ အမျိုးမျိုးရခဲ့ပြီးမှ မွေးစားမြေး ပါလို့ အဖော်ထုတ်ခံလိုက်ရတော့ သူ စိတ်ဓာတ်ကျသွားမှာပေါ့၊ ငါ အဘွားဆီကရမယ့် အခွင့်အရေးတွေကိုလည်း မမျှော်လင့်တော့ ပါဘူး၊ အမွေဆိုတာ ခံစားသင့်ထိုက်မှ ခံစားခွင့်ရှိတဲ့အရာတွေပါ၊ တကယ်ကျေးဇူးပြန်ဆပ်သင့်တာက ငါတို့ဒေါ်လေးပဲ၊ နင်လည်း မငိုနဲ့ သိလား၊ သုတ်··· သုတ်··· နင့်မျက်ရည်လေးတွေကို သုတ်လိုက်'

'နင်လည်း မငိုနဲ့လေ သစ်ရွက်စိမ်း'

ဒေါ်ကျင်မြတစ်ယောက် အခန်းအပြင်ဘက်မှာ ပြောင်းဖူး ဖက်ဆေးလိပ်ကြီးကိုပဲ အငွေ့တထောင်းထောင်းထအောင် ဖွာနေမိ သည်။

'ဒေါ်လေး··· သစ်ရွက်စိမ်းနဲ့ သစ်ရွက်နုရော'





'ဟင်··· သူ့ရဲကောင်းနဲ့နည်းသစ်၊ သာလေ··· အိမ်ပေါ် တက်ခဲ့လေ'

ဒီကောင်လေးနှစ်ယောက်ကိုကြည့်ရတာလည်း ဒေါ်ကျင် မြ စိတ်မကောင်း။ မျက်နှာငယ်လေးတွေနဲ့ အိမ်ပေါ်ကိုတက်လာ ကြ၏။

'ဒေါ်လေးရယ်··· အခု နည်းသစ်က သူကိုယ်သူ ဘွား သစ္စာရဲ့ မြေးအရင်းမဟုတ်ဘူးဆိုပြီး အပြီးဆင်းလာပြီတဲ့ဗျာ'

'ဟင်···'

တကယ်လည်း နည်းသစ်ဆိုတဲ့ကောင်လေး ခေါင်းငိုက် စိုက်ကျလို့ပါ။ သူလည်း ခံစားရမှာပေါ့လေ။ ဘာတတ်နိုင်တော့ မလဲ။

'မင်းကို ဒုက္ခရောက်စေချင်လို့ ဒေါ်လေး အဖြစ်မှန်တွေ ကို ပြောခဲ့တာမဟုတ်ပါဘူး နည်းသစ်ရယ်၊ ဒီအဘွားကြီး ဂုဏ် မောက်တာကို မခံချင်လို့ပါ၊ မြေးအိမ်းကလေးမွေးရင် ချွေးမအဖြစ် အသိအမှတ်မပြုနိုင်ဘူးဆိုတဲ့စကားဟာ ဘယ်လောက်ရင့်သီးခဲ့တဲ့ စကားလဲဆိုတာ၊ ဟော··· အခုတော့ ကြည့်စမ်း၊ တကယ်ဒုက္ခ ရောက်တော့ သူ့မြေးမလေးတွေပဲ ဒုက္ခရောက်ရတာ မဟုတ်ဘူး သား'

'ကျွန်တော်တို့က ယောကျ်ားလေးတွေပါ ဒေါ်လေးရာ၊ ရွက်ကျပင်လို ဘယ်မှာကျကျပေါက်လို့ရပါတယ်၊ ဒါပေမဲ့ဗျာ



www.burmeseclassic.com

www.burmeseclassic.com



သစ်ရွက်စိမ်းနဲ့ သစ်ရွက်နုတို့က မိန်းကလေးတွေဆိုတော့...'

သူရဲကောင်း ပြောရင်း မျက်နှာလေးရွှမ်းနေရ၏။

'ဟင်... နည်းသစ်နဲ့ သူရဲကောင်း'

အခန်းထဲကထွက်လာသည့် သစ်ရွက်စိမ်းတို့ညီအစ်မ နှစ်ယောက်ကလည်း အခန်းရှေ့မှာ အူလည်လည်လေးထိုင်နေသည့် နည်းသစ်တို့နှစ်ယောက်ကို တွေ့သွားကြ၏။

'အခု နင်တို့ ဘယ်လိုဆုံးဖြတ်ပြီလဲဆိုတာ သိချင်လို့ ငါတို့နှစ်ယောက် အတူတူပြန်လာတာ'

'နည်းသစ်ရယ်... သစ်ရွက်နု စိတ်မကောင်းပါဘူး၊ ဖိတ်စာထဲမှာလည်း သစ်ရွက်နုနာမည်ကို ရိုက်ပြီးနေမှတော့ သစ်... သစ်ရွက်နုပဲ...'

နည်းသစ်ရှေ့မှာ ခေါင်းကလေးငုံ့ကာ ထိုင်ရင်း သစ်ရွက်နု မျက်ရည်ကျသည်။

'မဟုတ်သေးဘူးလေ သစ်ရွက်နု... အားငယ်နေတဲ့ နည်းသစ်ကို နင် ခွန့်ခွာမသွားသင့်ဘူးလို့ ငါထင်တယ်၊ ငါနဲ့ သစ်ရွက်စိမ်းက...'

'ရတယ် သူရဲကောင်း၊ ငါတို့နှစ်ယောက်ထဲမှာ မျက်ရည်ကျရမယ်ဆိုရင်တောင် မင်းအတွက် ငါပဲ မျက်ရည်ကျပေးမယ်၊ ငါ့ဘဝက ဆုံးသွားပါပြီ၊ ငါ့အပေါ်မှာလည်း မင်းဟာ သူငယ်ချင်းကောင်း ပီသခဲ့တယ်၊ ငါ့ကိုလည်း အများကြီးကူညီခဲ့တယ်၊





ငါ့ဘဝတစ်သက်လုံးမှာ ငါ ပထမဆုံးတွေ့ခဲ့ဖူးတဲ့ အချစ်ဆိုတဲ့ အလင်းရောင်လေးဟာ မင်းကြောင့် တွေ့ခဲ့ရတာပါ၊ မင်းအတွက် ငါ ဘယ်ဘဝတိုင်ရောက်ရောက် မင်းကို ကျေးဇူးအမြဲတင်နေမယ်၊ သစ်ရွက်စိမ်းကို မင်း လက်တွဲလိုက်ပါ၊ အဲဒါ မင်းကို ကျေးဇူးဆပ်တာပေါ့၊ သစ်ရွက်စိမ်းအပေါ်မှာ စိတ်နဲ့တောင် မကျူးလွန် မပြစ်မှားခဲ့ဘူးဆိုတာ မင်းယုံပါ၊ အခု ငါလာတာလည်း အားလုံး ကို လာနှုတ်ဆက်တာပါ၊ အခု ငါ့အမေအရင်းရှိနေတဲ့ တောင်ကြီးကို မနက်ဖြန်ညရထားနဲ့ ငါ လိုက်သွားတော့မယ်'

'ဟာ... ဒါဆို သစ်ရွက်နု မင်္ဂလာဆောင်တဲ့နေ့မှာ ရန်ကုန်မှာ မင်းမရှိတော့ဘူးပေါ့'

'ငါ တောင်ကြီးမြို့နားက ရွာလေးတစ်ရွာကပဲ ဒီမင်္ဂလာပွဲအတွက် ဦးညွှတ်အလေးပြုနေမှာပါ၊ ကဲ... ငါသွားတော့မယ် သူငယ်ချင်း'

သူရဲကောင်းကို နှုတ်ဆက်ပြီးတော့မှ သစ်ရွက်နု မျက်နှာလေးကို နည်းသစ် ဆွဲမော့ကာ...

'သစ်ရွက်နု'

'ဟင်... နည်းသစ်'

'ငါ သွားတော့မယ်နော်'

'အို... ကြည့်စမ်း'



www.burmeseclassic.com

www.burmeseclassic.com



နည်းသစ် မျက်ဝန်းလေးထဲမှာ မျက်ရည်လေးတွေ အိုင်ဖွဲ့သောပြီ။

'ငါ… ငါ့မှာ ပိုက်ဆံတွေအများကြီးရလာတဲ့တစ်နေ့မှ ဦးစိမ်းမောင်ဆိုတဲ့ လူကြီးလက်ထဲကနေ နင့်ကို ငါ ပြန်လာရွေး…'

နည်းသစ် ဆက်မပြောနိုင်တော့ပါ။

မျက်နှာလေးကို အတင်းဆွဲကာ မော့ပစ်လိုက်တော့ မျက်ဝန်းလေးထဲကနေ မျက်ရည်စက်လေးတစ်စက် လွင့်ထွက်သွားသည်။

'နည်းသစ်'

နည်းသစ် ခေါင်းငိုက်စိုက်ချလျက် ချာခနဲလှည့်ထွက်ခဲ့ပါပြီ။

နည်းသစ်ရယ်… ပိုက်ဆံတွေအများကြီးလာတဲ့တစ်နေ့ကျမှ ရှင် ကျွန်မကို ပြန်လာရွေးမယ်တဲ့လား။

ဒီစကားလေးတစ်ခွန်းနဲ့တင် ကျွန်မ ကျေနပ်ပါတယ် နည်းသစ်ရယ်။

ရှင် ကျွန်မတို့အိမ်ကလေးကို ပြန်လှည့်မကြည့်ပါနဲ့။
ယောက်ျားဆိုတာ အသည်းမာရတယ် သိလား။
အဲလိုအသည်းမျိုးကို ကျွန်မ သိပ်သဘောကျတယ်။
'အဟင့်…'





နည်းသစ်ကို မျက်စိတစ်ဆုံးကြည့်ရင်း သစ်ရွက်နု ရှိုက်ငိုလိုက်မိပါပြီ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

ဦးစိမ်းမောင်ရဲ့ နေအိမ်ရှေ့မှာတော့ မြန်မာ့ရိုးရာ မင်္ဂလာမဏ္ဍာပ်ကြီးက ဟီးထလို့ပါ။

မနက်ဖြန် မင်္ဂလာဆောင်နေ့မို့ ပူပေါင်းရောင်စုံလေးတွေချိတ်၊ ပန်းလိပ်စက္ကူလေးတွေနဲ့ အလှဆင်တဲ့လူက ဆင်နဲ့ မဏ္ဍာပ်ထဲမှာ လုပ်အားပေးနေသူက ပျော်တပြုံးပြုံး။ ထိုအထဲမှာ အပျော်ဆုံးက မှဆိုးဖိုသူဌေးကြီး ဦးစိမ်းမောင်ပဲပေါ့။

'ဟေ့ကောင်… ချစ်စမ်း၊ မင်းအစ်မ သစ်ရွက်နုဆီကိုသွားပြီး ဒီကြေးအိုးပြုတ်ပူပူလေး သွားပို့ပေးစမ်း၊ ဒါလေးကိုကုန်အောင်စားလို့လည်း ပြောခဲ့နော်၊ ငါ ဒီမှာ မဏ္ဍာပ်အလှဆင်နေတာ မပြီးသေးလို့ တော်ကြာနေမှ လာခဲ့မယ်လို့'

'ဟာ… ဦးလေးစိမ်းကလည်း မမသစ်ရွက်နုက တစ်ချိန်လုံးငိုနေတာ၊ ဒီကြေးအိုးပြုတ်ကြီးကို သူ ဘယ်လိုကုန်အောင်သောက်နိုင်မှာလဲ'





'ဟေ့ကောင်… သူငိုတာ သူ့အမေကို သတိရလို့ငိုတာ၊ သူမကုန်ရင် သူ့ညီမ သစ်ရွက်စိမ်း သောက်လိမ့်မယ်၊ အေး… ဟိုအဘွားကြီးကို မတိုက်နဲ့နော်'

ဒေါ်ကျင်မြဖို့ဆိုရင် ဦးစိမ်းမောင်က ကြည့်လို့မရ။

တစ်နေ့တစ်မျိုး မရိုးအောင် ဇလောင်းဘလဲလုပ်ချင်နေတဲ့ အဘွားကြီး။

ကိုယ့်မှာတော့ သစ်ရွက်စိမ်းကို စိတ်ကူးလေးယဉ်ပြီး မှန်းကြည့်လိုက်၊ သစ်ရွက်နုကို စိတ်ကူးလေးယဉ်ပြီး တွေးကြည့်လိုက်နဲ့ အတွေးထဲမှာတင် ချာလပတ်ယမ်းနေတာ ဘယ်နှရက်ရှိနေပြီလဲ။

ခုတော့ အဆင်ကလေးချောပါပြီ။

မနက်ဖြန်မနက်ဆိုရင်ပဲ မှဆိုးဖိုဘဝက ကျွတ်ပြီ။ ကျွတ်ပြီ။

'ဟင်း… ဟင်း…'

ပူပေါင်းလေးတွေချိတ်ကာ လက်ပိုက်ရပ်ကြည့်ရင်း သည်ချောင်းတွေခြောက်လာသဖြင့် ရေတစ်ခွက်ပြေးသောက်ရသေး၏။ တကယ်တမ်း သေသေချာချာကြည့်လျှင် သစ်ရွက်စိမ်းထက်စာရင် သစ်ရွက်နုကလေးက ပိုချော၏။

လက်ချောင်းကလေးတွေက ရှည်သွယ်ပြီးတော့ အိနေ၏။



www.burmeseclassic.com

ခြေမိုးလေးတွေက ဝင်းနှစ်နေတာ။

နှာတံသွယ်သွယ်ချွန်ချွန်ကလေးနဲ့ နှုတ်ခမ်းလေးတွေက နီရဲဖူးအိနေတာ၊ တင်ပါးလေးကျတော့လည်း ဝိုင်းဝိုင်းမို့မို့ ကော့ကော့ချွန်ချွန်ကလေး။ အိပ်မက်ဟုတ် မဟုတ် ကိုယ့်ကိုယ်ကိုယ် ဆွဲဆိတ်ကြည့်မိတာလည်း အကြိမ်ကြိမ်အခါခါ။

လူတွေရှေ့မှာတော့ ဟန်လုပ်ထားရတာပေါ့။

'ဘာရယ်မဟုတ်ပါဘူး ကိုထွန်းထွန်းရယ်၊ သူ့အဒေါ်က အားကိုးမရှိဘူးပြောလို့ ကျွန်တော် ခေါင်းညိတ်လိုက်ရတာပါ'

'ယုံပါတယ်၊ ယုံပါတယ်၊ အဟင်း... ဟင်း...'

ထိုအချိန်မှာ ဦးစိမ်းမောင်ဆီကို ပြေးလာတာ စောစောက သစ်ရွက်နုဆီကို ကြေးအိုးပြုတ်သွားပို့ပေးတဲ့ တူကလေးချစ်စမ်း။

'ဦးလေးစိမ်း... ဦးလေးစိမ်း... ဟိုမှာ ဦးလေးစိမ်း မင်္ဂလာဆောင်ကို လာနေကြတဲ့ကားတွေ အများကြီးပဲဗျ၊ ဟိုမှာ ကြည့်လိုက်၊ ကြည့်လိုက်'

'ဟေ... ငါဖိတ်ထားတာ မနက်ဖြန်မနက်မှ ဖိတ်ထားတာလေကွာ၊ ကြည့်ပါဦး... သူတို့ ရက်မှားပြီးရောက်လာကြတာထင်တယ်၊ ဟား... ဟား... ပြဿနာပဲကွာ၊ ဒီလောက်များတဲ့ကားတွေ ရှင်းလောင်းလှည့်လာတာကျနေတာပဲ'

အရေးထဲမှာ ဦးစိမ်းမောင်က ဂုဏ်ယူနေသေး၏။

ကားတွေက လက်ပြောင်တောက်ပနေသော နောက်ဆုံး





ပေါ် အပျံစားကားတွေပါ။ ကားပေါ်ကဆင်းလာသည့် အန်ကယ်ကြီး တစ်ယောက်ကဆိုရင် စိန်တွေကို တစ်ကိုယ်လုံးသွတ်နေအောင် ဝတ်လို့။

နောက်ကားတွေမှာ ပါလာသည့်လူတွေကလည်း ထို အန်ကယ်ကြီးနောက်က ကပ်လိုက်ပါလာတာ။ တစ်ယောက်၊ နှစ်ယောက်လောက်က အနည်းဆုံး။

'ဟင်...'

ထိုအထဲမှာ ဦးစိမ်းမောင် မြင်လိုက်တာ ဒေါ်ကျင်မြ။

'ဟာ... ဒေါ်ကျင်မြ၊ မင်္ဂလာဆောင်က မနက်ဖြန် မနက်လေဗျာ၊ ဘာဖြစ်လို့ ဧည့်သည်တွေခေါ်လာရတာလဲ'

ဦးစိမ်းမောင် မေးတာကိုလည်း ဒေါ်ကျင်မြ ပြန်မဖြေပါ။

'ကြွပါရှင်.... ဒီအိမ်ပေါ်ကိုပဲ တစ်ခါတည်းကြွလိုက်ပါ'

ဘာလဲ။ ဘာတွေလဲဟ။

ခေါင်းပေါင်းတွေနဲ့ ပါလာတာ ရှေ့နေတွေလား၊ တရားသူကြီးတွေလား။

အတည်ခန့်ဆုံးတော့ မျက်နှာထားတင်းတင်းနဲ့ တက်လာတဲ့ ရှေ့ဆုံးက အန်ကယ်ကြီးပါပဲ။ ထိုင်တာတောင် သတို့သား သတို့သမီး အတူတွဲထိုင်ဖို့ပြင်ထားတဲ့ အကောင်းစား[illegible]

www.burmeseclassic.com



ဆက်တိုကြီးပေါ်မှာ။ အဲဒီအန်တီကြီးက ဘယ်သူ့ကိုမှ အရေးစိုက်တဲ့မျက်နှာထားနဲ့ ခပ်တည်တည်ထိုင်ချလိုက်တာ။

ပြီးတော့ စိန်တွေတဖျတ်ဖျတ်လက်သွားအောင် မျက်နှာကို ဟန်ပါပါပင့်မော့လိုက်ရင်း...

'ဟော့... ဒီလမ်းမှာ မောင်စိမ်းမောင်ဆိုတာ ဘယ်သူလဲ'

'ဗျာ...'

အသံကြောင့် မတ်ထားသောခါးကပင် အလိုလိုကိုင်းချင်သလိုလို ဖြစ်သွားရသည်။

တော်တော်ဩဇာပြည့်တဲ့ အန်တီကြီးပဲ။

'ဟို... ဟို မောင်စိမ်းမောင်ဆိုတာ ကျွန်တော်ပါ အန်တီ ကျွန်တော့်မင်္ဂလာဆောင်ကို ခုလို အားပါးတရ လာအားပေးတာကို ကျွန်တော်အရမ်းဂုဏ်ယူနေတာပါ၊ ဒါပေမဲ့ ဟိုလေ ကျွန်တော်နဲ့ သစ်ရွက်နုတို့ရဲ့ မင်္ဂလာဆောင်က...'

'ဒီမှာ မောင်စိမ်းမောင်၊ မင်း အန်တီ့ကို ရှည်ရှည်ဝေးဝေးတွေ ဘာမှပြောမနေနဲ့၊ မကျင့်မြအိမ်ကို မင်းဆီမှာပေါင်ထားတာ မဟုတ်လား'

'ဗျာ...'

'အိမ်ပေါင်ထားတာ အဆုံးမခံချင်ရင် တူမနဲ့ပေးစားမယ်လို့ ဒေါ်ကျင်မြကို မင်းက အကျပ်ကိုင်ခဲ့တာဆို'

ခေါင်းပေါင်းကြီးပေါင်းထားတဲ့ ရှေ့နေကြီးလိုလို လူကြီး





တစ်ယောက်ကို ကြည့်ကာ ဦးစိမ်းမောင် ချက်ချင်း ချွေးတွေပြန်သွားသည်။

'ကျွန်တော်... ကျွန်တော်...'

'ဒီမှာ မောင်စိမ်းမောင်'

'ခင်ဗျာ...'

အသံက တုန်သွားသလို ခါးကပါ ပို၍ညွတ်သွားသည်။

'မင်း အခုလုပ်ထားတဲ့ အိမ်အပေါင်ခံတာ အကျပ်ကိုင်တာတွေအားလုံးဟာ ဘဏ္ဍာဥပဒေနဲ့ရော ရာဇဝတ်ပြစ်မှုကြောင်းနဲ့ပါ ငြိစွန်းနေတာ မင်း မသိဘူးလား၊ ဘယ်မှာလဲ မင်းမှာ အပေါင်ဆိုင်လုပ်ငန်းဖွင့်ခွင့်ရထားတဲ့ လိုင်စင်'

'အဲဒါ... အဲဒါ လိုလို့လား အန်တီ'

'တွေ့လား ရှေ့နေကြီး၊ ဒီလူက ဘာဥပဒေမှမသိဘဲ အပေါင်လုပ်ငန်း လုပ်နေတာ၊ မင်း မသိဘူးလား မောင်စိမ်းမောင်၊ ရပ်ကွက်တွေမှာ လိုင်စင်ခွင့်ပြုချက်ရ အမိန့်ရအပေါင်ဆိုင်ဆိုပြီး ဘုတ်ကြီးတွေတင်ထားတာလေ၊ အဲဒါ ဥပဒေနဲ့အညီ တရားဝင်ဖွင့်တဲ့ အပေါင်ဆိုင်၊ အပေါင်လုပ်ငန်းပဲ၊ ဒါကိုလည်း မင်းက ဖြောင်ကျူးလွန်တယ်၊ မိန်းကလေးတစ်ယောက်ကို အတင်းအဓမ္မလက်ထပ်ဖို့ကိုလည်း အိမ်သိမ်းမယ်ဆိုပြီး အကျပ်ကိုင်ခြိမ်းခြောက်တယ်'

သွားပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကျင်မြဆိုတဲ့ ဟိုအဘွားကြီး အခွင့်နဲ့ တစ်ချက်တည်း ခဲ့ပြီ။

'အဲဒါတွေအားလုံး ငါ မကျေနပ်လို့ မင်းကို အပြတ်ရှင်း ခေါ်လိုက်လာတာ၊ ဒီမှာ သစ်ရွက်စိမ်းနဲ့ သစ်ရွက်နုဆိုတာ အကြောင်းအမျိုးမျိုးကြောင့် ငါ့ရင်ခွင်နဲ့ ဝေးကွာခဲ့ရတဲ့ ငါ့ရဲ့မြေး အရင်းခေါက်ခေါက်လေးတွေ၊ ငါ့နာမည်ကိုလည်း မင်းမှတ်ထားလိုက်ဦး၊ မဟာကတ္တီပါပိုးကုမ္ပဏီလီမိတက်ကြီးရဲ့ ဉက္ကဋ္ဌ ဒေါ်သစ္စာဦးဆိုတာ ငါပဲ၊ အခု ငါလာတာ မင်းအပေါင်ခံထားတဲ့အိမ်ကို ကျသလောက်ရှင်းပြီး ပြန်ရွေးဖို့လာတာ၊ ငါ့မြေး သစ်ရွက်နုနဲ့လည်း မင်းကို မပေးစားနိုင်ဘူး၊ မင်းအိမ်ရှေ့က မင်္ဂလာမဏ္ဍပ်ကြီးကိုလည်း မင်း အခုချက်ချင်း ပြန်ဖျက်လိုက်ပါ'

'ဗျာ...'

ငယ်ထိပ်ကို မိုးကြိုးပစ်ပြီ။

ဦးစိမ်းမောင် ချာခနဲလှည့်ကြည့်လိုက်တော့ ဒေါ်ကျင်မြ လည်ပင်းမှာ မနက်ကမှ မင်္ဂလာဆောင်အတွက် ခဏပေးဆွဲထားတဲ့ ဆွဲကြိုးလေး။

'ဒေါ်ကျင်မြ... ခင်ဗျား...'

'ငါလည်း ဘာမှမတတ်နိုင်တော့ဘူး စိမ်းမောင်၊ ဟိုမှာ ထိုင်နေတာ သစ်ရွက်နုရဲ့အဘွားအရင်းခေါက်ခေါက်၊ ဒီဘက်က သစ်ရွက်နုရဲ့ အဖေနဲ့ အမေ၊ ကျန်တဲ့လူတွေက ဥပဒေအကျိုး





ဆောင်တွေနဲ့ စီးပွားရေးလောကက ဂုဏ်သရေရှိ ထိတ်ထိတ်ကြဲ ပုဂ္ဂိုလ်တွေ'

'ခင်ဗျားဗျာ... ခင်ဗျားဗျာ...'

ဦးစိမ်းမောင် ရူးသွားပြီလား။

မျက်ဝန်းကြီးပြူးကြောင်ကာ ခင်ဗျားဗျာ၊ ခင်ဗျားဗျာ လို့ပဲ ထပ်ကာထပ်ကာ ပြောပြောနေသည်။ လောကကြီးမှာ ဂုဏ်ကျက်သရေအမဲ့ဆုံးက တဏှာရူး။

ဒါကို ဘယ်သူတွေသံဝေဂယူနိုင်ကြမလဲ။

သစ်ရွက်နုကတော့...

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

'သာစည်၊ ရွှေညောင်၊ မြင်းခြံ၊ ကျောက်ပန်းတောင်းသို့ အထူးအမြန်ရထားဖြင့် လိုက်ပါကြမည့် ခရီးသည်အပေါင်းတို့ ခင်ဗျား၊ မကြာခင်အချိန်အတွင်းမှာ အမှတ်သုံးအဆန်ရထားကြီး ဟာ အမှတ်တစ်စကြံနဲ့ နံပါတ်ဝမ်းပလက်ဖောင်းမှ စတင်ထွက် ခွာပါတော့မယ်'

'အို… ကြည့်စမ်း၊ ရထားထွက်တော့မယ်'

ဆံပင်လေးတွေ ဖရိုဖရဲ။

မျက်ဝန်းလေးတွေက ကြေကြေကွဲကွဲနဲ့ ရန်ကုန်ဘူတာ ကြီး အဆောက်အအုံကြီးထဲကို ပြေးဝင်လာတဲ့ သစ်ရွက်နု။

အသံချဲ့စက်ဆီမှ ကြေညာလိုက်တဲ့အသံကြောင့် တစ်ကိုယ် လုံးထူပူ ပျာယာခတ်ကာ ရထားကြီးဆီသို့ ပြေးလာခဲ့တာက ရင်နှင့်စရာမြင်ကွင်းလေးပါပဲ။





'ဟင်… ကလေးမ၊ မင်း ဘယ်ကိုသွားမလို့လဲ'

အရေးထဲမှာ အဖြူရောင်ယူနီဖောင်းဝတ် ဦးလေးကြီး တစ်ယောက်က သစ်ရွက်နုရှေ့ကနေ ဝိတ်ကာတားလိုက်တာမို့ ဘစ်လမ်းလုံး ယမ်းခါလာခဲ့သည်။ ဆံပင်ရှည်ကြီးတွေရော ကိုယ်လုံးဖူးဖူးတင်းတင်းလေးကပါ တုံ့ခနဲရပ်ကာ မျက်တောင် ရှည်ကော့ကော့လေးတွေ ပင့်တက်သွားရသည်။

'ဟို… ဟိုလေ… ကောင်လေးတစ်ယောက်ကို သမီး လိုက်ရှာတာပါ ဦးရယ်၊ သမီးကို လမ်းဖယ်ပေးပါနော် ဦး၊ သမီးကို သနားပါနော်'

'မင်း ဒီရထားပေါ်မှာ ကောင်လေးတွေက အများကြီး ပါသွားတာ၊ နေပါဦး… ပြောပါဦး၊ မင်းလိုက်ရှာနေတဲ့ ကောင် လေးက ဘယ်လိုပုံစံလေးလဲ'

စိတ်ရှုပ်သွားဟန်လေးနှင့် နားရွက်လေးတစ်ဖက်ကို အယောင်ယောင်အမှားမှားကိုင်ကာ သစ်ရွက်နု ပြန်ဖြေမိသည်။

'ဟို ဦးရာ၊ အသားဖြူဖြူလေးနဲ့ အရပ်မြင့်မြင့်လေး၊ ပြီးတော့လေ ယောကျ်ားလေးတစ်ယောက်လို့မထင်ရအောင် သူ့ မျက်ခုံးနှစ်ဖက်က တအားစိမ်းညို့နေတာ၊ ဆံပင်လေးတွေက သူ့ပခုံးလေးပေါ်မှာ အပုံလိုက်လေး ခွေကျနေတာ ဦးရဲ့၊ ပြီး… ပြီးတော့လေ နားမှာလည်း နားကွင်းဖြူလေးတစ်ဖက် ဆွဲထားသေး တယ်၊ အဲဒါ… အဲဒါ…'



www.burmeseclassic.com

www.burmeseclassic.com



သစ်ရွက်နု ဘယ်လိုမှ ဟန်မဆောင်နိုင်အောင် ခုန်ဆွ ခုန်ဆွဖြစ်နေတာလေးကလည်း တကယ့်ကို ချစ်စရာလေးပါ။

'ဟာ… သိပြီ၊ အဲဒီကောင်လေး အခုပဲ ဟိုးနောက်ဆုံးအုံဘက်ကို လျှောက်သွားတာ ဦးကြည့်လိုက်တော့ အဲဒီကောင်လေး မျက်ရည်တွေဝဲလို့'

အို… နည်းသစ်ရယ်။

သစ်ရွက်နု ပြေးလိုက်ခဲ့တာက ဘယ်လိုမှ ခြေလှမ်းတွေကို ထိန်းလို့မရ။

မျက်ဝန်းလေးတွေကလည်း ရထားတွဲပေါ်က ထိုင်ခုံလေးတွေဆီကို အမောတကောလေးလိုက်ရှာရင်း ရောက်နေသည်။

တွေ့ပါပြီ။

'ဒေါင်…'

'ဒေါင်…'

အို… ရထားကြီး စထွက်ပြီ။

ဖြစ်ချင်ရာဖြစ်။ သစ်ရွက်နု ရထားတွဲပေါ် ခုန်တက်ပစ်လိုက်သည်။

'သစ်ရွက်နု'

'နည်းသစ်ရယ်… အဟင့်…'

ဝိုင်းကြည့်နေသူတွေအားလုံး ဘယ်သူ့ကိုမှလည်း သစ်ရွက်နု မမြင်နိုင်တော့ပါ။





သည်ကြားထဲ သူမလိုပင် ရထားတွဲပေါ်ကို နောက်ထပ်ခုန်တက်လိုက်လာသူနှစ်ယောက် ရှိသေးသည်။

အဲဒါ ဘယ်သူတွေဖြစ်ရမှာလဲ။

သစ်ရွက်စိမ်းနဲ့ သူ့ရဲ့ကောင်းတို့ပဲပေါ့။

'သစ်… သစ်ရွက်နု ဘာလို့လိုက်လာတာလဲဟင်'

သစ်ရွက်နု ပခုံးလေးကို ဆုပ်ဖက်ရင်း နည်းသစ် စိုးရိမ်စွာမေးသည်။

'မင်္ဂလာပွဲကို ဘွားသစ္စာက အိမ်ပြန်ရွေးပေးပြီး ဖျက်လိုက်ပြီလေ နည်းသစ်'

'ဟင်…'

'နည်းသစ်ကလည်း ငါတစ်သက်လုံးစောင့်ရောက်လာတဲ့ မြေးတဲ့၊ အဲဒါ နည်းသစ်ကို အချိန်မီလိုက်ခေါ်ရမယ်ဆိုပြီး ဘွားသစ္စာက အမိန့်ချလိုက်လို့'

'သစ်ရွက်နု… တကယ်ပြောတာ'

နည်းသစ် ဝမ်းသာသွားတာ ပြောမပြနိုင်အောင်ပင်။

'ဟုတ်တယ် နည်းသစ်ရ၊ ငါတို့အားလုံးကို စိတ်တိုင်းကျဆုံးဖြတ်ခွင့်တွေ ဘွားသစ္စာက ပေးလိုက်ပြီကွ'

သူ့ရဲ့ကောင်းက သစ်ရွက်စိမ်းပခုံးလေးကို တင်းကျပ်စွာပွေ့ဖက်လျက်…

'ငါ… ငါ မယုံနိုင်အောင်ခံစားရတယ် သူ့ရဲ့ကောင်း'



www.burmeseclassic.com

www.burmeseclassic.com



●

'အဲဒါလေး… ကုမ္ပဏီမှာတောင် ငါတို့လေးယောက် [illegible] ရာထူးတွေပေးပြီး အလုပ်လုပ်နိုင်းတော့မယ်၊ အဲဒါကြောင့် ခင်းကိုပြန်ခေါ်ဖို့ လိုက်လာတာ'

နည်းသစ် မျက်နှာလေး ပျော်ရွှင်စွာ သစ်ရွက်နုဘက် ပြန်လှည့်သွားသည်။

'ကိုယ် အိပ်မက်မက်နေတာ မဟုတ်ပါဘူးနော် သစ်ရွက်နု၊ ကိုယ့်မှာတော့ ကိုယ့်ချစ်သူလေးကို လက်လွှတ်ဆုံးရှုံးလိုက်ရပြီဆိုပြီး ရင်ထဲ နင့်နေအောင်ခံစားနေရတာ'

တစ်ယောက်မျက်ရည်လေးတွေကို တစ်ယောက်က သုတ်ပေးရင်း ကြည်နူးနေကြတဲ့ ချစ်သူနှစ်ယောက်။ ထိုမျက်ရည်လေးတွေထဲမှာ သစ္စာတရားလေးတွေ ပျော်ဝင်နေခဲ့သလား။

ဆန္ဒလွန်အိပ်မက်တွေ ပြယ်လွင့်စေတဲ့ နိမိတ်ပုံတွေ ထင်ဟပ်နေခဲ့သလား။

ငွေကြေးဥစ္စာ အရှိန်အဝါတွေထက် နိုင်မာတည်ကြည်လေးနက်သော သစ္စာတရားဆီသို့သာ ရည်ရွယ်လျက်။

*ရင်ခုန်သံမရပ်သရွေ့ အမြဲချစ်တတ်နေမယ့်…*

**ရှင်မြတ်နိုး**

BURMESE CLASSIC .com

www.burmeseclassic.com